
www.burmeseclassic.com



www.burmeseclassic.com



ဖြန့်ချိရေး အောင်မြင်စာပေ၊ ၂၀၁၄ ခုနှစ် (ဇူလိုင်လ)၊ အုပ်ရေ (၅၀၀)၊ ပထမအကြိမ်၊

၈၉၅.၈၃
ကြီးကျော်
သေလာသယျှကျွန်းပိုင်နှင့်မနုဿပိကျောင်း / ကြီးကျော်၊ - ရန်ကုန်၊
အောင်မြင်စာပေ၊ ၂၀၁၄။
၂၅၁ - စာ၊ ၁၂.၅ x ၁၈.၃ စင်တီ။
(c) ကြီးကျော်

# ဒဿနလက်ဆောင်

❖ အများအယူင်းဆိုတာ
မရင့်ကျက်သေးခြင်းအတွက်
ကြွေးဆပ်ပေးရခြင်း ဖြစ်ပါတယ်၊
ကြွေးမရှိတော့တဲ့အခါ
လူ့ဘဝခရီးလမ်းကို
ခေါင်းမော့ပြီး လျှောက်နိုင်ပါလိမ့်မယ်၊

❖ ရောင်စုံသက်တန့်တစ်ခုရဲ့
အလှအပကို ခံစားချင်ရင်တော့
မိုးရေရဲ့ စိုစွတ်မှုကိုလည်း
သည်းခံပေးနိုင်ရပါမယ်၊

❖ သော့တွဲတွေ အများကြီးကိုင်ပြီး
သော့ခလောက်တစ်လုံးကို ဖွင့်ဖို့ကြိုးစားရင်
တော်တော်နှင့် ဖွင့်မရနိုင်ပါချေ၊
သော့တံတစ်ချောင်းပဲ ကိုင်ထားရင်တော့
အလွယ်တကူ ဖွင့်၍ ရနိုင်ပါတယ်၊

www.burmeseclassic.com

www.burmeseclassic.com

# ဒဿနလက်ဆောင်

- ချိတ်တစ်ချောင်းက တန်ဖိုးမရှိလှပေ၊
သို့သော် ဖိနပ်ပြတ်ရင်တော့
သူ့တန်ဖိုးက အတော်ကြီးပါလိမ့်မယ်၊
ဆင်းရဲသော်လည်း မိမိကိုအထောက်အကူပြုရင်
သူ့တန်ဖိုးကို အသိအမှတ်ပြုရပါမယ်။

- ဝတ်ရည်မရှိသော ပန်းသည်
အလှကင်းလျက် သွေ့ခြောက်နေသကဲ့သို့
အချစ်ကင်းသော ဘဝသည်လည်း
ခြောက်သွေ့နေပေလိမ့်မည်။

- ဘဝကို တန်ဖိုးမထားတတ်သူအတွက်
အချစ်သည် သူ့အတွက်
ဖြေဖျော်ရေးတစ်ခုသာ ဖြစ်ပါတယ်၊
အချစ်ကို တန်ဖိုးထားမှ
ဘဝကိုလည်း တန်ဖိုးထားတတ်ပေလိမ့်မည်။

# ဒဿနလက်ဆောင်

- အချစ်စစ်တို့မည်သည်
ခွင့်လွှတ်ခြင်းရှိသလို
ဝန်တိုစိတ်များလည်း ရှိတတ်ပေသည်။
ဝန်တိုစိတ်ရှိသူသည်
အချစ်ကြီးသူတို့ လက္ခဏာတစ်ခုလည်း
ဖြစ်ပါတယ်။

- ချက်ချင်းတွေ့ ချက်ချင်းချစ်လျှင်
ချက်ချင်းမေ့ပစ်ရန်လည်း
ခဲယဉ်းလှမည်မဟုတ်ပေ။
အချစ်စစ်အချစ်မှန်အတွက်
အချိန်ပေးဖို့ ဝန်မလေးသင့်ပါပေ။

- အခြားသူများအကြောင်း သိခြင်းသည်
စဉ်းစားဆင်ခြင်ဉာဏ် ရှိခြင်းဖြစ်ပြီး
မိမိကိုယ်ကို သိခြင်းကား...
စစ်မှန်သော ဉာဏ်ပညာရှိခြင်း ဖြစ်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com

# ဒဿနလက်ဆောင်

❖ ရူးမိုက်သူများသည်
ပညာရှိသူများထံမှ
ပညာသင်ယူခြင်း မပြုလုပ်ကြချေ။
ပညာရှိသူများကသာ
ရူးမိုက်သူများကိုကြည့်ပြီး
ပညာသင်ယူကြပါတယ်။

❖ မာနတရား အညွန့်တက်လာခြင်းဟာ
စိတ်ကြီးဝင်သောကြောင့် ဖြစ်၏။
စိတ်ကြီး မဝင်အောင်
ကြီးစိတ်နဲ့ ထိန်းပေးရပါတယ်။
ကြီးစိတ်ဆိုတာ ရင့်ကျက်ခြင်းပင်ဖြစ်၏။

❖ ဘဝခရီးလမ်း တစ်နေရာမှာ
အရှုံးဖြင့် တွေကြုံရသော်လည်း
တကယ်မရှုံးသေးပါ။
သင့်စိတ်က အလျှော့ပေးလိုက်မှပါ
အလုံးစုံရှုံးနိမ့်သွားခြင်း ဖြစ်ပါတယ်။

# ဤဝတ္ထု၌ ပါဝင်သောအခန်းများ


အခန်း(၁) သေလာယျတောင်တန်းမှ ဘဝများ
အခန်း(၂) ကျွန်းပိုင်ကြီးနှင့် မိတ်ဆွေဖြစ်သူ
အခန်း(၃) တစ်ပွဲစားဘိုးတော်သို့မဟုတ် အဘိုးနတ်
အခန်း(၄) သေလာယျတောမှ ကျွန်းစောင့်နတ်များ
အခန်း(၅) သေလာယျမှ လက်ဖြောင့်စလွတ်သမား
အခန်း(၆) နီမောင်နှင့် နလုံးသား ပုစ္ဆာ
အခန်း(၇) ဘဝမလှသော အညတြချစ်သူ
အခန်း(၈) အသက်ဖြင့်ရင်းရသော တန်ဖိုးရှိသည့် အန္တရာယ်
အခန်း(၉) မိကျောင်းနှင့် ထူးဆန်းသောအဆိပ်
အခန်း(၁၀) မမျှော်လင့်သော မျှော်လင့်ချက်များ
အခန်း(၁၁) သေလာယျကျွန်းပိုင်ကြီး
အခန်း(၁၂) ကျွန်းပိုင်သက်သေ ချစ်သူတို့နယ်မြေ
အခန်း(၁၃) ရေအောက်မှ အသက်လုကြသောပွဲ
အခန်း(၁၄) သားရဲတွင်းမှ မနသ မိကျောင်း
အခန်း(၁၅) ဒဏ္ဍာရီထဲမှ သဘာဝလွန် သတ္တဝါကြီးများ
အခန်း(၁၆) နလုံးသားဆန္ဒနှင့် ချစ်သူတို့ဘဝများ
အခန်း(၁၇) သားရဲတွင်းထောင်ချောက်
အခန်း(၁၈) ချစ်သူတို့အတွက် ဘဝခရီးလမ်း


www.burmeseclassic.com

www.burmeseclassic.com





## အခန်း (၁)

# သေလာယျတောတန်းမှ ဘဝများ

'သေလာယျ'တောတန်း (သို့မဟုတ်) သေလာယျတော အကြောင်းကို ရေးမည်၊ ပြောမည်ဆိုပါက ရယ်စရာဖြစ်ပေလိမ့်မည်။ ယခုမြင်တွေ့ရသော အခြေအနေအတိုင်းကိုသာ ရေးသားဖော်ပြမည်ဆိုပါက ကြောက်စရာ စိတ်ဝင်စားစရာကောင်းမည် မဟုတ်ဘဲ စာဖတ်သူအနေဖြင့် ပျင်းစရာကောင်းပေလိမ့်မည်၊ ရယ်စရာကောင်းနေပေလိမ့်မည်။ ထိုသို့ဆိုလျှင် စာဖတ်သူများ စိတ်ဝင်စားစရာကောင်းအောင် ယခင်အခြေအနေများကို ရေး



www.burmeseclassic.com

www.burmeseclassic.com



သွားဖော်ပြရမည်ဖြစ်သည်။

သို့ပါသောကြောင့် ယခုဝတ္ထုဖြစ်ပေါ်လာသော အခြေအနေကိုလည်း လွန်ခဲ့သော နှစ်ပေါင်းတစ်ရာကျော်သို့ ပြန်ဆုတ်ရပေလိမ့်မည်။

ထိုအချိန်နှင့် ထိုအခြေအနေများကသာ စာဖတ်ပရိတ်သတ်များ စိတ်ဝင်စားဖွယ်ရာ အခြေအနေမျိုးဖြစ်ပေလိမ့်မည်။

အဖြစ်အပျက်များကတော့ လွန်ခဲ့သော နှစ်ပေါင်းတစ်ရာကျော်လောက်က ဖြစ်ပျက်ခဲ့သော အကြောင်းအရာများဖြစ်ပြီး မြန်မာနိုင်ငံတစ်ခုလုံး ဗြိတိသျှနယ်ချဲ့သို့ စီမံအုပ်ချုပ်နေသော အခါဖြစ်သည်။

အချိန်မှာ(၁၉၀၀)ပြည့်နှစ်ဝန်းကျင်အချိန်ဖြစ်သည်။ မြန်မာသက္ကရာဇ် (၁၂၆၀)ပြည့်နှစ်ဝန်းကျင် ဖြစ်သောကြောင့် မြန်မာနိုင်ငံအောက်ပိုင်းဒေသများမှာ ကနစိုသစ်တောကြီးများ ဖုံးလွှမ်းထားသော အချိန်လည်းဖြစ်သည်။

ထိုအချိန် မြန်မာနိုင်ငံအောက်ပိုင်းဒေသမှာရှိသော. . မြစ်ဝကျွန်းပေါ် သစ်တောကြီးများအတွင်းမှာ အခြေတကျ နေထိုင်သူများ မရှိကြသေးပေ။

သစ်တောကြီးများနှင့်နီးသော နေရာများ၌ အုပ်စုဖွဲ့ရွာတည်သော ကရင်လူမျိုးအများစုနေသော ရွာများနှင့် ဗြိတိသျှအစိုးရက သတ်မှတ်ပေးသော သစ်တောများထဲမှာ လာရောက်အလုပ်လုပ်ကြသော. . ထင်းပွဲစခန်းအချို့လောက်သာ ရှိခဲ့ကြသည်။





ထိုမတိုင်ခင် နှစ်ပေါင်းတစ်ရာကျော် အချိန်လောက်ကတော့ မြို့စားကြီးဗညားဇေယျအပါအဝင်. . မွန်လူမျိုးတို့ လာရောက်နေထိုင်ခဲ့ကြသော အထောက်အထားမှတ်တမ်းများ ရှိခဲ့သည်။

သက္ကရာဇ် (၁၁၁၉)ခု၊ ခရစ်နှစ် (၁၇၅၇)ခုနှစ်ဝန်းကျင်လောက်က ဟံသာဝတီမင်းနေပြည်တော်အား မြန်မာဘုရင်ဦးအောင်ဇေယျလက်သို့ ကျရောက်ခဲ့ပြီးသောအချိန်တွင် မွန်မြို့စားနယ်စားတို့မှာ စစ်ဘေးလွတ်သောနေရာများသို့ အသီးသီး ရှောင်တိမ်းပြေးခဲ့ကြရလေသည်။

ထိုအထဲတွင် ကျုံတုံးမြို့ကို အပိုင်စားရသော မြို့စားကြီးဗညားဇေယျလည်း အပါအဝင်ဖြစ်သည်။

၎င်းတို့သည် ဟံသာဝတီမင်းနေပြည်တော်ကြီး ပျက်စီးခဲ့ပြီးနောက်ပိုင်းတွင် ကျုံတုံးမြို့ကြီးအား မြေလှန်ဖျက်ဆီး မီးရှို့ပစ်ကြသည်။

မြို့စားကြီးက လောင်းလှေကြီးတစ်စင်းပေါ်မှာ နောက်လိုက်အခြွေအရံများကို တင်ဆောင်ပြီးနောက် ဂုံညှင်းတန်း မြစ်ရိုးအတိုင်း အောက်ဘက်သို့ ထွက်ပြေးခဲ့ကြသည်။

(ထိုအကြောင်းအရာများကို ယခင်ရေးသားခဲ့ပြီးသော စာအုပ်များတွင် အတော်အသင့်ဖော်ပြပေးခဲ့ပြီးဖြစ်သောကြောင့် အရှည်မရေးတော့ပြီ)

မြို့စားကြီးနှင့် အဆက်အနွယ်များကို အကြောင်းပြုလျက် ဗိုလ်ကလေး၊ ကပ္ပနန်း၊ ပြင်ဒရယ်၊ မျောက်တစ်ရာ၊ ကဒုံ



www.burmeseclassic.com

www.burmeseclassic.com



ကနိ၊ ဧရာ၊ အမာ၊ မရမ်းချောင်း၊ တောက်တာကုန်း စသောနေရာများ ပေါ်ပေါက်လာခြင်းဖြစ်သည်။

၎င်းတို့ရောက်လာပြီး နောက်ပိုင်းရောက်တော့မှ ဗိုလ်ကလေးမြို့ အောက်ပိုင်းမြစ်ဝကျွန်းပေါ် ပင်လယ်နှင့်နီးသောအရပ်တွင် လူနေထိုင်ရာရွာကလေးများ အသီးသီးပေါ်ပေါက်လာခဲ့ခြင်းဖြစ်ပေသည်။

ထိုမှတစ်ဖန် နောက်ပိုင်းကာလတွင် ပင်လယ်ကမ်းခြေနှင့်နီးသော နေရာများသို့လာရောက်ပြီး မျှင်ထိုးသော အလုပ်သမားများ စုဝေးနေထိုင်ကြလေသည်။

ယခုမြို့ငယ်တမျှ စည်ကားနေပြီဖြစ်သော မဒုံကနိနေရာမှာ မျှင်ထိုးသောအလုပ်သမားများ စတည်းချသောနေရာတစ်ခု ဖြစ်ခဲ့လေသည်။

မိုးရာသီကုန်သည်နှင့် အထက်ပိုင်းမှ လှေအစင်း(၉၀)၊ (၁၀၀)ခန့်မျှ များသောမျှင်ထိုးလှေများသည် ပင်လယ်နှင့်နီးသော ကဒုံကနိ၊ ဧရာ စသောနေရာများ ရောက်သောအခါ . . ကိုယ့်အဖွဲ့နှင့်ကိုယ်၊ ကိုယ့်အစုနှင့်ကိုယ် နေရာခွဲ စခန်းချကာ . . မျှင်ထိုးကြလေသည်။

မျှင်ငပိပြုလုပ်ရာတွင် ကောင်းလှသော မျှင်ပုစွန်နီများကို ရင်တွန်းပိုက်၊ ငေါ်များဖြင့် ထိုးယူကြခြင်းဖြစ်သည်။

တစ်ဆောင်းလုံး၊ တစ်နွေလုံး စခန်းချကာ မျှင်ထိုးယူကြပြီး မိုးဦးကျရာသီရောက်ပြီး လေမိုးထန်လာသောအခါမှသာ . . စခန်းသိမ်းပြီး မိမိတို့နေရပ်ဒေသသို့ ပြန်သွားကြခြင်းဖြစ်သည်။





နောက်ပိုင်းမှာတော့ အထက်ပိုင်းသို့ မပြန်ကြတော့ဘဲ သင်တော်သောနေရာများ၌ စခန်းချနေကြရာမှ တံငါရွာကလေးများပေါ်ပေါက်လာခဲ့ခြင်းဖြစ်ပေသည်။

ထိုအဖြစ်အပျက်များမှာ ပင်လယ်နှင့်နီးသော တောများထဲမှာ လူများလာရောက်နေထိုင်ခဲ့သော အစပိုင်းကာလများဖြစ်သော်လည်း ထိုမတိုင်ခင်ကတည်းကပင် အောက်ပိုင်းဒေသများ၌ လူများနေထိုင်ခဲ့ကြသည့် အထောက်အထားများရှိပေသည်။

မြို့စားကြီးဗညားဇေယျနှင့် နောက်လိုက်နောက်ပါများ အောက်ပိုင်းဒေသသို့ ရောက်မလာခင်က ဗိုလ်ကလေးမြို့နေရာ၌ပင် နေထိုင်သူမရှိသေးပေ။

ထိုအချိန်က ယခုဗိုလ်ကလေးမြို့နေရာတွင် ဆင်နှင့်ကျားများပင် ခိုအောင်းနေသော မြက်တိုကွင်းများနှင့် ကနစိုသစ်တောကြီးများသာ ရှိပေသည်။

နတ်ချောင်းဝတွင် အမဲလိုက်သော အင်္ဂလိပ်ကပြားတစ်ဦးနေထိုင်သော ဗိုလ်တဲရှိသဖြင့် ဗိုလ်တဲနေရာဟု ခေါ်ကြသည်။ ထိုနေရာတစ်ဝိုက်မှာ လာရောက်နေထိုင်သော အိမ်ခြေလေးငါးလုံးလည်းရှိသည်။

ထိုအချိန်က ဗိုလ်ကလေးမြို့တစ်ဖက်ကမ်း၊ ကျိုက်ပိမြစ်ဝတွင် သာပေါင်းရွာကြီးရှိသည်။ သာပေါင်းရွာကြီးမှာ ယခုထက်တိုင် တည်မြဲစွာရှိနေသော ရွာကြီးတစ်ရွာလည်း ဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



နောက်ပိုင်း အမဲလိုက်သော အင်္ဂလိပ်ကပြား နေထိုင်သော ဗိုလ်တဲရှိသောနေရာတွင် လာရောက်နေထိုင်သူများလာရာမှ ဗိုလ်ကလေးစုဟု ခေါ်ဝေါ်ခဲ့ကြသည်။

နောက်ပိုင်း ကျွန်းညိုကြီးဘက်သို့ ထင်းခုတ်ရန် ဆင်းလာကြသော လှေသမ္ဗာန်တို့သည်. . . ထိုနေရာတွင် ခရီးတစ်ထောက်ဝင်နားသော နေရာဖြစ်လာရာမှ တဖြည်းဖြည်း စည်ကားလာခြင်းဖြစ်လေသည်။

နောက်ပိုင်း ရွာမှမြို့ဖြစ်လာသောအခါ 'ယခင်အမည်ဟောင်းကိုပင် အစွဲပြုကာ ဗိုလ်ကလေးမြို့ဟုသာ ခေါ်ဝေါ်ခဲ့ကြခြင်းဖြစ်ပေသည်။

ထို့ထက်ရှေးကျသော ရှေ့ပိုင်းကာလများမှာတော့ ထိုအောက်ပိုင်းဒေသများတွင် လာရောက်နေထိုင်သူများများ မရှိခဲ့ပေ. . .။

သို့သော်လည်း ယခုကျွန်းညိုကြီးဟုခေါ်သော ကျွန်းပေါ်မှာတော့ နေထိုင်သူအချို့ ရှိခဲ့ဖူးသည်။ ကျွန်းညိုကြီး ဟူသောအမည်မှာ ဦးရှင်ကြီးနတ်ဖြစ်သော အဖြစ်အပျက်နောက်ပိုင်း တင်စားခေါ်ဝေါ်ခဲ့သော အမည်ဖြစ်ပေသည်။

အဘယ်ကြောင့်ဆိုသော်. . .

ရှေးအခါက ထိုကျွန်းကြီးပေါ်မှာ ကနစိုအစရှိသော သစ်တောကြီးများက ညို့နေအောင် ကောင်းလှသောကြောင့် အဝေးမှ လှမ်းမျှော်ကြည့်ပါက မှိုင်းညို့နေသည်ကို မြင်ရသဖြင့် 'ကျွန်းညိုကြီး' ဟုခေါ်ဝေါ်ကြခြင်းဖြစ်သည်။





ထိုကျွန်းကြီး၏ ရှေးအခါကအမည်မှာ 'သေလာယျကျွန်း'ဟူသော အမည်ပင်ဖြစ်သည်။

သေလာယျဟူသော အမည်ကို အစွဲပြုလျှက် တောကို သေလာယျတော၊ ကျွန်းကို သေလာယျကျွန်းဟု ခေါ်ဝေါ်ခဲ့ကြလေသည်။

သေလာယျကျွန်းသည် အရှေ့နှင့်အနောက်တွင် ဂုံညင်းတန်းမြစ် (ဗိုလ်ကလေးမြို့ပေါ်လာပြီးသော နောက်ပိုင်းတွင် ဗိုလ်ကလေးမြို့ တောင်ပိုင်းမြစ်ကို ဗိုလ်ကလေးမြစ်ဟု ခေါ်ဝေါ်သုံးစွဲကြသည်) ကိုင်းတောမြစ်တို့က ပတ်ခွေစီးဆင်းကြပြီး. . တောင်ဘက်၌ရှိသော ဖောင်ဝင်မြစ်သို့ ရောက်သောအခါ ပေါင်းစည်းသွားကြလေသည်။

ဂုံညင်းတန်းမြစ် ကိုင်းတောမြစ်၊ ဖောင်ဝင်မြစ်စသော မြစ်ကြီးသုံးစင်းတို့ ပတ်ခွေထားသောကြောင့် သေလာယျကျွန်းကြီးမှာ အတော်ပင်ကျယ်ဝန်းလေသည်။

ထိုကျွန်းပေါ်မှာ အများဆုံးတွေ့ရသော သစ်ပင်အမျိုးအစားမှာ ဒီရေတောများ၌သာ တွေ့ရလေ့ရှိသော ဒီရေတောများမှာသာပေါက်သော ကနစိုသစ်ပင်များပင်ဖြစ်သည်။

ကနစိုသစ်နှင့်အတူ ဗြူးပင်၊ လမုပင်၊ လဗပင်၊ ကျနပင်၊ ဘန့်ပလာပင်၊ သမ္မည့်ပင်၊ မဒမပင်၊ သင်ပေါင်းပင်၊ သရောပင် မြင်းကပင်၊ သမန်းလျှော်ပင်၊ တယ်ပင် စသောသစ်ပင်ကြီးငယ်တို့လည်း ရှိကြလေသည်။

ကမ်းခြေတစ်လျှောက်မှာ ဗြူးခြေထောက်တောများနှင့်



www.burmeseclassic.com

www.burmeseclassic.com



လမုတောများရှိပြီး အပေါ်ဘက်ရောက်မှသာ အခြားသစ်ပင်သစ်တောများကို တွေ့ကြရသည်။

အခြားသစ်ပင်များက အုပ်စုလိုက်၊ အကွက်အကွင်းလိုက် ပေါက်ကြသော်လည်း ကနစိုပင်များကတော့ နေရာအနှံ့အပြားမှာ ရှိကြလေသည်။

သစ်တောကြီးများမှာ လူတို့၏မရလောက်အောင်. . ကောင်းလှသောကြောင့် တောပေါ်မှာလည်း တောတိရစ္ဆာန်မျိုးစုံတို့ နေထိုင်ကျက်စားကြသည်။

ရေငန်ဒေသတွင် အပေါများဆုံးမှာ ရေထဲ၌ မိကျောင်းဖြစ်ပြီး၊ သစ်တောထဲ၌ ကျားဖြစ်သည်။

ကျား၊ ဆင်၊ တောဝက်၊ ဆတ်၊ ဒရယ်၊ တောကြောင်၊ ကျားသစ်၊ ဖွတ်၊ မျောက်မျိုးစုံတို့ များစွာပေါလှသည်။ ယခင်က မြစ်ချောင်းများတွင် မိကျောင်းများက အဘယ်မျှပေါများသလဲဟုဆိုမူ. . . ရေစုန်ရေဆန် သစ်တုံးများမျောပါနေသကဲ့သို့ ပေါများလှပေသည်။

တောထဲမှာလည်း ကျားများက အဘယ်မျှပေါများသလဲဆိုမူ မြစ်ထဲမှ လှေဖြင့်သွားနေစဉ်မှာပင် တောထဲမှာ သွားလာနေကြသည့် တောကောင်များကို မြင်တွေ့ရသည်။

ထို့ကြောင့်. . အဖော်အပေါင်းမပါဘဲနှင့် တောပေါ်မတက်ဝံ့ကြပေ။ ရှေးအခါက ဗိုလ်ကလေးမြို့ပင် မပေါ်ပေါက်သေးရာ သစ်တောတို့သွားမည်ဆိုလျှင် ယခုကျွန်းညိုကြီးဟုခေါ်သော သေလာယျတောသို့ သွားရုံနှင့်ပင် အလိုရှိသောသစ်များ





ရနိုင်ကြပေသည်။

ဦးရှင်ကြီးနတ်သမိုင်းဖြစ်ပေါ်လာသော နေရာမှာလည်း ကျွန်းညိုကြီးဟုခေါ်သော သေလာယျတော၌ဖြစ်ပြီး ကံဆိုးသူမောင်ရှင်ကို ရေစာချကျွေးသောနေရာမှာလည်း ထိုနေရာ၌ပင်ဖြစ်သည်။

ဘယ်လောက်ဆန်းကြယ်သလဲဆိုမူ. . .

နှစ်ပေါင်းမြောက်မြားစွာ ကြာမြင့်ခဲ့ပြီဖြစ်သော်လည်း မောင်ရှင်ကို ရေစာချကျွေးသောနေရာ၌ ထင်ကျန်နေခဲ့သော လှေဝမ်းဗိုက်အရာကြီးကိုဖြင့် ယခုအချိန်ကာလ ရောက်သည့်တိုင် တွေ့မြင်နိုင်ကြပါသေးသည်။

ယခင်ကဆိုလျှင် ထိုလှေဝမ်းဗိုက်ရာကြီးကို ရေကျသွားချိန်တွင် မြင်ရပြီး၊ ထိုနေရာ၌ တက်အိပ်နေသော မိကျောင်းများကိုပါ တွေ့မြင်ကြရလေသည်။

ဦးရှင်ကြီးနတ်သမိုင်း အဖြစ်အပျက်များ မပေါ်ကပင် သေလာယျတော၌ အခြေချနေသော လူတစ်စုရှိခဲ့ပေ၏။

အခြားမဟုတ်ပေ. . . .

ဦးဘိုးထော်တို့ မိသားစုပင်ဖြစ်သည်။ ဦးဘိုးထော်သည် ကရင်လူမျိုးဖြစ်ပြီး အသက်(၅၀)ကျော် အရွယ်ခန့်ရှိသည်။

အရပ်အမောင်းကောင်းပြီး ကိုယ်လုံးကိုယ်ထည် ထွားကျိုင်းသည်။ ဦးခေါင်းပေါ်မှာ ဆံထုံးငယ်တစ်ထုံးရှိပြီး နှုတ်ခမ်းမွေးရှည်များဖြင့် ကွမ်းမပြတ်ဝါးနေတတ်သူ ဖြစ်သည်။

ကိုယ်ပေါ်မှာ ဆေးမင်ကြောင်များနှင့် ပေါင်နှစ်ဖက်မှာ



www.burmeseclassic.com

www.burmeseclassic.com



လည်း ထိုးကွင်းများထိုးထားလေသည်။

တောတက်လျှင် ခါးတောင်းမြှောင်အောင် ကျိုက်လျက် အကျီကြမ်းကြီးတစ်ထည်ဝတ်ကာ ဒူးလေး၊ မြား၊ ဓါး၊ လှံ၊ ကပ်ပါး စသောလက်နက်များနှင့်တကွ သေလာယျတောအနှံ့အပြားသို့ သွားလာလေ့ရှိသည်။

ဦးဘိုးထော်သည် မုဆိုးအလုပ်ဖြင့် အသက်မွေးဝမ်းကျောင်းပြုသူဖြစ်သလို မြစ်ထဲဆင်းပြီး ငါးဖမ်းရာမှာလည်း ကျွမ်းကျင်သူဖြစ်သည်။

၎င်းတို့နေသောနေရာမှာ ဖောင်ဝင်မြစ်နှင့် နီးသောတောင်ဘက်တွင်ဖြစ်သည်။

ထိုနေရာတစ်ဝိုက်မှာရှိသော မြစ်ချောင်းများထဲတွင် မိကျောင်းများပေါသလို. . ငါးပုစွန်တို့ကလည်း များစွာပေါများလေသည်။

ထို့ကြောင့် တောထဲသွားလျှင် ဆတ်၊ ဒရယ်၊ တောဝက် စသော တောကောင်များကို ရနိုင်သလို မြစ်ထဲချောင်းထဲ ဆင်းလျှင်လည်း ငါးပုစွန်များ အလျှံပယ်ရရှိနိုင်လေသည်။

ဦးဘိုးထော်က အမဲလိုက်ခြင်းနှင့် ငါးဖမ်းခြင်းနှစ်မျိုးစလုံး ကျွမ်းကျင်သူဖြစ်သည်။

၎င်းတွင် မိသားစုလေးယောက်ရှိသည်။

သူအပါအဝင် လေးယောက်ဖြစ်သည်။

မိန်းမ. . မရှိတော့ဘဲ သမီးသုံးယောက်နှင့် အတူတကွနေထိုင်သူဖြစ်သည်။





သမီးသုံးယောက်မှာ မယ်ခ၊ မယ်လု၊ မယ်မြတို့ ဖြစ်ကြလေသည်။

အငယ်ဆုံးမယ်မြက (၁၀)နှစ်အရွယ်၊ အလတ်မမယ်လုက (၂၁)နှစ်အရွယ်ရှိပြီး အကြီးဆုံးမယ်ခက (၂၅)နှစ် အရွယ်ခန့်ရှိနေကြလေပြီ။

သမီးသုံးယောက်ကလည်း အိမ်ထောင်မရှိကြဘဲ ဖခင်ကြီးနှင့် အတူတူပင် လုပ်ကိုင်စားသောက်ကြလေသည်။

၎င်းတို့နေသောနေရာနှင့် မနီးမဝေးမှာ အခြားတဲစုကလေးများလည်း ရှိကြသေးသည်။

အများအားဖြင့်တော့ ကရင်လူမျိုးများချည်း ဖြစ်ကြပြီး ဦးဘိုးထော်နှင့် ဆွေမျိုးသားချင်း တော်စပ်ကြသူများဖြစ်ကြလေသည်။

ဦးဘိုးထော်ကို အားကိုးအားထားပြုပြီး လာရောက်နေထိုင်ကြခြင်းဖြစ်ရာ တစ်ရွာလုံး ဆွေမျိုးမကင်းသူများချည်း ဖြစ်ကြလေသည်။

အားလုံးမှာလည်း ဦးဘိုးထော်နည်းတူ အမဲလိုက်ခြင်း ငါးပုစွန်ရှာသော အလုပ်များလုပ်ပြီး အသက်မွေးဝမ်းကျောင်းပြုကြလေသည်။

၎င်းတို့သည် တောထဲမှရသော အမဲနှင့် မြစ်ထဲချောင်းထဲမှရသော ငါးပုစွန်များကို စားသောက်၍. . ပိုလျှံသည်များကို ဆားနယ်ထားခြင်း၊ နေလှမ်းထားခြင်း၊ ကျပ်တိုက်ထားခြင်း၊ ငပိပြုလုပ်ထားခြင်း စသည်တို့ဖြင့် ကြာရှည်ခံအောင် ပြုလုပ်ထားကြ

www.burmeseclassic.com



လေသည်။

တစ်ခါတစ်ရံ ဆတ်၊ တောဝက်စသော တောကောင်များရလျှင်တော့ ချက်ချင်းပေါ်ပြီး နီးစပ်ရာရွာများ အိမ်များသို့ လှည့်လည်ရောင်းချကြသည်။

ငွေရသည့်အခါလည်းရှိသည်။

ဆန်၊ ဆီ၊ ဆား၊ ဆေး စသည်တို့ဖြင့် လဲယူရသည်မျိုးလည်းရှိကြသည်။

တစ်ခါတစ်ရံလည်း ဈေးရောင်းချသော ဈေးဆိုင်များရှိသောရွာများသို့ သွားရောက်ပြီး ပါလာသောအသားများကို ရောင်းချခြင်း၊ လိုအပ်သော . ဆန်၊ ဆီ၊ ဆေး၊ ဆား၊ ငရုတ်သီး၊ ကြက်သွန်နှင့် အခြားအသုံးအဆောင်ပစ္စည်းများ ဝယ်ယူခြင်းများ ပြုလုပ်ကြလေသည်။

ဦးဘိုးထော်က ကွမ်းနှင့်ဆေးတံသောက်ခြင်းကို ကြိုက်နှစ်သက်သူဖြစ်ရာ ထိုပစ္စည်းများ အပြတ်ခံ၍မရပေ၊ ထမင်းမစားရလျှင်ပင် နေနိုင်သော်လည်း ကွမ်းမစား၍ ဆေးလိပ်ပြတ်သွားပြီဆိုလျှင် မှိုင်နေတတ်လေသည်။

ထိုအခြေအနေများက သေလာယျတောမှ ဘဝပုံရိပ်အချို့ပင်ဖြစ်ပေတော့သည်။





# အခန်း (၂)

# ကျွန်းပိုင်ကြီးနှင့်မိတ်ဆွေဖြစ်သူ

ဦးဘိုးထော်သည် အသက်အရွယ်ရလာပြီဖြစ်သော်လည်း မျက်စိကောင်းခြင်း၊ ကျန်းမာသန်စွမ်းပြီး လျင်မြန်ဖျတ်လတ်မှုလည်းရှိနေသေးသည်။

၎င်းထံမှာ အမဲလိုက်ခွေးသုံးကောင်ရှိသည်။

သုံးကောင်စလုံး အနက်ရောင်ဖြစ်ပြီး အကောင်အရွယ်အစားကလည်း ကြီးသည်။

တောရှုံကြီးသော သားကောင်လောက်တော့ ဦးဘိုး



www.burmeseclassic.com

www.burmeseclassic.com



ထော်ပင် ဘာမှလုပ်လိုက်စရာမလိုပဲ ခွေးသုံးကောင်နှင့်ပင် ကိစ္စပြီးလောက်လေသည်။

ဦးဘိုးထော်ကိုင်သော ဒူးလေးကလည်း အတော်ကြီးသည်။ မာလှသော ဖြူးခြေထောက်ကိုင်းဖြင့် လေးကိုင်းတပ်ထားရာ သံချွန်တပ်ထားသော မြှားဖြင့်ပစ်ပါက တော်ရုံဒုထယ်လောက်တော့ ထုတ်ချင်းပေါက်ထွက်စေသည်။

ဦးဘိုးထော်က တောထဲသွားသောအခါ နီးစပ်ရာအဖော်များကို ခေါ်သွားလေ့ရှိသည်။

၎င်းနှင့် အမြဲလိုက်ပါသူမှာ ကရင်လေးဆိုသူ ဖြစ်သည်။ အသက် (၃၀)ဝန်းကျင်အရွယ်ခန့်ရှိပြီး ကရင်လူမျိုးတစ်ယောက်ပင်ဖြစ်သည်။

အရပ်ပုပုနှင့် တောင့်တင်းသန်မာသူတစ်ယောက်ဖြစ်ပြီး ဦးဘိုးထော်၏ တူတော်စပ်သူတစ်ဦး ဖြစ်သည်။

အမဲလိုက်ခွေးသုံးကောင်နှင့် ၎င်းတို့နှစ်ယောက် တောထဲဝင်သွားလျှင် အမဲမပါဘဲ ပြန်လာရသည်မျိုး မရှိခဲ့ပေ။

၎င်းတို့အမဲပစ်သော ကနစိုတောမှာ သစ်ပင်သစ်တောများက စေ့နေသောကြောင့်. . လူတစ်ယောက်သွားသာရုံပင် မလွယ်လှပေ။

ထို့ပြင် တောထဲမှာ ကျားပေါသည်။

ဦးဘိုးထော်တို့ တောထဲသွားလာနေသော အချိန်များတွင် ကျားနှင့်တွေ့ရသောအခါမျိုး ရှိပေသည်။

သို့သော်လည်း ကျားက သူတို့ကိုအန္တရာယ်မပြုဘဲ ဖယ်





ရှောင်သွားသည်က များလေသည်။

ဒါကလည်း အကြောင်းရှိသည်။

ဦးဘိုးထော်ကို အကူအညီပေးနေသူတစ်ဦး ရှိသည်။

လူတော့မဟုတ်ပေ။ သေလာယျကျွန်းပိုင်ကြီးပင် ဖြစ်သည်။ တောပိုင်၊ ကျွန်းပိုင်၊ ကွင်းပိုင် စသည်တို့မှာ သဘက်ကြီးများ ဖြစ်ကြသည်။

အချို့က နတ်ဟုထင်ကြသည်။

မဟုတ်ပါချေ. . . ။

၎င်းတို့မှာ သရဲအဆင့်မှကျော်ပြီး နတ်အဆင့်သို့ရောက်နေသော ပရလောကသားများပင်ဖြစ်သည်။

အမှန်တော့ သဘက်ကြီးများဆိုပါက မမှားပေ. . . ။

သေလာယျကျွန်းပိုင်ကြီးက ထိုကျွန်းပေါ်တွင် ရှားရှားပါး လာရောက်နေထိုင်ကြသော၊ နေထိုင်ဝံ့သော ဦးဘိုးထော်ကိုခင်မင်သည်။ ကူညီစောင့်ရှောက်မှုများပေးခဲ့သည်။

ဦးဘိုးထော်ကလည်း ငါး၊ ပုစွန်၊ အမဲသား စသည်တို့ဖြင့် ပြုတ်ကျွေးမွေးပေးသည်။

ကျွန်းပိုင်ကြီးက သူတို့နေသောနေရာနှင့် မနီးမဝေးမှာရှိသော ကနစိုပင်ကြီးမှာနေသည်။

တစ်ခါတစ်ရံ ဦးဘိုးထော်က မြင်တွေ့ရသည်။

ပထမတော့ ကြောက်စရာကောင်းသော ပုံပန်းသဏ္ဌာန်ဖြင့် မြင်တွေ့ရလေသည်။

အရပ်အမောင်းက သူနေသော ကနစိုပင်နီးပါး မြင့်



www.burmeseclassic.com

www.burmeseclassic.com



သည်။ တစ်ကိုယ်လုံး အမွေးရှည်များ ဖုံးနေပြီး ကိုယ်လုံးကိုယ်ထည်ကကြီးမားသည်။

မျက်နှာက ကြောက်စရာကောင်းသည်။

ဦးဘိုးထော်တို့ သေလာယျကျွန်းသို့ ရောက်ခါစက ကျွန်းပိုင်ကြီးနှင့် တွေ့ရခြင်းဖြစ်သည်။ ဦးဘိုးထော်က သရဲတစ္ဆေ ကြောက်တတ်သူမဟုတ်ပေ။

"မင်း ဘာကောင်လဲ၊ ငါကိုခြောက်လည်း ငါကဘာမှ မကြောက်တတ်ဘူး"

"ငါကကျွန်းပိုင်ကြီးပဲ၊ မင်းတို့ဒီမှာဘာလုပ်မလို့လဲ"

"ငါတို့ ဒီမှာနေကြမလို့"

ဦးဘိုးထော်က ခပ်တိုတိုပင်ပြန်ပြောသည်။

"ဒီကျွန်းက ငါအပိုင်စားရထားတဲ့ကျွန်းပဲ ငါခွင့်မပြုဘဲနဲ့ ဘယ်သူမှနေလို့မရဘူး"

ထိုစကားကြားတော့ ဦးဘိုးထော်မှာ အတော်ကလေး စိတ်ညစ်သွားမိလေသည်။

"ဒီလောက်ကျယ်တဲ့ ကျွန်းကြီးမှာ မင်းတစ်ယောက်ထဲ နေတာ မဟုတ်ဘူးလား၊ ငါတို့နေဖို့ နေရာပေးပါ"

"အေး နေမယ်ဆိုရင် ငါပေးမယ်၊ ဒါပေမယ့် ငါကိုတော့ ကျွေးရမယ်"

"ငါတို့တောင် စားစရာမရှိတာ၊ မင်းကိုဘာကျွေးရမလဲ"

"စိတ်မပူနဲ့. . မင်းတို့စားဖို့ရအောင် ငါအကူအညီပေးမယ်၊ ငါကူညီပေးလို့ရလာရင် ငါ့ကိုလည်း ကျွေးရမယ်"





"အေး. . ဒီလိုဆိုရင်တော့လည်း ကျွေးမှာပေါ့၊ မင်းက ဘယ်မှာနေတာလဲ"

"ငါက ဟောဒီကနစိုပင်ကြီးမှာပဲ နေတယ်"

"တောင်းပြီ. . မင်းအကူအညီပေးလို့ရလာရင် မင်းကိုလည်းကျွေးမယ်၊ ငါတို့ကိုလည်း အန္တရာယ်မကျရောက်အောင် မင်းကစောင့်ရှောက်ပေးပါ"

"စိတ်ချလက်ချသာ နေပေတော့၊ မင်းတို့ အန္တရာယ်နဲ့ တွေ့ရင် ငါအကူအညီပေးမယ်"

ဟုကတိကဝတ်ပြုကြပြီးနောက် ဦးဘိုးထော်တို့လည်း တောကြမ်းလှသော သေလာယျကျွန်းပေါ်၌ နေခွင့်ရကြလေသည်။

နောက်ပိုင်းမှာတော့ ကျွန်းပိုင်ကြီးက အကူအညီပေးသဖြင့် သားကောင်များကို အလွယ်တကူဖမ်းဆီးရလေသည်။

ကျွန်းပေါ်မှာရှိသော ဘယ်နေရာမျိုးသွားလျှင် ဘယ်လိုသားကောင်မျိုးရနိုင်မည်။

မြစ်ထဲချောင်းထဲ ဆင်းပြန်လျှင်လည်း ဘယ်နေရာမှ ဘယ်လိုရှာလျှင် ဘယ်လိုငါးပုစွန်မျိုးရမည်ကို ကျွန်းပိုင်ကြီးက ကြိုတင်ပြောပြတတ်သည်။

ထိုနေရာသို့ သွားရောက်ဖမ်းဆီးပါက သူပြောသည့်အတိုင်း အမဲသားငါးများ ရရှိလေသည်။

သို့ကြောင့် ဦးဘိုးထော်ကလည်း ကျေးဇူးတင်သဖြင့် သူတို့လည်းစား၊ ကျွန်းပိုင်ကြီးကိုလည်း ကျွေးမွေးလေသည်။



www.burmeseclassic.com

www.burmeseclassic.com



နောက်ပိုင်းမှာတော့ ဦးဘိုးထော်က ကျွန်းပိုင်ကြီးကို ခင်မင်ရင်းနှီးသော မိတ်ဆွေတစ်ယောက်လိုပင် ပြောဆိုဆက်ဆံလေသည်။

"ကျွန်းပိုင်ရေ၊ ဒီမှာ မင်းပြောတဲ့အတိုင်း တောထဲက ဆတ်တစ်ကောင်ရလို့ မင်းအတွက် အူစုံသည်းစုံချက်ပြီး လာပေးတယ်ဟေ့၊ ငါယူလာတဲ့ ထမင်းနဲ့ဟင်းကို လာစားပေတော့"

ဟုခေါ်ကျွေးလျှင် သစ်ပင်ပေါ်မှဆင်းလာပြီး စားသည်။

ထိုသို့လာရောက်စားသောက်သောအခါ. . . လူတစ်ယောက်ပုံသဏ္ဌာန်မျိုးနှင့်ပင် တွေ့ရသည်။

"မင်းကဘယ်လိုဖြစ်ပြီး ကျွန်းပိုင်ဖြစ်နေတာလဲ"

"ဒီတောမှာ မျောလာခုတ်ရင်းနဲ့ ကျားဆွဲခံရလို့ သေပြီး တောပိုင်ဘဝရောက်နေတာပဲ"

"ဒီကနေ တခြားသွားနေလို့ မရဘူးလား"

"ဒီကျွန်းကို စောင့်ရှောက်ပေးမယ့် နောက်ထပ်လူစားတစ်ယောက် ရောက်မလာမချင်း ငါတခြားနေရာသွားလို့ မရဘူးကွ မင်းလုပ်မလား"

"မလုပ်ချင်ပါဘူးကွာ၊ ကျွန်းပိုင်လုပ်ရတာ ပျင်းစရာကြီးနေမှာပါ"

ထိုသို့ပြောသောအခါ. . ကျွန်းပိုင်ကြီးက ဘာမှမပြောတော့ပေ။ နောက်ပိုင်းမှာတော့ ဦးဘိုးထော်တို့မိသားစု နေ၍ရမှန်းသိသောအခါ အခြားနေရာမှာနေကြသော ဆွေမျိုးသားချင်းများရောက်လာပြီး နေကြရာ အိမ်စုကလေးများ တိုးလာလေ





သည်။

ကျွန်းပိုင်ကြီးကတော့ ရောက်လာသူများကိုလည်း ဦးဘိုးထော်လိုပင် အကူအညီပေးသည်။

အန္တရာယ်နှင့်တွေ့လျှင်လည်း ကူညီစောင့်ရှောက်ပေးသည်။

တစ်ခါက ဦးဘိုးထော်တစ်ယောက်တည်း အမဲလိုက်ထွက်လာရင်းနှင့် တောနက်ထဲရောက်သောအခါ ကိုးတောင်ကျားတစ်ကောင်နှင့် ပက်ပင်တိုးလေသည်။

အမဲလိုက်ခွေးများကလည်း. . အခြားသတ္တဝါကို မကြောက်သော်လည်း ကျားကိုတော့ကြောက်သည်။ ကျားကို မြင်သည်နှင့် အမြီးကုပ်ကာ တအီအီနှင့် အော်ကြလေသည်။

ဦးဘိုးထော်က တောထဲမှာတစ်ယောက်တည်း သွားလာနေသူဖြစ်သောကြောင့် သတ္တိကောင်းလှသည်။

ခွေးသုံးကောင်ကို အားကိုးမရတော့သော်လည်း၊ ဓါးနှင့်လှံကိုအားကိုးပြီး ကျားနှင့်တိုက်ခိုက်ရန် အဆင်သင့်ပြင်လေသည်။ ကျားကလည်း မရှောင်သာတော့သဖြင့်. . သူ့ကိုအလစ်ချောင်းပြီး ခုန်အုပ်ရန်ပြင်နေလေသည်။

ထိုအခိုက်မှာပင် တောထဲတစ်နေရာမှ အသံတစ်သံထွက်လာလေသည်။

"ဟဲ့. . မိစ္ဆာကောင် အဝေးကိုသွားစမ်း"

ထိုအသံကြားသည်နှင့် ကြောင်နှင့်တွေ့သော ကြွက်တစ်ကောင်ကဲ့သို့ အမြီးကုပ်ကာ အဝေးသို့ထွက်ပြေးလေတော့



www.burmeseclassic.com

www.burmeseclassic.com



သည်။ ဒီတော့မှ ဦးဘိုးထော်လည်း သက်ပြင်းချနိုင်လေသည်။

စောစောကကြားလိုက်ရသောအသံမှာ သူ့မိတ်ဆွေ ကျွန်းပိုင်ကြီး၏ အသံဖြစ်မှန်းတော့ ကောင်းစွာမှတ်မိလေသည်။

တစ်ခါကလည်း မြစ်ထဲမှ မိကျောင်းတစ်ကောင်ကို စလွတ်ဖြင့်ထိုးပြီးဖမ်းရာ မိကျောင်းက အမြီးဖြင့်ရိုက်ချသောကြောင့် ဦးဘိုးထော်ရေထဲပြုတ်ကျသွားလေသည်။

ရေထဲပြုတ်ကျစဉ် ဦးခေါင်းကလှေနံဖြင့် ဆောင့်မိသဖြင့် သတိမေ့သွားလေသည်။

စိတ်ထဲမှာတော့ 'ဒီတစ်ခါ မိကျောင်းစာဖြစ်ပြီ' ဟု တွေးလိုက်မိသည်။

သို့သော်လည်း သူသတိပြန်ရလာတော့ လှေရောလှေပါကမ်းပေါ်ရောက်နေသည်ကို သိရသဖြင့် များစွာအံ့သြသွားလေသည်။

ကျွန်းပိုင်ကြီးနှင့်တွေ့တော့မှ. . .

"မင်းကိုငါကယ်ထားတာ"

ဟုပြောလေသည်။

"ကျွန်းပိုင်ရေ. . အခုလိုကယ်ပေးတာ ကျေးဇူးတင်ပါတယ်ကွာ. .၊ မင်းသာမကယ်ရင်တော့ ငါသေတာကြာပြီ"

"မိတ်ဆွေဆိုတာ တစ်ယောက်အကြောင်းရှိရင် တစ်ယောက်က ကူညီပေးရမှာပေါ့၊ မင်းသေလို့မဖြစ်ဘူး ဘိုးထော် မင်းသေရင် ငါ့ကိုကျွေးမယ့်သူ ရှိတော့မှာမဟုတ်ဘူး"

ဟုကျွန်းပိုင်ကြီးက ပြန်ပြောလေသည်။





နောက်ပိုင်းမှာလည်း ကျွန်းပိုင်ကြီးက အကူအညီပေးသောကြောင့် အမဲရနိုင်မည့်နေရာ၊ ငါးရနိုင်မည့်နေရာများကို ကြိုတင်သိသဖြင့် ပြောပြနိုင်လေသည်။

သူပြောပြသည့်အတိုင်းလည်း အမဲသားငါးများကို ရရှိသဖြင့် အခြားသူများက ဦးဘိုးထော်ကို "တစ်ပွဲစား"ဘဝ ရောက်သွားပြီဟု ထင်မှတ်ကြလေသည်။

နောက်ပိုင်းမှာတော့ ဦးဘိုးထော်ကိုယ်တိုင် တောထဲမသွားနိုင်သည့်အခါ. . သူ့တူဖြစ်သော ကရင်လေးကို စေလွှတ်သည်။ ထိုသို့စေလွှတ်သောအခါမှာလည်း သားကောင်ရနိုင်မည့်နေရာ ငါးရနိုင်မည့်နေရာများကို ကြိုတင်ပြောပြလိုက်လေသည်။

သူပြောသည့်အတိုင်းလည်း ရကြလေသည်။

နောက်ပိုင်းရောက်လာသောအခါ သမီးသုံးယောက်တို့က ကျွန်းပိုင်ကြီးအား အမြဲမပြတ် ကျွေးနေရသည်ကို မကျေမနပ်ဖြစ်လာသည်။

တစ်နေ့တော့ ဦးဘိုးထော်မရှိခိုက် ၄င်းတို့နေသောတဲသို့ ကရင်လေးရောက်လာရာ. . မယ်ခ၊ မယ်မြ၊ မယ်လှတို့ သုံးယောက်က မကျေမနပ်ဖြင့်ပြောကြလေသည်။

"ငါလာတာ တခြားမဟုတ်ဘူး၊ တဲမှာ ဟင်းစားစရာမရှိလို့ နင်တို့တဲမှာ အမဲခြောက်ရှိကြသေးသလား"

ဟုမေးသည်။

"မရှိတော့ဘူး၊ ငါတို့စားဖို့တောင် ဘာမှမကျန်တော့ဘူး"



www.burmeseclassic.com

www.burmeseclassic.com



အငယ်ဆုံးဖြစ်သော မယ်မြ ကမကျေမနပ်ဖြင့် ပြောလိုက်လေသည်။

"ဟင်. . ဟိုတစ်နေ့ကရလာတဲ့ ဆတ်သားတွေ ဘယ်ရောက်ကုန်ပြီလဲ ရောင်းပစ်လိုက်တာလား"

"မရောင်းပါဘူးဟာ. . . ငါတို့တောင် မစားလိုက်ရပါဘူး သရဲကျွေးလို့ ကုန်တာပါပဲ"

"ဟင်. . ဘယ်သရဲ ကျွေးတာလဲ"

ကရင်လေးက သဘောမပေါက်သဖြင့် မေးလိုက်လေသည်။

"နင် မသိဘူးလား. . ဟိုးနောက်ဘက်က ကနစိုပင်ကြီးမှာ သရဲတစ်ကောင်ရှိတယ်၊ အဘကတော့ ကျွန်းပိုင်ကြီးလို့ပြောတာပဲ"

"သူ့ကို ကျွေးနေရတာလား"

"ဟုတ်တယ်. . သူက သားကောင်ရှိတဲ့နေရာကို ပြောပြပေးတယ်၊ ကျားနဲ့တွေ့ရင်လည်း အကူအညီပေးတယ်"

"ဒီလိုလား. . . ဒီလိုဆိုတော့လည်း ကျွေးရမှာပေါ့၊ သူ့ကျေးဇူး ကိုယ့်ကျေးဇူးဆိုတာ ရှိတာပဲ"

"နေ့တိုင်းကျွေးနေရတော့ တစ်ခါတလေ ငါတို့စားဖို့တောင် မကျန်ဘူး"

"သူလည်း ငါတို့လို နေ့တိုင်းစားချင်မှာပေါ့"

"ငါတော့ သိပ်မကျေနပ်ဘူး၊ အခု အမဲမရတော့ ငါတို့တောင် စားဖို့မရှိတော့ဘူး"





"နင်တို့အဲဒီလို မပြောကြနဲ့၊ တော်ကြာ ကျွန်းပိုင်ကြီးက သတ်လိမ့်မယ်"

ဟုပြောပြီး ကရင်လေးက ပြန်သွားလေတော့သည်။

ဦးဘိုးထော်ကတော့ တစ်ဦးနှင့်တစ်ဦး ကတိကဝတ်ရှိသောကြောင့် နေ့စဉ်လိုလို ကျွန်းပိုင်ကြီးအား ကျွေးမွေးနေသော်လည်း. . ထိုအကြောင်းများကို သိပ်မသိသော သမီးသုံးယောက်ကတော့ မကျေမနပ်ဖြစ်နေကြသည်။

တစ်နေ့တော့ ဦးဘိုးထော်က ကရင်လေးကိုခေါ်ပြီး အထက်ပိုင်းသို့ လှေဖြင့်သွားလေသည်။

မသွားခင် သမီးသုံးယောက်ကို အသေအချာမှာကြားထားခဲ့လေသည်။

"ငါခရီးသွားနေတုန်း ထမင်းနဲ့ဟင်း ကောင်းကောင်းချက်ပြီး ငါ့မိတ်ဆွေကို သွားကျွေးပါ"

"အဘမိတ်ဆွေက ဘယ်သူလဲ"

မယ်လှက တမင်မသိချင်ယောင်ဆောင်ပြီး မေးလိုက်လေသည်။

"ကျွန်းပိုင်ကြီးကိုပြောတာ၊ သူက ဟိုးနောက်ဘက်က ကနစိုပင်ကြီးမှာနေတယ်. . ၊ ငါမှာခဲ့တဲ့အတိုင်း ထမင်းဟင်းချက်ပြီးရင် သူ့ကိုလည်း သွားကျွေးပေးပါ"

ထိုသို့မှာသောအချိန်မှာတော့ ဦးဘိုးထော်ကို ကြောက်ကြသဖြင့် ဘာမှပြန်မပြောကြပေ။

ဦးဘိုးထော် မရှိသောအခါမှာတော့ ထမင်းဟင်းချက်



www.burmeseclassic.com

www.burmeseclassic.com



စားကြသော်လည်း ထိုသစ်ပင်အောက်သို့ သွားပို့ပေးခြင်းမရှိကြပေ။

သူတို့စိတ်ထဲမှာ . ကျွန်းပိုင်ကြီးဆိုသည်မှာ သရဲတစ်ကောင်ဖြစ်ပြီး ထိုမျှလောက် ဂရုစိုက်စရာမလိုဟု ထင်နေကြသောကြောင့်ဖြစ်သည်။

ညအချိန်ရောက်တော့ မွေးထားသော ခွေးသုံးကောင်တို့၏ စူးစူးဝါးဝါး အော်သံကြားရပြီး တဲကိုလာပုတ်နေသောအသံကြားကြရသည်။

"ဗုန်း . ဗုန်း . ဗုန်း"

ထိုအသံကြောင့် အိပ်ပျော်နေကြသော ညီအစ်မသုံးယောက်နိုးလာကြပြီး ထကြည့်ကြလေသည်။

ထိုအခါ တဲအနောက်ဘက် အမှောင်ရိပ်ထဲမှာ ရပ်နေသော မည်းမည်းသဏ္ဌာန်ကြီးမှာ အခြားမဟုတ်ပေ။

ကျွန်းပိုင်ကြီးပင်ဖြစ်လေသည်။

ကျွန်းပိုင်ကြီး၏ အရပ်အမောင်း၊ အလုံးအထည်ကို မြင်သောအခါ . ညီအစ်မသုံးယောက်တို့မှာ နေစရာမရှိအောင်ကြောက်ရွံ့သွားကြလေသည်။ ကျွန်းပိုင်ကြီး၏ အမူအရာမှာ အတော်ကို ဒေါသဖြစ်နေသောဟန်မျိုးဖြစ်သည်။

နီရဲနေသော မျက်လုံးကြီးဖြင့် စိုက်ကြည့်နေပြီး အံကြိတ်နေရာမှ ထွက်ပေါ်နေသော 'တကျိကျိ'အသံများကို အတိုင်းသားကြားနေရသည်။

ပထမတော့ ကျွန်းပိုင်ကြီးက ညီအစ်မသုံးယောက်ကို





သတ်တော့မည်၊ ဖြတ်တော့မည်ဟန်မျိုး . ဖြစ်နေသော်လည်း နောက်တော့ စိတ်တစ်မျိုးပြောင်းသွားပြီး အနီးမှာရှိနေသော သစ်ပင်သစ်ကိုင်းများကို တဖြောင်းဖြောင်းနှင့် ချိုးဖွဲ့ခဲ့ပြီး တောထဲပြန်ဝင်သွားလေတော့သည်။

ထိုအခါမှ ညီအစ်မသုံးယောက်တို့မှာ သက်ပြင်းချနိုင်ကြလေတော့သည်။

သို့သော် အခြေအနေက ထိုမျှနှင့် ပြီးမသွားသေးပေ။

အတန်ကြာတော့ . ကျားဟိန်းသံများ ကြားကြရပြန်သည်။ ကျားဟိန်းသံများမှာ ပထမတော့ အတော်ဝေးဝေးနေရာမှ ကြားနေရပြီး နောက်တော့ တဖြည်းဖြည်း နီးလာလေသည်။

ခဏကြာတော့ သူတို့နေသောတဲနှင့် မနီးမဝေး တောထဲမှာ ကိုးတောင်ကျားသုံးကောင် ရောက်လာပြီး ဆောင့်ကြောင့်ထိုင်ကာ 'တဝေါင်းဝေါင်း'နှင့် မာန်ဖီအော်ဟစ်နေရာ တစ်ညလုံးအိပ်ဝံ့ကြတော့ပေ။

ခွေးသုံးကောင်ရှိသော်လည်း တစ်ကောင်မှ မဟောင်ဝံ့ဘဲ အမြီးကုပ်ကာ ငြိမ်နေကြသည်။

နောက်တစ်နေ့ မိုးလင်းခါနီးတော့မှ ကျားသုံးကောင်မှာ တောထဲသို့ပြန်ဝင်သွားကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com





## အခန်း (၃)

# တစ်ဖွဲ့စားဘိုးတော်သို့မဟုတ် အဘိုးနတ်

တစ်ညအိပ်ပြီး. . နောက်တစ်နေ့ညနေပိုင်း အချိန်မှာတော့ ဦးဘိုးတော်တို့ ပြန်ရောက်လာကြသည်။

၄င်းတို့အထက်ပိုင်းမှာရှိသော ရွာများသို့သွားကာ လိုသာရိက္ခာများ သွားရောက်ဝယ်ယူကြခြင်းဖြစ်သည်။ ပြန်ရောက်သည်နှင့် ဦးဘိုးတော်ကမေးသည်။

"နင်တို့ငါမှာတဲ့အတိုင်း လုပ်ကြရဲ့လား"



www.burmeseclassic.com

www.burmeseclassic.com



ထိုသို့မေးသောအခါ ဖခင်ဖြစ်သူ ဆူပူကြိမ်းမောင်းခြင်း ခံရမည်စိုးသောကြောင့်. . .

"လုပ်ပါတယ် အဘ"

ဟု တညီတညွတ်တည်း ဖြေကြလေသည်။

သို့သော်လည်း ညနေစောင်းရောက်တော့ သူတို့လိမ်ပြောနေမှန်း သိရပေတော့သည်။

ပြန်ရောက်သည်နှင့် ဦးဘိုးတော်က အစားအသောက်များယူသွားပြီး ကနစိုပင်ကြီးရှိရာသို့ သွားလေသည်။

"ဟေး. . ငါပြန်ရောက်လာပြီကွ၊ ဒီမှာလာစားလှည့်"

ထိုအခါ ကျွန်းပိုင်ကြီးက သစ်ပင်နောက်မှ ထွက်လာလေသည်။ ဦးဘိုးတော်ကျွေးသော အစားအသောက်များ ထိုင်ပြီးစားသောက်လေသည်။

ထိုအခါ ဦးဘိုးတော်က မေးသည်။

"ငါမရှိတဲ့ရက်မှာ ငါ့သမီးတွေ လာကျွေးသလား"

ခေါင်းခါပြသည်။

ဦးဘိုးတော် ချပေးသောအစားအသောက်များကို ကုန်အောင်စားပြီးမှပြောသည်။

"မင်းသမီးတွေက ငါ့ကိုဘာမှမကျွေးဘူး၊ ငါသူတို့ သုံးယောက်ကို သတ်ပစ်ဖို့သွားသေးတယ်. . မင်းစိတ်ဆိုးမှာစိုးလို့ မသတ်သေးတာ"

"သူတို့မသိလို့ပါ။ နောက်ကို ဒီလိုမဖြစ်အောင် ငါပြောထားပါ့မယ်"





ဟုကတိပေးလိုက်သောအခါမှသာ ကျေနပ်သွားဟန်ရှိလေသည်။

နောက်ပိုင်းရက်များမှာတော့. . ထွေထွေထူးထူး အကြောင်းမပေါ်ဘဲ ယခင်အတိုင်းပင် နေကြလေသည်။

ဦးဘိုးတော်တို့ ထိုနေရာမှာ အနေကြာလာသောအခါ အခြားနေရာမှရှိသော ကရင်လူမျိုး ဆွေမျိုးသားချင်းများလည်း လာရောက်နေထိုင်ကြသည်။

ထို့နောက်တွင် အခြားဆွေမျိုးသားချင်း မတော်စပ်သော အသိမိတ်ဆွေများပါ တစ်စ၊ တစ်စ ရောက်လာကြသည်။ ထိုနေရာမှာ ချောင်းထဲဆင်းပြီး ငါးပုစွန်ရှာဖွေလျှင် သော်လည်းကောင်း၊ တောထဲဝင်ပြီး သားကောင်ရှာဖွေလျှင်သော်လည်းကောင်း၊ အလွယ်တကူရသဖြင့် သဘောကျကာ ရွှေ့ပြောင်းလာကြခြင်းဖြစ်ပေသည်။

လူများလာသော်လည်း . . ယခင်ကတည်းကနေသော ဦးဘိုးတော်ကိုပင် အကြီးအကဲအဖြစ် ထားကြလေသည်။

ထိုနေရာသို့ လာရောက်နေထိုင်ကြသူများက ဦးဘိုးတော်အား တစ်ပွဲစားဖြစ်နေသည်ဟု ထင်ကြသည်။

အချို့ကလည်း ယုံကြည်သဖြင့် ထမင်းဦး၊ ဟင်းဦးများ လာရောက်ပို့ပေးသည်မျိုး ရှိလာသည်။

"အဘတော်၊ ဒီမှာ ထမင်းဦး ဟင်းဦးတွေ လာပို့ပေးပါတယ်၊ ငါတို့ကိုလည်း အမဲသားငါးရအောင် အန္တရာယ်ကင်းအောင် ကူညီစောင့်ရှောက်ပေးပါ"



www.burmeseclassic.com

www.burmeseclassic.com



"အဘထော် ဒီမှာအဘကြိုက်တဲ့ ကွမ်းနဲ့ဆေးလိပ်တွေကို လာပို့ပေးပါတယ်၊ ငါတို့ကို သားကောင်ရနိုင်မယ့်နေရာ ပြောပေးပါ"

ဟုပြောကြသည်။

ထိုသို့လာပို့ပေးသော ထမင်းဟင်း၊ ဆေးလိပ်ကွမ်းယာတို့ကို ဦးဘိုးထော်က သူတစ်ယောက်တည်းမစားဘဲ ကျွန်းပိုင်ကြီးရှိရာသို့ သွားပို့ပေးသည်။

ကျွန်းပိုင်ကြီး ပြောပြပေးသောနေရာများကိုလည်း မှတ်သားထားပြီး အခြားသူများကို ပြောပြပေးရာ သူပြောပြသည့်အတိုင်း အမဲသားငါးများရကြသဖြင့် နှစ်ဦးနှစ်ဘက် အဆင်ပြေကြလေသည်။

"ဒီကနေ့ညမှာ. . တောင်ဘက်က သမုဒ္ဒပင်အောက်တွေမှာ ထောင်ချောက်တွေ၊ သုတ်ကိုင်းတွေချထားရင် တောဝက်တွေရလိမ့်မယ်"

"အနောက်ဘက်က ကန့်ပလာပင်အောက်က ကန့်လန့်ဖြတ်လဲနေတဲ့ သစ်တုံးကြီးရဲ့ဘေးမှာ ခြေနင်းကွင်းချထားရင် ဆတ်ဖားတစ်ကောင် မိလိမ့်မယ်"

"မြစ်ထဲမှာ ငါးရှာသွားမယ့်သူတွေကတော့ ဒီကနေ့ လဆန်း(၁၂)ရက် ရေထဦးရက်မှာ အလယ်ချောင်းဝမှာရှိတဲ့ လမုပင်မှာ လမုသီးအစာတပ်ပြီး ငါးများချရင် (၅)ပိဿာထက်မလျော့တဲ့ ငါးဒန်ရလိမ့်မယ်"

"ဒါမှမဟုတ် ထိပ်ချောင်းအောက်ဘက်နားက ဝဲထဲမှာ





ငါးရှင်စာ၊ အပုပ်စာနဲ့ ဖော့မျှောရင် အချိန်တစ်ဆယ်ထက်မနည်းတဲ့ ကပ်သပေါင်းရမယ်ဟေ့"

"ချောင်းပိတ်မယ့်သူတွေကတော့ အလယ်ချောင်းဖျားမှာရှိနေတဲ့ ချောင်းလက်တက်နေရာကို ယင်းချပ်တွေနဲ့ ပိတ်ရင် ပုစွန်တုပ်နဲ့ ငါးမျိုးစုံတွေ လှေတစ်စင်းလေးအောင် ရလိမ့်မကွယ့်"

ဟုလမ်းညွှန်ပေးလေသည်။

ရွာသားများကလည်း သူပြောပြသည့် အတိုင်းရှာဖွေကြရာ ကြိုတင်ပြောပြသည့်အတိုင်း ရကြလေသည်။

ထို့ပြင်. . .

"မင်းတို့သွားတဲ့ တောထဲကလမုပင်မှာ သရဲတစ်ကောင်ရှိတယ်၊ ငါးပုစွန်ရရင် သူ့ကိုလည်းကျွေးခဲ့ကြ၊ ဒါမှနောက်တစ်ခါသွားတဲ့အခါ မနှောင့်ယှက်မှာ"

ထိုမှာကြားလိုက်သောအခါ အမဲလိုက်သူများ၊ ငါးပုစွန်ရှာဖွေသူများက ကျွေးကြရသည်။

ထိုသို့ကျွေးမွေးပါက မည်သည့်အနှောက်အယှက်မျိုးမှမတွေ့ကြရသော်လည်း အကယ်၍ ပျက်ကွက်ပါက ခြောက်လှန့်နှောင့်ယှက်ခြင်းကို ခံကြရသည်။

ဦးဘိုးထော် ပြောလိုက်သောနေရာများသို့ သွားရောက်ရှာဖွေကြရာတွင် သူပြောသည့်အတိုင်း မှန်ကန်အောင်ရရှိပါက ဦးဘိုးထော်အတွက် 'တစ်ပွဲစားကျွေး' ပေးကြရသည်။

အကယ်၍ပျက်ကွက်ပါက နောက်တစ်ခါလာမေးလျှင်



www.burmeseclassic.com

www.burmeseclassic.com



ပြောမပြတော့ပေ။

သူမပြောဘဲနှင့် ကိုယ့်သဘောနှင့်ကိုယ် သေလာယျ တောထဲဝင်သွားပါက အမဲသားငါးမရဘဲ အန္တရာယ်နှင့်တွေ့လျှင် တွေ့၊ ဒါမှမဟုတ်သရဲသဘက်တို့ ခြောက်လှန့်ခံရသောကြောင့် ပြေးရသည်က များလေသည်။

သို့ကြောင့် အမဲသားငါးများ ရှာဖွေရန်ထွက်ကြတော့မည်ဆိုပါက ဦးဘိုးထော်အား အသိမပေးဘဲ မသွားဝံ့ကြပေ။

အမဲသားငါးရလျှင်လည်း ဦးဘိုးထော်အား ခွဲမပေးဘဲ မနေဝံ့ကြတော့ခြင်းဖြစ်သည်။

ဤသို့ဖြင့် သေလာယျတော၊ သေလာယျရွာ၌ ဦးဘိုးထော်မှာ တစ်ပွဲစားတစ်ယောက်ဘဝ ရောက်မှန်းမသိရောက်၊ ဖြစ်မှန်းမသိဖြစ်ကာ တစ်ရွာလုံးက အသိအမှတ်ပြုရသောတစ်ပွဲစားဘဝသို့ ရောက်ခဲ့ရပေတော့သည်။

နောက်တော့ အားလုံးက. . 'တစ်ပွဲစားကြီး'ဟုသာ တလေးတစား ခေါ်ဝေါ်အသိအမှတ်ပြုထားကြရပေသည်။

တစ်နေ့တော့ ဦးဘိုးထော်တို့ မိသားစုအတွက် ကံကြမ္မာဆိုးတစ်ခုက ကျရောက်လာလေတော့သည်။

ဦးဘိုးတော်မှာ တစ်နေ့တခြားရွာသူရွာသားများ ယုံကြည်လေးစားလာကြကာ တစ်ပွဲစားဘိုးထော်ဟူသော အမည်တစ်လုံးနှင့်ဖြစ်လာရုံမကဘဲ အခြားသူများက စားဦးစားဖျား အမဲသားငါးများ လာရောက်ပို့ပေးသောအခါ. . ၎င်းကိုယ်ကို တကယ့်တစ်ပွဲစား အစစ်တစ်ယောက်ကဲ့သို့ ထင်မှတ်ယုံကြည်





လာခဲ့လေသည်။

နောက်ပိုင်းရောက်လာသောအခါ တစ်ဦးနှင့်တစ်ဦး ကူညီစောင့်ရှောက်မှုပေးနေသော ကျွန်းပိုင်းကြီးကိုပင် ကျေးမွေးသောကိစ္စများ ပျက်ကွက်လာသည်။

ထိုအခါ ကျွန်းပိုင်ကြီးက သတိပေးသည်။

"ဘိုးထော် ငါကမင်းကို ကူညီစောင့်ရှောက်မှုပေးထားခဲ့တယ် မင်းဘက်ကပျက်ကွက်မှုတွေရှိလာတယ်"

"ငါလည်း မအားတော့ သတိမေ့သွားခဲ့လို့ပါ"

ဟု ပေါ့ပေါ့ပင်ပြန်ပြောလေသည်။

ထိုသို့မကတော့ပဲ တစ်ခါတစ်ရံသူကိုယ်တိုင် အစားအသောက်မပို့တော့ပဲ သမီးသုံးယောက်ကိုသာ ဖြစ်သလို အပို့ခိုင်းလေသည်။

မယ်မြ၊ မယ်ခ၊ မယ်လှ တို့ သုံးယောက်ကလည်း ကျွန်းပိုင်ကြီးအကြောင်းကို သိတန်သရွေ့ သိကြသဖြင့် မပြောဝံ့ မလုပ်ဝံ့ကြသော်လည်း၊ ယခုအခါမှာတော့ ဖခင်ဖြစ်သူကိုယ်တိုင်က အလေးမထားတော့သည်ကို တွေ့မြင်လာသောအခါ. . သူတို့လည်း ပေါ့ပေါ့လျော့လျော့ပင် လုပ်ကိုင်ကြတော့သည်။

ယခင်က ဖခင်ကိုကြောက်ရွံ့သဖြင့် မလုပ်ဝံ့ကြသော်လည်း ယခုနောက်ပိုင်း တော်ရုံမပြောတော့သဖြင့် ထင်သလိုလုပ်လာကြခြင်းဖြစ်လေသည်။

ကျွန်းပိုင်ရှင်ကြီးရှိသောသစ်ပင်သို့ အစားအသောက်များ သွားပို့ခိုင်းပါက ပို့ချင်မှပို့သည်။



www.burmeseclassic.com

www.burmeseclassic.com



ပို့ပြန်လျှင်လည်း ဖြစ်သလိုထည့်ပြီး သွားရောက်ပို့ပေးကြလေသည်။

နောက်ပိုင်းမှာတော့ တစ်ပွဲစားဘိုးထော်ပြောသော စကားများ အလွဲလွဲအချော်ချော် ဖြစ်လာလေတော့သည်။

တောထဲမှာ ဘယ်နေရာသို့သွားလျှင် သားကောင်ရမည်ဟု ပြောလိုက်သည်။

သွားကြသူများမှာ သားကောင်မတွေ့ဘဲ ကျားနှင့်တွေ့သဖြင့် ထွက်ပြေးကြရသည်။

အချို့လည်း. . ကျားကိုက်ခံရသဖြင့် အသက်သေကြသည်။

မြစ်ထဲမှာ ဘယ်နေရာသွားလျှင် ငါးရမည်ဟုပြောလိုက်သည်။ တကယ်သွားသောအခါ. . ငါးမရဘဲ မိကျောင်းနှင့်တွေ့သဖြင့် ပြေးကြရသည်။

အချို့လည်း မိချောင်းဆွဲခံရသဖြင့် အသက်သေကြရသည်။ ထိုအဖြစ်အပျက်များ ဆက်တိုက်ဖြစ်လာသောအခါ တစ်ပွဲစားဘိုးထော်စကားကို သိပ်မယုံ့ကြတော့ပေ။

ယခင်ကလို သူပြောသည့်အတိုင်း အမဲသားငါးများ မရတော့သဖြင့် သူ့ဆီသို့ပို့နေကျ အစားအသောက်များလည်း မပို့ကြတော့ပေ။

မကျေနပ်သဖြင့် ဦးဘိုးထော်ကိုယ်တိုင် အမဲလိုက်ပြန်တော့ သားကောင်မရတော့ပေ။

ကျားနှင့်တွေ့သဖြင့် ပြန်ပြေးလာရသည်။





တောထဲမှာ အမဲမရသဖြင့် မြစ်ထဲဆင်းကာ ငါးရှာပြန်တော့လည်း ယခင်လို ငါးမရပြန်ပေ။

မိကျောင်း၊ ငမန်းတို့ လာရောက်နှောက်ယှက်နေကြသဖြင့် ပြန်ပြေးခဲ့ရလေသည်။

ထိုကဲ့သို့ ရှာဖွေရတာ အဆင်မပြေသောအခါ. . . စားသောက်စရာပင် မရှိတော့ပေ။

သူတို့မှာ စားသောက်စရာမရှိတော့သဖြင့် ကျွန်းပိုင်ကြီး စားသောက်ဖို့လည်း ယခင်ကလို မပို့နိုင်တော့ပေ။

"အဘ. . အရင်ကလို အစားအသောက်တွေ သွားမပို့တော့ဘူးလား"

မယ်ခက မေးသည်။

"ငါတို့တောင် စားဖို့မရတာ သူ့ကိုဘာကျွေးရမလဲ၊ နေပေစေ ငါတို့ကို စားဖို့သောက်ဖို့ရအောင် လုပ်ပေးရင်. . အကူအညီပေးရင် ပို့ပေးမယ်. . ကျွေးမယ်. .၊ လုပ်မပေးနိုင်ဘဲ အကူအညီမရရင်တော့ ဘာမှမကျွေးတော့ဘူး"

ဟုဒေါသသံဖြင့် ပြန်ပြောလေသည်။

တကယ်တော့ ဦးဘိုးထော်မှာ ပေးထားသော ကတိကို မေ့လျော့ကာ မိတ်ဆွေတို့ဝတ္တရား စတင်ပျက်ပြားခြင်းပင် ဖြစ်ပေသည်။

"အဘက ကျွေးနေကျမကျွေးရင် သူကလာပြီး နှောင့်ယှက်လိမ့်မယ်၊ ခြောက်လှန့်လိမ့်မယ်"

"ငါက ဘာမှမကြောက်ဘူး၊ ငါ့ဘက်ကအပြစ်မရှိဘဲ. .



www.burmeseclassic.com

www.burmeseclassic.com



လာပြီးခြောက်လှန့်ရင် သူနေတဲ့ သစ်ပင်ကိုလှဲပြီး မီးနဲ့ရှို့ပစ်မယ်"

ဟုကြိမ်းမောင်းပြောဆိုလေသည်။

ယခင်က ဦးဘိုးထော်သွားလျှင် နောက်မှလက်စွဲတော် တစ်ယောက်ကဲ့သို့ လိုက်ပါလေ့ရှိသော 'ကရင်လေး'ကပါ တစ်နေ့တော့မေးသည်။

"အခုတလော အရင်ကနဲ့ မတူဘူး၊ ငါတို့သွားရင် အမဲသားငါးမရဘဲ အန္တရာယ်နဲ့ချည်း တွေ့နေရတယ် တောထဲသွားတော့လည်း အဆင်မပြေ၊ မြစ်ထဲဆင်းပြန်တော့လည်း အဆင်မပြေနဲ့ ကြာရင်ငတ်ဖို့ပဲရှိတော့တယ်"

ဦးဘိုးထော်က သက်ပြင်းတစ်ချက်ချလိုက်သည်။

"အရင်က အဘကို ဟိုသစ်ပင်မှာနေတဲ့ ကျွန်းပိုင်ဆိုတဲ့ အကောင်က အကူအညီပေးနေတယ်မဟုတ်လား"

ခေါင်းညိတ်ပြသည်။

"အခု အကူအညီမပေးတော့ဘူးလား"

"မပေးတော့ဘူး"

"ဘာဖြစ်လို့လဲ သူ့ကိုမကျွေးတော့လို့လား"

"ငါတို့တောင် စားစရာမရှိတော့တာ သူ့ကိုဘာနဲ့ ကျွေးမှာလဲ"

"ဒီအတိုင်းသာဆိုရင်တော့ ဒီနေရာမှာ နေကြတဲ့လူတွေ နေပျော်ကြတော့မှာ မဟုတ်ဘူး၊ နောက်ပြီး ဒီနေရာမှာ ဘာမှရှာဖွေလို့မရတော့ရင် တခြားနေရာ ပြန်ပြောင်းပြေးကြလိမ့်မယ်၊ အဲ့ဒီအခါကျရင်. . . ဒီနေရာမှာ ငါတို့ချည်း ကျန်ခဲ့လိမ့်မယ်"





ဦးဘိုးထော်က ဘာမှပြန်မပြောပေ။

"ကိုယ့်အပေါ်မှာ မကောင်းရင်တော့ လူပဲဖြစ်ဖြစ်၊ သရဲပဲဖြစ်ဖြစ် ကိုယ်ကလည်း ပြန်ကောင်းစရာမလိုဘူး၊ ဒီလိုသာ ငါတို့ကို အနှောင့်အယှက်ပေးနေရင်တော့ သည်းမခံနိုင်တော့ဘူး၊ သူနေတဲ့သစ်ပင်ကိုပါ လှဲပြီး မီးနဲ့ရှို့ပစ်မယ်"

ကရင်လေးက လူငယ်လူရွယ်ဖြစ်သောကြောင့် စိတ်လိုက်မာန်ပါဖြင့် ပြောဆိုနေလေသည်။

သို့သော်လည်း သူပြောသလိုတော့ ဆက်မလုပ်နိုင်တော့ပါချေ။

တစ်နေ့တော့ တောထဲသွားရင်းနှင့် ကျားနှင့်ရင်ဆိုင်တွေ့ကာ သေဆုံးသွားလေသည်။

ကျားက အတူသွားသူများကိုမကိုက်ဘဲ ကရင်လေးတစ်ယောက်ကိုသာရွေးပြီး ကိုက်သတ်သွားခြင်းဖြစ်လေသည်။

ကရင်လေးအလောင်းကို ရွာသားများက သယ်ယူလာကြလေသည်။ ဦးဘိုးထော်မှာ တူလိုသားလိုချစ်ခင်သော ကရင်လေးသေဆုံးသွားသောအခါ များစွာစိတ်ထိခိုက်သွားလေတော့သည်။

"ငါတူသေရတာ ဟိုကျွန်းပိုင်ဆိုတဲ့အကောင် လက်ချက်ပဲဖြစ်မှာပဲ၊ ဒင်းကတောင် မိတ်ဆွေလိုမနေဘဲ ရန်သူလိုနေမှတော့. . ငါကရော မိတ်ဆွေတစ်ယောက်လို နေမတဲ့လား၊ ဘိုးထော်အကြောင်း သိရစေမပေါ့ကွာ"

ဟုပြောဆို ကြိမ်းမောင်းပြီးနောက် လူနှစ်ယောက်သုံး



www.burmeseclassic.com

www.burmeseclassic.com



ယောက်ကိုခေါ်ကာ တောထဲသို့သွားလေသည်။

ငှင်းတို့နှင့်အတူ လှံ၊ ဓါး၊ ပေါက်ဆိန်တို့လည်း ယူဆောင်သွားကြလေသည်။

ကျွန်းပိုင်ကြီးနေသော ကနစိုပင်သို့ ရောက်သောအခါ လှဲချပြီး မီးဖြင့်ရှို့ခဲ့လေသည်။

ထိုညမှာတော့ ကျွန်းပိုင်ကြီးရောက်လာပြီး ခြောက်လှန့်လေတော့သည်။

ငှင်းတို့နှင့်အတူ အခြားသရဲသဘက်တို့ပါ ပါလာလေသည်။ တစ်ရွာလုံး သရဲသဘက်များခြောက်လှန့်သောကြောင့် ကြောက်လန့်တကြားဖြင့် ထွက်ပြေးကြရလေသည်။

အချို့က တောထဲဝင်ပြေးကြသည်။

အချို့က လှေများဖြင့် ထွက်ပြေးကြလေသည်။

လှေနှင့်ပြေးသူအချို့က မိကျောင်းပုတ်ခံရသဖြင့် သေကြရပြီး တောထဲဝင်ပြေးသူများကတော့ ကျားဆွဲခံကြရသည်။

ကျားဆွဲခံရသောသူများထဲမှာ ဦးဘိုးထော်တို့သားအဖလေးယောက်လည်း ပါကြလေသည်။

လေးယောက်စလုံး အစိမ်းသေ သေပြီး ဝိညာဉ်ဘဝသို့ရောက်သောအချိန်မှာ ကျွန်းပိုင်ကြီးနှင့် ပြန်တွေ့ရသည်။

"ငါတို့မှားခဲ့ပါတယ်ကွာ၊ ငါတို့ကိုခွင့်လွှတ်ပေးပါ၊ အခုငါတို့သားအဖတစ်တွေမှာ ဘယ်သွားလို့ဘယ်လာရမှန်း မသိတော့ပါဘူး၊ နေစရာလည်း မရှိတော့ပါဘူး၊ ဒါကြောင့် . . ငါတို့ကို နေစရာပေးပါကွာ"





"ကောင်းပြီလေ. . . အရင်ကလည်း မင်းကငါ့အပေါ်မှာ ကောင်းခဲ့တာတွေရှိတော့ ငါအကူအညီပေးမယ်၊ မင်းရဲ့သမီးသုံးယောက်ကို သူတို့ဝိညာဉ်တွေ ပြန်သွင်းပေးမယ်၊ လူ့ဘဝနဲ့တော့ နေခွင့်မရှိတော့ပေမယ့်၊ ကမ္ဘာဇိဒ္ဓိရှိတဲ့ နတ်စိမ်းဘဝနဲ့ နေလို့ရအောင် ငါပြန်လုပ်ပေးမယ်"

"သူတို့ကို ဘယ်မှာနေရာပေးမှာလဲ"

"မြစ်ကြီးရဲ့ အရှေ့ဘက်မှာရှိတဲ့ ကျွန်းကြီးကို သူတို့အတွက် အပိုင်စားပေးမယ်၊ အဲ့ဒီမှာ ညီအစ်မသုံးယောက် နေကြပေတော့"

ဟုပြောပြီး မြစ်တစ်ဖက်ကမ်းမှ လှမ်းမြင်နေရသော ကျွန်းတစ်ကျွန်းကို လက်ညှိုးထိုးပြသည်။

"ကျေးဇူးတင်ပါတယ်ကွာ၊ ငါကရော ဘယ်မှာနေရမှာလဲ၊ ငါ့အတွက် နေရာပေးပါဦး"

"မင်းကတော့ ငါ့ကိုယ်စား ဒီနေရာတစ်ဝိုက်မှာစောင့်ရှောက်ရင်းနဲ့သာ နေရစ်ခဲ့ပေတော့၊ မင်းဒီနေရာရောက်လာပြီဆိုတော့ ငါက တစ်နေရာသွားခွင့်ရပြီပေါ့ကွာ"

ဟုပြောဆိုကာ ပျောက်ကွယ်သွားလေတော့သည်။

ဦးဘိုးထော်က ထိုနေရာများကို ဝိညာဉ်လောကနှင့်အပိုင်စားရသောအခါ တူတော်စပ်သူ ကရင်လေး၏ ဝိညာဉ်ကို ခေါ်ပြီး ထော်စီထော်ပိုင်ဘက်မှနေရာများကို အပိုင်စားပေးလိုက်လေသည်။

သို့ကြောင့် ယခုအခါ ထော်စီထော်ပိုင်ဒေသတွင် တင်



www.burmeseclassic.com

www.burmeseclassic.com



မြှောက်ပသမှုများ ပြုသောအခါ အဘိုးနတ်ကိုသာမက ရွှေကရင်လေးနတ်ကိုပါ ထည့်သွင်းတင်မြှောက်သော အလေ့အထများ ရှိခဲ့ကြလေသည်။ မယ်ခါ၊ မယ်မြ၊ မယ်လှတို့ ညီအစ်မသုံးဖော်အပိုင်စားရသောကျွန်းမှာ နောင်အခါ 'မိန်းမလှကျွန်း' ဟု ထင်ရှားလာပြီး ရှေးအခါက သာလာဃျတော၊ သာလာဃျကျွန်း အမည်ဖြင့် ထင်ရှားခဲ့သောကျွန်းကြီးမှာ 'ကျွန်းညိုကြီး' ဟူသော အမည်ဖြင့် လူသိများလာခဲ့ပေသည်။





# အခန်း (၄)

# သေလာဃျတော၌ ကျွန်းစောင့်နတ်များ

ရှေး၌ရေးသားဖော်ပြခဲ့သော အကြောင်းအရာများမှာ ရေငန်အရပ်ဒေသများမှာ ထင်ရှားသော ဦးရှင်ကြီးနတ် မဖြစ်ပေါ်ခင် ရှေ့ပိုင်းကာလတွင်. . သေလာဃျတောတွင် ဖြစ်ပျက်ခဲ့သော အဖြစ်အပျက်များပင် ဖြစ်ပေသည်။

ကျွန်းညိုကြီးနှင့် မိန်းမလှကျွန်းတို့မှာ ရှေးယခင်ကတော့ ထိုအမည်များဖြင့် ထင်ရှားခဲ့သည် မဟုတ်ပေ။ ကျွန်းညိုကြီးကိုတော့ သေလာဃျကျွန်း၊ မိန်းမလှကျွန်းကိုတော့ ပင်လယ်ပိုင်း



www.burmeseclassic.com

www.burmeseclassic.com



အရပ်၌ နာမည်ကျော်ကြားသော ဖောင်ဝင်မြစ်ကို အကြောင်းပြုပြီး ဖောင်ဝင်ကျွန်းဟု ခေါ်ဝေါ်ခဲ့ကြသည်။

အဘယ်ကြောင့်ဆိုသော်. . .

အထက်ပိုင်းမှလာသော လှေများ၊ အောက်ဘက်မှသွားသောလှေနှင့်သစ်ဖောင်တို့မှာ ထိုမြစ်အတွင်းမှ မလွဲမသွေ ဖြတ်သွားကြရသောကြောင့်ဖြစ်သည်။

ပြင်ဒရယ်သစ်တော ဟူသောအမည်မှာ. . မြို့စားကြီးဗညားဇေယျနှင့် နောက်လိုက်နောက်ပါများ ရောက်လာပြီးနောက်ပိုင်းမှ ပေါ်ပေါက်လာသော အမည်ဖြစ်သည်။

ပြင်ဒရယ်ဆိုသောအမည်မှာ မွန်ဘာသာဖြင့် ခေါ်ဝေါ်သော အမည်ဖြစ်ပြီး အဓိပ္ပါယ်ကတော့ ပင်လယ်ပိုင်းအရပ်၌ ပြောင်းရွှေ့တည်သော ရွာဟူ၍ဖြစ်သည်။

မြို့စားကြီးဗညားဇေယျတို့ ထိုကျွန်းပေါ်သို့ လာရောက်နေထိုင်စဉ်အချိန် ဘုရားတည်သောကိစ္စများကို ဦးရှင်ကြီးနတ်၊ အဘိုးနှင့် မယ်ခ၊ မယ်မြ၊ မယ်လှတို့ ညီအစ်မသုံးဖော်က များစွာအကူအညီပေးခဲ့ကြလေသည်။

ဦးဘိုးထော်တို့မိသားစုဖြစ်ပျက်ခဲ့သော အဖြစ်အပျက်များနှင့် မြို့စားကြီးဗညားဇေယျတို့ ရောက်လာကြပြီး. . ထိုကျွန်းများမှာ နေထိုင်ခဲ့ကြသော အဖြစ်အပျက်များကြားမှာ ဦးရှင်ကြီးနတ်ဘဝ ရောက်ခဲ့ရသော အဖြစ်အပျက်တစ်ခု ရှိပေသေးသည်။

နတ်သမိုင်း ရေးသားသူများက မူကွဲအမျိုးမျိုး ရေးသားခဲ့ကြသော်လည်း. . . မိန်းမလှသုံးဖော်တို့က စောင်းတီးတတ်





သော မောင်ရှင်ကို နှစ်သက်သဖြင့် မပြန်နိုင်အောင် လှေကိုဆွဲထားကြရာ နောက်ဆုံး ရေစာကျွေးရန်အတွက် မဲချသောအခါ မောင်ရှင်မှာ သုံးကြိမ်သုံးခါအထိ မဲပေါက်သဖြင့် ကျွန်းညိုကြီးရှေ့၌ ရေစာကျွေးခံရသည်။

ရေထဲမကျခင်မှာပင် မိန်းမလှသုံးဖော်က ကမ္ဗလ္လာ တန်ဆောင်ဖြင့် ဆောင်ယူသွားခဲ့လေသည်။

အချို့က လူဘဝနှင့်ပင် နတ်ဖြစ်သည်ဟုရေးသည်။

မဟုတ်ပေ။

မယ်ခ၊ မယ်မြ၊ မယ်လှတို့သုံးယောက်ကဲ့သို့ပင် လူအသက်မရှိဘဲ ပရလောက အသက်ဝင်ကာ မူလရုပ်ခန္ဓာနှင့်ပင် နတ်ဘဝရောက်ရခြင်းပင် ဖြစ်သည်။

ဟံသာဝတီပြည်ကို မွန်ဘုရင်များ အုပ်ချုပ်နေသော ကာလတွင် ကဇင်းရွာမှာနေကြသော မွန်တိုင်းရင်းသား လင်မယားတွင် သားတစ်ယောက် ဖွားမြင်လေသည်။

ဖခင်က နာဋ္ဌက်တော်ဖြစ်ပြီး မိခင်က မိသုကညာ ဖြစ်လေသည်။ သား၏အမည်ကို မွန်အမည်ပေးထားသော်လည်း အများကတော့ မောင်ရှင်ဟုသာ ခေါ်ဝေါ်ကြသည်။

မောင်ရှင်၏ ဖခင်သေဆုံးသောအခါ မိခင်ဖြစ်သူက သားကိုခေါ်ပြီး ဆွေမျိုးသားချင်းများရှိရာ ဒလသို့ ပြောင်းရွှေ့နေထိုင်လေသည်။

ထိုနေရာရောက်တော့ မိသုကညာဟူသော အမည်ဖျောက်ပြီး ဒေါ်ဖြူဟုသာ ခေါ်ဝေါ်ကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



မောင်ရှင်က ငယ်စဉ်ကတည်းက ဂီတအနုပညာကို ဝါသနာပါရာ အရွယ်ရလာသောအခါ ဆရာကြီးတစ်ဦးထံ၌ စောင်းပညာကို သင်ယူလေရာ ပါရမီအခံကောင်းသူ ဖြစ်သောကြောင့် ကျွမ်းကျင်တတ်မြောက်ခြင်းသို့ ရောက်လေသည်။

မောင်ရှင် အရွယ်ရောက်လာတော့ မိခင်ဖြစ်သူက ရှင်ပြုပေးချင်သည်။ သို့သော် ငွေကြေးက မပြည့်စုံပေ။

သို့ကြောင့် အစ်ကိုဝမ်းကွဲတော်စပ်သူ မောင်ဘိုးအောင်နှင့်အတူ လှေသူကြီး ဦးတောထံတွင် အလုပ်သမားအဖြစ် ဝင်ရောက်လုပ်ကိုင်လေသည်။

မောင်ဘိုးအောင် အလုပ်ကြမ်းလုပ်နိုင်သော်လည်း . . မောင်ရှင်က ကျောင်းသားအရွယ် ငယ်ရွယ်သူဖြစ်သောကြောင့် အလုပ်ကြမ်းမလုပ်နိုင်ပေ။

သို့ကြောင့် တောင်ပေါ်တက်သောအလုပ်များ လှေထိုးလှေခတ်အလုပ်များ မလုပ်နိုင်သဖြင့် လှေပေါ်မှာပင် လုပ်ရသော ရေပက်ခြင်း(လှေထဲစိမ့်ဝင်လာသော ရေများကိုပက်ခွက်၊ ပုံးများဖြင့် ပက်ထုတ်ခြင်း) ထမင်းဟင်းချက်ပေးခြင်း. . စသောအလုပ်လုပ်လေသည်။

၄င်းတို့သစ်ခုတ်ဆင်းသောအခါ မောင်ရှင်က သူသွားလေရာ ယူဆောင်လေ့ရှိသော စောင်းတစ်လက်ကို သယ်ယူလာလေသည်။ ၄င်းတို့သစ်ခုတ်ရန် ဆင်းလာသောနေရာမှာ သေလာယျတော(ကျွန်းညိုကြီး) ပင်ဖြစ်လေသည်။

ထိုတောသို့ ရောက်သောအခါ သက်ဆိုင်ရာ တောပိုင်





တောင်ပိုင်တို့ကို တင်မြှောက်ပသပြီး. . လှေသူကြီး ဦးတောနှင့် အခြားအလုပ်သမားတို့က လွှ၊ ဓါး၊ ပေါက်ဆိန် စသည်တို့ယူဆောင်လျက် တောပေါ်တက်ကာ သစ်ခုတ်ကြလေသည်။

လှေထဲမှာ တစ်ယောက်တည်းကျန်ခဲ့သော မောင်ရှင်ကတော့. . ထမင်းဟင်းချက်ပြုတ်သောကိစ္စများ ပြီးသည်နှင့် စောင်းကိုယူကာ တီးခတ်လေသည်။

တိတ်ဆိတ်ငြိမ်သက်နေသော တောထဲမှာ ငြိမ့်ညောင်းသာယာဖွယ်ကောင်းသော စောင်းတီးသံကို ကြားရလျှင် အဘယ်မျှကြည်နူးဖွယ်ရာ ကောင်းမည်ကို စိတ်ကူးဖြင့်မှန်းဆကြည့်နိုင်ပေသည်။

တစ်နေ့တော့ မောင်ရှင်တစ်ယောက်တည်း ထမင်းဟင်းချက်နေစဉ် တောထဲမှ အမျိုးသမီးသုံးယောက် ထွက်လာကြသည်။ သုံးယောက်စလုံး အသက်အရွယ် မတိမ်းမယိမ်းရှိကြပြီး ရုပ်ရည်ကလည်း အသင့်အတင့်ချောမောကြသည်။

အဝတ်အစားကတော့ သာမန်တောသူများဝတ်သော အဝတ်အစားများ ဖြစ်ကြသည်။

လှေကြီးက ကမ်းနှင့်ခွာပြီး ရပ်ထားသောကြောင့် သူတို့သုံးယောက်က ကမ်းပေါ်မှရပ်ပြီး ပြောလေသည်။

"ကျွန်မတို့ကို လှေငယ်လေးနဲ့ လာခေါ်ပေးပါရှင်"

"ခင်ဗျားတို့က ဘယ်ရွာမှာနေကြတာလဲ"

"ဟိုဘက်နားမှာ သေလာယျရွာဆိုတာ ရှိပါတယ်၊ အဲ့ဒီရွာကလာကြတာပါ"



www.burmeseclassic.com

www.burmeseclassic.com



မောင်ရှင်လည်း ထွေထွေထူးထူး စဉ်းစားမနေတော့ဘဲ စတော်လှေဟုခေါ်သော လှေငယ်ကလေးဖြင့် သွားခေါ်လာလေသည်။ လှေပေါ်ရောက်တော့မှ အကျိုးအကြောင်း မေးရလေသည်။

"ဘာအတွက် လာကြတာလဲ"

"တခြားတော့မဟုတ်ပါဘူးရှင်. . . မနေ့က ရှင်တီးတဲ့ စောင်းသံနားထောင်ရတာ သဘောကျလို့ လာကြတာပါ"

"အခုတော့ ထမင်းချက်နေရလို့ မအားသေးပါဘူး"

"ထမင်းဟင်းတွေကို ကျွန်မတို့ချက်ပေးမယ်၊ ရှင်က စောင်းသာတီးပါ"

ဟု အပေးအယူလုပ်ပြီး. . အမျိုးသမီးသုံးယောက်က ထမင်းဟင်းချက်နေစဉ်မှာ. . မောင်ရှင်က စောင်းတီးပြရလေသည်။ ညနေပိုင်းလှေသူကြီးနှင့် အလုပ်သမားများ ပြန်လာချိန်နီးတော့မှ အမျိုးသမီးသုံးယောက်က ပြန်သွားကြလေသည်။

လှေသားများပြန်ရောက်လာသောအခါ ချက်ပြုတ်ထားသော ထမင်းဟင်းများကို စားသောက်ကြရာ ခါတိုင်းနှင့်မတူဘဲ အရသာရှိလှသောကြောင့် ခေါင်းမဖော်တမ်း စားသောက်ကြလေသည်။

မောင်ရှင်ကိုလည်း. . . ထမင်းဟင်းချက်တာ လက်ရာကောင်းလှကြောင်း ချီးမွမ်းပြောဆိုကြလေသည်။

နောက်တစ်နေ့မနက်ပိုင်း ရောက်သောအခါမှာလည်း လှေသမားများ တောပေါ်တက်သွားသည်နှင့် အမျိုးသမီး သုံး





ယောက် ရောက်လာကြပြီး ထမင်းဟင်းချက်ပေးကြသည်။

သူတို့ထမင်းချက်ပြုတ်နေစဉ် မောင်ရှင်က စောင်းတီးပြရသည်။

တစ်နေ့တော့ အမျိုးသမီးများကပြောသည်။

"ရှင်တီးတဲ့ စောင်းသံနားထောင်ရတာ သိပ်ပြီးသာယာတာပဲ၊ ရှင် ကျွန်မတို့နဲ့အမြဲနေခဲ့ပါလား၊ လိုလေသေးမရှိအောင်ထားပါမယ်"

"မဖြစ်ပါဘူးဗျာ. . ကျွန်တော်က ရှင်မပြုရသေးပါဘူး၊ ဒီတစ်ခေါက် တောကပြန်သွားမှ ရှင်ပြုရမှာဆိုတော့ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ပါဘူး"

သာသနာ့ဘောင်ဝင်မည့်ကိစ္စမျိုး ဖြစ်နေသောကြောင့် မိန်းမပျိုသုံးယောက်က ဇွတ်အတင်းမပြောသာတော့ပေ။

သို့သော်လည်း မိန်းမပျိုသုံးယောက်တို့မှာ မောင်ရှင့်ကိုလည်း သဘောကျ၊ သူတီးသောစောင်းသံကိုလည်း နှစ်သက်သဘောကျနေသဖြင့် ပြန်မလွှတ်ချင်ကြတော့ပေ။

နောက်ဆုံးအလိုရှိသောသစ်များ ပြည့်စုံသောအခါ အလုပ်သိမ်းပြီး နေရပ်ပြန်ကြရန်ပြင်လေသည်။

ထိုအခါ မိန်းမလှသုံးဖော်က ကမ္ဗလဗိတ္ထိတန်ခိုးဖြင့် တားထားသောအခါ လှေပြန်ထွက်၍မရတော့ပေ။

လှေသူကြီး ဦးတောကတော့ တစ်ခုခုအမှားအယွင်းရှိနေပြီကို သဘောပေါက်သဖြင့် တောပိုင်တောင်ပိုင်များကို တိုးသျှိုးတောင်းပန်မှုပြုလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ တောပေါ်မှ. . . အသံနက်ကြီးဖြင့် အော်လိုက် သောအသံကို ကြားကြရလေသည်။

"ကံဆိုးသူကို ရေစာချကျွေးမှ လှေပြန်ထွက်လို့ရမယ် လှေပြန်ထွက်ခွင့်ရမယ်"

ဟူသောအသံကြီးဖြစ်သည်။

ထိုအသံကြီးကို လှေသူကြီးအပါအဝင် လှေသမားများ အားလုံး ကြားကြရသဖြင့် များစွာကြောက်ရွံ့ထိတ်လန့်မှုဖြစ် ကြလေသည်။

"ကိုင်း. . မင်းတို့ကြားတဲ့အတိုင်းပဲ၊ ဒီအတိုင်းတော့ဖြင့် ငါတို့လှေ ဘယ်နည်းနဲ့မှ ပြန်ထွက်နိုင်တော့မှာ မဟုတ်ဘူး၊ ကံဆိုး သူ ရွေးရလိမ့်မယ်၊ တကယ်လို့ ကံဆိုးသူက ငါကိုယ်တိုင်ကျရင် လည်း ငါအသေခံမယ် ဘယ်လိုသဘောရကြသလဲ"

လှေသူကြီး ဦးတောပြောသည်မှာ တရားနည်းလမ်းကျ သဖြင့် လှေသမားများက လက်ခံကြရလေသည်။

နောက်ဆုံး မဲလိပ်နှိုက်သောအခါ ကံဆိုးသူမှာ 'မောင် ရှင်' ဖြစ်နေလေသည်။

အစ်ကိုဖြစ်သူ မောင်ဘိုးအောင်က တောင်းပန်သဖြင့် သုံးကြိမ်ပြန်နှိုက်သောအခါ ထိုသုံးခါစလုံး မောင်ရှင်ချည်းသာ မဲပေါက်လေသဖြင့် စိတ်မကောင်းစွာနှင့်ပင် ရေစာချကျွေး လေသည်။

ရေစာကျွေးရခြင်းမှာ မဲကျသော ကံဆိုးသူကို ခြေနှင့် လက်ကို ကြိုးဖြင့်တုပ်နှောင်ပြီး ရေထဲပစ်ချခြင်းပင်ဖြစ်သည်။





မောင်ရှင်ကို ရေစာကျွေးသောအခါ ငှင်းတီးနေကျစောင်းကို ပါ တစ်ပါတည်း ထည့်ပေးလိုက်ကြလေသည်။

စိတ်မကောင်းစွာနှင့်ပင် မောင်ရှင်ကို ရေထဲပစ်ချလိုက် သောအခါမှာ ကျောက်ချထားသကဲ့သို့ ငြိမ်သက်နေသော လှေ ကြီးမှာ လှုပ်ရှားလာလေသည်။

ထိုအခိုက်အတံ့မှာပင် ထူးဆန်းသော မြင်ကွင်းကို လှေ သမားများအားလုံး မြင်တွေ့ကြရလေသည်။

သူတို့လှေနှင့် မနီးမဝေးရေပေါ်မှာ ပြန်ပေါ်လာသော မောင်ရှင်ကို တွေ့မြင်ကြရလေသည်။

ကြိုးတုပ်လျက်သားဖြင့် သေပြီးပေါ်လာခြင်းမဟုတ်ပေ။ စောင်းကိုပိုက်လျက် ရေအောက်မှ မိကျောင်းကြီးတစ်ကောင် ၏ ကျောပေါ်တွင် မတ်တတ်ရပ်လျက်သား အနေအထားမျိုးဖြင့် ပေါ်လာခြင်းဖြစ်သည်။

တကယ်တော့ မောင်ရှင်မှာ မူလရုပ်ခန္ဓာနှင့်ပင် နတ် ဝိညာဉ်ကိန်းပြီး နတ်ဘဝသို့ ကူးပြောင်းသွားခြင်းပင် ဖြစ်ပေ သည်။

မယ်ခ၊ မယ်မြ၊ မယ်လှ တို့သုံးယောက်တို့မှာလည်း မူ လရုပ်ခန္ဓာနှင့်ပင် နတ်ဝိညာဉ်ကိန်းကာ ထိုဘဝသို့ရောက်သွားခဲ့ ကြခြင်းဖြစ်လေသည်။

ထိုမြင်ကွင်းကို မြင်သောအခါ လှေသမားများမှာ များ စွာအံ့သြကြရလေသည်။

မောင်ရှင်က အစ်ကိုဖြစ်သူ မောင်ဘိုးအောင်အား မှာ



www.burmeseclassic.com

www.burmeseclassic.com



စရာရှိသော စကားများမှာကြားပြီးနောက် မိကျောင်းကျောပေါ်မှာမတ်တတ်ရပ်လျက်သား အနေအထားနှင့်ပင် မိန်းမလှကျွန်းရှိရာဘက်သို့ သွားလေတော့သည်။

မိန်းမလှကျွန်းမှာ မယ်ခ၊ မယ်လှ၊ မယ်မြတို့ သုံးယောက်အပိုင်စားရထားသောကျွန်းပင် ဖြစ်ပေသည်။

နောက်ပိုင်းမှာတော့ ဦးရှင်ကြီးနတ်မှာ မြစ်ဝကျွန်းပေါ်အရပ်ဒေသအပါအဝင် ရေငန်တက်ရာအရပ်ဒေသများမှာ နေကြသူယုံကြည်ကိုးကွယ်ရာ ရေငန်ပိုင်နတ်တစ်ပါးအဖြစ် ထင်ရှားကျော်ကြားလာခဲ့လေသည်။

မြစ်ဝကျွန်းပေါ်အရပ်၌ နေကြသူများမှာ လယ်ယာလုပ်ကိုင်ခြင်း၊ ထင်းခုတ်ခြင်း၊ ငါးပုစွန်ရှာဖွေခြင်း စသော အလုပ်များဖြင့် အသက်မွေးဝမ်းကျောင်းပြုကြသူ များပေရာ ရေငန်ပိုင်ဦးရှင်ကြီးနတ်အား မဖြစ်မနေ တင်မြှောက်ပသကြရလေသည်။

၎င်းအားတင်မြှောက်ရာမှာတွင် မိန်းမလှသုံးဖော်တို့၏ဖခင်ဖြစ်သူ တစ်ပွဲစား ဦးဘိုးထော်ကိုပါ အောက်ပွဲတစ်ပွဲထည့်ပြီးတင်မြှောက်ကြရလေသည်။

ဦးဘိုးထော်အား 'အဘိုးနတ်' ဟုခေါ်ကြပြီး လယ်ယာလုပ်ငန်းသစ်တောလုပ်ငန်းနှင့် ငါးရှာခြင်း၊ အမဲလိုက်ခြင်း လုပ်ငန်းများတွင် ၎င်းအားယုံကြည်မှုဖြင့် တင်မြှောက်ပသခြင်း ပြုပါက အန္တရာယ်ကင်းပြီး သားငါးများ အရအမိကောင်းပေသည်။

ကျွန်းညိုကြီး၊ မိန်းမလှကျွန်းအပါအဝင် သစ်တောကြီးများတွင် အဘိုးနတ်၊ မိန်းမလှသုံးဖော်တို့က. . ဦးစွာနတ်ဘဝ





ရောက်ကြသူများဖြစ်ပြီး၊ ၎င်းတို့နောက်မှ ဦးရှင်ကြီးနတ်က ပေါ်ပေါက်လာခဲ့ခြင်းဖြစ်သည်။

သက္ကရာဇ်(၁၁၁၉)ခုနှစ်၊ ခရစ်နှစ်(၁၇၅၇)ခုနှစ် နောက်ပိုင်းတွင် ကျိုက်တုံးမြို့ကြီးပျက်စီးခဲ့သဖြင့် မြို့စားကြီး ဗညားဇေယျနှင့် နောက်လိုက်နောက်ပါများ ထိုသစ်တောများဘက်သို့ အသီးသီးရောက်လာကြကာ အခြေချနေထိုင်ခဲ့ကြသည်။

ထိုအခါ ဒေသခံနတ်များဖြစ်ကြသော အဘိုးနတ်၊ ဦးရှင်ကြီးနတ်၊ မိန်းမလှသုံးဖော်နှင့် ရွှေကရင်လေး စသော. . နတ်ဘဝရောက်နေသူတို့က. . ကူညီစောင့်ရှောက်မှု ပေးခဲ့ကြလေသည်။

နေသူရိန်ကုန်းတန်းဘက်မှာ တည်ခဲ့သော. ကျိုက်ဒေယျဘုရား၊ မိန်းမလှကျွန်းပေါ်မှာ တည်ခဲ့သော. . ကျိုက်ဒေးရှင်ဘုရားတို့ တည်သောအခါ ကျွန်းစောင့်နတ်တို့က များစွာအကူအညီပေးခဲ့ကြသည်။

ကျိုက်ဒေးရှင်ဘုရားအား. . . မျောက်တစ်ရာက လာရောက်စောင့်ရှောက်ပေးကြပုံ။

ထိုမျောက်များမှာလည်း သာမန်မဟုတ်ပဲ ကျောက်ရုပ်များဖြစ်ကြပြီး တောထဲ၌ ဘေးအန္တရာယ် ကြုံတွေ့သူများကိုကယ်တင်ပေးခဲ့သော အဖြစ်အပျက်အချို့ကို အခြားရေးသားသောစာအုပ်အချို့မှာ ထည့်သွင်းရေးသားခဲ့ပြီး ဖြစ်ပေသည်။

မျောက်တစ်ရာကို အကြောင်းပြုလျက် "မျောက်တစ်ရာကျွန်း" "မျောက်တစ်ရာဘုရား" ဟူသောအမည်များမှာ လူသိ



www.burmeseclassic.com

www.burmeseclassic.com



များလာခဲ့ပေသည်။

မျောက်တစ်ရာဘုရား လူသိများလာပြီး တဖြည်းဖြည်းနှင့် စည်ကားလာသောအခါ ဘုရားပွဲများ ကျင်းပကြသည်။

နောက်ပိုင်း. . တောထွက်ပြီး တရားအားထုတ်သော ဘုန်းကြီးများ လာရောက်တရားအားထုတ်ကြသော အခါမှာလည်း ကျွန်းစောင့်နတ်တို့က များစွာကူညီစောင့်ရှောက်ပေးခဲ့ကြပေသည်။

နောက်ပိုင်းမှာတော့ မျောက်တစ်ရာစေတီတော် ပတ်ဝန်းကျင်တွင် ဦးရှင်ကြီး၊ အဘိုးနတ်၊ မိန်းမလှသုံးဖော်၊ ရွှေကရင်လေး စသောနတ်ဘဝရောက်နေသူတို့အတွက် နတ်ကွန်းများဆောက်လုပ်ပေးကြသည်။

မျောက်တစ်ရာဘုရားပွဲကျင်းပလျှင် ကျွန်းစောင့်နတ်တို့အား နတ်ကနားပွဲများပေးကြသော အစဉ်အလာများ ပေါ်ပေါက်လာလေတော့သည်။

အထက်ပါရေးသားဖော်ပြချက်တို့မှာ သေလာယျ(သို့မဟုတ်) ကျွန်းညိုကြီး ပြင်ဒရယ် (သို့မဟုတ်) မိန်းမလှကျွန်းတို့နှင့်ပတ်သက်သော ကျွန်းစောင့်နတ်များနှင့် ပတ်သက်ခဲ့ကြသည့် လွန်ခဲ့သောနှစ်ပေါင်းများစွာက အဖြစ်အပျက်တချို့ပင် ဖြစ်ပေတော့သည်။





# အခန်း (၅)

# သေလာယျမှ ဆက်ဖြောင့်စလွတ်သမား

အချိန်က ညဥ့်ဦးပိုင်းအချိန် ရောက်နေပေပြီ။

လဆန်းရက်ဖြစ်သောကြောင့် မြစ်ရေပြင်ပေါ်မှာ လရောင်ကမှုန်ဝါးဝါးကျနေသည်။

ညဥ့်ဦးပိုင်းအချိန်မရောက်ခင်က ပင်လယ်ဘက်သို့ စီးဆင်းနေသောရေမှာ တဖြည်းဖြည်းနှင့် အရှိန်တန့်လာချေပြီ။

မကြာမီ ဒီရေပြန်တက်တော့မည်။

ဒီရေတက်ခါနီးလာတော့ တောင်ဘက်မှ လေတိုက်သံ



www.burmeseclassic.com

www.burmeseclassic.com



များ ကြားလာရသည်။

သစ်တောများပေါ်မှာရှိသော သစ်ပင်များလှုပ်ရှားလာကြသည်။ မကြာမီ မိုးဦးကျရာသီ ရောက်တော့မည် ဖြစ်သဖြင့် တောင်ဘက်မှတိုက်လာသော လေနှင့်အတူ မိုးနံ့မိုးငွေ့များ ပါလာလေသည်။ ကောင်းကင်မှာ တိမ်ညိုတိမ်မည်းအချို့ လေနှင့်အတူ မြောက်ဘက်သို့ ခရီးနှင်လာကြလေသည်။

လေကပုံမှန်တိုက်ခတ်နေရာမှ ခပ်ပြင်းပြင်း တိုက်ခတ်သောအခါ အောက်ဘက်သို့ စီးဆင်းနေသော ရေနှင့်တွေ့ပြီး မြစ်ရေပြင်ပေါ်မှာ လှိုင်းကြက်ခွပ်ကလေးများ ထလာကြသည်။

မကြာမီ ကမ်းစပ်မှာ ဒီရေတိုးလာသံများ ပေါ်ထွက်လာသည်။ ရေကျချိန်ဖြစ်သောကြောင့် တစ်မျှော်တစ်ခေါ်ရှိနေသော သောင်များပေါ်သို့ လှိုင်းပြေးကလေးများ တက်လာခြင်းဖြစ်သည်။

လှိုင်းတက်သံနှင့် မရှေးမနှောင်းမှာပင် ကမ်းစပ်တစ်လျှောက် လမုတော၊ ဗြုန်းခြေထောက်တောများထဲမှာနေသော ဘုတ်ငှက်အီသံများ အဆက်မပြတ် ပေါ်ထွက်လာသည်။

တစ်နေရာတည်းမဟုတ်။

နေရာအနှံ့အပြားမှ ပေါ်ထွက်လာနေခြင်း ဖြစ်သည်။

ဘုတ်ငှက်များက ရေတက်ချိန်တစ်ခါ၊ ရေကျချိန်တစ်ခါသာ အော်ပြီး ကျန်အချိန်များတွင် အော်လေ့မရှိပေ။

လှေသမ္ဗာန်သမားများ၊ ငါးရှာထွက်သူများအား ရေတက်ချိန်၊ ရေကျချိန်နှိုးဆော်သတိပေးသော မိတ်ဆွေငှက်မျိုး





ပင်ဖြစ်ပေသည်။

ဘုတ်ငှက်အော်ပြီး မရှေးမနှောင်းမှ မြစ်ရေပြင်မှာ စီးဆင်းနေသောရေက တဖြည်းဖြည်း အရှိန်နှေးလာပြီး တန့်သွားလေပြီ။ ထိုအချိန်မျိုးတွင် ငါးရှာသူများ၊ မိကျောင်းဖမ်းသူများအတွက် အချိန်ကောင်း၊ အခါကောင်းပင် ဖြစ်သည်။

(၁၉၀၀)ပြည့်နှစ် ဝန်းကျင်အချိန်လောက်က ဖောင်ဝင်မြစ်တကြော မိန်းမလှကျွန်းတကြောတွင် မိကျောင်းများက ပေါလှသည်။ ရေစုန်ရေဆန်မျောနေသော မိကျောင်းကြီးငယ်များ၊ သောင်ပြင်များပေါ် တက်အိပ်နေသော မိကျောင်းများ၊ တောပေါ်တက်ပြီး အသိုက်ကိုက်နေသော မိကျောင်းများကို နေရာအနှံ့အပြားမှာတွေ့ကြရသည်။

ရှေးအခါက မိကျောင်းအပေါဆုံးနေရာကို ပြပါဆိုလျှင် ဖောင်ဝင်မြစ်တကြောနှင့် မိန်းမလှကျွန်းတလျှောက် စသောနေရာများပင် ဖြစ်ပေသည်။

ထိုသို့ပေါများသော်လည်း မိကျောင်းဖမ်းသူများကတော့ များများမရှိလှပေ။

မိကျောင်းရသဖြင့် သက်ဆိုင်ရာသို့ သွားပို့ပေးလျှင် ငွေကြေးများများ ရနိုင်သော်လည်း အန္တရာယ်များလှသောကြောင့် ခေမ်းဝံ့ကြပေ။

မိကျောင်းက ရေမှာနေသော တိရစ္ဆာန်များ၊ ကုန်းမှာနေသော တိရစ္ဆာန်များထက် ပိုပြီးပရိယာယ်များလေသည်။

မှတ်တမ်းများထက် ကမ္ဘာတစ်ဝှမ်းလုံးတွင် တိရစ္ဆာန်များ



www.burmeseclassic.com

www.burmeseclassic.com



လက်ချက်ကြောင့် သေဆုံးရသော လူနှင့်တိရစ္ဆာန်တို့ကို လေး ပုံပုံလျှင် သုံးပုံက မိကျောင်းလက်ချက်ကြောင့်ဖြစ်ပြီး ကျန်တစ်ပုံ ကသာ အခြားတိရစ္ဆာန်များလက်ချက်ဖြင့် သေကျေပျက်စီးကြ ရခြင်းဖြစ်ပေသည်။

မိကျောင်းက ရေထဲမှာရော ကုန်းပေါ်မှာပါ အန္တရာယ် ပေးနိုင်သော သတ္တဝါမျိုးဖြစ်သည်။

သို့ကြောင့် . ခေတ်မီကိရိယာ လက်နက်များမရှိသော မြစ်ဝကျွန်းပေါ်ဒေသများတွင် မိကျောင်းဖမ်းပြီး အသက်မွေး ဝမ်းကျောင်းပြုသူ နည်းပါးခြင်းဖြစ်သည်။

ဗြိတိသျှအစိုးရက အခြားအင်းလေလံ၊ ချောင်းလေလံ၊ သစ်တောလေလံများချပေးသလို မိကျောင်းဖမ်းဆီးခွင့်လေလံ များကိုပါ ချပေးလေသည်။

မိကျောင်းဖမ်းသောလေလံက ငါးဖမ်းသောလေလံနှင့် မတူဘဲ သီးခြားချပေးသောလေလံမျိုးဖြစ်သည်။

မိကျောင်းဖမ်းဆီးခွင့်လေလံကို တစ်နှစ်တစ်ခါချပေး လေသည်။

လေလံဆွဲယူလိုသူတို့က ပုသိမ်မြို့သို့ သွားရောက် ဆွဲယူ ရလေသည်။

အင်းလေလံ၊ မိကျောင်းဖမ်းလေလံများကို . . နှစ်စဉ် ဇန်နဝါရီလတွင်ပြုလုပ်လေ့ရှိပြီး မပြုလုပ်ခင် တစ်ပတ်အလိုခန့် ကပင် ထိုအခါက ထုတ်ဝေသော သတင်းစာများ၌ ကြော်ငြာ ထည့်သွင်းပေးလေ့ရှိသည်။





**"အင်းလေလံ၊ မိကျောင်းဖမ်းဆီးခွင့် လေလံကြော်ငြာ"**

အခွန်တော်လေလံဝန်မင်း၏ အမိန့်တော်အရ . ဤ ကြော်ငြာ ထည့်သွင်းဖော်ပြလိုက်ခြင်း ဖြစ်သည်။

နိုင်ငံသုံးရပ်တို့ကို အုပ်စိုးတော်မူသော အရေးတော်ပိုင် မဟာဝန်ရှင်တော်မင်းကြီး သခင်ဘုရားက အနယ်နယ်အရပ် ရပ်၌ရှိသော အင်းလေလံ၊ ချောင်းလေလံ၊ မိကျောင်းဖမ်းယူခွင့် လိုင်စင်များကို ချပေးရန် . . ခွင့်ပေးသနားတော်မူပြီ ဖြစ်သဖြင့် လေလံဆွဲယူလိုသူတို့သည် အောက်ဖော်ပြထားသော နေ့ရက် ခတိုင်မီ ပုသိမ်မြို့အရေးပိုင်ရုံးသို့ အရောက်လာကြရမည်။

အကယ်၍သတ်မှတ်ထားသော နေ့ရက်၊ နာရီ အချိန် ထက်နောက်ကျပြီးမှ လာရောက်ကြသူတို့အား ထည့်သွင်းစဉ်း စားမည်မဟုတ်ပေ။

လေလံပွဲနေ့တွင် သတ်မှတ်ထားသောငွေထက် ပိုပေး နိုင်သူအား လေလံလက်မှတ်ချီးမြှင့်ပေးအပ်သနားတော်မူမည်၊ လေလံရရှိပါက အဖိုးငွေကို လေလံရသောနေ့ရက်မှာပင် အပြေ ပေးဆောင်ရပေမည်။

လေလံပွဲကျင်းပမည့်ရက် . . .

(၁၉၀၀)ပြည့် ဇန်နဝါရီလ (၁၅)ရက်

(၁၂၆၁)ခုနှစ် တပို့တွဲလပြည့်(ဗုဒ္ဓဟူးနေ့)

မောင်ရွှေတူ

ရုံးတော်ဘီလစ်

ပုသိမ်မြို့အခွန်တော်ရုံး



www.burmeseclassic.com

www.burmeseclassic.com



ဟူ၍ကြော်ငြာထည့်သွင်းပေးသည်။

လေလံဆွဲယူလိုသူများက ထိုကဲ့သို့လေလံကြော်ငြာ ထည့်သွင်းခြင်းကို စောင့်ကြည့်ပြီး ပုသိမ်မြို့သို့ ရက်ကြိုတင်ပြီး သွားရောက်ကြရသည်။

လေလံဆွဲသောနေ့ရောက်လျှင်လည်း သူထက်ငါ အပြိုင်အဆိုင် ဈေးပိုပေးကာ ရအောင်ဆွဲယူကြရလေသည်။

အခြားအင်းလေလံ၊ ချောင်းလေလံများက အရေအတွက်များ သော်လည်း၊ မိကျောင်းဖမ်းဆီးခွင့်လိုင်စင်ကတော့ နေရာများများမရှိပေ။

နှစ်နေရာ သုံးနေရာလောက်သာရှိသည်။

ထိုအထဲတွင်.. ဗိုလ်ကလေးမြို့နယ်အတွက် ချပေးခဲ့သော မိကျောင်းဖမ်းလိုင်စင်တစ်ခုလည်း အပါအဝင်ဖြစ်လေသည်။

လေလံရသောသူသည် ထိုမြို့နယ်တစ်ခုလုံးမှာရှိသော နေရာများမှာ မိကျောင်းဖမ်းဆီးခွင့် ရလေသည်။

လေလံရသောအခါ.. ၎င်းက ယုံကြည်စိတ်ချရသောသူများကို ကိုယ်စားလှယ်အဖြစ် ခန့်အပ်ပြီးစေခိုင်းသည်။

ကိုယ်စားလှယ်ရသူက မြို့မှာမနေဘဲ သင့်တော်သော နေရာများသို့ ဆင်းရသည်။

သူကမှတစ်ဆင့် ကျွမ်းကျင်သော မိကျောင်းဖမ်းသမားများကိုခေါ်ယူကာ လိုအပ်သော လှေနှင့်ပစ္စည်းကိရိယာများပေးခြင်း၊ စားနပ်ရိက္ခာများ ကြိုတင်ပေးခြင်းများပြုလုပ်ပြီး မိကျောင်း





ဖမ်းခိုင်းသည်။

မိကျောင်းဖမ်းသမားများက ရလာသောမိကျောင်းကို ကိုယ်စားလှယ်ထံ အပ်ရသည်။

ကိုယ်စားလှယ်က ရလာသောမိကျောင်းကို လုံးပတ်နှင့် အလျားကို တိုင်းထွာမှတ်သားပြီး သတ်မှတ်ထားသောငွေကို အလုပ်သမားများအား ပေးရသည်။

ထိုသို့ပေးရာမှာလည်း ကြိုတင်ပေးထားသောငွေကို တချို့တစ်ဝက်နုတ်ယူပြီးမှ သင့်တော်သလောက်ပြန်ပေးခြင်းဖြစ်သည်။ ရလာသော မိကျောင်းများကို ကိုယ်စားလှယ်က လေလံပိုင်ရှင်ထံသို့ သွားရောက်အပ်နှံရသည်။

ထိုသို့အပ်နှံသောအခါ ကိုယ်စားလှယ်အတွက် ရသင့်သောငွေကိုပါ ထည့်ပေါင်းပြီး လေလံပိုင်ရှင်က ကျသင့်ငွေရှင်းပေးရသည်။ မိကျောင်းများရလာလျှင်တော့.. ရန်ကုန်မှအဝယ်တော်များထံ ပို့ပေးရပြန်သည်။

အဝယ်တော်များက.. အကောင်လိုက်သော်လည်းကောင်း၊ သားရေချုပ်ခွာ၍သော်လည်းကောင်း ရောင်းချကြသည်။

မိကျောင်းသားရေဖြင့် ပြုလုပ်ထားသော ပစ္စည်းများမှာ ဈေးကောင်းရပြီး များစွာလူကြိုက်များလေသည်။

အချို့ကလည်း အကောင်လိုက်သော်လည်းကောင်း၊ သားရေချုပ်ခွာ၍ သော်လည်းကောင်း နိုင်ငံခြားအထိ တင်ပို့ရောင်းချခြင်းဖြင့် ကြီးပွားချမ်းသာမှုရကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခြေအနေများမှာ ဗြိတိသျှလက်ထက် (၁၉၀၀) ပြည့်နှစ်ဝန်းကျင်လောက်က အခြေအနေများပင်ဖြစ်ပေသည်။

ထိုအချိန်က ဗိုလ်ကလေးနယ်အတွက် လေလံပိုင်ရှင်မှာ ဦးမင်းညိုဆိုသောသူ ဖြစ်သည်။

သူကမြို့စွန်ဘက် မြစ်ကမ်းနှင့်နီးသောနေရာ၌ နေလေ သည်။ တိုက်ခံအိမ်ကြီးမှာ ကျယ်ဝန်းလှပြီး မိကျောင်းအရှင်မျာ ထားသောနေရာပင် သီးခြားထားလေသည်။

အများအားဖြင့်တော့ မိကျောင်းများကို အရှင်ဖမ်းမိ သည်က များသောကြောင့် ရန်ကုန်သို့မပို့ခင် ယာယီထားသော နေရာများကို ပြုလုပ်ထားခြင်းဖြစ်သည်။

ဦးမင်းညိုမှ တစ်ဆင့်အောက်ပိုင်းဒေသအတွက် ကိုယ် စားလှယ်ပေးထားသူမှာ ဦးရွှေကျော်ဆိုသူဖြစ်သည်။

ဦးရွှေကျော်တို့ စခန်းချနေသောနေရာမှာ ဓမ္မသုခချွန်း ထိပ်တွင်ဖြစ်သည်။

ထိုနေရာတွင် တဲကြီးတဲငယ်များ ဆောက်ထားပြီး . . မိ ကျောင်းထားသောနေရာများကို သီးသန့်ပြုလုပ်ထားလေသည်။

မိကျောင်းများက ရေထဲရော ကမ်းပေါ်မှာပါ သွားလာ နိုင်သူများဖြစ်သောကြောင့် ပေါင်လုံးခန့်ကြီးသော ကနစိုသစ် တိုင်များ စေ့နေအောင် ကာရံထားသော ရေတစ်ပိုင်း ကုန်းတစ် ပိုင်းနေရာတွင် ထားလေသည်။

ဦးရွှေကျော်တို့ စခန်းချနေသောနေရာမှာ သေလာယ နှင့်မဝေးလှပေ။





ထိုရွာမှ မိကျောင်းဖမ်းထွက်သူများ နှစ်ဖွဲ့၊ သုံးဖွဲ့ရှိနေ သည်။ ထိုအထဲတွင် နီမောင်တို့အဖွဲ့လည်း ပါဝင်လေသည်။

၄င်းတို့အဖွဲ့မှာ လေးယောက်ဖြစ်သည်။

အဘဦးမွန်ထော်က ခေါင်းဆောင်ဖြစ်သည်။

နီမောင်က စလွတ်ထိုးသမားဖြစ်သည်။

စောထီးနှင့် ငမဲအောင်တို့ လှေလှော်သော တာဝန် ယူကြလေသည်။

ထိုလေးယောက်မှာ သူတာဝန်နှင့်သူ အရေးပါသူများ ဖြစ်ပြီး ကျွမ်းကျင်မှုရှိကြရလေသည်။

ဦးမွန်ထော်က အသက်(၅၀)ကျော်နေပြီ ဖြစ်သော် လည်း ရေပြင်အခြေအနေကို ကြည့်ရုံနှင့် . . . ဘယ်နေရာမှာ မိကျောင်းရှိသည်ကို သိနိုင်သူဖြစ်သည်။

ရေအနံ့ကို ခံကြည့်ရုံဖြင့် ဘယ်လောက်အကွာအဝေး မှာ မိကျောင်းရောက်နေပြီကို ခန့်မှန်းနိုင်သည်။

နီမောင်ကလည်း စလွတ်ထိုးရာမှာတော့ ထိုနယ်တစ် ခွင်မှာ နှစ်ယောက်မရှိအောင် လက်ဖြောင့်သူ ဖြစ်လေသည်။

သို့ကြောင့်လည်း 'လက်ဖြောင့်စလွတ်သမား' ဟုနာမည် ပေးထားကြလေသည်။

နီမောင်နှင့်သွားလျှင် မိကျောင်းမရဘဲ ပြန်လာရသည် မရှိပေ။

သို့ကြောင့် အခြားလှေသမားများကလည်း သူ့ကိုအလို ယောက် ခေါ်ချင်နေကြသည်။



www.burmeseclassic.com

www.burmeseclassic.com



အချို့က ဈေးပိုပေးပြီးခေါ်ကြသည်။ အချို့က ငွေကြို ပေးပြီး ခေါ်ကြသည်။ သို့သော်. . နီမောင်ကမသွားပေ။

ဦးမွန်ထော်ထံမှာပဲ လုပ်သည်။ ဦးမွန်ထော် မထွက်နိုင်သည့်အခါများနှင့်ကြုံမှသာ အခြားသူများလာခေါ်လျှင် တစ်ခါတစ်ရံလိုက်သွားပြီး ထိုးပေးလေ့ရှိသည်။

ယခုလည်း နီမောင်တို့လေးယောက် လှေတစ်စင်းဖြင့် မိကျောင်းထိုးရန် ထွက်လာကြလေသည်။

နေရာက မိန်းမလှကျွန်းနှင့် မနီးမဝေး၌ရှိသော လဗ တစ်ပင်ဖျိုက်တောကွေ့ နေရာဖြစ်သည်။

ထိုနေရာသည် မိကျောင်းပေါသလို နေရာကလည်း ကြမ်းလေသည်။ အမှားအယွင်းတစ်ခုခုရှိပါက အခြောက်အလှန့် များသော နေရာဖြစ်သည်။

ထို့ပြင် အန္တရာယ်များလှသောကြောင့် အခြားသူများ မလာဝံ့သော နေရာမျိုးလည်း ဖြစ်သည်။

ယခုထိုနေရာသို့ သူတို့လေးယောက် ရောက်ကြသည့် အချိန်က ညဉ့်ဦးပိုင်းအချိန် ကျော်လာခဲ့ပြီဖြစ်သောကြောင့် ဒီရေ ပြန်တက်စပြုလာချေပြီ။

ကမ်းစပ်ဘက်မှ ဘုတ်ငှက်အိုသံများနှင့်. . ကမ်းစပ်တလျှောက် ဒီလှိုင်းပြေးတက်သံများ ပေါ်ထွက်လာလေပြီ။

ထိုအခြေအနေသည်. . . မိကျောင်းထိုးထွက်ရန် အကောင်းဆုံးအချိန်ဖြစ်သည်။

ဦးမွန်ထော်က မြစ်ထဲမှအခြေအနေကိုကြည့်ပြီး လုပ်





ရောရှိသည်များကို လုပ်နေသည်။

အသင့်ပါလာသော အရက်၊ လက်ဖက်၊ ကွမ်းယာ၊ ဆေးသိပ်၊ ထမင်းနှင့်ဟင်းတို့ကို လင်ပန်းတစ်ခုထဲမှာ သူ့နေရာနှင့်သူ ထည့်ပုံပြီး အဘိုးနတ်အပါအဝင် မြစ်ပိုင်၊ ချောင်းပိုင်တို့ကို တင်မြှောက်ပေးလေသည်။

တင်မြှောက်ပြီးသည်နှင့် အချို့ကိုစွန့်ပြီး၊ အချို့ကျန်သည်များကိုတော့ ၄င်းတို့စားသောက်ကြသည်။

ပြီးတော့မှ လှေစထွက်ကြသည်။

ဦးမွန်ထော်က လှေထွက်သည်နှင့် လေတိုက်နေသော အခြေအနေကိုကြည့်သည်။

မိုးရာသီ နီးပြီဖြစ်သောကြောင့် လေကတောင်ဘက်ကမ်းမှ မြောက်ဘက်ကမ်းသို့ ဦးတည်တိုက်နေသည်။

ဖောင်ဝင်မြစ်က အရှေ့အနောက် စီးဆင်းနေခြင်းဖြစ်၍ မြစ်ကိုကန့်လန့်ဖြတ် အနေအထားမျိုး ဖြတ်တိုက်နေခြင်းဖြစ်သည်။

ရေတက်လာပြီဖြစ်သောကြောင့် ရေက အရှေ့ဘက်မှ အနောက်ဘက်သို့ စီးနေသည်။

တောင်ဘက်ကမ်းမှာ မိန်းမလှကျွန်းရှိသည်။

ထိုဘက်မှတိုက်နေသော လေထဲမှာတော့ သားကောင် အနံ့ မရပေ။

သို့ကြောင့် ရေကိုလက်ခုပ်ဖြင့်ခပ်ကာ အနံ့ခံကြသည်။ ရေအနံ့က အညှီနံ့စူးနေသည်။ ဦးမွန်ထော်က ရှေ့ဘက်



www.burmeseclassic.com

www.burmeseclassic.com



သို့ လက်ညှိုးထိုးပြသည်။ လှေလှော်နေသော စောထီးနှင့် ငမဲ အောင်တို့က သဘောပေါက်သွားပြီး လှေကို ထိုဘက်သို့ ဦးတည် လိုက်ကြသည်။ မိကျောင်းဖမ်းထွက်ရာမှာ လှေလှော်သူ ပဲ့ကိုင် ပေးသူ နှစ်ယောက်စလုံး ကျွမ်းကျင်မှုရှိရသည်။

လှေလှော်သည့်အခါ တက်သံမကြားအောင်၊ ရေသံမ ကြားအောင် လှော်ပေးတတ်ရသည်။

မလှော်တတ်ပါက လှေနံနှင့်လှော်တက်ထိပြီး ‘တဒေါက် ဒေါက်’နှင့် အသံမြည်နေတတ်သည်။

ရေလှိုင်းအသံများ ကြားရတတ်သည်။

ထိုအသံက ရေထဲမှာကျွမ်းကျင်လှသော မိကျောင်းတစ် ကောင်အတွက် အဝေးမှကြားနိုင်လောက်သော အသံမျိုးဖြစ် သည်။ မိကျောင်းက ရေသတ္တဝါထဲမှာ အပါးနပ်ဆုံးဖြစ်သည်။

သားကောင်ကိုဖမ်းဆီးဖို့ ရေသံမကြားအောင် အနားသို့ ချဉ်းကပ်လာနိုင်သလို ရန်သူလာသည်ကိုလည်း အဝေးမှပင် သိ နိုင်သဖြင့်. . အသံမကြား၊ အရိပ်အယောင်မမြင်ရဘဲ အဝေးသို့ ထွက်ပြေးသွားနိုင်သည်။

သို့ကြောင့် လှေလှော်သည့်အခါ. . . ရေသံ၊ တက်သံ မကြားစေရန် ကြိတ်ပြီးလှော်တတ်ရသည်။

လှော်တက်နှင့် လှေနံထိသော်အသံမှာ. . မကျယ်လှ သော်လည်း ရေထဲမှ နားထောင်ပါက အကျယ်ကြီးကြားရသည်။ ငါးသလောက် ပိုက်ချသူများမှာ ပိုက်ချထားစဉ် ငါးအုပ်အနီးသို့ ရောက်လာသည်ကို သိပါက လှေနံကိုလှော်တက်ဖြင့် တဒေါက်





ဒေါက်ခေါက်ကာ လှန့်လိုက်သည်။

ထိုအခါ ငါးများက လန့်ပြီးတိုးပါက ပိုက်ထဲရောက်ကြ လေသည်။ လှော်တက်နှင့် လှေနံထိသံကို ငါးများကတောင် ကြားရလျှင် ငါးထက်အဆပေါင်းများစွာ ပါးနပ်လျင်မြန်သော မိကျောင်းဆိုလျှင်တော့ အဝေးကြီးမှပင် သိနိုင်သောကြောင့်. . သတိထားပြီးလှော်ကြရသည်။

သို့ကြောင့် မိကျောင်းဖမ်းထွက်ရာတွင် လှေလှော်သ ားကလည်း များစွာအရေးကြီးလှပေသည်။

နီမောင်က သူ၏လက်စွဲတော်စလွတ်(သန္တတ်) ကိုအ သေအချာ ပြင်ဆင်ထားရင်း မျက်စိတစ်ဆုံးမြင်နေရသော ရေ ပြင်တလျှောက်ကို လှမ်းကြည့်နေသည်။

လရောင်က မှုန်ဝါးဝါးသာရှိသည်။

လေနှင့်အတူပါလာသော တိမ်များက လရောင်ကို ဖုံး သည့်အခါ ဖုံးသွားကြရာ လင်းတလှည့်မှောင်တခါ ဖြစ်နေတော့ သည်။

“ငမဲအောင် မီးထိုးပေတော့”

ဦးမွန်ထော်က တိုးတိုးပြောလိုက်ရာ လှေဦးမှ လှေလှော် နေသော ငမဲအောင်က လှော်တက်ကိုအသာချပြီး မီးဆ ထိုက်ကို ကောက်ယူပြီးဖွင့်လိုက်သည်။

ဓါတ်ခဲငါးလုံးထည့်ထားသော မီးဆလိုက်အရောင်က ရေပြင်ပေါ်မှာ ပြန့်ထွက်သွားသည်။

မီးရောင်ထွက်လာသည်နှင့် အနီးတစ်ဝိုက်မှာရှိသော



www.burmeseclassic.com

www.burmeseclassic.com



ပလူနှင့်ပိုးကောင်ကလေးများ၊ ထိုအကောင်ငယ်ကလေးများကို ဖမ်းစားကြသော လင်းနို့ငယ်ကလေးများရောက်လာပြီး မီးရောင်တလျှောက်မှာ ပျံဝဲနေကြလေသည်။

မီးရောင်ဖြင့် ရှပ်ထိုးလိုက်တော့မှ မနီးမဝေးမှာ မော်တော်ကား နောက်ဘက်မီးလို နီရဲနေသော အရာနှစ်ခု ရေမျက်နှာပြင်ပေါ်မှာ ရေးရေးပေါ်နေသည်ကို မြင်ကြရသည်။

ဦးမွန်ထော်က ကွမ်းဝါးနေရာမှ စကားတစ်ခွန်းမှ မပြောပဲ ထိုနေရာဘက်သို့ လက်ညှိုးထိုးပြလေသည်။ ထိုအခြေအနေကို ကျန်သုံးယောက်က သဘောပေါက်ကြလေသည်။

နီမောင်က စလွတ်ကို အဆင်သင့်ကိုင်ကာ လှေဦးမှာ ဒူးထောက်အနေအထားဖြင့် ထိုင်နေလေသည်။

မနီးမဝေးရောက်တော့ မြင်နေရသော အနီရောင်နှစ်ခုက ရေအောက်သို့ တဖြည်းဖြည်းပြန်မြုပ်မနေချေပြီ။

"ရပြီထတော့"

ဦးမွန်ထော်က တိုးတိုးသတိပေးလိုက်သဖြင့် . . မရှေးမနှောင်းမှာပင် နီမောင် စလွတ်ကိုကိုင်ပြီး နေရာမှဖျပ်ခနဲ ထရပ်လိုက်သည်။

သူရပ်လိုက်သောအချိန်မှာ အနီရောင်နှစ်ခုက မြုပ်သွားပေပြီ။

သို့သော်ထိုနေရာမှာ လှိုင်းကြက်ခွပ်ကလေးများ စိပ်နေသည်။ မိကျောင်းက ရေအောက်ငုပ်သွားသော်လည်း လုံးလုံးမြုပ်မသွားသေးကြောင်း လှိုင်းကြက်ခွပ်ကလေးများ ကြည့်ရုံ





နှင့်သိနိုင်သည်။

အကွာအဝေးက စလွတ်တစ်ကမ်းသာရှိသည်။

ထိုအကွာအဝေးလောက်တော့ . . နီမောင်လက်က လွဲချော်စရာမရှိပေ။

သို့ကြောင့် စိတ်ကိုတည်ငြိမ်အောင်စုစည်းပြီး စလွတ်ဖြင့် ပစ်ထိုးလိုက်သည်။

**"ဒုတ် . . ."**

**"ဝုန်း . . . ဝုန်း . . . ဝုန်း"**

**ရေလှိုင်းခတ်သံကိုကြားရသည်။**

ရေစက်များက အပေါ်သို့ ပျံဝဲတက်သွားကြလေသည်။

ရေစက်များကြားမှာ မိကျောင်းတစ်ကောင်၏ ကြီးမားသောအမြီးပိုင်းကြီးကို တွေ့မြင်လိုက်ကြရသည်။

နောက်တော့ . . မိကျောင်းက ရေအောက်သို့ ဆွဲပြေးသည်။ ကြိုးကိုင်ထားသော ငမဲအောင်က အလျှော့အတင်း လုပ်ပေးသည်။ တင်းလိုက်လျှင် လှေက မိကျောင်းဆွဲရာနောက် ပါသွားသည်။ လျှော့ပေးလိုက်လျှင် ကြိုးခွေများက မိကျောင်းနောက် ပါသွားကြလေသည်။

သို့သော် အရေးမကြီးတော့ပေ။

မိကျောင်းအသားက အမြင်မှာကြမ်းသလောက် အတွင်း၌ နူးညံ့လှသည်ဖြစ်ရာ စလွတ်သွားစိုက်ဝင်နေလျှင် ပြန်ကျွတ်စရာ မရှိတော့ပေ။

ကြိုးကိုအလျှော့အတင်းပြုလုပ်ပြီး လိုက်သွားလျှင် တစ်



www.burmeseclassic.com

www.burmeseclassic.com



ကြိမ်မှာတော့ သောင်ပြင်ပေါ် တက်ပြေးလေ့ရှိသည်။

အဘယ့်ကြောင့်ဆိုသော်. . .

မိကျောင်းက ရေသတ္တဝါဖြစ်သော်လည်း လေရှူပြီး အသက်ရှင်နေရာ ရေအောက်မှာ ကြာကြာမနေနိုင်ပေ။ ထို့ပြင် ဒဏ်ရာမှ သွေးထွက်နေလျှင် ငါးပူတင်းစသော ငါးအုပ်များက ဝိုင်းကိုက်ကြသဖြင့် ဒဏ်ရာရလျှင် ရေထဲမှာကြာကြာမနေနိုင်ဘဲ သောင်ပြင်ပေါ် တက်ပြေးရခြင်းဖြစ်ပေသည်။

သောင်ပြင်ပေါ်ရောက်သည်နှင့် ခွေးတစ်ကောင်ပြာလူး သကဲ့သို့ လူးလိမ့်ပစ်ရာ နောက်မှပါလာသော စလွတ်ကြီးများက တစ်ကိုယ်လုံးတုပ်နှောင်သကဲ့သို့ ရစ်ပတ်သွားလေတော့သည်။

ထိုအခါမျိုးရောက်လျှင် မိကျောင်းတစ်ကောင်ဖမ်းဆီး ရသည်မှာ ဖွတ်တစ်ကောင်ဖမ်းရတာလောက်ပင် မခက်ခဲတော့ ပါချေ. . .။





## အခန်း (၆)

# နီမောင်နှင့်နှလုံးသားပုစ္ဆာ

သေလာယျရွာ. . .

သေလာယျကျွန်းပေါ်၌ တည်ထားသဖြင့် ထိုအမည် ပေးထားခဲ့ခြင်းဖြစ်ပြီး အောက်ပိုင်းဒေသဘက်မှာတော့ လူနေ အိမ်ခြေအများဆုံး ရွာကြီးတစ်ရွာလည်းဖြစ်ပေသည်။

ရွာထိပ်က မြစ်ကမ်းထိပ်တွင် ဦးတိုက်ထားသော်လည်း ရွာတန်းကတော့ ချောင်းအတွင်းပိုင်းတစ်လျှောက်မှာ ဖြစ်လေ သည်။



www.burmeseclassic.com

www.burmeseclassic.com



ချောင်းကကျယ်သလောက် အလျားရှည်သည်။

ကမ်းနှစ်ဘက်စလုံးမှာ အိမ်များရှိသည်။

ကမ်းစပ်တစ်လျှောက်မှာ မနိတောများက ညို့နေလေသည်။

ရွာတန်းရှည်ကြီး တစ်လျှောက်မှာလည်း ကွမ်းသီးတော၊ အုန်းတောများက နေပြောက်မထိုးအောင် ကောင်းလှပေသည်။

ရွာမှာနေထိုင်ကြသူအများစုမှာ လယ်လုပ်ခြင်း၊ ခြံစိုက်ပျိုးခြင်း၊ သားငါးရှာဖွေခြင်း စသောအလုပ်များကို အဓိကထားပြီး လုပ်ကိုင်စားသောက်ကြသည်။

ထိုရွာတွင် ဈေးဆိုင်ကြီးများရှိသည်။

ဗိုလ်ကလေးမြို့မှ လာရောက်ဖွင့်လှစ်ရောင်းချသော . . ခေါက်ဆွဲကြော်ဆိုင်၊ အရက်ဆိုင်များပင်ရှိသည်။

လက်လုပ်လက်စားအများစုနေသောရွာဖြစ်သဖြင့် အရက်ဆိုင်မှာ ရောင်းကောင်းလှသည်။

ခေါက်ဆွဲကြော်နှင့် အရက်ဆိုင်ကို တွဲဖွင့်ထားလျှက် စီးပွားရှာနေသူမှာ တရုတ်သွေးအတော်များများပါသော ဦးရင်စိန်ဆိုသူပင်ဖြစ်သည်။

ဗိုလ်ကလေးမြို့မှာ လုပ်ကိုင်စားသောက်ရတာ အဆင်မပြေသောကြောင့် အောက်ဘက်နယ်များသို့ဆင်းပြီး စီးပွားရှာကြခြင်းဖြစ်သည်။

(၁၉၀၀)ပြည့်နှစ်နောက်ပိုင်းတွင် . . ဗိုလ်ကလေးမြို့အောက်ပိုင်းဒေသများဖြစ်ကြသော ကဒုံကနီ၊ ရှော၊ အမာ၊ စက်





စု စသောနေရာများမှာ လူနေများပြီး စီးပွားရေးကောင်းသဖြင့် မြို့မှာနေကြသော စီးပွားရေးလာဘ်မြင်ကြသည့် တရုတ် ကုလားစသော ကုန်သည်များဆင်းလာပြီး ဈေးဆိုင်ကြီးများ ဖွင့်ကာစီးပွားရှာကြလေသည်။

ကုန်စုံဆိုင်ကြီးများ၊ ခေါက်ဆွဲကြော်ဆိုင်၊ အရက်ဆိုင် လက်ဖက်ရည်ဆိုင်၊ ငွေတိုးကြေးတိုးပေးသော(အပေါင်ဆိုင်)ဆိုင်များ ဖွင့်လှစ်ရောင်းချကာ စီးပွားရှာကြလေသည်။

ဘယ်နေရာကြည့်ကြည့် . . ဘယ်မြို့မှာပဲကြည့်ကြည့် သင်္ဘောဆိပ်နှင့်နီးသော . . မြို့၏အချက်အချာကျသော လမ်းထောင့်နှင့် နေရာကောင်းများမှန်သမျှ တရုတ် သို့မဟုတ် ကုလားများ၏ ဈေးဆိုင်များကိုသာ တွေ့ရပေလိမ့်မည်။

လူစည်ကားသောကမ်းနားလမ်းလို နေရာတစ်လျှောက်ကိုကြည့်လျှင်လည်း တရုတ်ဆိုင်ကုလားဆိုင်များသာဖြစ်သည်။ ထို့ပြင် မြို့ကြီးများဆိုလျှင်အချက်အချာကျသောနေရာများဆိုလျှင် ကုလားဗလီနှင့်တရုတ်ဘုံကျောင်းကို မလွဲမသွေတွေ့ရမည်သာဖြစ်သည်။

လူမျိုးကွဲများက စီးပွားရေးအကွက်မြင်သည်ထက်နေရာယူတတ်သော အလေ့အကျင့်ကောင်းများရှိသည်ကိုတော့ ငြင်း၍ရမည်မဟုတ်ပေ။

ရှေးအခါ မြန်မာတို့က ထမင်းတစ်လုတ်စားရပြီး အေးအေးနေရလျှင် ပြီးရောသဘောထားပြီး သင့်တဲ့နေရာမှာနေပြီး ရတဲ့အလုပ် လုပ်စားကြသည်။



www.burmeseclassic.com

www.burmeseclassic.com



လယ်လုပ်၊ ယာလုပ်၊ ထင်းခုတ်၊ ငါးရှာ စသောအလုပ်များမှာမိရိုးဖလာ ဝမ်းစာရှာဖွေသည့်အလုပ်များ ဖြစ်လာကြသည် တရုတ်ကုလားများက မြို့ပေါ်မှာသာ ကပ်ရပ်နေသည်။ မြို့ပေါ်မှာလုပ်စား၍ရသော အလုပ်မှန်သမျှ အကုန်လုပ်စားကြသည်။

လန်ချားဆွဲ၊ ကူလီထမ်း၊ ဘိန်းရောင်း၊ ဖိနပ်ချုပ်၊ ပင်မင်းဆိုင် စသောအောက်ခြေအလုပ်များ သိမ်းကျုံးလုပ်ပြီး မြို့ပေါ်မှာပဲ ဖြစ်အောင်နေသည်။

နောက်ပိုင်းရောက်လာတော့ ဧရာဝတီတိုင်းအတွင်းမှာရှိသော မြစ်ဝကျွန်းပေါ် အရပ်ဒေသများမှာ ဆန်စပါး ၊ ငါးပုစွန်လုပ်ငန်းများ ဖွံ့ဖြိုးလာသောအခါ ထိုနေရာများအထိ ဆင်းပြီး စီးပွားရှာဖွေကြသည်။

စပါးကြိတ်သော ဆန်စက်များ စတင်တည်ထောင်ကြသောအခါမှာလည်း တရုတ်နှင့်ကုလားများသာ အချက်အချာကျသော နေရာများကို သူ့ထက်ငါရအောင်ယူပြီး ဆန်စက်တည်ကာ စီးပွားရှာကြလေသည်။ ဆန်စက်မှာ စပါးထမ်းသောအလုပ်သမားများကိုကြည့်လျှင် ယောကျ်ားမိန်းမ မြန်မာများသာဖြစ်ကြလေသည်။

ရင်းတို့က လယ်ထဲမဆင်းရဘဲ ဆန်စက်မှာ စပါးထမ်းသော အလုပ်လုပ်ရသည်ကိုပင် ဂုဏ်ယူကြသေးသည်။

နေပါစေတော့. . .

ဒီအကြောင်းများကို ကိုယ်သိသလောက် နှိုက်နှိုက်ချွတ်ချွတ် ရေးပြနေသော်လည်း ထူးတော့မှာမဟုတ်ပေ။





သို့ကြောင့် ရေးလက်စဇာတ်လမ်းကိုပါ ဆက်ရေးပါမည် သေလာယျရွာထိပ် သင်္ဘောများဝင်ထွက်ဆိုက်ကပ်နေသော နေရာတွင် ဦးရင်စိန်၏ စျေးဆိုင်ရှိသည်။ စျေးဆိုင်နှင့်တွဲလျက် ာအရက်ဆိုင်ရှိသည်။ ရှေ့ဘက်မှာ လက်ဖက်ရည်ဆိုင်ရှိသည်။

အရက်ဆိုင်က ခေါက်ဆွဲကြော်ဆိုင်နှင့် တွဲထားလေသည်။ သူ့နေရာနှင့်သူ အလုပ်သမားများကို တာဝန်ပေးထားသည်။ ခေါက်ဆွဲကြော်သော နေရာမှာတော့ သူနှင့်သားချင်းတော်သူတစ်ယောက်ကိုသာ ခိုင်းသည်။

အခြားသူကိုတော့ ဘယ်တော့မှ မခိုင်းပေ။

အဘယ့်ကြောင့်ဆိုသော်. .

ခေါက်ဆွဲကြော်နည်းကို အခြားသူများ သိသွားလျှင် နောက်ထပ် ခေါက်ဆွဲကြော်ဆိုင်များ. . ပေါ်လာမည်စိုးသောကြောင့်ဖြစ်သည်။ သေလာယျရွာထိပ်တွင် ဦးရင်စိန်လိုမျိုး မျိုးစုံရှိနိုင်သောဆိုင်ကြီးများသာမက အခြားစီးပွားရေးလုပ်ကိုင်သူား လည်းရှိသေးသည်။ အခြားမဟုတ်ပေ. . .

ကုလားလူမျိုး ဦးမြသီးဆိုသူ ရောက်လာသော မီးသွေးကြီးများပင်ဖြစ်သည်။

စစ်ကိုင်းမှာရှိသော ကောင်းမှုတော်ဘုရားနှင့်. . . ပုံသဏ္ဍာန်တူသော မီးသွေးဖိုကြီးများမှာ မြစ်ကမ်းတစ်လျှောက်တန်းလိုက်ရှိနေကြသည်။

မီးသွေးဖိုများကို ဝါးခနီများဖြင့် အမိုးအကာလုပ်ပေးထားရပြီး မီးခိုးခေါင်းတိုင်မှ မီးခိုးငွေ့များက (၂၄)နာရီမပြတ်



www.burmeseclassic.com

www.burmeseclassic.com



ထွက်နေလေသည်။

မီးသွေးဖိုရှေ့ ရေစပ်တွင်ပုံထားသော မြင်းကသား သစ်ချောင်းများက တောင်ပုံရာပုံရှိသည်။

မီးသွေးဖုတ်ရာမှာ မြင်းကသား အကောင်းဆုံး ဖြစ်သော်လည်း နောက်ပိုင်း မြင်းကသား ရှားသွားသောအခါ တွေ့ရာသစ်များကို ခုတ်ထစ်ရာမှ တောပြုန်းသွားကြခြင်းဖြစ်ပေသည်။

နောက် ချောင်းတစ်ဖက်ကမ်းတွင် ငါးပုစွန်ဝယ်သော ရွှဲရှိသည်။ ရွှဲဒိုင်ကိုယ်စားလှယ်က တင်မောင်ထွန်းဖြစ်ပြီး. . ထိုအရပ်ဒေသမှရသော ငါးပုစွန်များကို သင့်တော်သောဈေးဖြင့် ဝယ်ယူသည်။

ထို့နောက် သေတ္တာကြီးငယ်တို့ဖြင့် ရေခဲရိုက်ထည့်ကာ ဗိုလ်ကလေးမြို့မှာရှိသော ကိုယ်စားလှယ်ထံ တင်ပို့သည်။ ဗိုလ်ကလေးမြို့မှ သင်္ဘောများဖြင့် ရန်ကုန်မြို့သို့တင်ပို့လေသည်။

ထိုအချိန်က မော်လမြိုင်ကျွန်း၊ ဗိုလ်ကလေးမြို့များနှင့် ရန်ကုန်သို့နေ့စဉ် ဧရာဝတီ သင်္ဘောတစ်စင်း ပြေးဆွဲပေးသည်။ အသွားတစ်စင်း အပြန်တစ်စင်း ဖြစ်သည်။

ထိုကဲ့သို့အရောင်းအဝယ်ဆိုင်များဖြင့် စည်ကားသောကြောင့် သေလာယျရွာမှာ လာရောက်နေထိုင်သူများ တိုးပွားလာခြင်းဖြစ်လေသည်။ မိကျောင်းဖမ်းဆီးခွင့် ရထားသော ဦးရွှေကျော်တို့နေသော မမွသုခကျွန်း နေရာမှာလည်း သေလာယျရွာနှင့် မဝေးလှပေ။ သို့ကြောင့် ထိုရွာမှ မိကျောင်းဖမ်းသော





အဖွဲ့များ ထွက်ကြလေသည်။

အချို့က ထောင်ချောက်ဆင်ပြီး ဖမ်းသည်။

အချို့က သုတ်ကိုင်းဖြင့် ဖမ်းသည်။

တချို့ကတော့ လှေများဖြင့်ထွက်ကာ စလွတ်ဖြင့် ထိုးပြီး ဖမ်းကြသည်။

ထောင်ချောက်၊ သုတ်ကိုင်းဖြင့်ဖမ်းသောနည်းက. . မိကျောင်းဖမ်းဆီးရရန် မသေချာပေ။

စလွတ်ဖြင့် ထိုးဖမ်းသောနည်းက သေချာသည်။

သို့သော် စလွတ်ထိုးကောင်းသော လူတစ်ယောက်မပါဘဲနှင့် မရပြန်ပေ။

သို့ကြောင့် စလွတ်ထိုးကောင်းသော နီမောင်ကိုလိုချင်သူ၊ ခေါ်ချင်သူ. . များနေခြင်းဖြစ်သည်။

နီမောင်တို့ မိသားစုက သေလာယျရွာမှာပင် နေကြသည်။ ဖခင်ဦးဘရှိန်၊ မိခင်ဒေါ်ကျင်မေနှင့် နီမောင်တို့အပြင် ညီတစ်ယောက်နှင့် ညီမလေးတစ်ယောက်လည်းရှိကာ စုစုပေါင်း မိသားစု(၅)ယောက်နေကြသည်။

ဖခင်ဖြစ်သူနှင့် ညီ၊ ညီမတို့ကလည်း အခြားရရာ အလုပ်များလုပ်ကြသည်ဆိုသော်လည်း နီမောင် မိကျောင်းဖမ်းသောငွေဖြင့် စားသောက်နေကြခြင်းဖြစ်သည်။

နီမောင်က အရွယ်ကလည်းကောင်း၊ ဝင်ငွေကလည်း သင့်တင့်ပြီး မိကျောင်းထိုးကလည်း တော်သဖြင့် ထိုရွာမှာရှိကြသော အပျိုများက စိတ်ဝင်စားကြသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် မြဝင်းသူတစ်ယောက်ကိုသာ သူကစိတ်ဝင်စားသည်။ မြဝင်းသူက ထိုရွာမှာ အချောဆုံး၊ အလှဆုံးဖြစ်သည်။ ထို့ပြင် မာနလည်းကြီးသည်။

မိဘများက လယ်ပိုင်၊ ခြံပိုင်၊ ချောင်းပိုင်နှင့် တောသူဌေးများဖြစ်ကြပြီး အလုပ်သမားအတော်များများဖြင့် လုပ်ကိုင်နိုင်ကြသူဖြစ်သည်။

တောသူဖြစ်သော်ငြားလည်း ရွှေမရှား ငွေမရှား နေရသူဖြစ်သောကြောင့် မြဝင်းသူက တော်ရုံကာလသားကိုတော့ ဂရုမစိုက်ပေ။

သို့သော်လည်း နီမောင်က ထိုကဲ့သို့ မာနကြီးလှသော မိန်းကလေးကိုမှ ရွေးပြီး သဘောကျနေလေသည်။

မြဝင်းသူကလည်း တစ်ရွာတည်းနေကြသူချင်း ဖြစ်သောကြောင့် နီမောင်က သူမအပေါ် ထားသော စိတ်အခြေအနေကို ရိပ်မိသော်လည်း မသိကျိုးကျွန်ပြုနေလေသည်။

ထိုအခြေအနေကို သူနှင့်လက်တွဲပြီး အလုပ်လုပ်နေသောစောထီးနှင့် ငမဲအောင်တို့က ရိပ်မိကြသဖြင့် သတိပေးသည်။

"နီမောင် . . ငါတို့နှစ်ယောက်က မင်းကို ညီအစ်ကိုလိုခင်လို့ သတိပေးတာပါ။ မင်းမြဝင်းသူကို မျှော်လင့်နေတာ ကိုယ့်ဒုက္ခကိုယ်ရှာသလို ဖြစ်နေလိမ့်မယ်၊ တစ်နေ့ကျရင် မင်းပဲ စိတ်ဆင်းရဲရလိမ့်မယ်"

ငမဲအောင်က ပြောသော်လည်း နီမောင်က ဘာမှပြန်





မပြောဘဲ လှမ်းမြင်နေရသော ချောင်းဘက်သို့ ကြည့်နေရင်းမှ သက်ပြင်းတစ်ချက် ချလိုက်သည်။

"ရွာထဲမှာ သူလိုပဲချောတဲ့လှတဲ့ မိန်းကလေးတွေ အများကြီးရှိကြတာပဲ၊ မင်းကသာလက်ကမ်းရင် လက်ခံမယ့်သူတွေလည်း ရှိတာပဲ၊ ကိုယ်နဲ့ဘဝအဆင့်အတန်းတူတာကိုပဲ ရွေးချယ်လိုက်ပါလားကွာ"

ဟုစောထီးကပါ ဖြောင်းဖျပြောဆိုသည်။

"ငါက သူ့ကို သဘောကျနှစ်သက်တယ်ဆိုတာ သူ့မှာရှိတဲ့ ပစ္စည်းဥစ္စာတွေ မပါပါဘူးကွာ"

"မင်းကမပါပေမယ့် သူကရွှေပုံပေါ်မှာ နေရတဲ့ဘဝမျိုးလေ၊ အဲ့ဒါတွေမပါပဲနဲ့ ဆင်းရဲတဲ့ မင်းလိုဘဝမျိုးထဲကို မျက်စိမှိတ်ပြီး ဆင်းလာမယ်လို့ မင်းမျှော်လင့်နေသလား"

"ဒီလိုတော့မဟုတ်ပါဘူး၊ ငါက အခုလိုသူမသိအောင်ချစ်နေရတာကိုပဲ သဘောကျနေတာကွ"

"ဒါကတော့ စိတ်ကူးယဉ်လွန်းတာပေါ့ကွာ၊ တစ်နေ့ကျရင် အဲဒီစွဲလမ်းစိတ်က မင်းကိုပြန်ပြီး ဒုက္ခပေးလာလိမ့်မယ်"

"ဟုတ်တယ် နီမောင်ရ၊ မင်းကသာကျိတ်ပြီး သူ့ကိုစွဲလမ်းနေပေမယ့် သူကတော့ မင်းကိုစိတ်ကူးထဲမှာတောင် ထည့်မှာမဟုတ်ဘူး"

"ဘာဖြစ်လို့လဲ လူလူချင်းပဲဟာ"

"မင်းကသာ မသိပေမယ့် သူ့အနားမှာ အဆင့်အတန်းတူတဲ့သူတွေ၊ လိုချင်တဲ့သူတွေက ချောင်းပေါက်မတတ် သွားပြီး



www.burmeseclassic.com

www.burmeseclassic.com



ကပ်နေကြတာကွ”

“ဘယ်သူတွေလဲ”

“မင်းကသာ ကိုယ့်အလုပ်ကိုယ်လုပ်နေပြီး ဒါတွေမသိတာ၊ သူတို့ကတော့ သူတို့နည်းသူတို့ဟန်နဲ့ မြဝင်းသူကို ချဉ်းကပ်နေကြတာကွ၊ တခြားသူတွေ ဘယ်ရှိပါမလဲ ငါးရွှံဗိုင်က တင်မောင်ထွန်းရယ်၊ မြသီးမီးသွေးဖိုက လံစာရေး ကျော်ခိုင်ရယ်၊ နောက်ပြီး ဟိုဘက်ကမ်း မိုးမခရွာဘက်မှာ မိကျောင်းမွေးနေတဲ့ မင်းဒင်ဆိုတဲ့လူတောင် ပါသေးတယ်”

ထိုစကားကြောင့် နီမောင်က သက်ပြင်းတစ်ချက် ချလိုက်လေသည်။

“မြဝင်းသူက လွတ်လပ်သူတစ်ယောက်ပဲကွာ၊ အခုအချိန်မှာတော့ ဘယ်သူမဆို လွတ်လွတ်လပ်လပ်ကြိုးစားခွင့် ရှိနေတာပဲ၊ ကြိုးစားကြပေစေပေါ့”

“အေး. . . သူတို့သုံးယောက်က မြို့သားတွေ၊ လူရည်လည်ကြတဲ့သူတွေ၊ ငွေကြေးလည်း သုံးနိုင်ကြတယ်၊ အဲဒီလူတွေကြားမှာ မင်းညပ်သွားမှာစိုးလို့ ငါတို့က သတိပေးတာပါကွာ”

ဟု နှစ်ယောက်စလုံးက စေတနာဖြင့် သတိပေးကြသော်လည်း နီမောင်ကတော့ ထွေထွေထူးထူး ဘာမှပြန်မပြောပေ. . .။

ထိုအခါ စောထီးက ဆက်ပြောသည်။

“မင်း သူ့ကိုတကယ်ချစ်နေတယ်ဆိုရင်တော့ သူသိအောင်ပြောသင့်တာပေါ့”





နီမောင်က ခေါင်းခါပြသည်။

“မပြောချင်ပါဘူး”

“ဟင် ဘာဖြစ်လို့လဲ၊ မပြောပဲနဲ့ သူကဘယ်လိုသိမှာလဲ”

“မင်းတို့ပြောသလို သူနဲ့ငါနဲ့က ဘဝအဆင့်အတန်းချင်း မတူဘူးဆိုတာလည်း ငါသိပါတယ်၊ ငါပြောရင်လည်း သူလက်ခံမယ်မထင်ဘူး၊ ဒါကြောင့် မပြောဘဲနေတာက ပိုကောင်းပါတယ်”

“ဟင်. . မင်းဟာကလည်း တစ်ဖက်သတ်ကြီးပါလား”

“အချစ်နဲ့ပတ်သက်ရင် ငါကသိပ်မသိပါဘူး၊ ဒါပေမယ့် ငါခံယူထားတာက ငါသူ့ကိုတကယ်နှစ်သက်တယ်ဆိုရင် သူဒုက္ခရောက်အောင်၊ စိတ်ဆင်းရဲအောင် မလုပ်သင့်ဘူးလို့တော့ ထင်တာပဲ၊ တကယ်လို့ ကိုယ့်ထက်အဆင့်အတန်းမြင့်တဲ့ သူတစ်ယောက်ယောက်နဲ့ရသွားရင်လည်း ကျေနပ်ပေးရမှာပေါ့”

“မင်းကလည်း တစ်မျိုးပါလားကွာ”

ဟုပြောတာ ကျန်နှစ်ယောက်က လက်လျှော့သွားကြလေသည်။

တစ်နေ့တော့ စောထီးရောက်လာပြီး ပြောသည်။

“နီမောင်ရေ မင်းတို့ဟန်ကျပြီ”

“ဘာလဲ၊ ဘယ်လိုဟန်ကျတာလဲ”

“မြဝင်းသူတို့အိမ်မှာ အလှူတစ်ခု လုပ်မလို့တဲ့၊ အိမ်သာအတွက်လုပ်တယ်လို့ ပြောသံကြားတယ်”

“ဒီတော့. . ဘာဖြစ်သလဲ”



www.burmeseclassic.com

www.burmeseclassic.com



"ငါတို့သုံးယောက်ကိုလာခဲ့ဖို့ . . မြဝင်းသူက မှာလိုက်တယ်"

"ငါမလိုက်တော့ပါဘူးကွာ"

"မင်းမလိုက်ရင် သူကစိတ်ဆိုးမှာပေါ့"

"မဆိုးပါဘူးကွာ မင်းတို့နှစ်ယောက်သာ သွားလိုက်ကြပါ"

ဟုပြောလိုက်ရာ စောထီးကပြန်သွားလေသည်။

တကယ်တော့ နီမောင့်စိတ်ထဲမှာ သွားချင်သည်။

ထိုကဲ့သို့ အခွင့်အရေးရတုန်းမှာ မြဝင်းသူနှင့်တွေ့ချ သည်။ သို့သော် မြဝင်းသူတို့ အလှူကို သူ့ထက်အဆင့်အတ မြင့်သူများ မလွဲမသွေလာကြလိမ့်မည်။

ထိုကြားထဲမှာ သူများအခြေအနေ ကြည့်နေရသေ အဖြစ်မျိုးနဲ့တော့ သူမသွားလိုပေ။

သို့ကြောင့် မသွားရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

စောထီးနှင့် ငမဲအောင်တို့နှစ်ယောက်ကတော့ မြဝ သူတို့နှင့် ခင်မင်နေကြသော အလှူသို့သွားပြီး ဝိုင်းကူလုပ်ပေ ကြလေသည်။

ညနေပိုင်းအချိန်ရောက် မြဝင်းသူနှင့် အဖော်မိန်း လေးတစ်ယောက် နီမောင်တို့အိမ်သို့ ရောက်လာသည်။

ထိုအချိန်က နီမောင်မှာ သစ်ပင်အောက်မှာ လျှော်ကြ ကျစ်နေလေသည်။

မမျှော်လင့်ဘဲ မြဝင်းသူကိုမြင်လိုက်တော့ ပထမတော





အံ့ဩသွားသည်။

နောက်တော့ စိတ်လှုပ်ရှားသွားလေသည်။

"မြဝင်းသူပါလား၊ ဘယ်ကလာကြတာလဲ"

"ငါက အလှူလာဖို့ ဖိတ်တာတောင် နင်ကမလာဘူး၊ ဘာလဲငါတို့ကို ဂရုမစိုက်ဘူးဆိုပြီးတော့ ဒီလိုနေတာလား"

"မ. . မဟုတ်ပါဘူး မြဝင်းသူရယ်"

"နင်က တစ်ရွာလုံးက အရေးပေးနေကြတဲ့ စလွတ် သမားတစ်ယောက်ဖြစ်နေတော့ တော်ရုံလူကို ဘယ်အဖက်လုပ် ချင်ပါ့မလဲ"

"ဒီလိုသဘောမျိုးမဟုတ်ပါဘူးဟာ ညနေစောင်းတော့ ငါလာခဲ့ပါမယ်၊ မနက်ဖြန်အလှူနေ့ကျတော့လည်း လုပ်စရာရှိ တာတွေ လာလုပ်ပေးပါ့မယ်"

ဟုပြောလိုက်တော့မှ တင်းမာနေသော မျက်နှာက နည်းနည်းလျော့ကျသွားတော့သည်။

"အဲဒါဆိုရင်လည်းပြီးရော. . ငါစိတ်ဆိုးအောင်လုပ် ရင်တော့ တစ်သက်ဘယ်တော့မှ မခေါ်တော့ဘူး"

ဟုပြောကာ မြဝင်းသူတို့ပြန်သွားကြလေသည်။


နီမောင်ရင်ထဲမှာတော့ ရေတက်ဦးတက်သော ဒီလှိုင်း များကဲ့သို့ လှုပ်ခတ်ရင်း ကျန်ရစ်ခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com





## အခန်း (၇)

# အဝမလှသောအညာတြွချစ်သူ

မြဝင်းသူ၏ မိဘများဖြစ်သော ဦးထွန်းရှိန်၊ ဒေါ်မြမေ တို့က သေလာယျရွာတွင် စီးပွားဥစ္စာပြည့်စုံကြသူများဖြစ်ကြလေသည်။

လယ်ကေအတော်များများ ပိုင်ဆိုင်ရုံမကဘဲ ခနိုခြံ၊ အုန်းခြံ၊ ကွမ်းသီးခြံများလည်း ရှိသေးသည်။

ထို့ပြင် ၎င်းတို့ပိုင်သော လယ်ကွက်ထဲမှာ နှစ်ဆည် ငါးဖွစ္စန် အမြောက်အမြားရသော ချောင်းတစ်ချောင်းလည်းရှိသေး



www.burmeseclassic.com

www.burmeseclassic.com



သည်။ သို့ကြောင့် . . ရွှေမရှား၊ ငွေမရှားနှင့် ပြည့်ပြည့်စုံစုံနေနိုင်ကြလေသည်။

ယခုလည်း စပါးကျီသစ်တစ်လုံး ဆောက်သည်ကို အကြောင်းပြုပြီး ဘုန်းကြီးများပင့်ကာ ဆွမ်းကပ်ခြင်းနှင့် ရွာသူရွာသားများကိုပါ ဖိတ်ကြားပြီး ကျွေးမွေးဧည့်ခံခြင်းဖြစ်သည်။

ရွာမျက်နှာဖုံးလည်းဖြစ်၊ အသိမိတ်ဆွေပေါများသူများဖြစ်ရာ သေလာယျရွာမှာသာမကပဲ အခြားနေရာများမှပါ လာရောက်ကြသည်။

လှေနှင့်လာသူကလာ၊ လှည်းနှင့်လာသူကလာကြသည်။ ဦးထွန်းရှိန်ကလည်း ဆွမ်းကျွေးသော အလှူငယ်တစ်ခုဖြစ်သော်လည်း အလှူကြီးတစ်ခု ပြုလုပ်သကဲ့သို့ ထမင်းဟင်းများ ချက်ပြုတ်ကာ အလျှံပယ်ကျွေးမွေးဧည့်ခံလေသည်။ ထမင်း၊ ဝက်သားဟင်း၊ ငါးခြောက်ထောင်းကြော်၊ ငံပြာရည်ချက်၊ သရက်ချဉ်သုတ်၊ ဘူးသီးဟင်းချိုတို့မှာ စားသူတိုင်း ခံတွင်းတွေ့စေသောဟင်းထမင်းများ ဖြစ်ကြလေသည်။

နံနက်ပိုင်းအချိန်ကတည်းက ရောက်လာသမျှ ဧည့်သည်များကို ကျွေးမွေးဧည့်ခံလေရာ တစ်ရွာလုံးလာရောက် စားသောက်ကြလေသည်။

လူပျိုကာလသားများ၊ အပျိုများကလည်း ဝေယျာဝစ္စများကို လိုလေသေးမရှိအောင် လုပ်ကိုင်ဆောင်ရွက်ပေးကြရလေသည်။ ထိုအထဲတွင် . . . နီမောင်၊ စောထီး၊ ငမဲအောင်တို့ သုံးယောက်လည်း အပါအဝင်ဖြစ်ကြလေသည်။





နီမောင်တို့က ကွမ်းဆေးလက်ဖက်၊ လက်ဖက်ရည် ပြင်ဆင်ချပေးသောနေရာ၌ လုပ်ပေးနေကြရသည်။

တောရွာတစ်ရွာမှာ အလှူအတန်း၊ သာရေး၊ နာရေးတစ်ခုခုရှိသဖြင့် တစ်ရွာလုံးလာရောက်သည်မှာ အဆန်းမဟုတ်ပေ။ အခြားနေရာမှ တကူးတက လှေတစ်တန်၊ လှည်းတစ်တန်ဖြင့် လာရောက်ကြသူများကတော့ . . အချို့မှာ အကြောင်းကိစ္စအချို့ ပါလာကြသည်။

လယ်မြေကိစ္စ၊ စပါးကိစ္စ၊ ခြံကိစ္စ၊ ချောင်းမြောင်းကိစ္စ၊ ငွေကြေးကိစ္စ၊ သားရေးသမီးရေးကိစ္စများ ပါလာကြသည်။ အလှူရောက်တော့မှ အချင်းချင်းတွေ့ဆုံရင်း လက်ဖက်စားရင်း၊ ကွမ်းစားရင်း၊ ဆေးလိပ်သောက်ရင်း၊ လက်ဖက်ရည်သောက်ရင်းဖြင့် အေးအေးဆေးဆေး ပြောဆိုဆွေးနွေးကြလေသည်။ ဦးထွန်းရှိန် ဖိတ်သောအလှူကို လာကြခြင်းမှာလည်း ထိုကိစ္စနှင့် ပတ်သက်သည်များ အများဆုံးပါလာကြသည်။

အချို့သားရှင်များက သမီးချောရှိသော ဦးထွန်းရှိန်တို့အား မသိမသာ စကားစသွားကြသည်မျိုးလည်း ရှိကြသည်။

လူပျိုလူရွယ် ကာလသားအချို့မှာလည်း မြဝင်းသူကို မသိမသာ ပိုးပန်းရန် လာရောက်ကြလေသည်။

ထိုသို့လာကြသူများထဲမှာ မြဝင်းသူကို သဘောကျနေသူအချို့လည်း ပါဝင်သည်။

ငါးရွှေဒိုင်မှ တင်မောင်ထွန်း၊

၎င်းမှာအသက် (၃၀)ဝန်းကျင်ခန့်ရှိပြီး ငွေကြေးသုံးစွဲ



www.burmeseclassic.com

www.burmeseclassic.com



နိုင်သူဖြစ်သည်။

နောက်တစ်ဦးကတော့ မြသီးမီးသွေးဖိုမှ လံစာရေး ကျော်ခိုင်ဆိုသူဖြစ်သည်။ သူက ကုလားကပြားတစ်ဦးဖြစ်ပြီး အသက် (၃၀)ဝန်းကျင်ခန့်ရှိသည်။

မြို့သားတစ်ယောက် ဖြစ်သဖြင့် လူရည်လည်သည်။

နောက်တစ်ယောက်ကတော့ နည်းနည်းထူးသည်။ အရှေ့ဘက်ကမ်း၊ မိုးမခရွာမှာ မိကျောင်းမွေးမြူသော လုပ်ငန်း လုပ်နေသော မင်းဒင်ဆိုသူဖြစ်သည်။

သူက ထူးထူးခြားခြား စီးပွားရေးလုပ်ငန်းလုပ်နေသော်လည်း အသက် (၃၀)ဝန်းကျင်ခန့်သာရှိသေးသော လူရွယ်တစ်ဦးဖြစ်သည်။

လေလံပိုင်ရှင် ဦးမင်းညိုထံမှတစ်ဆင့် ပြန်ဝယ်ပြီး မိုးမခရွာမှာ စခန်းချပြီး ထိုအလုပ်လုပ်နေခြင်းဖြစ်သည်။

သူက ရလာသောမိကျောင်းများကို မွေးမြူထားပြီးမှ ရန်ကုန်မှ ကုန်သည်များ၊ အခြားနေရာမှ ကတ္တူလှေများဖြင့် လာရောက်ဝယ်သော ကုန်သည်များအား ရောင်းချခြင်းဖြစ်လေသည်။

မင်းဒင်ကလည်း မြစ်တစ်မြစ်သာခြားသော သေလာယျွာသို့ မကြာခဏရောက်လာလေ့ရှိသည်။

ပထမတော့ မိကျောင်းဖမ်းသမားများကို လာရောက်ဆက်သွယ်ခြင်းဖြစ်သော်လည်း မြဝင်းသူကို တွေ့ပြီးနောက် နှစ်သက်သဘောကျသဖြင့် ဦးထွန်းရှိန်တို့အား နည်းအမျိုးမျိုး ဖြင့်





ချဉ်းကပ်ကာ ခင်မင်ရင်းနှီးအောင် ပေါင်းသင်းထားခြင်းဖြစ်ပေသည်။

ယခု ဦးထွန်းရှိန် ဖိတ်သဖြင့် လှေတစ်စင်းဖြင့်ရောက်လာလေသည်။

သူ့နောက်မှာလည်း လှေလှော်သမားသုံးယောက်ပါလာသည်။ ဦးထွန်းရှိန်တို့ကလည်း မင်းဒင်အခြေအနေကို သိတန်သရွေ့ သိထားပြီးဖြစ်သောကြောင့် ဖော်ဖော်ရွေရွေနှင့်ပင် ကြိုဆိုဧည့်ခံကြသည်။

ဒေါ်မြမေကိုယ်တိုင် သမီးဖြစ်သူ မြဝင်းသူကို အနီးမှာခေါ်ထားပြီး ဧည့်ခံခိုင်းလေသည်။

မင်းဒင်ကလည်း ရင်းယူလာသော လက်ဆောင်များကိုပေးလေသည်။

"ကျွန်တော် ဒီတစ်ခေါက် ရန်ကုန်ရောက်တော့ ဦးလေးတို့ အဒေါ်တို့အတွက်ရော မြဝင်းသူအတွက်ပါ. . သတိရတာနဲ့ တကူးတကဝယ်လာတဲ့ လက်ဆောင်တွေပါ"

ထို့နောက် ရွှမ်းရွှမ်းဝေအောင် စကားများ အဆက်မပြတ်ပြောနေရာ မြဝင်းသူမှာ နေရာမှမထရတော့ပေ။

နီမောင်မှ ထိုအခြေအနေကို အဝေးမှသာကြည့်နေရသည်။ ဒီကြားထဲ ကွမ်းဆေးလက်ဖက်လိုလျှင် ဒေါ်မြမေက. . .

"နီမောင်ရေ ဒီမှာဧည့်သည်အတွက် လက်ဖက်ရည်လေး ဖြည့်ပေးပါဦးဟဲ့"

ဟုလှမ်းခေါ်သဖြင့် သွားချပေးရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



နီမောင်အနားရောက်လာတော့ မင်းဒင်က တစ်ချက်မော့ကြည့်လေသည်။

"နီမောင် ဆိုတာမင်းလား"

"ဟုတ်ပါတယ်"

"မိကျောင်းဖမ်းတဲ့လောကမှာတော့ မင်းနာမည်အတော်ကြီးတယ်"

နီမောင်က ဘာမှပြန်မပြောပေ။

"ပြီးရင် . . ငါ မင်းနဲ့စကားနည်းနည်းလောက်ပြောချင်တယ်"

"ရပါတယ်"

ဒါပဲပြောပြီး နီမောင်က ပြန်ထွက်သွားသည်။

ထမင်းစားသောက်ပြီးသောအခါ မင်းဒင်က တစ်နေရာမှာခေါ်တွေ့သည်။

"မင်း ငါ့ကိုသိသလား"

"မိုးမခမှာ မိကျောင်းတွေမွေးနေတဲ့ ကိုမင်းဒင် မဟုတ်လား"

"ဟုတ်တယ် မင်းငါ့ဆီမှာ အလုပ်လုပ်မလား၊ ငွေများများပေးမယ်"

"အခုတော့ မလုပ်နိုင်သေးပါဘူး"

"ဘာဖြစ်လို့လဲ သူများဆီက ကြိုငွေယူထားလို့လား၊ တကယ်လို့ရှိရင် ငါစိုက်ပေးမယ်လေ"

"ငွေမရှိပါဘူး၊ ကတိရှိနေလို့ပါ"





"ကတိရှိတာများကွာ ရေကြီးခွင်ကျယ်လုပ်လို့"

"ကျွန်တော်တို့မှာ ငွေမရှိပါဘူး၊ ဒီကြားထဲပေးထားတဲ့ကတိတည်အောင်မလုပ်ရင် နောက်ဆိုဘယ်သူကမှ လှည့်ကြည့်မှာမဟုတ်တော့ဘူး"

နီမောင်စကားကြားသော မင်းဒင်က သဘောကျစွာ ဟက်ဟက်ပက်ပက် ရယ်လိုက်လေသည်။

"မင်းက စကားကြီးစကားကျယ်တော့ အတော်ပြောတတ်တာပဲ၊ အေးလေ . . အခုမလုပ်ချင်သေးလည်းနေပေါ့၊ ဒါပေမယ့် ငါနေတဲ့နေရာကိုတော့ တစ်ခေါက်လောက်လာကြည့်ပါဦး"

ဟုပြောသည်။

"အားတဲ့တစ်နေ့တော့ လာခဲ့ပါ့မယ်"

"အံ့သြစရာပြောရဦးမယ် မင်းကငါ့ကို အခုမှသိပေမယ့် ငါက မင်းကို အစောကြီးကတည်းက သိနေပြီးသားပါ"

ထိုစကားကြားတော့မအံ့သြမိပါချေ။

မိကျောင်း ထိုးသူတစ်ယောက်ကို မိကျောင်းမွေးသူတစ်ယောက်ကသိနေသည်မှာ ထူးထူးဆန်းဆန်းမဟုတ်ပါချေ။ သို့ကြောင့် ဘာမှပြန်မပြောတော့ . .

"ဒါထက် မင်းကိုတစ်ခုမေးရဦးမယ်"

"မေးပါ . . ."

"မင်း ဦးဘရှင်ကို သိတယ်မဟုတ်လား"

ထိုစကားကြောင့် နီမောင်စိတ်ထဲမှာ အတော်အံ့သြ



www.burmeseclassic.com

www.burmeseclassic.com



သွားလေသည်။

"ဗိုလ်ကလေးမြို့မှာနေတဲ့ ဦးဘရှင်ကိုပြောတာလား"

မင်းဒင်ကပြုံးပြီး ခေါင်းညိတ်ပြလေသည်။

"သိတာပေါ့ ကျွန်တော့်ဘကြီးပဲ"

"သူနဲ့တွေ့တဲ့အခါ ငါ့အကြောင်းတွေကို သိရမှာပေါ့ ကွာ၊ မင်းစိတ်ဝင်စားရင်သာ မေးကြည့်ပေါ့"

ဟုပြောလေသည်။

ထိုနောက် စကားစရပ်ပြီး နီမောင်လည်း နေရာမှထွက်ခဲ့လေသည်။ ထိုအချိန်မှာ အကျွေးအမွေးကိစ္စများလည်း ပြီးတန်သလောက် ပြီးပြီဖြစ်သောကြောင့် ထမင်းမစားတော့ဘဲ အိမ်သို့ပြန်လာခဲ့လေသည်။

မင်းဒင်နှင့်တွေ့ပြီးကတည်းက သူ့စိတ်ထဲမှာ အတွေးများပါလာလေသည်။

တကယ်တော့ မင်းဒင်မေးလိုက်သော ဦးဘရှင် ဆိုသူမှာ အခြားမဟုတ်ပေ။

နီမောင့်ဖခင် ဦးဘရှိန်နှင့် ညီအစ်ကို တော်စပ်သူဖြစ်လေသည်။

ဦးဘရှင်နှင့် ဦးဘရှိန်က ညီအစ်ကိုတော်စပ်ကြသော်လည်း ဘဝအခြေအနေချင်းက မိုးနှင့်မြေလို ကွာခြားကြသည်။

ဦးဘရှိန်တို့မိသားစုများက တောထဲမှာ ဆင်းဆင်းရဲရဲနေရပြီး ဦးဘရှင်ကတော့ ဗိုလ်ကလေးမြို့ပေါ်မှာ တိုက်တာနှင့် ချမ်းချမ်းသာသာ နေနိုင်သူဖြစ်သည်။





ယခင်ကတည်းက ညီအစ်ကိုနှစ်ယောက် အဆက် အဆံမရှိကြပေ၊ အခြားအကြောင်းကြောင့်တော့မဟုတ်ပေ။

ဦးဘရှင်၏ဇနီး ဒေါ်မြလေး ရှိစဉ်က ဆင်းရဲနွမ်းပါးသော မိသားစုများ အိမ်သို့မလာဝံ့အောင် ပြုမူပြောဆိုထားခဲ့သည်။

အဆက်အသွယ်ပြတ်အောင် ပြုလုပ်ထားခဲ့သည်။

ဦးဘရှင်က အေးအေးနေတတ်သူတစ်ယောက် ဖြစ်သောကြောင့် ထိုအကြောင်းများကို မသိရှာပေ။

ဦးဘရှိန်နှင့် ဦးဘရှင်မှာ ညီအစ်ကိုရင်းချာနှစ်ဦးတည်း ဖြစ်သော်လည်း တစ်ဦးနှင့်တစ်ဦး အဆက်အသွယ်ပြတ်အောင် ကြားထဲမှ ဖန်တီးခဲ့ကြလေသည်။

ဦးဘရှင်နှင့် ဒေါ်မြလေးမှာ ငယ်လင်ငယ်မယား မဟုတ်ကြပေ။

ကြီးမှပေါင်းသင်းကြသူများ ဖြစ်သောကြောင့် သားသမီး ထွန်းကားပေ။

သို့ကြောင့် ရင်းတို့ပိုင်ဆိုင်သော စီးပွားဥစ္စာတို့ကို ဦးဘရှင်မရှိတော့လျှင် သူမဘက်မှ ဆွေမျိုးသားချင်းများ ရအောင် ဦးဘရှင်၏ ဆွေမျိုးရင်းချာများ အနားမကပ်နိုင်ကြစေရန် စီမံဖန်တီးခဲ့သည်။

ယခင်က တစ်နှစ်တစ်ခါလောက်တော့ အစ်ကိုဖြစ်သူ ဦးဘရှင်ထံရောက်ကြသော ဦးဘရှိန်တို့ မိသားစုများမှာ နောက်ပိုင်းရောက်တော့ မလာကြတော့ပေ။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ ဦးဘရှင်ကပြောသည်။

"ငါ့ညီလည်း အရင်ကမှ တစ်နှစ်တစ်ခါလောက် ဖော်ရသေး အခုလုံးဝရောက်မလာတော့ပါလား"

"ဆွေမျိုးသားချင်းဆိုတာ ဒီလိုချည်းပါပဲတော်၊ စား ရာမရှိရင်သာ သတိရကြတာ၊ ထမင်းနပ်မှန်အောင် စားနေရ လှည့်ကြည့်ချင်ကြတာမှ မဟုတ်တာ၊ သူတို့မိသားစုတွေ အဆ ပြေနေလို့ တော့်ဆီကို မလာကြတော့တာ ဖြစ်မှာပေါ့"

ဟုမဲ့ကာရွဲ့ကာဖြင့် ပြောလေသည်။

"ငါ့ညီက ဒီလိုစိတ်သဘောမျိုးရှိတဲ့လူ မဟုတ်ဘူးဆို ငါအသိဆုံးပါ၊ ဘာပဲဖြစ်ဖြစ် ပြေးကြည့်လို့မှ အရင်းအချာဆို ဒီညီတစ်ယောက်ပဲရှိတာ၊ သူမလာနိုင်ရင်လည်း ငါကသွား သွားရမှာပဲ"

ပြောသာပြောနေသည်။

ဒေါ်မြလေးအနေဖြင့် ဦးဘရှင်သဘောကို လွန်ဆံ မဟုတ်ပေ၊ အတိုက်အခံပြောဝံ့၊ ပြုလုပ်ဝံ့သူလည်း မဟုတ်

အဘယ်ကြောင့်ဆိုသော်. . .

ယခုလက်ရှိပိုင်ဆိုင်သော စီးပွားဥစ္စာများမှာ ဦးဘ ပိုင်ဆိုင်သမျှချည်း ဖြစ်သောကြောင့်ပင်. . .

တစ်နေ့တော့ ဒေါ်မြလေးက ပြောသည်။

"ကိုဘရှင် ကျုပ်တို့လင်မယားလည်း အသက်အရွယ် ရလာပြီ၊ သေရမယ့်အချိန်ကလည်း တဖြည်းဖြည်းနီးလာပြီ တော့ တစ်ခုခုတော့ စီစဉ်ထားသင့်တယ်"





"မင်းက ဘယ်လိုများ စီစဉ်ထားချင်လို့လဲ"

"ကျုပ်တို့နှစ်ယောက် မရှိကြတော့အချိန်မှာ ကျုပ်တို့ နှစ်ယောက်ပိုင်ဆိုင်တဲ့ တိုက်တာစီးပွားဥစ္စာတွေကို အခုကတည်း က ဝတ်လုံတော်ရမင်းနဲ့တိုင်ပင်ပြီး အမွေခွဲဝေပေးထားရရင် ကောင်းဘူးလား"

ထိုစကားကြားသောအခါ ဦးဘရှင်က ကွမ်းတမြုံ့မြုံ့ နေရာမှ ခေါင်းညိတ်ပြလေသည်။

"ဒါကတော့ မမှားဘူးပေါ့၊ သေနေ့သေရက်ဆိုတာ သူမှ ကြိုတင်သိရတာမဟုတ်တော့၊ လုပ်သင့်တာ လုပ်ရမှာ ဝတ်လုံတော်ရမင်းနဲ့တိုင်ပင်ပြီး အမွေနဲ့သက်ဆိုင်တဲ့ စာချုပ် ထားတော့ စိတ်ချရတာပေါ့"

"ကျုပ်တို့လင်မယားမှာ သားသမီးမရှိတော့ ရှင့်ဘက် ဘယ်သူ့ကိုပေးမယ် ရည်စူးထားသလဲ"

ဒေါ်မြလေးက သွေးတိုးစမ်းသည့် အနေမျိုးဖြင့် မေး လေသည်။

"ငါ့ဘက်ကတော့ ငါ့ညီရှိတယ်၊ သူ့မှာသားတစ်ယောက် ယ်၊ ငါတို့မရှိတော့ရင် အမွေတစ်ဝက်ကို သူ့ကိုပေးရမှာပေါ့ ဘက်ကတော့ မင်းရဲ့တူကိုပေးမှာ မဟုတ်လား"

"ဒါပေါ့ ကိုဘရှင်ရယ် ကျွန်မဘက်မှာလည်း မောင်က ဲ့ ဒီတူလေးတစ်ယောက်ပဲရှိတာ သူ့ကိုပဲပုံပေးရမှာပေါ့"

ဟုပြောဆိုတိုင်ပင်ကာ ဗိုလ်ကလေးမြို့မှာရှိသော ဝတ် တော်ရမင်း ဦးအုန်းကိုခေါ်ယူပြီး တိုင်ပင်ဆွေးနွေးကာ အမွေ



www.burmeseclassic.com

www.burmeseclassic.com



ခွဲဝေပေးရန် စာချုပ်စာတမ်းများ ပြုလုပ်ထားလေသည်။

ထိုအချိန်ကား နီမောင်တို့ မိသားစုမှာ ဗိုလ်ကလေးမြို့ တစ်ဖက်ကမ်း သာပေါင်းရွာမှာပင် နေကြသေးသည်။ တစ်နေ့ တော့ ဦးဘရှင်တစ်ယောက် သူတို့နေသောနေရာသို့ သမ္မန်တ စင်းဖြင့် ရောက်လာလေသည်။

ဦးဘရှိန်က မလာစဖူး ထူးထူးခြားခြား ရောက်လာ သော အစ်ကိုဖြစ်သူကို မြင်သောအခါ များစွာအံ့ဩသွားလေ သည်။

"အစ်ကိုပါလား၊ ဘယ်လိုကနေဘယ်လို ရောက်လာ တာလဲ"

ဟုပြောကာ အိမ်ပေါ်မှာ နေရာထိုင်ခင်းပေးသည်။

"မင်းတို့က မလာတော့ ငါကလာရတာပေါ့ကွာ"

ထိုစကားကြားသောအခါ ဦးဘရှိန်က စိတ်မကောင်း သောအသံဖြင့်. . .

"တကယ်တော့ ကျွန်တော်တို့က မလာချင်လို့မဟုတ် ပါဘူး၊ ကျွန်တော်တို့လာရင် အစ်ကိုမိန်းမက မကြိုက်လို့ မလာ ကြတာပါ"

ဦးဘရှင်က သက်ပြင်းတစ်ချက်ချလိုက်သည်။

"ငါလည်း သဘောပေါက်ပါတယ်၊ ဒါထက် ဘာအ လုပ်ကိုင်စားသောက်နေကြသလဲ"

"ဒီမှာအဆင်မပြေလို့ အောက်ဘက်မှာ သွားနေပြီး စီးစဉ်နေကြတာပါ၊ ဟိုဘက်မှာတော့ အလုပ်အကိုင်ကော





တယ်လို့ သတင်းကြားလို့ပါ"

"အခိုက်အတန့်တော့ ဒီလိုပဲသင့်တော်တဲ့နေရာမှာ နေ ကြဦး၊ အခုငါလာတာ မင်းတို့ကိုပြောစရာရှိလို့ လာခဲ့တာ"

ဟုမိသားစုများကိုခေါ်ပြီး အမွေခွဲဝေပေးရန် စာချုပ် စာတမ်း ပြုလုပ်ပေးထားပြီဖြစ်ကြောင်း ပြောပြလိုက်လေသည်။

ထိုစကားကြားသောအခါ မိသားစုများမှာ များစွာအံ့ဩ သွားကြလေသည်။

"ကျွန်တော်တို့ မိသားစုက အစ်ကို့ဆီက ဘယ်လိုမျှော် လင့်ချက်မျိုးမှ မထားပါဘူး၊ ဘာတစ်ခုမှမရရင်လည်း ကျေနပ် ပါတယ်၊ အစ်ကိုသာ ကျန်းကျန်းမာမာနဲ့ စိတ်ချမ်းသာအောင် နေပါ"

ဟုစိတ်မကောင်းသောအသံဖြင့် ပြန်ပြောလိုက်လေ သည်။

ထိုနောက်. . . ဦးဘရှင်လည်း မှာစရာရှိသည်၊ ပြောစ ရာရှိသည်များကို အသေးစိတ်မှာကြားပြောဆိုပြီးနောက် ပြန် သွားလေသည်။ နောက်ထပ်ရက်အနည်းငယ် ကြာသောအခါ နီမောင်တို့မိသားစုလည်း ရပ်ဆွေရပ်မျိုးများရှိသော သေလာ ယျရွာသို့ ပြောင်းရွှေ့ခဲ့ကြလေသည်။

သေလာယျရွာရောက်ခဲ့ကြပြီးနောက်မှာလည်း ဦးဘရှင် က မှာကြားထားသောကြောင့် တစ်နှစ်တစ်ခေါက်နှစ်ခေါက်ခို ထိုဗိုလ်ကလေးမြို့သို့ သွားလေသည်။

ဗိုလ်ကလေးမြို့နှင့် သေလာယျရွာမှာ တစ်ရေတက်သွား



www.burmeseclassic.com

www.burmeseclassic.com



လျှင် ဗိုလ်ကလေးသို့ရောက်ပြီး တစ်ရေကျပြန်ဆင်းလာပါက သေလာယျရွာသို့ ပြန်ရောက်လာနိုင်လေသည်။

မနက်စောစောထသွားလျှင် ညနေပိုင်းအချိန်ဆိုလျှင် ရွာသို့ပြန်ရောက်လာနိုင်လေသည်။

နီမောင်တို့ မိသားစုသေလာယျရွာရောက်ပြီး တစ်နှစ်ကျော်ခန့်ကြာသောအခါ သတင်းတစ်ခုကြားရလေသည်။

အခြားမဟုတ်ပေ. . . ။

ဦးဘရှင် နောက်အိမ်ထောင်ပြုထားသော ဒေါ်မြလေးမှာ လူကြီးရောဂါဖြင့် သေဆုံးသွားခဲ့သော သတင်းဖြစ်သည်။ ဒေါ်မြလေးနှင့် သက်ဆိုင်သူများကတော့ ၎င်းတို့အဒေါ် သေဆုံးသွားသောအခါ ၎င်းတို့ဘက်မှ ရသင့်ရထိုက်သော အမွေပစ္စည်းများကို ခွဲဝေယူလိုကြသည်။

သို့သော်လည်း ဝတ်လုံတော်ရ ဦးအုန်းထံတွင်ရှိသော စာချုပ်အရဆိုလျှင် ဦးဘရှင်ရော ဒေါ်မြလေးရော နှစ်ယောက်စလုံး မရှိကြတော့မှ သက်ဆိုင်ရာ အမွေဆိုင်ပစ္စည်းများကို ခွဲဝေယူရမည်ဟု ပါရှိလေရာ. . ယူချင်သော်လည်း မရသေးပဲ ရှိကြလေသည်။

ထိုအကြောင်းများကတော့ နီမောင်နှင့်ဘကြီးတော်စပ်သူဦးဘရှင်နှင့် ပတ်သက်သောအကြောင်းအရာများဖြစ်ပေသည် နီမောင်တို့မိသားစုကတော့ ထိုအကြောင်းများကို မည်သူမှ အသိမပေးဘဲ လျှို့ဝှက်မှာထားကြလေသည်။

ယခု ဘကြီးတော်စပ်သူ ဦးဘရှင်အကြောင်းကို မင်းဒင်တ ပြောလာသောအခါ စိတ်ထဲမှာအံ့ဩနေခြင်း ဖြစ်ပေသည်။ နောက်ပိုင်းမှာလည်း မင်းဒင်နှင့်ပတ်သက်သော အကြောင်းများက အံ့ဩစရာကောင်းလောက်အောင်. . ပတ်သက်မှုရှိခဲ့လေသည်။







www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၈)

## အသက်ဖြင့်ရင်းရသော တန်ဖိုးရှိသည့်အန္တရာယ်

မိုးမခမှာ ရွာကြီးတစ်ရွာတော့မဟုတ်ပေ. . .။

သို့သော် ထိုနေရာတွင် မင်းဒင်တို့ မိကျောင်းမွေးမြူသောစခန်းကြီး လာရောက်ဆောက်ပြီး အလုပ်သမားများနှင့် လာရောက်နေထိုင်ကြရာ. . . ရွာကြီးတစ်ရွာကဲ့သို့ ဖြစ်နေတော့သည်။

နောက်ပိုင်းမှာတော့ ထိုအနီးတစ်ဝိုက်မှလူများပါ အလုပ်လုပ်ရင်းနှင့် လာရောက်နေထိုင်ကြသောကြောင့် ရွာတန်း



www.burmeseclassic.com

www.burmeseclassic.com



သဖွယ်ဖြစ်ကာ စည်ကားနေခြင်းဖြစ်သည်။

မင်းဒင်က အသက်(၃၀)ဝန်းကျင် အရွယ်ခန့်သာ ရှိသေးပြီး စီးပွားရေးလာဘ်မြင်သော လူရွယ်တစ်ဦးဖြစ်သည်။

မိဘဆွေမျိုးများက ပိုလ်ကလေးမြို့မှာ ရှိကြသော်လည်း သူက တပည့်တပန်း အလုပ်သမားနှင့် တစ်ယောက်တည်း ထိုနေရာမျိုးမှာ လာရောက်စီးပွားရှာနေသူဖြစ်သည်။

သူတို့စခန်းချနေသောနေရာမှာ မိန်းမလှကျွန်း၏ တစ်ဖက်ကမ်း၌ဖြစ်သည် ။

ထိုနေရာသည် မြစ်သုံးခွဆိုင်ဖြစ်ကာ မိကျောင်းပေါလှသော နေရာတစ်ခုလည်းဖြစ်သည်။

(၁၉၀၀)ပြည့်နှစ်လောက်က ဖောင်ဝင်မြစ်တောင်ဘက်တစ်ကြောမှာ သစ်တောကြီးများက နေပျောက်မထိုးအောင် ရှိခဲ့ကြသည်။

မြောက်ဘက်ကမ်းဘက်မှာတော့ ရွာငယ်ကလေးများ စတင်ပေါ်ပေါက်လာချေပြီ။

စက်စု၊ ဓါးပြချောင်း၊ ကျီးချောင်း၊ ထော်စီ၊ ထော်ပိုင် စသောနေရာများဘက်မှာ ကရင်ရွာကလေးများ ရှိလာကြလေသည်။

သို့သော်လည်း တောတစ်ဝက်၊ လယ်တစ်ကွက်၊ ရွာတစ်ဝက်တစ်ပျက်နှင့် စုဝေးပြီးနေကြခြင်းဖြစ်သည်။

ထိုအချိန်က လယ်မြေကွက်များဖော်ကာ ဝမ်းစာရရန်အတွက် စတင်လုပ်ကိုင်ကြလေပြီ။





အများအားဖြင့်တော့ ထိုရွာများမှာ နေကြသူများမှာ တောထဲဝင်ပြီး အမဲလိုက်ခြင်း၊ မြစ်ထဲဆင်းပြီး ငါးဖမ်းခြင်း၊ မိကျောင်းထိုးခြင်း စသောအလုပ်များဖြင့် ဝမ်းစာရှာဖွေကြသူများဖြစ်ကြသည်။

မင်းဒင်၏ မိကျောင်းမွေးမြူသောနေရာနှင့် မနီးမဝေးတွင် မြစ်ကလိုင်ဖြစ်နေသော နေရာရှိသည်။

ကမ်းစပ်မှာ လမုတောများ၊ ဗျိုက်တောများ ရှိသည်။

ရေတက်ရေကျတွင် ဝဲကတော့ထိုးသော နေရာလည်းဖြစ်သည်။ မင်းဒင်က ရေတစ်ပိုင်းကုန်းတစ်ပိုင်း ဖြစ်နေသောနေရာတွင် ပေါင်လုံးက အရွယ်ကြီးသော ကနုစိုသစ်တိုင်များ စေ့နေအောင် စိုက်ကာ ခြံခတ်ထားသည်။

ထိုသစ်တိုင်များကိုလည်း နံဘေးပတ်ပတ်လည်မှာ သစ်တန်းများပစ်ကာ သံကြိုးများဖြင့် အခိုင်အမာတုပ်နှောင်ထားသည်။

ရေကျချိန်ဖြစ်ပါက ပေ(၂၀)ခန့်မြင့်ပြီး ရေပြည့်ချိန်ဖြစ်ပါက (၁၀)ပေခန့် မြင့်လေသည်။

ရေပြည့်လျှင်သော်မှ အချို့နေရာများမှာ ကမ်းများပေါ်နေလေသည်။

မင်းဒင်က ထိုခြံထဲမှာ မိကျောင်းအကြီးအသေး (၁၀) ကောင်ခန့် မွေးထားလေသည်။

အခြားမှလာရောင်းသော မိကျောင်းများကိုဝယ်ယူထားသည့်အပြင် ၎င်းထံမှစေလွှတ်သော မိကျောင်းဖမ်းသမား



www.burmeseclassic.com

www.burmeseclassic.com



များ ဖမ်းမိလာသော မိကျောင်းများလည်း ထိုခြံထဲမှာ ထည့်ထားလေသည်။

အကောင်အတော်များများ စုမိသောအခါ အခြားနေရာမှလာသော ကုန်သည်များကို ကြိုက်ဈေးဖြင့် ရောင်းချပေးလေသည်။

ထိုကုန်သည်များက ကော့သောင်းဘက်မှပတ်ကာ ယိုးဒယားသို့ သယ်ဆောင်သွားကြလေသည်။

ၖင်းကုန်သည်များကို ရောင်းချရာမှာ မိကျောင်းအကောင် အရွယ်အစားကြီးပါက ဈေးမရှောင်ဘဲ ဝယ်ယူသွားကြလေသည်။ ၎င်းတို့နိုင်ငံများသို့ ရောက်သောအခါ မိကျောင်းသားရေချပ်မှာ တန်ဖိုးအရှိဆုံးပစ္စည်း ဖြစ်သွားလေတော့သည်။

ကမ္ဘာပေါ်တွင် မိကျောင်းအမျိုးအစား များစွာကွဲပြားသော်လည်း မိကျောင်းအုပ်စု၌ပါဝင်သော သတ္တဝါတို့ကတော့ များများမရှိပေ။

မိကျောင်းခေါင်းရှည်မျိုးနှင့် မိကျောင်းခေါင်းတိုမျိုး လောက်သာရှိသည်။

အာဖရိကတောမှ မိကျောင်းများ၊ ပစိဖိတ်၌ တွေ့ရသော မိကျောင်းများနှင့် မြန်မာနိုင်ငံအပါအဝင် အာရှတိုက်တစ်ဝန်းတွင်တွေ့ရသော မိကျောင်းများမှာ အကောင်အရွယ်အစားကြီးမားသည်။

အကြီးဆုံးတွေ့ရသော မိကျောင်းမျိုးမှာ ပေ(၃၀)ကျော်ခန့် အလျားရှိပြီး အများအားဖြင့် တွေ့နေရသော မိကျောင်းမျိုး





မှာ (၁၅)ပေမှ ပေ(၂၀)ခန့်သာ ရှိကြပေသည်။

မိကျောင်းသည် ရေနေသတ္တဝါဖြစ်သော်လည်း သောင်ပြင်နှင့်ကမ်းခြေအစပ်များမှာ တက်နေတတ်ကြသည်။

အဘယ်ကြောင့်ဆိုသော်. . .

ရေထဲမှာနေစေကာမူ လေကိုရှူပြီး အသက်ရှင်ရသောကြောင့်ဖြစ်သည်။

ဝေလငါး၊ လင်းပိုင်၊ လိပ်၊ ငါးရံ့စသော ရေနေသတ္တဝါတို့သည်လည်း ရေမှာနေသော်လည်း လေကိုရှူပြီး အသက်ရှင်ကြရသည်။

မိကျောင်းကို စလွတ်ဖြင့်ထိုးပါက ရေနက်ပိုင်းသို့ ငုပ်ပြေးတတ်သည်။

ထိုအခါ ကိုယ်မှာပတ်နေသော စလွတ်ကြိုးများက ရေအောက်မှာရှိသော သစ်ကိုင်းသစ်ငုတ်များဖြင့် ညိကာ အပေါ်သို့ ပြန်မတက်နိုင်ပါက ရေမွန်းပြီး သေလေသည်။

ရေထည့်ပြီး အလုံပိတ်ထားသော ရေအိုးတစ်လုံးထဲမှာ ငါးရံ့နှင့် ငါးခူငါးကျည်းများ ရောထည့်ထားပါက ငါးရံ့က ဦးစွာသေလေသည်။

ရေရှိသော်လည်း လေမရှူရသဖြင့် သေရခြင်းဖြစ်ပေသည်။

မိကျောင်းသည်လည်း ဖြင့်ပလေရှူပေးမှ အသက်ရှင်နိုင်ရသော ရေသတ္တဝါတစ်မျိုးဖြစ်သည်။

မိကျောင်းများသည် ရေချိုအရပ် ချောင်းငယ်မြောင်း



www.burmeseclassic.com

www.burmeseclassic.com



ငယ်တို့မှာ နေနိုင်သလို ရေငံအရပ်ပင်လယ်ပြင်မှာလည်း နေနိုင်သည်။

သို့သော်လည်း ဒီရေသစ်တောများပေါက်သော ရေချို ရေငန်စပ်နေရာများမှာ ကျင်လည်ကျက်စားရသည်ကို နှစ်သက် သဘောအကျဆုံး ဖြစ်ပေသည်။

မိကျောင်းသည် အခြားသတ္တဝါများနှင့်မတူဘဲ အသက် ရှင်နေသမျှ ကြီးထွားနှုန်း ဆက်လက်ရှိနေသော သတ္တဝါမျိုး လည်းဖြစ်သည်။

မိကျောင်းသည် မြန်မာနိုင်ငံနှင့် ရင်းနှီးပြီးသော သတ္တဝါ တစ်မျိုးလည်း ဖြစ်သည်။

'ငမိုးရိပ်မိကျောင်း'နှင့်ပတ်သက်သော ရာဇဝင် ဇာတ် လမ်းကို အတော်များများ သိနေကြသည်။

ရန်ကုန်မြို့မှာပင် ငမိုးရိပ်ချောင်း၊ ငမိုးရိပ်တံတားဟူ သော အမည်များပေးထားခဲ့ကြလေသည်။

မိကျောင်းဟူသော ဝေါဟာရမှာ မြန်မာဝေါဟာရဖြ သည်။

ပါဠိဘာသာအားဖြင့် 'သုသုမာရ'၊ 'ကုမ္ဘီလ'၊ 'နက္က' ဟု ခေါ်၍ မိကျောင်းဆိုသည်မှာ 'သတ်ဖြတ်တတ်သောအကော 'ရေအိုးအသွင်ဖြစ်နေသောအကောင်'၊ 'ဖျက်ဆီးတတ်သော အကောင်' ဟူ၍အဓိပ္ပါယ်ရှိသည်။

မိကျောင်းသည် ရေ၌ကျက်စားသော လိပ်၊ ပုစွန်လုံ ဖွတ်မိကျောင်း၊ မကာရ်း(မကန်း) အစရှိသော တိရစ္ဆာန်မျိုးဖြ





သည်။

ခြေရှိသော ရေသတ္တဝါ (ပါဒိန)မျိုး၊ ကိုယ်ခန္ဓာ၌ အခွံရှိသောသတ္တဝါ (ကောသဠ)မျိုးဖြစ်၏။ မိကျောင်းဟူသော အမည်နာမ သဘာဝအရခွဲခြားသော် ဇာတိမိကျောင်းနှင့် ဖွတ်မိကျောင်းဟူ၍ နှစ်မျိုးရှိသည်။

တွား၍သွားတတ်သော သတ္တဝါများအနက် မိကျောင်းသည် ကျယ်လောင်စွာအသံပြုနိုင်သော သတ္တဝါဖြစ်၏။

မိကျောင်းများ ဟစ်အော်နိုင်သည့်အသံမှာ ခရီးကွာလှမ်းသည့်နေရာမှ မိုးခြိမ်းသံမျိုး၊ သံစည်များလိမ့်သည့် အသံမျိုးနှင့် ခပ်ဆင်ဆင်တူသည်။

မိကျောင်း၏သွားများမှာ အံ့ဩဖွယ်ကောင်းလှသည်။

အကယ်၍သွားတစ်ချောင်းကျိုးလျှင် ထိုနေရာတွင် သွားအသစ်တစ်ချောင်း လျင်မြန်စွာပေါက်လာသည်။

ထိုနည်းတူ မိကျောင်း၏ဘဝတစ်သက်တာတွင် သွားသစ်များ ပေါက်လာလေ့ရှိသည်။

မိကျောင်းသည် အစာမရွေး စားနိုင်သည်။ အစာကို လျင်မြန်စွာကြေစေနိုင်သည်။ မိကျောင်းဝမ်းတွင်း၌ အစာကို ကြေညက်စေတတ်သော အလွန်ထက်သော ဓာတ်ဖောမါတ်ရှိခြင်းကြောင့် အစာကို လွယ်ကူလျင်မြန်စွာ ကြေညက်နိုင်စေခြင်းဖြစ်သည်။

မိကျောင်းများကို ဖမ်းဆီးရမိသည့် မွေးမြူထားသည့် အခါတွင် မိကျောင်းသည် မလှုပ်မယှက်အေးဆေးစွာနေတတ်



www.burmeseclassic.com

www.burmeseclassic.com



၏။ မိကျောင်းသည် တစ်နေ့လျှင် အသားတစ်ပေါင်ခန့်စား၍ အသက်မသေဘဲ ကြာရှည်စွာ နေနိုင်စွမ်းရှိကြသည်။

မိကျောင်းများနေပုံမှာ တည်ငြိမ်လွန်းသဖြင့် သေနေသလား သို့မဟုတ် အိပ်ပျော်နေသလားဟူ၍ . . သဲကွဲစွာ မသိနိုင်အောင် ထင်မှတ်မှားနိုင်သည်။

မိကျောင်းတွင် ကြောက်မက်ဖွယ်ကောင်းလှသော အား ပေးလက်နက်နှစ်ခုရှိသည်။

တစ်ခုမှာ. . သူ၏သန်စွမ်းခိုင်မာသော မေးရိုးကြီးများ ဖြစ်၍၊ အခြားတစ်ခုမှာ အားကောင်းကြံ့ခိုင်လှသည့် အမြီးကြီး ဖြစ်သည်။

မိကျောင်း၏ မေးရိုးကြီးများမှာ သန်စွမ်းခိုင်မာသည့်အ လျောက် ကိုက်မိပြီဆိုလျှင် ညှပ်ဖြင့်ညှပ်ထားဘိအလား မလွတ် နိုင်အောင် မြဲမြန်လှသည်။

မိကျောင်း၏ အားနည်းချက်တစ်ခုမှာ သူ၏မေးရိုးကြီး များသည် ညှပ်အားဖိအား အလွန်ကောင်းသလောက် ဖွင့်အား အလွန်လျော့သည်၊ လွယ်လွယ်နှင့် ပြန်မဟနိုင်ချေ။

တော်သင့်ရုံ ယောက်ျားကြီးတစ်ယောက်၏လက်ဖြင့် ပိတ်ပြီးသား မိကျောင်းနှုတ်ခမ်းနှစ်ဖက်ကို ဖိညှပ်ထားလျှင်. . . မိကျောင်းသည် ပါးစပ်ပြန်မဟနိုင်တော့ပေ။

မိကျောင်းနှင့်ရင်ဆိုင်တွေ့၍ သတ်ပုတ်ရသူအချို့သည် ဤပျော့ကွက်ကို အခွင့်ကောင်းယူ၍ အနိုင်သတ်ကြရသည်။

မိကျောင်းသည် ဖမ်းယူမည့်သားကောင်ကို နည်းပရိယာယ်သုံး၍ အမိဖမ်းယူတတ်သည်။





မိကျောင်း၏အမြီးဖြင့် အားယူရိုက်လိုက်လျှင် လူကို မဆိုထားနှင့် နွားကဲ့သို့သော ခြေလေးချောင်းသတ္တဝါအကြီးစား များပင်လျှင် ခြေကျိုး၍ ယိုင်လဲသွားနိုင်သည်။

ထိုကဲ့သို့ အမြီးဖြင့်ရိုက်ချ၍ ရေထဲသို့ကျလာလျှင် ရေ အောက်သို့ဆွဲနှစ်ပြီး ပါးစပ်ဖြင့်ကိုက်ချီကာ ရေငုပ်ပြေးသော နည်းပရိယာယ်ကို သုံးလေ့ရှိသည်။

ရေအောက်မှ ကိုက်ချီသွားသည့်အခါ. . အသံမမြည် အောင်လည်း လှုပ်ရှားသွားလာတတ်သည်။

မိကျောင်းသည် ရေထဲတွင် ဘုရင်တစ်ပါးအဖြစ်ဖြင့် နည်းပရိယာယ်အမျိုးမျိုးသုံး၍ သားကောင်ဖမ်းနိုင်ရန်အတွက် သဘာဝကပေးအပ်ထားသော ကိုယ်ခန္ဓာအစိတ်အပိုင်းများကို ထင်းပြည့်ကျပ်ပြည့် အသုံးချလေ့ရှိသည်။

ကမ္ဘာပေါ်တွင် ကြောက်မက်ဖွယ်အကောင်းဆုံးနှင့် ရွံ ရှာဖွယ်အကောင်းဆုံး သတ္တဝါမှာ မိကျောင်းဖြစ်ကြောင်း သိပ္ပံ ပညာရှင်တို့ဆိုကြသည်။

ကျွမ်းကျင်သူတို့၏ မှတ်တမ်းများအရ ကမ္ဘာပေါ်တွင် လူ့အသက်ကိုသတ်ဖြတ်ရာ၌ ကျား၊ ခြင်္သေ့၊ ကျားသစ်၊ မြွေ စ သည်တို့ကသတ်ဖြတ်သည့် စုစုပေါင်းဦးရေထက် မိကျောင်းတစ် မျိုးတည်းက သတ်ဖြတ်သည့်ဦးရေက များစွာပိုမိုကြောင်း လေ့ လာသိရှိရပေသည်။

အာဖရိကတိုက် တစ်တိုက်တည်းတွင်ပင် တစ်နှစ်တစ်



www.burmeseclassic.com

www.burmeseclassic.com



နှစ်လျှင် မိကျောင်း၏ဘေးရန်ကြောင့် လူပေါင်းတစ်ထော
ကျော်ခန့် သေဆုံးကြရသည်။ သေဆုံးသူများတွင် မိန်းမ
ကလေးတို့က အများဆုံးဖြစ်သည်။

မိကျောင်းသည် အစာဖမ်းရန် သားကောင်ကို ချော
မြောင်းရာတွင် နည်းပရိယာယ် ကျွမ်းကျင်လှသည်။

မိကျောင်းသည်. . ရေထဲတွင် တစ်ကိုယ်လုံးနှစ်မြ
ပျောက်ကွယ်နေစေလျက် မျက်လုံးနှစ်လုံးသာ ရေပေါ်တွင် ေ
ထားကာ ဖမ်းယူစားသောက်ရမည့် သူ့အစာ သားကောင်
အချိန်ကြာမြင့်စွာ စောင့်ကြည့်နေနိုင်သည်။

မိကျောင်း၏ ကိုယ်လုံးအနေအထားသည်. . ရေ
သင်္ဘော တည်ဆောက်ထားသည့်ပုံနှင့် တူလှသည်။

မိကျောင်း၏ ခန္ဓာကိုယ်မှာ ရေပေါ်သို့ ပေါ်တက်
လိုလျှင်လည်းရသည်။ ရေအောက်သို့ ငုပ်လျှိုးလိုလျှင်လည်
သည်။ ရေအောက်သို့ ငုပ်လိုက်လျှင် နားနှာခေါင်း အာခေါင်
အတွင်းသို့ ရေမဝင်နိုင်စေရန်. . ရေဝင်ပေါက်သည် အလို
လျောက် ပိတ်ပြီးသားဖြစ်သည်။

မိကျောင်း၏မျက်စိသည် သေးငယ်တောက်ပသေ
ကျောက်ကလေးများ ထောင်နှင့်ချီ၍ ပြည့်နှက်စီချယ်ဝိုင်းရံထ
သောကြောင့် ညအခါတွင် ရေအောက်၌ ဖြစ်စေကာမူ အလ
ရောင်ရ၍ မြင်နိုင်စွမ်းရှိသည်။

ညအခါတွင် မိကျောင်းပစ်မှုဆိုးများ၏ မီးမောင်း
ထိုးလိုက်လျှင် ပေ(၃၀၀)အကွာခန့်ဆီ၌ မော်တော်ကား နော





သမှာ နီရဲတောက်ပနေသော မိကျောင်းမျက်လုံးများကို ရေထဲ
ွင်တွေ့မြင်နိုင်သည်။

မိကျောင်းသည် အစာကို ဖမ်းယူစားသောက်ရာတွင်
ချာင်းမြောင်းတိုက်ခိုက်တတ်သည်။

မိကျောင်းသည် နွားလောက်ကြီးမားသော သားကောင်
စားလိုလျှင် ရှေးဦးစွာ တိတ်တဆိတ် ပုန်းအောင်းနေရာမှ
ုတ်တစ်ပြက်အချိန်အတွင်း သားကောင်၏အလစ်တွင် သား
ောင်ကို အမြီးဖြင့် ရိုက်ချလိုက်သည်။

ထိုသားကောင်သည် ယိုင်လဲ၍ ရေထဲသို့ကျလာသော
ခါ ရေနက်ရာသို့ဆွဲချပြီး ရေနစ်မွမ်းစေရန် နှစ်ထားလိုက်
ည်။

ထို့နောက်မှ ရန်တုန့်မပြန်နိုင်တော့သော သားကောင်
သဘောရှိစားသောက်နိုင်ရန် ကိုက်ခဲသယ်ဆောင်သွားလေ
ည်။

မိကျောင်းတွင် အခက်အခဲတစ်ခုရှိ၏။ ၎င်းက. . သူ၏
းများသည် ကျား၊ ခြင်္သေ့တို့ကဲ့သို့ သားကောင်ကို ကိုက်ဖြတ်
သောက်နိုင်သော သွားများမဟုတ်ပေ။ တစ်လုတ်စာ၊ တစ်
တ်စာကိုက်ဖြတ်ပြီး မျိုချရသူ သွားအမျိုးအစားတို့သာ ဖြစ်
ည်။

မိကျောင်းသည် ခွေးကဲ့သို့သော အကောင်ငယ်များ
ု ပါးစပ်ဖြင့် ကိုက်ဆွဲပြီး ခါလိုက်သည့်အခါ အပိုင်းပိုင်းပြတ်
ားသည်။ ထိုအခါမှ အသားပိုင်းအပြတ်စများကို တစ်လုပ်စီ



www.burmeseclassic.com

www.burmeseclassic.com



တလုတ်စီ မျိုချတတ်သည်။

မိကျောင်းတို့တွင် သဘာဝအရ ဖန်တီးထားသော လှိုင်ခေါင်းအတွင်း၌ မိကျောင်းအစာသိုက် ရှိတတ်ပေသည်။

မိကျောင်းသည် နွားကဲ့သို့ကြီးမားသော သားကောင်ကို ရသောအခါ ရေအောက်မှ အစာသိုလှောင်ရာ လျှို့ဝှက်လှိုင်ခေါင်းအတွင်းသို့ ယူဆောင်သွားတတ်သည်။

ထိုလှိုင်ခေါင်းမျိုးသည် ရေအောက်မှ တစ်ဆက်တည်း မြေကြီးအတွင်းသို့ဝင်၍. . တဖြည်းဖြည်းမြင့်တက်ကာ ရေနှင့်လည်းလွတ်ကင်း၊ ကုန်းပေါ်မှလည်း မမြင်ရ၊ လေဝင်ပေါက်လည်းရှိသော အစာသိုလှောင်ရာ ဂိုဒေါင်သဖွယ် ဖြစ်နေတတ်သည်။

အစာသားကောင်ကို ထိုလှိုင်ခေါင်းထဲထား၍ တဖြည်းဖြည်းပုပ်ပြီး ပျော့ပြောင်းလာမှ စားသောက်တတ်သည်။

မိကျောင်းများ ဥဥပုံနှင့် သားပေါက်ပုံကို အကျဉ်းမျှ ဖော်ပြလိုသည်။


မိကျောင်းများသည် ရေနှင့်နီးသည့် ပူနွေးသော သဲသောင်ပြင်၊ လူနှင့်ဝေးကွာရာ အရပ်များတွင် ဥဥတတ်ကြသည်။

မိကျောင်းဥသည် (၃)လက်မခန့်ရှည်၍ တစ်ကြိမ်ဥလျှင် ပျမ်းမျှ (၅၅)လုံးခန့်ရှိသည်။

မိကျောင်းမကြီးသည် ဥဥပြီးလျှင် ဥများကို သဲဖြင့်ဖုံး၍ မနီးမဝေးမှ စောင့်ရှောက်နေတတ်သည်။ ဥမှ မိကျောင်းကလေးများပေါက်ရန် (၃)လနီးပါး ကြာတတ်သည်။







တောထဲ၌ သဘာဝအတိုင်းပေါက်သော မိကျောင်းအကောင်ပေါက်ကလေးများမှာ အန္တရာယ်များလှသည်။

ဥ(၁၀)လုံးဥပြီး. . အကောင်(၁၀)ကောင်ပေါက်လျှင်သော်မှ တစ်ကောင်နှစ်ကောင် အသက်ရှင်ကျန်ခဲ့ဖို့ မလွယ်လှပေ။ မိကျောင်းအကောင်ပေါက်ကလေးများက ငယ်ရွယ်စဉ်က အန္တရာယ် မရှိသေးပေ။

ထို့ပြင် ရေတိမ်နှင့် ဗျိုက်တောများကြားမှာ သွားလာနေရာ ရေစပ်၌ကျက်စားနေသော ငှက်များနှင့် အခြားသတ္တဝါများအပြင် မျိုးတူမိကျောင်းကြီးများကပင် တွေ့သည်နှင့် ဖမ်းယူစားသောက်လေ့ရှိရာ အသက်ရှင်ကျန်သော အကောင်အရေအတွက် နည်းပါးရခြင်းဖြစ်သည်။

မိကျောင်းမတစ်ကောင် အသိုက်ကိုက်လျှင် ထိုအနီး



www.burmeseclassic.com

www.burmeseclassic.com



တစ်ဝိုက်မှာရှိသော ဗျိုင်း၊ ဘုတ်ငှက်၊ တောကျိုးကန်း၊ ဖွတ် စသောသတ္တဝါများ၊ တောကြောင်များက သိကြသည်။ ထိုအနီး တစ်ဝိုက်မှာပင်အခြေအနေကြည့်ပြီး တရစ်ရစ်ဝဲဝဲ လာနေတတ်ကြသည်။

ဥချချိန်မှ (၃)လနီးပါးအကြာတွင် အကောင်ပေါက်လာသောအခါမှာတော့ မိကျောင်းမကြီးမရှိခိုက်တွင် ထိုးသုတ်ဖမ်းဆီးပြီး စားသောက်ကြလေတော့သည်။ ထိုအန္တရာယ်များမှ . . ကံကောင်းထောက်မစွာ လွတ်မြောက်ခွင့်ရကြခြင်းဖြစ်သည်။

တစ်နှစ်ခန့်ကြာတော့ (၄)ပေခန့်ကြီးလာသည်။

ထိုအခါ မိကျောင်းက ဘယ်တိရိစ္ဆာန်ကိုမှ မကြောက်တော့ဘဲ သူကပြန်ပြီး ဖမ်းဆီးစားသောက်လေတော့သည်။

နှစ်နှစ်လောက်ကြာ၍ (၆)ပေခန့်ရှည်လာလျှင်တော့ တိရစ္ဆာန်များသာမကတော့ပဲ လူနှင့်ကျွဲ၊ နွား၊ ဝက် စသည်တို့ကိုပါ ဖမ်းဆီးစားသောက်တတ်ကြလေသည်။

မိကျောင်းမှာ အသားထက် သည်းခြေနှင့်သားရေကများစွာအသုံးဝင်သည်။ ဆေးဖက်လည်းဝင်သည်။

မိကျောင်းသည်းခြေမှာ မြန်မာ့နန်းတွင်းဆေးများဖြစ်ကြသော နန်းတွင်းလျှာပွတ်ဆေးကြီး၊ သည်းခြေပေါင်းချုပ်ဆေးနှင့် ရွှေတလေးသည်းခြေဆေးတို့တွင် ပါဝင်လေသည်။

မိကျောင်းသားရေကို ဖိနပ်ပြုလုပ်စီးပါက . . မျက်စိဝေဒနာဘယ်သောအခါမှ မဖြစ်ပေ။

မိကျောင်းအစွယ်မှာ မျက်စိတိမ်စွဲခြင်း စသောရောဂါ





ကိုယ်တွင်းအပူနာ၊ ဦးခေါင်းကိုက်ခဲသော ရောဂါဝေဒနာတို့ကို သက်သာပျောက်ကင်းစေသည်။ သို့ကြောင့် တန်ဖိုးရှိသည်။

တစ်ကိုယ်လုံး တန်ဖိုးအရှိ ဆုံးကတော့ မိကျောင်းသားရေချပ်ပင်ဖြစ်သည်။

မိကျောင်းသားရေချပ်တို့ဖြင့် သားရေအိတ်၊ လက်ကိုင်အိတ်၊ ဖိနပ်၊ ဂျာကင် စသော အသုံးအဆောင်များ ပြုလုပ်ရောင်းချသည်။ ကမ္ဘာ့ဈေးကွက်၌ ဒေါ်လာများစွာနှင့် ပေးဝယ်မှ ရနိုင်သောပစ္စည်း၊ သူဌေးသူကြွယ်တို့သာ အသုံးပြုနိုင်သော အဖိုးတန်ပစ္စည်းများ ဖြစ်ကြသည်။

(၁၉၀၀)ပြည့်နှစ် နောက်ပိုင်းကာလများ၌ ကမ္ဘာဈေးကွက်တွင် မိကျောင်းသားရေဖြင့် ပြုလုပ်ထားသော ဖိနပ်တစ်ရံလျှင် ဒေါ်လာ(၇၀) တန်ဖိုးရှိသည်။

မိကျောင်းသားရေတွင် ဈေးအကြီးဆုံးမှာ ဝမ်းဗိုက်သားရေချပ်ပင်ဖြစ်သည်။

ထိုအချိန်က မိကျောင်းဝမ်းဗိုက်သားရေတစ်ချပ်ကို ဒေါ်လာ(၁၀၀)နီးပါး တန်ဖိုးရလေသည်။

ထို့ကြောင့် အသက်ဖြင့်အရင်းအနှီးပြုလုပ်ကာ. . . အန္တရာယ်ကြီးလှသော မိကျောင်းများကို ဖမ်းဆီးပြီး အရောင်းအဝယ်ပြုလုပ်နေကြခြင်းပင် ဖြစ်ပေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com





## အခန်း (၉)

# မိကျောင်းနှင့်ထူးဆန်းသောအဆိပ်

ထိုခေတ်အခါက အောက်ပိုင်းအရပ်ဒေသများ၌ နေကြသောရွာများမှာ တစ်နှစ်တစ်ခါဆိုသလို ဦးရှင်ကြီးနတ်ကို ကျင်းပပေးကြရသည်။

ကြီးကြီးကျယ်ကျယ် ပြုလုပ်သော နေရာများမှာတော့ အငြိမ့်ပွဲ၊ ဇာတ်ပွဲ၊ ဆိုင်းပွဲများ ထည့်သွင်းပြီး ကျင်းပပူဇော်ကြသည်။

အချို့ကျေးရွာများကတော့ ထိုကိစ္စများ မတတ်နိုင်ကြ



www.burmeseclassic.com

www.burmeseclassic.com



သဖြင့် နတ်စင်များမှာပင် မိရိုးဖလာ ထုံးစံရှိသည့်အတိုင်း တင်မြှောက်ပသခြင်းပြုလုပ်ကြရလေသည်။

ထိုကဲ့သို့ ပူဇော်ခြင်းက မိမိတို့နေအိမ်၌ တစ်ဦးချင်း တင်မြှောက်သည်နှင့် မဆိုင်ပေ။ ရွာလုံးကျွတ် အားလုံးပါဝင်ပြီး တင်မြှောက်ပသကြခြင်း ဖြစ်လေသည်။

အခြားနေရာများတွင် ထိုကဲ့သို့ မဖြစ်မနေ တင်မြှောက်ကြရသည်ဆိုလျှင် ဦးရှင်ကြီးနတ်၊ အဘိုးနတ်တို့နှင့် သက်ဆိုင်သော. . သေလာဃျကျွန်း(ယခု ကျွန်းညိုကြီး)၊ မိန်းမလှကျွန်းစသောနေရာများ၌ နေထိုင်ကြသူများအတွက်ကတော့ ပြောဖွယ်ရာမလိုတော့ပေ။

သေလာဃျကျွန်း၏ တောင်ဘက်ထိပ်တွင် ဦးရှင်ကြီးနတ်ကွန်းနှင့် အဘိုးနတ်ကွန်းတို့ ရှိကြလေသည်။

နှစ်စဉ် နတ်တော်လရောက်လျှင် ဦးရှင်ကြီးနတ်ပွဲကို ကျင်းပပေးကြသည်။

ထိုနတ်ကွန်းများကို ဆောက်လုပ်ထားသည်မှာ သေလာဃျရွာမှ ရွာသူရွာသားများဖြစ်ကြသလို နှစ်စဉ်ဦးရှင်ကြီးနတ်ပွဲကိုလည်း သေလာဃျရွာလူကြီး ဦးရွှေမှုံက ဦးဆောင်ပြီး ကျင်းပပြုလုပ်လေသည်။

ဥပမာ နတ်တော်လပြည့်နေ့တွင် နတ်တင်ပွဲကျင်းပကြမည်ဆိုလျှင် ရှေ့တစ်ရက်၊ နောက်တစ်ရက် ထပ်ပေါင်းပြီး သုံးရက်တိုင်တိုင် ကျင်းပကြလေသည်။

နတ်ပွဲကျင်းပတော့မည်ဆိုလျှင် တစ်ရွာလုံးအလုပ်များ





နားပြီး နတ်ပွဲအတွက် ကူညီလုပ်ကိုင်ပေးကြရသည်။

ကျန်သည့်နေရာမှာ ကျင်းပသောအလှူအတန်းနှင့် ပွဲလမ်းသဘင်များကိုသာ မသွားဘဲ နေချင်နေဝံ့မည်၊ ဦးရှင်ကြီးနတ်ပွဲကျင်းပသော နေရာကိုတော့ မည်သူမှမသွားဘဲ မနေဝံ့ကြပေ။

အကယ်၍ မသွားဘဲနေလျှင် ကျွန်းပိုင်သခင်အား. . မထေမဲ့မြင်ပြုရာရောက်ပြီး ဘေးအန္တရာယ်ဆိုးများဖြင့် တွေ့ကြရလေသည်။ ထို့ကြောင့် မသွားဘဲ မနေဝံ့ကြဘဲ ဖြစ်သည်။

ထို့အပြင် အောက်ပိုင်းဒေသတွင် တစ်နှစ်တစ်ခါ ကျင်းပသော အစည်ကားဆုံးပွဲဖြစ်သောကြောင့်ပင် ဖြစ်သည်။

ထိုပွဲကျင်းပတော့မည်ဆိုလျှင် လူကြီးများက ဗိုလ်ကလေးမြို့၊ ဖျာပုံမြို့၊ မော်ကျွန်းမြို့များမှာရှိသော ဆိုင်း၊ အငြိမ့်၊ ဇာတ်ပွဲများထဲမှ ကောင်းနိုးရာရာကို ရွေးချယ်ငှားရမ်းပြီး ထည့်သွင်းကျင်းပလေသည်။

ရှေးနှစ်ပေါင်းများစွာက မော်ကျွန်းဟုခေါ်သော မော်လမြိုင်ကျွန်းမြို့တွင် ဇာတ်အဖွဲ့၊ ဆိုင်းအဖွဲ့များ ရှိခဲ့ကြသည်။

အောင်သန်းညွန့်ဇာတ်အဖွဲ့၊ ခေတ်ဆန်းတင် ဇာတ်အဖွဲ့ နှစ်ဖွဲ့နှင့် ဘိုကေစိန်ဆိုင်းအဖွဲ့၊ ဇလွန်ဆိုင်းအဖွဲ့၊ ဘိုကေသောင်းဆိုင်းအဖွဲ့တို့ ရှိကြသည်။

ဗိုလ်ကလေးမြို့မှာတော့ စိန်အောင်မြင့်ဆိုင်းအဖွဲ့၊ စိန်ဘကျော်ဆိုင်းအဖွဲ့၊ စိန်မြသန်းဆိုင်းအဖွဲ့နှင့် ဇလွန်တင် ဆိုင်းအဖွဲ့တို့ ရှိခဲ့ကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



နတ်ပွဲကျင်းပရန် တာဝန်ယူထားသော သူကြီးများက ထိုမြို့များမှာရှိသော ဇာတ်ပွဲဆိုင်းပွဲ၊ အငြိမ့်ပွဲများကို သင့်တော်သလိုငှားရမ်းပြီး ထည့်သွင်းကျင်းပကြသည်။

ပွဲတော်ရက်နီးလာလျှင်. . . နီမောင်တို့လို လူငယ်လူရွယ်များမှာ မနားကြရတော့ပေ။

တစ်နှစ်လုံးပစ်ထားသော ရွာတော်ရှင်၊ မြို့တော်ရှင်၊ လယ်တော်ရှင်များ၏ နတ်ကွန်းများနှင့် ပတ်ဝန်းကျင်မှာရှိသော သစ်ပင်ချုံနွယ်များကို ခုတ်ထွင်ရှင်းလင်းကြရသည်။

ဆူးခြောက် ခလုတ်များကိုလည်း ဖယ်ရှားကြရသည်။

ဧည့်သည်များအတွက် မဏ္ဍာပ်များထိုးကြရသည်။

ဘုန်းကြီးများအတွက် သံဃာစင်များ ပြုလုပ်ရသည်။

ထို့ထက် ဆိုင်းတီးမည့်နေရာ၊ ဇာတ်ပွဲကမည့် ဇာတ်စင်များကို ပြုလုပ်ပေးကြရသည်။

ထိုသို့ပြုလုပ်ရာမှာတော့ သေလာယျရွာမှ လူငယ်လူရွယ်များချည်း မဟုတ်ပဲ အနီးပတ်ဝန်းကျင်မှ လာကြသော လူငယ်လူရွယ်များပါ ဝိုင်းဝန်းအကူအညီပေးကြသောကြောင့် ပျော်ပျော်ပါးပါးရှိသည်။

မျောတိုင်၊ သစ်တိုင်၊ ဓနိတိုင်၊ လျှော်ကြိုးစသည်တို့က တောထဲမှာပင် အလွယ်တကူရနိုင်သောကြောင့် အခက်အခဲမရှိကြပေ။

ပွဲဈေးရောင်းမည့် ဒေသခံဈေးသည်များနှင့် ဗိုလ်ဇလေးမြို့မှ လာရောက်ရောင်းချကြမည့် ဈေးသည်များကတော့





ဆိုင်နေရာများကို ၎င်းတို့ကိုယ်တိုင် ရှင်းလင်းကြသည်။

ယာယီတဲများ ထိုးကြ၊ ဆောက်ကြလေသည်။

နတ်တော်လဆန်း (၁၄)ရက်နေ့တွင် နတ်စင်များကို စတင်ပူဇော်ကြလေသည်။

ရပ်ဝေးရပ်နီးမှ လှေများ၊ လှည်းများ ဖြင့်သော်လည်းကောင်း၊ ခြေလျင်သော်လည်းကောင်း ကိုယ့်အုပ်စုနှင့်ကိုယ် လာကြသည်။

မြဝင်းသူတို့ အပို့တစ်သိုက်ကိုတော့ ငါးရှဲလုပ်နေသော တင်မောင်ထွန်းက ငါးပို့သောစက်လှေဖြင့် တင်ခေါ်လာသည်။ တင်မောင်ထွန်းလည်း ပါလာလေသည်။

အချိန်က နံနက်ပိုင်းအချိန်သာသာပင် ရှိနေသည်။

ထိုအချိန်မှာ နီမောင်၊ စောထီး၊ ငမဲအောင်တို့ သုံးယောက်က မြစ်ကမ်းဘက်မှလာသူများ အတက်အဆင်းလွယ်ကူစေရန် သစ်သားတိုင်များဖြင့် တံတားဆောက်နေရာ ပြီးခါနီးနေလေသည်။

မြဝင်းသူတို့ပါလာသော စက်လှေကထိုတံတားမှာပင် သာရောက်ဆိုက်ကပ်ပေးရာ တစ်ယောက်ချင်းလက်တွဲပြီး အပေါ်ရောက်အောင် ဆွဲတင်ပေးရသည်။

တင်မောင်ထွန်းက တံတားပေါ်မှာ တစ်ယောက်ချင်းဆွဲတင်ပေးရာ မြဝင်းသူအလှည့်ရောက်တော့ လက်ကမ်းမပေးဘဲနေလေသည်။

"မြဝင်းသူ ငါဆွဲတင်ပေးမယ်လေ. . ."



www.burmeseclassic.com

www.burmeseclassic.com



"နေပါစေ. . . ကျမဘာသာတက်ပါ့မယ်"

ဟုပြောပြီး နီမောင်ရှိရာသို့ တစ်ချက်လှမ်းကြည့်လေသည်။ နီမောင်ကလည်း လှမ်းအကြည့်နှင့် အကြည့်ချင်းဆုံသွားသဖြင့် ခေါင်းတစ်ချက်ညိတ်ပြလိုက်သည်။

တင်မောင်ထွန်းက အရှက်ပြေသဘောမျိုးဖြင့် အခြား တစ်ယောက်နှစ်ယောက်ကို ဆွဲတင်ပြီး တံတားပေါ်တက်သွားလေသည်။ ဒီတော့မှ နီမောင်ရောက်လာပြီး မြဝင်းသူလက်ကို ကမ်းပေးပြီး အပေါ်ဆွဲတင်လိုက်လေသည်။

"နီမောင် နင်ဘယ်တုန်းကရောက်နေတာလဲ"

"မနေ့ကတည်းကရောက်ပြီး ဒီမှာလာလုပ်ပေးနေတာ"

"ဘယ်တော့ပြန်မှာလဲ"

"ညနေပိုင်းလောက်တော့ပြန်မယ်၊ ဘာဖြစ်လို့လဲ"

"ငါပြန်ရင် တစ်ခါတည်းလိုက်ခဲ့ပါလား"

"ဘာဖြစ်လို့လဲ"

"ငါ သူတို့နဲ့ မပြန်ချင်တော့ဘူး"

နီမောင်က သဘောပေါက်သွားဟန်ဖြင့် ခေါင်းညိတ်လိုက်လေသည်။

သည်တော့မှ မြဝင်းသူက ကျေနပ်သွားသော အမူအရာဖြင့်ကမ်းပေါ်မှ ရပ်စောင့်နေသောအဖော်များရှိရာသို့ လျှောက်သွားလေသည်။

ထိုအခိုက်မှာပင်. . .





"ဝုန်း"

"အား. . . ကယ်ကြပါဦးဗျ"

စက်လှေနောက်ပိုင်းမှာ ရပ်နေသူများထဲမှ အော်သံကြားသဖြင့် လှည့်ကြည့်လိုက်သောအခါ ရေထဲပြုတ်ကျသွားသည်ကို လှမ်းမြင်လိုက်ရသည်။

"လူတစ်ယောက်ကို မိကျောင်းပုတ်ချသွားလို့ ကယ်ကြပါဦးဗျို့"

လူတစ်ယောက်က အော်ပြောလေသည်။

နီမောင်က တံတားပေါ်မှ စက်လှေပေါ်သို့ ခုန်ချလိုက်သည်။ စက်လှေပေါ်မှာ ကျန်နေကြသူများမှာ ကြောက်လန့်တကြားနှင့် တံတားပေါ်တက်ပြေးကြလေသည်။

နီမောင်က စက်လှေပဲ့ပိုင်းသို့ထွက်ပြီး အခြေအနေကြည့်သည်။

မိကျောင်း၏ သဘာဝမှာ လူဖြစ်စေ၊ တိရစ္ဆာန်ဖြစ်စေ အောက်သို့ပုတ်ချလိုက်ပြီးနောက် ချက်ချင်းကိုက်ချီသွားသည် မဟုတ်ပေ။

ရေထဲကျလာသောလူဖြစ်စေ တိရစ္ဆာန်ဖြစ်စေ ရေမွန်းသေအောင် ဒါမှမဟုတ် သတိမေ့သွားအောင် အပေါ်မှ ကိုယ်ဖြင့် တက်ဖိထားသည်။

ငြိမ်သက်သွားတော့မှ အလောင်းစင်ဟုခေါ်သော ဂုင်းပေါ်သို့တင်ကာ သားရဲတွင်းရှိရာ သယ်ဆောင်သွားလေ့ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



နီမောင်က လှေပဲ့ပိုင်းမှရပ်ကာ ရေထဲကျသွားသူ ပြ… ပေါ်လာလေမလားဟု စောင့်ကြည့်နေသည်။

ထိုအချိန်မှာ တံတားပေါ်မှာရော ကမ်းပေါ်မှာပါ လူ… အများရောက်လာပြီး ဝိုင်းအုံကြည့်နေကြသည်။

တစ်ယောက်မှတော့ ဆင်းမလာဝံ့ကြပေ။

ထိုအခိုက်မှာပင် တံတားပေါ်မှာ ရှိနေကြသည့်စောထီး နှင့်ငမဲအောင်တို့နှစ်ယောက်က စက်လှေထဲဆင်းလာပြီး နီမော… အနားရောက်လာကြသည်။

"ဘယ်လိုလုပ်မလဲနီမောင်"

"တခြားနေရာ မရောက်သေးဘူး၊ ဒီနေရာမှာပဲ ရှိသေ… တယ်. . ငါဆင်းမယ်၊ မင်းတို့နှစ်ယောက်က အပေါ်ကကူ… ဖို့ ပြင်ထားကြ"

ဟုပြောပြီး ရေထဲသို့ ခုန်ဆင်းသွားလေသည်။

"ဟာ နီမောင်ရေထဲဆင်းသွားပြီဟ"

ရေအောက်ရောက်သည်နှင့် နီမောင်က မျက်စိဖွ… ကြည့်လိုက်သည်။

နွေရာသီဖြစ်သောကြောင့် ပင်လယ်ရေက ကြည်… သည်။ အတော်တော်လှမ်းလှမ်း အထိမြင်ရသည်။

ကြည့်လိုက်တော့သူနှင့် မနီးမဝေးနေရာမှာ မည်းမည်… သင်္ဘောနက်ကြီးကို ခပ်ရေးရေးမြင်နေရသည်။ သေချာပြီ. . .

မိကျောင်းကရေထဲကျသွားသူကို ရေမွှန်းပြီးသေအောင် အပေါ်မှ တက်ဖိထားခြင်းဖြစ်သည်။





ထို့ကြောင့် အပေါ်ကို ခေါင်းတစ်ချက်ဖော်ပြီး စောထီး နှင့်ငမဲအောင်တို့ကိုခေါ်ရာ. . ချက်ချင်းဆင်းလာကြသည်။ သုံး ယောက်သားဆုံတော့ အခြေအနေကိုပြောပြီး ရေထဲပြန်ငုပ်ကာ မိကျောင်းရှိရာသို့သွားသည်။

မိကျောင်းမှာ သဘာဝလက်နက်ကြီးနှစ်ခု ဖြစ်သော ပါးစပ်ကိုက်အားနှင့် အမြီးရိုက်ခြင်းကို အားကိုးသော်လည်း ရေ ထဲရောက်သောအခါ အမြီးရိုက်၍မရတော့ပေ။

အဘယ်ကြောင့်ဆိုသော်. . .

အမြီးရိုက်တော့မည်ဆိုလျှင် ရှေ့လက်နှစ်ချောင်းကိုမြေ မှာထောက်ပြီး ဇောက်ထိုးအနေအထားဖြင့် အားယူပြီး ရိုက်ရ ခြင်းဖြစ်သည်။

ရေပြင်ပေါ်မှာသော်လည်းကောင်း. . မြေပြင်ပေါ်မှာ သော်လည်းကောင်းရှိနေသော အခါမှာတော့ အမြီးကိုဂငယ် ကွေးကွေးပြီး ရိုက်လေ့ရှိသည်။

ရေအောက်မှာဆိုလျှင်တော့ အမြီးရိုက်အား မကောင်း တော့ပေ၊ ပါးစပ်ကိုက်အားကိုသာ ရှောင်ရတော့မည်။

နီမောင်တို့သုံးယောက်စလုံးမှာ ရေအောက်၌အချိန် အတော်ကြာသည်အထိနေနိုင်အောင် လေ့ကျင့်ထားသူများ ဖြစ်သောကြောင့် အခက်အခဲမရှိကြပေ။

ရေကလည်း ကြည်လင်လှသဖြင့် အတော်ဝေးဝေးမှ မြင်ကွင်းကိုပင် မြင်နိုင်ကြလေသည်။

ရေအောက်ရောက်တော့ အခြေအနေကိုကြည့်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကမ်းစပ်ရေတိမ်ပိုင်း ဖြစ်သောကြောင့်လည်း ပတ်ဝန်းကျင်ကို အလွယ်တကူမြင်တွေ့ရသည်။

မနီးမဝေးမှာ မည်းမည်းသဏ္ဌာန်ကြီး တွေ့ရသည်။ ၎င်းဝမ်းဗိုက်အောက်မှာ ရေထဲကျသွားသူကို တက်ဖိလေသည်။ နီမောင်က ထိုနေရာရောက်အောင်သွားပြီး အပေါ်မှနေရာယူရန် ပြင်သောအခါ မိကျောင်းက ဖိထားသူကိုလွှတ်ပြီး လှည့်ကိုက်သည်။

နီမောင်ကရှောင်ပေးပြီး. . တစ်နေရာသို့ ရွေ့သည်။ မိကျောင်းက ရထားသောလူထက် နောက်ထပ်ရောက်လာပြီး လာရောက်နှောက်ယှက်သူကို လိုက်လံတိုက်ခိုက်သည်။ နီမောင် နောက်ကိုလိုက်လာသဖြင့် ဝမ်းဗိုက်အောက်မှလူက လွတ်သွားလေသည်။

ထိုလူကို စောထီးနှင့် ငမဲအောင်တို့က သယ်ယူသွားကြပေပြီ။ နောက်ပိုင်းပူစရာမလိုတော့ပေ။

နီမောင်က. . . နောက်မှလိုက်လာသော မိကျောင်းကို ရှောင်ရင်းတိမ်းရင်းနှင့် အပေါ်သို့ရောက်အောင် ကြိုးစားလေသည်။

တစ်ခုတော့ရှိသည်. . . သူ့ဆီမှာ ဓါးမပါလာပေ။

မိကျောင်းထိုးသော နှစ်ဖက်သွား ဓါးတစ်လက်လောက် သာပါလာလျှင် ထို့ထက်အခြေအနေ ပိုကောင်းနိုင်သည်။ ဓါးမပါလည်း စိတ်ပူစရာတော့မဟုတ်ပေ။

မိကျောင်းတစ်ကောင်ကို လက်ချည်းသက်သက်ဖြင့်





ဘယ်လိုဖမ်းရမည်။

သတ်ရမည်ကို ကောင်းစွာသိပေသည်။

“မင်းလည်း ရေမှုဆိုး. . ငါလည်း ရေမှုဆိုး၊ တွေ့ကြပြီပေါ့ကွာ”

ဟုစိတ်ထဲမှ ရေရွတ်လိုက်လေသည်။

တစ်ကြိမ်မှာတော့ မိကျောင်းက ပြေးကိုက်ရာ နံဘေးသို့လွတ်အောင်ရှောင်ပေးလိုက်ပြီး လည်ပင်းကို လှမ်းဖက်ကာ. . ကျောပေါ်ရောက်အောင်တက်သည်။

ကျောပေါ်ရောက်သွားတော့ သူ့အတွက်အန္တရာယ်ကင်းသွားလေသည်။

ပါးစပ်ဖြင့်ကိုက်၍လည်းမရ. . .

အမြီးနှင့်ရိုက်လို့လည်း မမီတော့ပေ။

ကျောပေါ်ရောက်သည်နှင့် လက်တစ်ဖက်ဖြင့် လည်ပင်းကိုဖက်ပြီး ကျန်တစ်ဖက်ဖြင့် မျက်လုံးတစ်ဖက်ကို ကုပ်ပြီး လက်ချောင်းဖြင့် ထိုးသွင်းလိုက်သည်။

မိကျောင်းမှာ မခံနိုင်သဖြင့် ရေပေါ်သို့ ထိုးပေါ်ရလေသည်။

ထိုအခြေအနေကပင် နီမောင်အတွက် အသက်ရှူရန်သူ့အတွက် အခွင့်အရေးရသွားလေသည်။

ကမ်းစပ်မှရော တံတားပေါ်မှာပါ ဝိုင်းကြည့်နေကြသောသူများ၏ ဆူဆူညံညံအသံများ အသံများပေါ်လာသည်။ ရေပြင်ပေါ်သို့ ဦးခေါင်းထိုးတက်လာသော မိကျောင်း၏ ဦးခေါင်းပိုင်း



www.burmeseclassic.com

www.burmeseclassic.com



ကိုမြင်လိုက်သောအခါ များစွာအံ့ဩသွားကြလေသည်။

"ဟ. . . ဒီမိကျောင်းရဲ့ ပုံပန်းသဏ္ဍာန်က တစ်မျိုးပါလား"

ထိုသို့အော်နေစဉ်မှာ မိကျောင်းက ရေအောက်သို့ ပြန်ငုပ်ဆင်းပြန်သည်။

နီမောင်က နောက်မျက်လုံးတစ်ဖက်ကို ထိုးဖောက်ပြန်လေသည်။

ဒီတစ်ခါမှာတော့ မျက်လုံးကို နှိုက်နေသော နီမောင်လက်ကို လက်သည်းချွန်များပါသော လက်တစ်ဖက်က လာရောက်ကိုင်ကာ ဖယ်ပစ်လေသည်။

စိတ်ထဲမှ အံ့ဩသွားလေသည်။

မိကျောင်းက ထိုကဲ့သို့မလုပ်နိုင်ပေ။

နီမောင်မှာ လက်ကိုလက်သည်းချွန်များဖြင့် ထိုးမိသွားသောကြောင့် မျက်လုံးကိုလွှတ်ပေးလိုက်ရလေသည်။

နောက်မှာတော့ မိမိလက်တစ်ဖက်မှာ မြွေကိုက်ခံရသကဲ့သို့ ဖြစ်လာသောကြောင့် မိကျောင်းကိုယ်ပေါ်မှ ဆင်းပေးလိုက်ရတော့သည်။

မိကျောင်းကလည်း မျက်လုံးနှစ်ဖက်စလုံး ဒဏ်ရာရပြီး သွေးများထွက်လာသောကြောင့် သူ့ကိုရန်မမူဘဲ ထွက်ပြေးသွားလေတော့သည်။

ထိုအခါမှ အားတင်းပြီး ရေပေါ်ပြန်တက်ရလေသည်။ သူပြန်ပေါ်လာသောအခါ တံတားပေါ်မှရောက်နေကြသူများက





အပေါ်သို့ရောက်အောင် ဝိုင်းဝန်းဆွဲတင်ကြသည်။

အပေါ်ရောက်တော့ လက်မောင်းမှဒဏ်ရာက သွေးများထွက်နေသည်။

"ဟိုလူ အသက်ရှင်ရဲ့လား"

"သူမသေဘူး မင်းသာဂရုစိုက်"

ဟူသော စောထီးအသံကို ကြားလိုက်ရပြီး တံတားပေါ်မှာပင် မေ့လဲကျသွားလေတော့သည်။

မိကျောင်းမှာ အဆိပ်မရှိပေ. . .။

သို့သော် နီမောင်တစ်ယောက် အဆိပ်သင့်ခဲ့လေပြီ။



www.burmeseclassic.com

www.burmeseclassic.com





## အခန်း (၁၀)

# မမျှော်လင့်သောမျှော်လင့်ချက်များ

မြင်ကွင်းကသိပ်မကောင်းလှပေ။

သူရောက်နေသောနေရာမှာ သားရဲတွင်းကဲ့သို့ နေရာမျိုးဖြစ်သည်။

လိုဏ်ခေါင်းတစ်ခုကဲ့သို့ ဖြစ်နေသောနေရာမှာ အမှောင်ရိပ်များ ဖုံးနေသည်။

ထို့ပြင် အနံ့အသက်များကလည်း မကောင်းလှပေ။

သွေးညှီနံ့များအပြင် အပုပ်နံ့များမှာလည်း မခံသာ



www.burmeseclassic.com

www.burmeseclassic.com



အောင် လှိုင်နေလေသည်။

"အနံ့တွေကလည်း ဆိုးလိုက်တာ. . . ငါဘယ်နေရာရောက်နေတာလဲ"

ဟုစိတ်ထဲမှတွေးကာ နေရာမှထလိုက်သည်။ တစ်ကိုယ်လုံး ခွန်အားများစုပ်ယူထားသကဲ့သို့ဖြစ်ကာ နုံးခွေနေသောကြောင့် မတ်တတ်ရပ်နိုင်အောင် အနိုင်နိုင်အားယူပြီးမှ ထ၍ရသည်။

ထိုသို့ရပ်နိုင်ပြီးတော့မှ သူရောက်နေသောနေရာကို လှည့်ကြည့်လေသည်။

အမှန်တော့ သူရောက်နေသော နေရာမှာ ဂူတစ်ဂူဟု ထင်သော်လည်း အမှန်တော့ သားရဲတွင်း တစ်တွင်းသာဖြစ်သည်။

သားရဲတွင်းထဲ ရောက်နေခြင်းဖြစ်သည်။

သားရဲတွင်းဆိုသည်မှာသာမန်မရောက်နိုင်ပေ။

မိကျောင်းများက သယ်ယူလာမှသာ ရောက်နိုင်သောနေရာမျိုး ဖြစ်ပေသည်။

ဘာကြောင့်သားရဲတွင်းထဲ ရောက်နေရပါလိမ့်. . .

သားရဲတွင်းဆိုသည်မှာ ရောက်သွားပြီးပါက ပြန်ထွက်ရန် မလွယ်ကူသောနေရာမျိုး ဖြစ်သည်။

ကြမ်းပြင်တစ်ခုလုံးမှာ ရေညှိရေမှော်များဖြင့် ချွဲကျိနေသည်။ ထို့ပြင် တိရစ္ဆာန်အရိုး၊ လူအရိုးများကလည်း နေရာအနှံ့တွင် ပြန့်ကျဲလျက်ရှိသည်။





တစ်နေရာတွင် ပုပ်စပြုနေသော နွားပေါက်တစ်ကောင်နှင့် လူသေအလောင်းတစ်လောင်းကိုပင် တွေ့ရသည်။

မိကျောင်းမှာ လူနှင့်တိရစ္ဆာန်တို့ကို ရလာလျှင်လည်း ချက်ချင်းမစားနိုင်ကြပေ။

သားရဲတွင်းထဲမှာ ပုပ်အောင်ထားပြီးမှ စားသောက်နိုင်ကြလေသည်။

သို့ကြောင့်. . အပုပ်ကောင်များ ထိုလိုဏ်ခေါင်းထဲမှာ ရောက်နေကြခြင်းဖြစ်သည်။

"ဒီအထဲမှာ ကြာကြာနေရရင်တော့ အသက်ရှူကျပ်ပြီး သေရတော့မှာပဲ၊ အပြင်ပြန်ရောက်အောင် ထွက်မှရမယ်"

ဟုတွေးပြီး လေဝင်ပေါက်ကို အရင်ရှာသည်။ လေဝင်ပေါက်တွေ့တော့လည်း ထွက်လို့မရနိုင်ပေ။ အပေါက်ရှိသောနေရာတွင် သစ်သားတန်းများဖြင့် ပိတ်ကာထားသောကြောင့်ဖြစ်သည်။

သို့ကြောင့်. . . ထိုနေရာမှ ပြန်လှည့်လာသည်။

သားရဲတွင်း၏သဘောမှာ. . လေဝင်ပေါက်နှင့် ရေအောက်မှဝင်သော အပေါက်တစ်ပေါက်သာ ရှိသဖြင့် အပေါ်ပေါက်မှ ထွက်၍မရလျှင် ရေအောက်မှငုပ်ပြီး ပြန်ထွက်မှ ရနိုင်သမည်။

ထိုသို့တွေးမိသောကြောင့် ရေစပ်ဘက်သို့ ပြန်လျှောက်လာလေသည်။ ရေစပ်ပြန်ရောက်လာသော့လည်း ထွက်၍မရပြန်တော့ပေ။



www.burmeseclassic.com

www.burmeseclassic.com



အဘယ်ကြောင့်ဆိုသော်. . .

ရေစပ်မှာလည်း. . သံတိုင်များဖြင့် ပိတ်ကာထားသော ကြောင့် ဖြစ်ပေသည်။

တကယ်တော့ သားရဲတွင်းဆိုသည်မှာ သဘာဝအတိုင်း ဖြစ်ပေါ်နေသော လိုဏ်ခေါင်းတစ်ခုသာ ဖြစ်သည်။ ထိုကဲ့သို့ သစ်သားတိုင်၊ သံတိုင်များဖြင့် ကာရံထားစရာမလိုပေ. . .

ဘယ်သူလာကာထားတာလဲ. . .

ဘာအတွက် လာကာထားတာလဲ. . .

ယခုလောလောဆယ် ထိုအကြောင်းများကို တွေးတော နေဖို့ အကြောင်းမရှိပေ၊ အချိန်မရှိပေ. . .။

ယခုရောက်နေသောနေရာမှ အပြင်ရောက်ဖို့ကသာ ပို၍ပြီးအရေးကြီးသည်။

ထိုအထဲမှာ ကြာကြာနေလျှင် အခြားအန္တရာယ်နှင့် မတွေ့လျှင်သော်မှ အသက်ရှူကျပ်ပြီး သေသွားနိုင်သည်။ ထိုသို့ တွေးတောနေစဉ် သူ့ရှေ့မှာရှိနေသော ရေများမှာ လှုပ်ရှားလာ သည်။ တအိအိနှင့် တက်လာသည်။

ကြည့်နေရင်းမှာပင် ရေထဲမှသတ္တဝါတစ်ကောင် ပေါ် လာလေသည်။

ရိုးရိုးမိကျောင်းနှင့် ပုံသဏ္ဍာန်တူသော်လည်း သာမန် မဟုတ်သော မိကျောင်းတစ်ကောင်ပင်ဖြစ်သည်။

အမျိုးက မိကျောင်းအမျိုးမျိုး ဖြစ်သည်။

ကိုယ်လုံးက တုတ်ခိုင်ပြီး ကျောဘက်မှာ ဆူးတောင်နှင့်





အကြေးခွံများရှိသည်။

ခြေနှင့်လက်တို့က ချွန်ထက်သောလက်သည်း၊ ခြေ သည်းများပါသော လူခြေလူလက်နှင့် များစွာတူသည်။ ဦးခေါင်း က လူမျက်နှာနှင့် မိကျောင်းခေါင်းဖြစ်သည်။ သူ့ရှေ့မှာ ရောက် လာသော သတ္တဝါမှာ အခြားမဟုတ်ပေ၊ မနုဿမိကျောင်းပင် ဖြစ်သည်။

သူ့အနေဖြင့် နာမည်သာကြားဖူးပြီး တစ်သက်နှင့်တစ် ကိုယ်မမြင်ဖူးသော သတ္တဝါဖြစ်သည်။

ထိုသတ္တဝါ ရေထဲကတက်လာတော့ ပိတ်ထားသော သံတိုင်များက အပေါ်သို့ကြွတက်သွားလေသည်။

၎င်းက မိကျောင်းတစ်ကောင်လို လေးဘက်ယက်ကာ တက်လာခြင်းမဟုတ်ပဲ လူတစ်ယောက်လမ်းလျှောက်သကဲ့သို့ ခြေထောက်နှစ်ချောင်းဖြင့် မတ်မတ်လျှောက်လာခြင်း ဖြစ်လေ သည်။

ကြီးမားသောအမြီးကြီးက နောက်ဘက်မှတရွတ်တိုက် လျက် ပါလာလေသည်။

မနီးမဝေးရောက်လာတော့မှ မျက်နှာပုံပန်းသဏ္ဍာန်ကို မြင်ရသည်။

မိကျောင်းမျက်လုံး၊ ဘီလူးနှာခေါင်းနှင့် ပါးစပ်က အ တော်ကျယ်သည်။

မိကျောင်းလို ဦးခေါင်းမရှည်သော်လည်း ကြောက်စရာ ကောင်းသော ပုံပန်းသဏ္ဍာန်မျိုးဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



မျက်လုံးနှစ်လုံးက အမှောင်ထဲမှာ ဖြစ်သော်လည်း. . ဟသ်ာပြဒါးကဲ့သို့ နီရဲနေသည်။

ပါးစပ်ဖြဲလျက် တဂီးဂီးနှင့် မာန်ဖီနေရာ ပါးစပ်ထဲမှ အစွယ်နှင့်သွားများကို အတိုင်းသားမြင်နေရသည်။

ထိုသတ္တဝါက သူရှိရာသို့ လျှောက်လာလေသည်။

နီမောင်မှာ တစ်ကိုယ်လုံး အားမရှိတော့သလို ဖြစ်နေသဖြင့် ယှဉ်ပြိုင်တိုက်ခိုက်ရန်ထက် ထွက်ပြေးရန်သာ ကြိုးစားရတော့ပေမည်။

ထိုသတ္တဝါကြီး အတွင်းရောက်လာသည်နှင့် သံတိုင်တံခါးက အောက်သို့ပြန်ကျလာလေသည်။

ထိုအထဲမှာ ထူးဆန်းသောသတ္တဝါကြီး လက်ကလွတ်အောင်ပြုလုပ်ဖို့ မလွယ်လှပေ။

နောက်ဆုတ်ပြေးရင်းနှင့် လူသေအလောင်းကို ခလုတ်တိုက်မိပြီး လဲကျသွားလေတော့သည်။

ထိုအချိန်မှာပင် သတ္တဝါကြီးက အနားရောက်လာပြီး လက်တစ်ဖက်နှင့် လှမ်းဆွဲလိုက်သဖြင့် အသံကုန်အော်လိုက်လေသည်။

"အား. . ."

ထိုသို့အော်ပြီး မျက်စိဖွင့်ကြည့်လိုက်သည်။

မြင်ကွင်းက သားရဲတွင်းထဲမှာ မဟုတ်တော့ပေ။

သူ့နေအိမ်မှ အိပ်ရာပေါ်သို့ရောက်နေလေပြီ။

စိုးရိမ်သောမျက်နှာများဖြင့် ဝိုင်းကြည့်နေကြလေသည်။





အဖေ၊ အမေ၊ ညီ၊ ညီမတို့အပြင် စောထီး၊ ငမဲအောင်၊ ဦးမွန်ထော်တို့ကို တွေ့ရသည်။

သို့ပြင် ဆေးဆရာကြီး ဦးဗန်ကောင်းကိုပါ တွေ့ရလေသည်။

"သတိရပြီလား နီမောင်"

ဦးဗန်ကောင်းကမေးသည်။

ခေါင်းညိတ်ပြရင်း နေရာမှထရန်ပြင်သည်။

"မထနဲ့ဦး၊ မင်းလက်မောင်းမှာ ဒဏ်ရာရပြီး အဆိပ်တက်နေတယ်၊ နောက်ပြီး မင်းဖျားနေတယ်"

ဟုပြောသဖြင့် ပြန်လှဲနေလိုက်သည်။

ထိုအခါမှ လက်မောင်းတစ်ခုလုံး တစစ်စစ်နှင့် နာကျင်ကိုက်ခဲနေသည်ကို သတိပြုမိလေသည်။

"သူ့လက်မောင်းက အဆိပ်ဒဏ်ရာက စိုးရိမ်ရသလား ဆရာကြီး"

ဦးဘရှိန်ကမေးလိုက်သည်။

"ထူးဆန်းတဲ့ အဆိပ်မျိုးပဲ၊ ကျုပ်ဆီမှာရှိတဲ့ဆေးနဲ့ အဆိပ်ချထားပါတယ်၊ မင်းကိုဘာကောင်ကိုက်တာလဲ"

နီမောင်ကမိကျောင်းနှင့် သတ်ပုတ်ရာမှ သူ့လက်သည်းချွန်နဲ့ထိုးမိကြောင်း ပြောပြလိုက်တော့ အံ့ဩသွားကြလေသည်

"မိကျောင်းမှာ ဒီလိုလက်သည်းမျိုးမှမရှိတာ၊ နောက်ပြီး မိကျောင်းဆိုတာ ဒီလိုလည်း မကုတ်ပါဘူး"

"ကျွန်တော်တွေ့လိုက်တဲ့ မိကျောင်းက မိကျောင်းတော့



www.burmeseclassic.com

www.burmeseclassic.com



မိကျောင်းပဲ၊ ဒါပေမယ့် မိကျောင်းမဟုတ်ဘူး”

“မင်းစကားကလည်း မိကျောင်းနှစ်လုံးထဲနဲ့ ရှုပ်နေတာပဲ ရှင်းအောင်ပြောပြစမ်းပါကွာ”

“ကျွန်တော်ရေထဲမှာဆိုတော့ သေသေချာချာတော့မဟုတ်ဘူး၊ ဒါပေမယ့် မျက်နှာက လူမျက်နှာနဲ့တူပြီး လက်ခြေတွေက လူလက်၊ လူခြေထောက်တွေနဲ့တူတယ် ဆရာကြီး”

“ဟင်. . .”

ထိုစကားကြောင့် ကြားရသူများမှာ များစွာအံ့သြသွားကြလေသည်။

“သေချာရဲ့လား နီမောင်”

“အဲ့ဒါတော့ သေချာပါတယ”

“ငါက ဒါမျိုးတွေက တကယ်မရှိနိုင်ဘူးလို့ ထင်နေတာ၊ အခုဒီအတိုင်းဆိုရင် တကယ်ရှိနေတာပေါ့”

“ဘာကိုပြောတာလဲဆရာကြီး”

“မင်းနဲ့တွေ့ခဲ့တဲ့မိကျောင်းက. . . မိကျောင်းတော့ မိကျောင်းပဲ ဒါပေမယ့် မိကျောင်းမဟုတ်ဘူး”

ဦးဗန်ကောင်းက နီမောင်ပြောသလို ပြောလိုက်သောကြောင့် အနီးမှာရှိနေသူများကပါ သဘောကျစွာ ပြုံးလိုက်ကြလေသည်။

“ဘယ်လိုမိကျောင်းမျိုးလဲဗျ”

ဦးမွန်ထော်ကပါ ကွမ်းဝါးနေရာမှ ဝင်မေးလိုက်သည်။

“တခြားမဟုတ်ဘူး သူတွေ့ခဲ့တာ မနုဿမိကျောင်းပဲ”





“ဟင်. . မနုဿ မိကျောင်းဆိုတာ”

“မိကျောင်းတစ်ပိုင်း လူတစ်ပိုင်း သတ္တဝါမျိုးပေါ့ဗျာ”

“ဒီသတ္တဝါမျိုးတွေက တကယ်ရှိနိုင်လို့လားဟင်”

“ရှိလို့သာ အခုသူနဲ့ တွေ့ရတာပေါ့ဗျာ၊ ရေသူမလိုပေါ့ ရေထဲမှာ ရှိမှန်းသိရက်နဲ့ တွေ့ရခဲတော့ တကယ်မရှိဘူးလို့ ထင်နေကြတယ်၊ တကယ်တော့. . ရေထဲမှာ ရေသူမလည်းရှိတယ်၊ ရေသရဲဆိုတာလည်းရှိတာပဲ”

ထိုစကားကြားသောအခါ ဝါရင့်ရေမုဆိုးကြီး ဦးမွန်ထော်ကပင် လက်ခံသည့်သဘောဖြင့် ခေါင်းညိတ်ပြလေသည်။

အောက်ပိုင်းဒေသများမှာ ရွာများတည်ထောင်စကာလက ငှက်ပျောတောမြောင်းစပ်မှာထိုင်ပြီး ရေချိုးနေသော အမျိုးသမီးတစ်ယောက်ကို ရေသရဲတက်ဆွဲသောသတင်း ကြားလိုက်ရဖူးသည်။

ဦးစွာ စူးစူးဝါးဝါး ညီစော်နံလာသည်၊ နောက်တော့ မြောင်းထဲမှာ ရေများအိတက်လာသည်။ တအံ့တသြနှင့် ကြည့်နေရင်းမှာပင် မနီးမဝေးမှာ လူတစ်ယောက်ပေါ်လာသည်။

ကျိုးတိုးကျဲတဲဆံပင်များက မျက်နှာပေါ် ကျနေပြီး မျက်လုံးနှစ်လုံးက နီရဲနေသည်။

နှာခေါင်းက အထဲသို့ချိုင့်ဝင်နေပြီး သွားနှင့်အစွယ်များထွက်နေသော ပါးစပ်ပေါက်က အတော်ကျယ်သည်။

တစ်ကိုယ်လုံး အရိုးပေါ်အရေတင်နေပြီး ခြေကားယားလက်ကားရားဖြင့် သူမရှိရာသို့ လာသဖြင့် ကြောက်အားလန့်



www.burmeseclassic.com

www.burmeseclassic.com



အားဖြင့် ထပြေးရလေသည်။

ဒါတောင်နောက်မှ လက်ဖြင့်လှမ်းဆွဲလိုက်ရာ ထဘီစ ပြုပါသွားသေးသည်။

အခြားသူများပါ သိသဖြင့် တုတ်ခဲများယူပြီး သင်းလာသောအခါ မတွေ့ရတော့ပေ။

တစ်ခါက ပင်လယ်ကမ်းခြေတွင် . . ပိုက်ချနေသူတစ်ယောက်မှာ ပိုက်ကိုဆွဲတင်သောအခါ လူနှင့်အတော်တူသော ငါးတစ်ကောင်ပါလာသည်။

ဆံပင်၊ ဦးခေါင်း၊ လက်၊ ကိုယ်လုံး၊ ရင်သားစသည်တို့မှာ မိန်းမတစ်ယောက်နှင့် အတော်တူသည်။

ဝင်းကိုယ်တစ်ပိုင်းက ရေထဲမှာပင် ရှိနေသေးသောကြောင့် မမြင်ရသေးပေ။

ထိုသူက ထူးဆန်းလှသည်ထင်သဖြင့် ပိုက်ကိုအပေါ် ဆွဲတင်ရန် ကြိုးစားသည်။

သို့သော် ရေအောက်မှ တစ်စုံတစ်ယောက်က ဆွဲထားသကဲ့သို့ ဆွဲတင်၍မရပေ။

သူက ထပ်ပြီးဆွဲပြန်သည်။

မရပေ။

ထိုအခိုက်မှာပင် . . ပိုက်ထဲမိနေသော လူတစ်ပိုင်း ငါးတစ်ပိုင်းသတ္တဝါထံမှ လေချွန်သံကဲ့သို့ စူးစူးဝါးဝါးအသံ ကြားလိုက်ရလေသည်။

"ရှီ . . ရှီ . . ရှီ"





မြေတွန်သံလိုလို လေချွန်သံလိုလို အသံမျိုးဖြစ်သည်။ ထိုအသံပေါ်ထွက်လာပြီးနောက်တွင် ပတ်ဝန်းကျင်တစ်ခုလုံး မိုးသက်မုန်တိုင်းများ ကျရောက်တော့မလို မည်းမှောင်တက်လာလေသည်။

ရုတ်တရက် လေပြင်းများ တိုက်ခတ်လာသောကြောင့် ပင်လယ်ပြင်မှာ လှိုင်းတံပိုးများ ထလာလေသည်။

"ရှီ . . ရှီ . . ရှီ"

ပိုက်ထဲမှာမိနေသော သတ္တဝါထံမှလည်း လေချွန်သံက အဆက်မပြတ် ပေါ်ထွက်နေသည်။

မိုးသက်လေပြင်းများ ကျလာလေပြီ။

နောက်ဆုံးတော့ လေပွေလှိုင်းလုံးများထဲမှာ နစ်မြုပ်ပျက်စီးရတော့မည့်အခြေအနေမျိုးဖြစ်နှင့် ကြုံတွေ့နေသောကြောင့် . . ဆွဲတင်၍မရသောပိုက်ကို ရေထဲပစ်ချပြီး ထွက်ပြေးရလေတော့သည်။

ပိုက်များပစ်ချလိုက်ပြီးသောအခါ လှိုင်းလေများလည်း တဖြည်းဖြည်းနှင့် ပြန်ငြိမ်သွားလေတော့သည်။

ရေသူမနှင့် ရေသရဲသတင်းများက ကိုယ်တွေ့ကြုံသူများထံမှ ကြားသိရသဖြင့် မိမိကိုယ်တိုင် မကြုံဖူး၊ မတွေ့ဖူးသော်လည်း ယုံကြည်ကြလေသည်။

ဦးဗန်ကောင်းက ကွမ်းဝါးနေရင်းမှ စကားပြန်ဆက်သည်။

"အထက်ဘက် ထမံသီဒေသဘက်မှ လူတစ်ပိုင်းကျွား



www.burmeseclassic.com

www.burmeseclassic.com



တစ်ပိုင်းဖြစ်နေသူကို သမန်းကျားလို့ခေါ်တယ်၊ တချို့က လူက နေ ကျားစိတ်ကျားမာန်သွင်းနိုင်တယ်၊ တချို့က ကျားအသွင် ပြောင်းနိုင်တယ်၊ အဲဒါကို သမန်းကျားလို့ခေါ်ကြတယ်”

“ကြားဖူးပါတယ်”

“ဒီလိုပဲ ဝံပုလွေတစ်ပိုင်း၊ လူတစ်ပိုင်းဖြစ်နေတဲ့သူကို တော့ သမန်းဝံပုလွေလို့ခေါ်ကြတယ်”

“အတော်ဆန်းကြယ်တာပဲ”

“နေရာအနှံ့အပြားမှာ ဒီလိုမျိုးတွေအများကြီး ရှိနေတာ ပဲ ကိုယ်တွေ့မကြုံဖူးရုံနဲ့ မရှိဘူးဖွတ်ငြင်းလို့ ဘယ်ဖြစ်ပါ့မလဲ”

“မှန်ပါတယ်”

“ကျားပေါတဲ့နေရာမှာ လူတစ်ပိုင်းကျားတစ်ပိုင်းသတ္တဝါ တွေ ရှိနိုင်သလို ဒီလိုမိကျောင်းပေါတဲ့ နေရာတွေမှာလည်း မနု ဿမိကျောင်းရှိနေတာ ဘယ်ဆန်းပါတော့မလဲဗျာ”

ဟုပြောပြလေသည်။

“ဆရာကြီးပြောတာ လက်ခံပါတယ် . . ၊ နီမောင် လက် မောင်းက လက်သည်းရာတွေက အတော်ဆိုးတယ်၊ အဆိပ်က လည်း အတော်ပြင်းတယ်၊ မြွေဆိပ်တက်သလို တက်တာလား ဆရာကြီး”

“သူ့အဆိပ်က မြွေဆိပ်လိုတော့ မဟုတ်ဘူး၊ ချက်ချင်း သေနိုင်ပေမယ့် ဆေးမတွေ့ရင်တော့ သေမှာပဲ၊ ဘာကြောင့် လည်းဆိုတော့ သူ့လက်သည်းရှည်တွေထဲမှာ ပင်လယ်ထဲမှာရှိ ကြောက်စရာကောင်းတဲ့ အဆိပ်တွေစုပြုံ ဝင်နေတဲ့ပုံပါပဲ”





“ဒါဖြင့် နီမောင်အခြေအနေကရော စိတ်ချရပြီလား ဆရာကြီး”

ငမဲအောင်က ဝင်မေးလိုက်သည်။

“လောလောဆယ် အဆိပ်ရှိန်ကြောင့် . . အဖျားရှိသေး တယ်၊ အဖျားကျသွားအောင်၊ အဆိပ်ပြယ်သွားအောင် နှစ်ရက် သုံးရက်တော့ နားနေရဦးမယ်”

ဟုပြောပြီး ဆရာကြီး ဦးဗန်ကောင်းက သောက်ဆေး၊ လိမ်းဆေးများ ပေးထားခဲ့ပြီး ပြန်သွားလေတော့သည်။

စောထီးနှင့် ငမဲအောင်တို့နှစ်ယောက်ကတော့ နီမောင် တစ်ယောက် ထိုကဲ့သို့ ဖြစ်နေသည်ကို စိတ်မကောင်းဖြစ်နေကြ လေသည်။

“ငါတို့သုံးယောက်က နတ်စင်တွေအတွက် တာဝန်ယူ ထားကြတာ၊ အခု . . မင်းကဒီလိုဖြစ်နေတော့ ငါတို့နှစ်ယောက် တည်း လုပ်ရတော့မှာပေါ့”

“ဒါထက် တစ်နှစ်တစ်ခါမှ ကြုံရတဲ့ ပွဲရောက်တော့မှ ဒီလိုလွဲရတာတော့ စိတ်မကောင်းစရာပဲ”

ဟုပြောကြသည်။

“ဘယ်တတ်နိုင်ပါ့မလဲ ငါတို့ကယ်လိုက်တဲ့လူရော အ သက်ရှင်ရဲ့လား”

“လက်တစ်ဖက်ကျိုးသွားတယ်လို့ ပြောသံကြားတယ်၊ အသက်ကတော့ ရှင်ပါတယ်”

“လူတစ်ယောက်အသက်ဆိုတာ ကယ်တင်ကောင်းပါ



www.burmeseclassic.com

www.burmeseclassic.com



တယ်ကွာ၊ ဒီနှစ်မနွဲရတော့လည်း နောက်နှစ်တော့ ကြုံဦးမှာပေါ့"

"မင်းနေကောင်းအောင်သာ နေပေတော့၊ နတ်စင်တွေနဲ့ပတ်သက်တဲ့အလုပ်တွေ ငါတို့နှစ်ယောက်ပဲ ကြည့်လုပ်လိုက်ပါ့မယ်"

ဟုပြောပြီး စောထီးနှင့် ငမဲအောင်တို့နှစ်ယောက် ပြန်သွားကြလေသည်။

ဦးမွန်ထော်လည်း ပါသွားလေသည်။

ညဘက်ရောက်တော့ မြဝင်းသူနှင့် အဖော်နှစ်ယောက်ရောက်လာသဖြင့် အံ့ဩသွားလေသည်။

"မြဝင်းသူတို့ပါလား ဘယ်ကလှည့်လာကြတာလဲ"

"ငါတို့ပွဲဈေးသွားကြမလို့ နင့်အခြေအနေဝင်ကြည့်ရင်းနဲ့ သတင်းဝင်မေးကြတာပါ။ နင်သက်သာရဲ့လား"

ဟုမြဝင်းသူက မေးသည်။

"ဆရာကြီး ဦးဗန်ကောင်း ဆေးကုပေးလို့ သက်သာသွားပါပြီ"

"ဒါပေမယ့်..နင် ဟိုကိုမလာနိုင်တော့ဘူးပေါ့"

နီမောင်က မချိပြုံးပြုံးရင်း...

"ဒီအတိုင်းဆိုရင် နှစ်ရက်သုံးရက် နေရဦးမယ်"

ဟုပြန်ပြောလိုက်သည်။

"နင် ဘာတွေလိုသေးသလဲ"

"ဘာမှမလိုတော့ပါဘူး၊ အခုလို သတင်းလာမေးဖော်တာ ကျေးဇူးတင်ပါတယ်ဟာ"





နီမောင်စကားကြားတော့ မြဝင်းသူက စိတ်မကောင်းသော အမူအရာမျိုးဖြင့် ကြည့်လေသည်။

ထိုအချိန်မှာ အခြားအဖော်များရောက်လာပြီး လာခေါ်ကြသဖြင့်..မျက်နှာမသာမယာဖြင့် ထလိုက်သွားလေတော့သည်။

ထိုအခါမှ နီမောင်လည်း သက်ပြင်းတစ်ချက်ချလိုက်ပြီး အိပ်ရာပေါ် လှဲချလိုက်ရာ..အောက်ဘက်မှ တစ်စုံတစ်ခုပေါ်သို့ မိမိသဖြင့် ကိုယ်ကိုကြွကာ ယူကြည့်လိုက်သည်။

မိန်းမကိုင် လက်ကိုင်ပဝါတစ်ထည်ဖြင့် ထုပ်ထားသော အထုပ်ပင်ဖြစ်သည်။

ဇဝေဇဝါဖြင့် အထုပ်ကိုဖြေကြည့်လိုက်ရာ အထဲမှာ ငွေစက္ကူအသစ်ကလေးများ တွေ့ရလေသည်။

ငွေစက္ကူများက အသစ်နံ့ပင်မပြယ်သေးပေ။

"ငွေတွေပါလား မနည်းဘူး နှစ်ရာသုံးရာလောက်ရှိမယ်ထင်တယ်၊ ဘယ်သူထားသွားတာပါလိမ့်၊ လက်ကိုင်ပဝါက မိန်းမကိုင်ဆိုတော့ မြဝင်းသူများ ငါမသိအောင်ချထားခဲ့တာလား"

ထိုသို့ဇဝေဇဝါတွေးနေလေသည်။

စိတ်လှုပ်ရှားနေသဖြင့် ငွေထုပ်ကိုကိုင်ထားသောလက်များ တဆတ်ဆတ် တုန်နေသည်။

သူတစ်သက်တွင် ထိုမျှလောက်များသော ငွေများရသဖြင့် ဝမ်းသာသောကြောင့် လက်များတုန်နေခြင်းမဟုတ်ပေ။

အကယ်၍ ထိုငွေထုပ်မှာ မြဝင်းသူက သူ့အတွက် ဆေး



www.burmeseclassic.com

www.burmeseclassic.com



ထားခဲ့ခြင်း ဖြစ်သလားဟူသောအတွေးကြောင့် ရင်ထဲမှာ လှုပ်ရှားနေခြင်းကြောင့် ဖြစ်ပေသည်။

တကယ်တော့ မမျှော်လင့်သော အခြေအနေများကပင် သူ့အတွက် မျှော်လင့်စရာများ ဖြစ်လာခဲ့လေပြီလော . . မပြောတတ်တော့ပါချေ . . . ။

နီမောင်က ငွေများကို လက်ကိုင်ပဝါဖြင့် ပြန်ထုပ်ကာ ခေါင်းအုံးအောက် ထည့်ထားလိုက်လေတော့သည်။





# အခန်း (၁၁)

# သေလာယျကျွန်းပိုင်ကြီး

ညဉ့်ဦးပိုင်းအချိန်ရောက်တော့ နတ်ပူဇော်ပွဲကျင်းပနေသောဘက်မှ ဆိုင်းသံဗုံသံများ ကြားရသည်။

လူသံသူသံ ဆူဆူညံညံ အသံများ ကြားနေရသည်။

သေလာယျရွာရှိသောနေရာနှင့် နတ်ပွဲကျင်းပနေသောနေရာမှာ မဝေးလှပေ။

ကုန်းလမ်းခရီးမှသွားလျှင်ပင် အလွယ်တကူရောက်သွားနိုင်သည်။ လယ်တစ်ကွက်၊ နှစ်ကွက်လောက်သာ ခြားလေ



www.burmeseclassic.com

www.burmeseclassic.com



သည်။

"အင်း. . မနက်ဖြန်ဆိုရင်တော့ နတ်ပွဲစတော့မယ်၊ နတ်ပွဲစခါနီးတော့မှ ငါကနေမကောင်းဖြစ်နေတယ်၊ နတ်စင်မှာ ဘာမှလုပ်မပေးနိုင်တဲ့အတွက် စိတ်မကောင်းစရာပဲ"

ဟုတစ်ယောက်တည်း တွေးနေမိသည်။

ထို့ပြင် ညနေပိုင်းအချိန်၌ အိပ်ရာအောက်မှတွေ့ရသော ငွေထုပ်အကြောင်းကလည်း အတွေးထဲရောက်နေသည်။

"ဒီလောက်ငွေတွေ အများကြီးကိုတော့ တခြားလူတွေက ဘယ်နည်းနဲ့မှ ပေးနိုင်ကြမှာ မဟုတ်ပါဘူး၊ မြဝင်းသူ တစ်ယောက်ပဲ ဒီလောက်ငွေများများ ပေးနိုင်မယ့်သူရှိတယ်. . .

ဘာကြောင့်ငါမသိအောင် ထားသွားတာလဲ၊ ငါသိရင်လက်မခံမှာစိုးလို့ တိတ်တိတ်ကလေး မသိအောင်ထားသွားတာလား၊ ဘာပဲဖြစ်ဖြစ် သူထားသွားတဲ့ငွေတွေ ဆိုရင်လည်း တစ်နေ့ကျရင် ပြန်ပေးရမှာပဲ"

ဟုတွေးကာ ခေါင်းအုံးအောက်မှ ထည့်ထားသော ငွေထုပ်ကို လက်ဖြင့်စမ်းကြည့်လိုက်သည်။

ညနေပိုင်းကတည်းက ထည့်ထားသောငွေထုပ်ကလေးက သူထားသည့်အတိုင်းရှိနေသေးသည်။

ညဦးပိုင်း အချိန်ရောက်တော့ ဦးဇန်ကောင်းပေးထားခဲ့သော ဆေးတစ်ခွက်ကို ထပ်သောက်ရာ. . မကြာမီ အိပ်ပျော်သွားပြန်လေသည်။

ထိုသို့အိပ်ပျော်သွားစဉ် ညဥ့်နက်ပိုင်း အချိန်ရောက်





တော့ ပြန်နိုးလာသည်။

ထိုသို့နိုးလာရခြင်းမှာလည်း တစ်စုံတစ်ယောက်က နိုးလိုက်သောကြောင့်ဖြစ်သည်။

မျက်စိဖွင့်ကြည့်လိုက်တော့ သူ့ဘေးမှာရပ်နေသော အဘိုးကြီးတစ်ယောက်ကို တွေ့ရသည်။

ပထမတော့ မိမိအိမ်သား တစ်ယောက်ယောက်လားဟု ကြည့်တော့ မဟုတ်ပေ။

တစ်အိမ်လုံး မီးရောင်မရှိသဖြင့် မှောင်နေသော်လည်း ရပ်နေသူ၏ ပုံပန်းသဏ္ဍာန်ကိုတော့ ကောင်းစွာမြင်နေရသည်။ အရပ်အမောင်းမြင့်ပြီး ဦးခေါင်းထိပ်တွင် ဆံထုံးသေးသေးထုံးထားသည်။

မျက်နှာပေါ်မှာ နှုတ်ခမ်းမွေးအရှည်များရှိသည်။

ကရင်လူမျိုးတို့ ဝတ်သော ရင်ဖုံးအင်္ကျီကြမ်းကို ဝတ်ထားပြီး ပုဆိုးခါးတောင်းကျိုက်ထားလေရာ ပေါင်နှစ်ဖက်မှာ ထိုးထားသော ထိုးကွင်းများကိုပင် မြင်နေရသည်။

ပါးစပ်ထဲမှာ မီးမရှိသော ဆေးတံကိုလည်း ခဲထားသေးသည်။ နီမောင်က မိမိတို့ရွာတွင် မမြင်ဖူးသေးသော အဘိုးကြီးကို မြင်သောအခါ အံ့ဩသွားသောကြောင့် လှဲနေရာမှ ထထိုင်လိုက်သည်။

"အဘက ဘယ်သူလဲ၊ ထိုင်ပါခင်ဗျ"

ဟုပြောလိုက်သည်။

"မထိုင်တော့ပါဘူးကွာ၊ မင်းနေမကောင်းဖြစ်နေတာကို



www.burmeseclassic.com

www.burmeseclassic.com



လာကြည့်တာပါ"

နီမောင်က ဘာမှပြန်မပြောဘဲ မော့ကြည့်နေသည်။

"မင်း နတ်ပွဲသွားပြီး အကူအညီမပေးရလို့ . . စိတ်မကောင်းဖြစ်နေတယ်မဟုတ်လား" ,

"ဟုတ်ပါတယ် တစ်နှစ်တစ်ခါ ကျင်းပတဲ့ပွဲမို့ အကူအညီပေးချင်ပေမယ့် မတတ်နိုင်တော့လို့ပါ"

"ဘာမှစိတ်ဆင်းရဲမနေပါနဲ့ကွာ မင်းသွားလို့ရအောင် ငါက ဆေးကုပေးပါ့မယ်"

"ဟင် . . အဘက ဆေးဆရာလားဟင်"

"ဆေးဆရာရယ်လို့တော့ မဟုတ်ပါဘူး၊ ဒါပေမယ့် ငါ့မှာ အစွမ်းထက်တဲ့ ဆေးကောင်းဝါးကောင်းတွေ ရှိပါတယ် ဒီလိုပဲ ကြုံကြိုက်တဲ့လူ တွေ့တော့လည်း ကုသပေးရတာပေါ့"

ထိုကဲ့သို့စကားပြောနေရင်းမှပင် အနားမှာရပ်နေသော အဘိုးကြီးကို တစ်နေရာမှာမြင်ဖူး၊ တွေ့ဖူးသလို စိတ်ထဲက ထင်နေမိသည်။

အဘိုးကြီးက ရင်းအကျႌအိတ်ထဲမှ အထုပ်တစ်ထုပ် ထုတ်ယူလိုက်သည်။

အထုပ်ကိုဖြေလိုက်တော့ အနက်ရောင် ဆေးတောင့် တစ်တောင့် ထွက်လာသည်။

ထိုဆေးတောင့်ကို အနည်းငယ်ဖွဲ့ပြီး နီမောင်ကိုပေးသည်။

"ရော့ . . ဒီဆေးကို ရေနဲ့သောက်လိုက်"





ဟုပြောသဖြင့် ရေတစ်ခွက်ခပ်ယူပြီး မော့သောက်လိုက်သည်။ အရသာက ဘယ်လိုအရသာနှင့်မှ မတူအောင် ခါးလှလေသည်။

တစ်ကိုယ်လုံး ဖြိုးဖြိုးဖျဉ်းဖျဉ်း ဖြစ်သွားလေသည်။ မကြာမီ ရင်ထဲမှာ တရှိန်ရှိန်နှင့် ပူတက်လာသလိုလည်း ခံစားရသည်။

"မင်း . . မနက်လင်းတာနဲ့ နေကောင်းသွားလိမ့်မယ်၊ တစ်ကိုယ်လုံးမှာ ပြန့်နှံ့နေတဲ့ အဆိပ်တွေလည်း ပြယ်သွားလိမ့်မယ်၊ ဒီတော့ မင်းလုပ်ချင်တဲ့နတ်ပွဲမှာ လုပ်စရာရှိတာတွေ သွားလုပ်ပေးပေါ့ကွာ"

ဟုပြောရာ နီမောင်က ဇဝေဇဝါဖြင့် ခေါင်းညိတ်ပြလိုက်ရသည်။

ထို့နောက် အဘိုးကြီးက ရင်းလက်ထဲမှာ ရှိနေသော ဆေးတောင့်ကို နီမောင်ကိုပေးသည်။

"ရော့ ဒီဆေးတောင့်ကို မင်းကိုယ်နဲ့မကွာသိမ်းထားပေတော့၊ ဒီဆေးက အဆိပ်နဲ့ပတ်သက်တဲ့ ရောဂါတွေကို နိုင်တယ်"

"ကျေးဇူးတင်ပါတယ် အဘရယ်၊ ဒါထက် . . အဘက ဘယ်သူလဲဟင်"

"ငါ ဘယ်သူလဲဆိုတာ မင်းနောက်တော့ သိရမှာပေါ့၊ ဟဲ . . ဟဲ . . နေကောင်းသွားအောင် တစ်ရေးလောက်အိပ်လိုက်ဦး"



www.burmeseclassic.com

www.burmeseclassic.com



ဟုပြောပြီး နီမောင် ဦးခေါင်းကို လက်ဖြင့်တစ်ချက်ပုတ်လိုက်ပြီးနောက် အပေါက်မှ အပြင်သို့ပြန်ထွက်သွားလေတော့သည်။

နီမောင်မှာ လက်ထဲမှာရှိနေသော ဆေးတောင့်လေးကို ကြည့်ရင်း ဇဝေဇဝါဖြင့် ကျန်ခဲ့လေသည်။

အတန်ကြာတော့ အိပ်ချင်သောကြောင့် ဆေးတောင့်လေးကို အိတ်ထဲထည့်ပြီးအိပ်ရာ မကြာမီ အိပ်ပျော်သွားလေတော့သည်။

နောက်တစ်နေ့ မနက်ပိုင်းရောက်တော့ အဖျားမရှိတော့ပေ။

လက်မောင်းမှ တစစ်စစ်ကိုက်ခဲနာကျင်နေခြင်းများလည်း မရှိတော့သဖြင့် ကြည့်လိုက်ရာ ဒဏ်ရာလည်းမရှိတော့ပေ။ အံ့ဩသဖြင့် အကျီလှန်ကြည့်ပြီး ဦးဗန်ကောင်း စည်းပေးထားခဲ့သော ပတ်တီးဖြေကြည့်တော့လည်း လက်မောင်းမှဒဏ်ရာများကို မတွေ့ရတော့ပေ။

"အံ့ဩစရာပဲ ငါ့လက်မောင်းကဒါဏ်ရာတွေ ချက်ချင်းပျောက်သွားပါလား"

ထိုအခြေအနေကိုမြင်တော့ ဦးဘရှိန်နှင့် ဒေါ်ကျင်မေတို့ကလည်း ဝမ်းသာကြေသည်။

နီမောင်က အကျိုးအကြောင်းပြောပြတော့. . .

"ဒါ. . သာမန်တော့ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူး ကိုယ်နဲ့မသိတဲ့ ဆေးဆရာတစ်ယောက်ကတော့ လူနာရှင်က မခေါ်ဘဲ





နဲ့ ဆေးကုပေးမှာမဟုတ်ဘူး"

ဟု ဦးဘရှိန်က မှတ်ချက်ချသည်။

"ဒါဖြင့် ဘယ်သူလာကုပေးတာလဲ. . ."

ဒေါ်ကျင်မေက မေးလိုက်သည်။

"ငါ့အထင်ပြောရရင်တော့ ဒီကျွန်းနဲ့သတ်ဆိုင်တဲ့ ကျွန်းပိုင်နယ်ပိုင်တွေပဲ ဖြစ်မှာပေါ့ကွာ. . ."

ထိုစကားကြားသောအခါ . . ဒေါ်ကျင်မေမှာ များစွာဝမ်းသာသွားလေသည်။

"ကျုပ်သားလေးက. . ဆင်းရဲလို့ သားငါးရှာဖွေစားသောက်နေရပေမယ့် မိဘတွေကို လုပ်ကျွေးနေတာကိုး၊ စိတ်ထားကောင်းတာကိုး၊ ဒါကြောင့် အခုလိုလာပြီး အကူအညီပေးတာပဲဖြစ်မှာပေါ့"

ဒေါ်ကျင်မေစကားကိုတော့ ဦးဘရှိန်က ထွေထွေထူးထူး ဘာမှမပြောတော့ပေ။

ထို့နောက် နီမောင်မှာ သင့်တော်သော အဝတ်အစားများလဲလှယ်ပြီး နတ်ပွဲကျင်းပသောနေရာသို့ သွားလေသည်။

သူရောက်သွားတော့. . အားလုံးက အံ့ဩနေကြလေသည်။

"ဟင်. . နီမောင် ဘယ်လိုဖြစ်ပြီး ချက်ချင်းရောက်လာတာလဲ"

"မင်းလက်မောင်းကဒဏ်ရာ ပျောက်သွားပြီလား"

"ငါတို့က အိပ်ရာထဲက တော်တော်နဲ့ ပြန်မထနိုင်သေး



www.burmeseclassic.com

www.burmeseclassic.com



ဘူးလို့ထင်နေတာ၊ ဘယ်ဆေးနဲ့တွေ့ပြီး ချက်ချင်းပျောက်ဖြီး ထလာနိုင်တာလဲ"

အချို့က လက်မောင်းမှ ဒဏ်ရာကိုပင် လာကြည့်ကြ သည်။

"ဟင်. . လက်မောင်းက ဒဏ်ရာတောင်မရှိတော့ပါ လား၊ မင်းတော့ ဆေးကောင်းဝါးကောင်းနဲ့တွေ့သွားပြီ ထင် တာပဲ"

ဟုဝိုင်းပြောကြသည်။

သူရောက်သွားတော့ အမျိုးသမီးများဝိုင်းတွင် ကြက် သွန်လှီး၊ ငါးခြောက်သင်နေသော မြဝင်းသူက တအံ့တသြဖြင့် လှမ်းကြည့်နေသည်။

မျက်နှာပေါ်မှာလည်း ကျေနပ်မှုအရိပ်အယောင်များ ယှက်သန်းနေသည်။

နီမောင်က သာမန်လောက်သာပြောပြပြီး နတ်စင်များ ရှိသောနေရာဘက်သို့ ထွက်လာသည်။

နတ်စင်များရှိသောဘက်မှာ စောထီး၊ ငမဲအောင်၊ ဦးမွန် ထော်နှင့် လူငယ်လူရွယ်အချို့ ရှိနေကြသည်။

ထိုနေရာတစ်ဝိုက်မှာ သန့်ရှင်းရေးများလုပ်ခြင်းနှင့် နတ် ကွန်းများကို မွမ်းမံပြင်ဆင်နေကြသည်။

နီမောင်ရောက်သွားတော့ အားလုံးအံ့သြနေကြလေ သည်။

"နီမောင် ငါတို့ကို သရဲလာခြောက်နေတာတော့ မဟုတ်





ပါဘူးနော်"

"မင်းဘယ်လိုဖြစ်ပြီး ချက်ချင်းထလာတာလဲ"

"ဆေးကောင်းဝါးကောင်းနဲ့ တွေ့လို့ပေါ့ကွာ၊ ဒီမှာမမြင် ဘူးလား၊ အဖျားကျသွားရုံတင်မကဘူး၊ လက်ကဒဏ်ရာပါ မရှိ တော့ဘူး"

နီမောင်က အကျႌလှန်ပြတော့ မျက်လုံးပြူးနေကြသည်။

"ဒီလိုထူးဆန်းတာတွေ ဒီတစ်ခါပဲ တွေ့ဖူးသေးတယ်"

ထိုအခါ ဦးမွန်ထော်ကပါ လုပ်လက်စအလုပ်များနား ကာ အနားရောက်လာပြီး အခြေအနေမေးသဖြင့် နီမောင်က အမှန်အတိုင်းပင် ပြောပြလိုက်သည်။ ဦးမွန်ထော်ကတော့ တွမ်း တမြုံ့မြုံ့ဝါးကာ မျက်မှောင်ကျုံ့လျက် နားထောင်နေသည်။

ပြီးမှ. . .၊

"စိတ်ထဲမှာ တစ်ခုခုတော့ ထူးပါတယ်လို့ တွေးနေတာ အခုမှပဲ အဖြေသိရတော့တယ်၊ ငါတို့ကလည်း ဒီနေရာရောက် တော့ မင်းအတွက် တိုင်တည်ဆုတောင်းပေးကြပါတယ်၊ မင်းကို လည်း ကျွန်းပိုင်နယ်ပိုင်တွေက စောင့်ရှောက်ပေးနေတယ်ဆို တာ သေချာသွားပြီပေါ့"

ဟုပြောလေသည်။

"ဒါဖြင့် ကျွန်တော့်ကို ဆေးကုပေးသွားတာ ဘယ်သူလဲ အဘ"

"မင်းသိချင်ရင် ဟိုဘက်နတ်စင်ပေါ်မှာသာ သွားကြည့် ပေတော့"



www.burmeseclassic.com

www.burmeseclassic.com

ဟုပြောကာ အစွန်ဘက်မှာရှိသော နတ်စင်ရှိရာဘက်သို့ညွှန်ပြသဖြင့် နီမောင်က ထိုနေရာဘက်သို့ သွားလေသည်။

စောထီးနှင့် ငမဲအောင်တို့ကလည်း နောက်မှလိုက်လာကြသည်။

ဦးမွန်ထော်ပြသော နတ်စင်မှာ အခြားမဟုတ်ပေ. . ။

အဘိုးနတ်ဟု တစ်နယ်လုံးကယုံကြည်အားထားရသော ကျွန်းပိုင်ကြီးနတ်စင်ပင် ဖြစ်လေသည်။

ထိုနတ်စင်ရှေ့ရောက်တော့မှ . . နီမောင်မှာ သဘောပေါက်သွားလေတော့သည်။

နတ်စင်ပေါ်မှာတင်ထားသော အဘိုးနတ်ရုပ်မှာ သူ့ထံသို့လာပြီး ဆေးကုပေးသွားသော အဘိုးကြီးနှင့် တစ်ပုံစံတည်း တူနေလေတော့သည်။

ဦးခေါင်းပေါ်မှ ဆံထုံး၊ နှုတ်ခမ်းမွေး၊ အင်္ကျီ၊ ပုဆိုးအစ ပေါင်မှာထိုးထားသော ထိုးကွင်းများပါ တူနေလေတော့သည်။

"ဘယ်လိုလဲ နီမောင်"

အနားရောက်လာသော ငမဲအောင်မေးသည်။

"ဟုတ်တယ်၊ ညကငါ့ကို ဆေးကုပေးသွားတာ ကျွန်းပိုင်ကြီးပဲ"

ထိုစကားကြောင့် ကျွန်နှစ်ယောက်မှာ ပါးစပ်အဟောင်းသား ဖြစ်သွားကြလေသည်။

"ထူးဆန်းလိုက်တာ. . ."





"ဘယ်လိုပဲဖြစ်ဖြစ်ပေါ့ကွာ၊ ငါတို့တစ်တွေက သူ့ကိုရိုသေတော့ သူကလည်း ငါတို့ကိုပြန်ပြီး စောင့်ရှောက်ပေးတာဖြစ်မှာပေါ့"

ဟုပြောဆိုကာ သုံးယောက်သား ထိုနတ်ကွန်းများတစ်ဝိုက်မှာ လုပ်စရာရှိသည်များ လုပ်ကိုင်ကြလေသည်။ ထိုသို့ လုပ်နေရင်းနှင့် စောထီးက မေးသည်။

"နီမောင် ဟိုတစ်နေ့က ငါတို့ပြန်သွားတော့ မြဝင်းသူ သတင်းလာမေးသေးသလား"

"အင်း. . လာတယ်. . ."

"ကြည့်ရတာ မင်းအတွက် စိုးရိမ်နေသလိုပဲ၊ မျက်နှာသိပ်မကောင်းဘူး"

"တခြားအကြောင်းရှိလို့ ဖြစ်ပါလိမ့်မယ်၊ ငါနဲ့ ဘာမှမဆိုင်ပဲ၊ ဘာကြောင့် ငါ့အတွက် စိုးရိမ်ရမှာလဲ. . ."

"ဒါကတော့ သူ့စိတ်ထဲမှာရှိနေတာကို ငါတို့က သေသေချာချာဘယ်သိပါ့မလဲ"

"သိပ်လည်း စိတ်ကူးယဉ်မနေကြပါနဲ့ကွာ၊ ငါတို့ဘဝနဲ့ အခြေအနေက ဘာမှစိတ်ကူးယဉ်လို့မရတဲ့ ဘဝတွေ အခြေအနေမျိုးတွေပါ၊ တကယ်လို့ ကိုယ်နဲ့ မနီးစပ်တာတွေကို စိတ်ကူးယဉ်နေမိရင် တစ်နေ့ကြရင် ကိုယ်ပဲစိတ်ဆင်းရဲကိုယ်ဆင်းရဲ ဖြစ်ရလိမ့်မယ်"

ဟုပြောဆိုကာ လုပ်စရာရှိသောအလုပ်များကို ဆက်လုပ်ကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



နေ့လယ်ဘက်ရောက်တော့ သူတို့ရှိသော နေရာဘ
သို့ မြဝင်းသူရောက်လာသည်။

မိန်းကလေးနှစ်ယောက်လည်းပါလာပြီး. . လက်ဖ
ရည်ကြမ်းနှင့် အစားအသောက်များ ပါလာကြသည်။

ထိုအချိန်တွင် နီမောင်က ကျွန်းပိုင်ကြီးနတ်စင်ကို သ
ရှင်းရေးလုပ်နေရာ မြဝင်းသူက ထိုနေရာသို့ လိုက်လာသည်

"နီမောင် နင်နေကောင်းသွားပြီလား၊ လက်မောင်း
ဒဏ်ရာရော သက်သာသွားပြီလား"

"သက်သာသွားပါပြီ"

"မြန်လှချေလား၊ ငါကနင်တော်တော်နဲ့ ပြန်မထ
သေးဘူးထင်နေတာ. . ."

"အခုလို မြန်မြန်နေကောင်းလာတော့ နတ်ပွဲကျင်
တဲ့ရက် မီတာပေါ့ဟာ၊ ဒါထက်. . မြဝင်းသူ အခုလိုတွေ့တု
နင့်ကိုငါ မေးစရာရှိတယ်"

"ဘာမေးမှာလဲ"

"မနေ့က သတင်းလာမေးရင်းနှင့် နင်ပိုက်ဆံထုပ်မ
ကျန်နေခဲ့သလား"

"ဟင့်အင်း မကျန်ခဲ့ပါဘူး"

"ဒါဖြင့် ငါ့အိပ်ရာဘေးမှာ ပိုက်ဆံတွေထည့်ထားတဲ့
ထုပ်တစ်ထုပ်တွေ့တယ် နင်ထားသွားတာလား"

"ဘာဖြစ်လို့ မေးတာလဲ"

"သိချင်လို့မေးတာပါ"





"တကယ်လို့ ငါထားသွားတာဆိုရင် ဘာလုပ်မလို့လဲ"

"ပြန်ပေးမလို့မေးတာပါ . . ."

"ငါက စေတနာနဲ့ပေးခဲ့တာကို ငါ့ကိုပြန်ပေးမယ်ဆို
တော့ ငါ့စေတနာကို တန်ဖိုးမထားချင်တဲ့ သဘောလား"

"ဒီလိုတော့ မဟုတ်ပါဘူး မြဝင်းသူရယ်၊ ငါ နင့်စေတ
ာကို လေးစားပါတယ်. . တန်ဖိုးလည်းထားပါတယ်၊ ဒါ. . ဒါ
ပေမယ့်"

"ဒါပေမယ့် ဘာဖြစ်သေးလဲ"

"နင့်မိဘတွေသိသွားရင်တစ်မျိုးထင်သွားကြမှာ စိုးရိမ်
လို့ပါ"

"ငါ့မိဘတွေက ဒီလောက်သဘောထားမသေးကြပါဘူး။
ငါကလည်း ငါစိတ်ထဲမှာမှန်တယ်လို့ထင်ရင် ဘယ်သူပြောတာ
ကိုမှ ဂရုမစိုက်ပါဘူး၊ နင်ပြန်ပေးရင် ငါယူမယ်၊ ဒါပေမယ့် ငါ့
စေတနာကို တန်ဖိုးမထားတတ်တဲ့ လူတစ်ယောက်ကိုတော့
တစ်သက်လုံး လှည့်ကြည့်မှာမဟုတ်တော့ဘူး"

ထိုသို့ပြောတော့လည်း နီမောင်မှာ မျက်လုံးပြူးသွား
လေသည်။

"ဒီလိုတော့ မလုပ်ပါနဲ့ မြဝင်းသူရယ်၊ နင်သဘောမကျ
ဘူးဆိုရင် ငါမလုပ်တော့ပါဘူး၊ ငါ့ဘဝမှာ မမျှော်လင့်ပဲ ရခဲ့တဲ့
ဒီလိုအခွင့်အရေးလေးတစ်ခုကိုတော့ အဆုံးရှုံးမခံပါရစေနဲ့"

"ဒီလိုသဘောပေါက်သွားတော့လည်း ပိုကောင်းသွား
တာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါမှပင် မြဝင်းသူမျက်နှာပေါ်၌ အပြုံးရိပ်ကလေးများ ယှက်သန်းသွားလေတော့သည်။ ထိုအချိန်မှာ စောထီးနှင့် ငမဲအောင် ရောက်လာကြသည်။

"နင်တို့နှစ်ယောက် အဆင်ပြေသွားကြပြီလား"

"ဘာ. . . အဆင်ပြေရမှာလဲ"

မြဝင်းသူက ယှက်သွေးဖြာသော မျက်နှာဖြင့် ပြန်မေးလိုက်သည်။

"တလွဲမတွေးပါနဲ့. မြဝင်းသူရယ် ငါတို့မေးတာက စကား ပြောတာဆိုတာ အဆင်ပြေသွားပြီးလားလို့မေးတာပါ"

"ဟွန်း. . ."

"ဟိုမှာအစားအသောက်တွေ အေးကုန်တော့မယ်၊ ဒါကြောင့် ငါတို့ကစေတနာနဲ့ လာခေါ်တာပါ"

ဟုပြောတော့မှ မြဝင်းသူက မျက်စောင်းတစ်ချက် ထိုးလိုက်သည်။ ထိုအချိန်၌ သူမမျက်နှာပေါ်မှာ ဒေါသအရိပ်အယောင်များမရှိသော ပြုံးရိပ်ကလေး များပင် ယှက်သန်းနေသေးသည်။





## အခန်း (၁၂)

# ကျွန်းပိုင်သက်သေချစ်သူတို့နယ်မြေ

ဒီနှစ်ကျင်းပသော နတ်ပူဇော်ပွဲကတော့ အတော့်ကို ပျော်ဖို့ကောင်းလှသည်။

အထူးသဖြင့် နီမောင်နှင့် မြဝင်းသူတို့ နှစ်ယောက်ကတော့ ပိုပြီးပျော်ရွှင်နေကြလေသည်။

သူတို့နှစ်ယောက်မှာ ပွင့်ပွင့်လင်းလင်းနှင့် ချစ်သူများအဝ မရောက်ကြသေးသော်လည်း တစ်ယောက်သဘောကို တစ်ယောက်က ရိပ်မိနေကြသောအခြေအနေသို့ ရောက်နေကြ



www.burmeseclassic.com

www.burmeseclassic.com



ပြီဟု ဆိုရပေမည်။

ပွဲတော်ကျင်းပနေသော ရက်များမှာ လွှတ်လွှတ်လပ်လပ် တွေ့နေကြသောကြောင့်လည်း. . ထိုအခြေအနေမျိုးသို့ ရောက်ခဲ့ကြရခြင်း ဖြစ်ပေသည်။

တစ်ယောက်နှင့်တစ်ယောက် ကြည့်ရုံမြင်ရုံနှင့် နီမောင်ကလည်း မြဝင်းသူသဘောထားကို အကဲခတ်မိသည်။ မြဝင်းသူကလည်း နီမောင့်အခြေအနေကို ရိပ်မိလေသည်။

ဒီနှစ်နတ်ပူဇော်ပွဲကတော့ ဆိုင်းပွဲ၊ ဇာတ်ပွဲများပါ ထည့်သွင်းကျင်းပသောကြောင့် ကြိတ်ကြိတ်တိုးမျှ စည်ကားလေသည်။ ဗိုလ်ကလေးမြို့မှ ဈေးသည်များပင် လာရောက်ဈေးရောင်းကြသည်။

ရပ်ဝေးရပ်နီးမှ လှေများ၊ သင်္ဘောများဖြင့် တကူးတက လာရောက်ကြသည်။

ပထမညတွင် ဆိုင်းပွဲဖြင့် ညှော်ခံဖြေဖျော်သည်။ နောက်နှစ်ညမှာတော့မော်ကျွန်းမြို့မှ ဇာတ်ပွဲကိုငှားရမ်းပြီး နှစ်ညတာတိုင် ကပြစေသည်။

တစ်နှစ်ပတ်လုံး ပွဲလမ်းသဘင်ငတ်နေသော နယ်သူနယ်သားများအတွက် စိတ်အပန်းဖြေစေရန် ဖြစ်ပေသည်။

ထိုပွဲသို့ လာရောက်ကြသူများအတွက် ပျော်ပွဲရွှင်ပွဲ၊ ပွဲလမ်းသဘင်ကြည့်ကြရုံမဟုတ်ဘဲ အခြားအရေးကြီးသော အကြောင်းလည်း ရှိပေသေးသည်။

အခြားတော့မဟုတ်ပေ။





ဦးရှင်ကြီးနတ်၊ အဘိုးနတ်တို့ကို လာရောက်ပူဇော်ကြခြင်းဖြစ်သည်။ အောက်ပိုင်းအရပ်ဒေသများမှ နေကြသူများမှာ လယ်လုပ်ခြင်း၊ ငါးဖမ်းခြင်း၊ သစ်တောအလုပ်များဖြင့် အသက်မွေးဝမ်းကျောင်း ပြုသူများကြလေသည်။

သို့ကြောင့် မြို့တော်ရှင်၊ နယ်တော်ရှင်နှင့် ကျွန်းပိုင်၊ ကွင်းပိုင်တို့ကို တင်မြှောက်ပသကြရသည်။

ကင်းကွာ၍မရ။ ပြစ်ပယ်ထား၍မရပေ။

ယခုလိုပွဲများနှင့် ကြုံသောအခါမှာတော့ တစ်ချက်ခုတ်နှစ်ချက်ပြတ်ဆိုသလို ဝင်ရောက်ပူဇော်ကြသည်။

ညဘက်မှာ ဇာတ်ပွဲများကပြီး နေ့ဘက်တွင် နတ်ကနားပွဲ ပေးကြလေသည်။ သေလာယျရွာသူကြီး ဦးရွှေမှုံက ကြီးကြပ်ပေးပြီး ရပ်ရွာလူကြီးများကပါ ကူညီဆောင်ရွက်ပေးကြသည်။

“ကျုပ်တို့ဒီကျွန်းမှာနေလာတာကြာပြီ၊ နတ်ပူဇော်ပွဲလုပ်လာတာလည်း မနည်းတော့ဘူး၊ ဒီလိုရက်မျိုးမှာ တောထဲသွားလည်း ဘာမှမဖြစ်ဘူး၊ ရေထဲဆင်းလဲ ဘယ်လိုအန္တရာယ်မျိုးမှ မတွေ့ခဲ့. . မရှိခဲ့ဘူး”

လက်ဖက်ရည်သောက်ရင်းနှင့် ဦးရွှေမှုံပြောသည်ကို တျန်လူကြီးများက နားထောင်နေကြသည်။

“ပွဲမစခင်တစ်ရက်က လှေပေါ်ကလူကို မိကျောင်းပုတ်ချတာတော့ အတော်ကလေးဆန်းသဗျ”

“နယ်တော်ရှင်နှင့် ကျွန်းပိုင်ကြီးတို့ သဘောမတွေ့တာတစ်ခုခုရှိလို့များလား၊ အမှားအယွင်းတစ်ခုခု လုပ်မိကြလို့လား”



www.burmeseclassic.com

www.burmeseclassic.com



"ဒါတော့ ဒါပေါ့ဗျာ၊ တခြားအနှောင့်အယှက်တွေလဲ ဖြစ်နိုင်တာပဲ၊ ဒီတော့ ပွဲတော်ကျင်းပနေတဲ့ရက်မှာ အမှားအယွင်း တစ်စုံတစ်ရာမရှိအောင် ကျုပ်တို့တစ်တွေက ဂရုစိုက်ပေးကြရလိမ့်မယ်"

"စိတ်ချပါဗျာ. . ကိုယ့်ဒေသမှာလုပ်တဲ့ပွဲပဲ ဝိုင်းဝန်းအကူအညီပေးကြရမှာပေါ့"

ဟုပြောဆိုတိုင်ပင်ကြသည်။

နတ်ကန္နားပွဲကျင်းပနေသောအချိန်တွင် ပူဇော်လိုသူများက နတ်စင်များရှိသော နေရာများသို့ သွားရောက်ပူဇော်ကြသည်။ ထိုနေရာမှာတော့ နတ်နှင့်သက်ဆိုင်သော ဆုတောင်းစာအတော်များများရသော ဦးမွန်ထော်က ဒိုင်ခံလုပ်ပေးရလေသည်။

နီမောင်တို့က အနီးမှ ဝေယျာဝစ္စများ ဝိုင်းဝန်းကူပေးကြရလေသည်။ တစ်နေ့လုံး မအားကြရပေ. . .။

ညဦးပိုင်းရောက်တော့ နတ်ပူဇော်သော ကိစ္စများသိမ်းပြီး ပွဲလမ်းသဘင်စသည်။

ထိုအခါမှ နီမောင်တို့လည်း နားခွင့်ရကြလေသည်။ ပြီးသည်နှင့် စောထီးနှင့်ငမဲအောင်တို့က ပွဲခင်းရှိရာဘက်သို့ သွားကြလေသည်။

ညဦးပိုင်းအချိန်လောက်တွင် မိုးမခရွာမှ မင်းဒင်တို့ရောက်လာကြသည်။

စက်လှေတစ်စင်းဖြင့် လာကြခြင်းဖြစ်သည်။ ဆိပ်ကမ်း





သို့ ရောက်သောအခါ. . အခြားသူများက ပွဲဈေးဘက်သို့သွားကြပြီး မင်းဒင်နှင့် အခြားအဖော်နှစ်ယောက်တို့က ၎င်းတို့ယူဆောင်လာသော ပစ္စည်းများကို ယူဆောင်ကာ နတ်စင်များရှိရာဘက်သို့ လာကြလေသည်။

နတ်စင်များရှိသော နေရာမှာတော့ နီမောင်နှင့် ဦးမွန်ထော်တို့နှစ်ယောက်သာ ရှိတော့သည် မင်းဒင်က နီမောင်ကို မြင်တော့ ပထမအံ့သြသွားပြီး. . နောက်တော့ ပြုံး၍နှုတ်ဆက်သည်။

"နီမောင်ပါလား၊ ဒီမှာလာလုပ်ပေးနေတာလား"

"ဟုတ်ပါတယ်၊ နတ်ပူဇော်ဖို့လာကြတာလား"

"အေး. . ဟုတ်တယ်၊ ဒါထက်. . မင်း ဟိုတလောက ကျောင်းပုတ်ချတဲ့လူကို ဆင်းကယ်တယ်လို့ ကြားလိုက်တယ်၊ ဘာမှမဖြစ်ဘူးလား"

မင်းဒင်က နီမောင်ကို ထိုအခြေအနေမျိုးဖြင့် မြင်တွေ့ရသဖြင့် တအံ့တသြဖြစ်နေဟန်ရှိသည်။

ထိုသို့မေးသောအခါ နီမောင်က ပြုံးရုံသာပြုံးပြီး ခေါင်းခါပြလိုက်သည်။

"ဘာမှမဖြစ်ပါဘူး"

"အံ့သြစရာပဲ၊ ငါကြားတော့ မင်းဒဏ်ရာရသွားတယ် ဆိုသလားပဲ"

"ဒါပေမယ့် အခုတော့ ပျောက်သွားပါပြီ. . ."

"မင်းကတော့ အတော့်ကိုသတ္တိကောင်းတဲ့သူပဲ"



www.burmeseclassic.com

www.burmeseclassic.com



ဟုပြောကာ ၎င်းတို့ယူဆောင်လာသော ပစ္စည်းများကို ပေးသဖြင့် ဦးမွန်ထော်က လှမ်းယူပြီး သက်ဆိုင်ရာနတ်စင်များပေါ်မှာ တင်ပေးသည်။

ကန်တော့ပွဲကို ဦးရှင်ကြီးနတ်စင်ပေါ် တင်ပေးသည်။

အရက်၊ ကြက်ကြော်၊ ငါးကြော်တို့ကိုတော့ အဘိုးနတ်၊ ရွှေကရင်လေး၊ ကွင်းပိုင်စသောနေရာများ၌ တင်ပေးလေသည်။

အဘိုးနတ်စင်မှာတော့ ကွမ်းယာ၊ ဆေးလိပ်နှင့် လက်ဖက်ပွဲများပါလေသည်။

ထိုသို့တင်ပေးပြီး အမွှေးတိုင် ဖယောင်းတိုင်များ ထွန်းကာ ဦးမွန်ထော်က ဆုတောင်းစာများ နတ်နှင့်သက်ဆိုင်သောစာများ ရွတ်ဆိုပေးလေသည်။

ထိုကိစ္စများပြီးတော့မှ မင်းဒင်က ပြောသည်။

"မင်းနှင့်တွေ့တာ အတော်ပဲဖြစ်သွားတယ်၊ ငါ မင်းကို ပြောစရာရှိတယ်ကွ . ."

"ဘာများပါလိမ့်"

"တခြားမဟုတ်ပါဘူး၊ မင်းကို ထူးထူးဆန်းဆန်းလေးတွေ ပြချင်လို့ပါ၊ အဲ့ဒါ . . မင်းအားတဲ့အခါ လာကြည့်ပါ . ."

"ဘယ်လိုထူးဆန်းတာတွေပါလိမ့်"

"ဟိုရောက်တော့ တွေ့ရမှာပေါ့ကွာ၊ လာသာလာခဲ့ပါ"

"ပွဲတော်ပြီးသွားရင် အားတဲ့တစ်ရက် လာခဲ့ပါ့မယ်"

ဟုပြောလိုက်တော့မှ . . . မင်းဒင်လည်း ကျေနပ်သော အမူအရာနှင့် ထိုနေရာမှ ပြန်သွားကြလေသည်။





ဈေးတန်းဘက်ရောက်တော့ အဖော်များနှင့်လျှောက်လာသော မြဝင်းသူတို့နှင့်တွေ့သဖြင့် နှုတ်ဆက်သည်။

"မြဝင်းသူတို့ပါလား ပွဲဈေးလာကြတာလား"

"ဟုတ်ပါတယ်"

"အခုလိုကြုံတုန်း တစ်ခုခုစားကြပါလား . . ၊ ငါကျွေးပါ့မယ်"

"မစားတော့ပါဘူး ထမင်းစားခဲ့ပြီးပါပြီ"

"ဟိုတလောက ငါပေးထားခဲ့တဲ့ လက်ဆောင်ပစ္စည်းလေးတွေကို သဘောကျရဲ့လား"

"ကျွန်မသိမ်းထားလိုက်ပါတယ်"

"ဟင် . . . သုံးစေချင်လို့ပေးတာ ဘာဖြစ်လို့မသုံးဘဲ သိမ်းထားရတာလဲ"

"ကျွန်မက သူများပေးတိုင်း သုံးချင်မှသုံးတယ်၊ ကျွန်မစိတ်ထဲက သဘောမကျရင် အားနာပါးနာနဲ့ ဘာမှမလုပ်ပါဘူး"

အများရှေ့မှာ အပြောခံလိုက်ရသောကြောင့် မင်းဒင်မှာ မျက်နှာတစ်ချက် ပျက်သွားလေသည်။ သို့သော် ရှစ်စပ်ကဂျင် ချေလည်ခဲ့သူမို့ ချက်ချင်းမျက်နှာပြင်လိုက်သည်။

"မင်းအဖေနဲ့ အမေကော နေကောင်းကြရဲ့လား၊ ငါ မကြာခင် တစ်ခေါက်လာခဲ့ပါဦးမယ်လို့ ပြောလိုက်ပါ"

ဟုပြောပြီး ထိုနေရာမှထွက်သွားလေသည်။

ထိုအခါ အနားမှာရပ်နေသော ယဉ်မေက မေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



“အဲ့ဒီလူကြီးက မိုးမခဘက်ကမ်းမှာ နေတာမဟုတ်လား၊ နင့်ကိုသဘောကျနေပုံရတယ်”

“သူသဘောကျပေမယ့် ငါကမှသူ့ကိုသဘောမကျတာ”

“နင်က နီမောင်ကို စိတ်ဝင်စားနေတာမဟုတ်လား. . နီမောင်ထက်စာရင် ဟိုလူက ချမ်းသာတာပေါ့”

“လူချမ်းသာထက် စိတ်ချမ်းသာဖို့က အရေးကြီးတာပေါ့။ ပိုက်ဆံချမ်းသာတဲ့သူ ယူထားပြီးမှ တစ်သက်လုံး မျက်ရည်နှင့်မျက်ခွက် နေရမယ်ဆိုရင် နင်နေမလား”

“ငါကအလကားစတာပါ မြဝင်းသူရယ်၊ ငါလည်းသဘောကျလို့ ပြောတာမဟုတ်ပါဘူး၊ ဒါထက် နင်တို့နှစ်ယောက် အခြေအနေက ဘယ်လိုလဲ”

“ဒီလိုပါပဲ. . .”

“ဒီလိုပဲဆိုတော့ ဘယ်အခြေအနေလဲ. . .”

“သူ့သဘောကို ငါသိတယ်၊ ငါ့သဘောလည်း သူသိမှာပါ”

“နင်တို့နှစ်ယောက်ကလည်း တစ်မျိုးပါလား. . . ပွင့်ပွင့်လင်းလင်းမရှိလိုက်တာ. . .”

မြဝင်းသူက ဘာမှမပြောဘဲ. . . သက်ပြင်းချလိုက်လေသည်။

ထိုအခိုက်မှာပင် သူတို့အနီးမှ စောထီးနှင့်ငမဲအောင်တို့ ဖြတ်လျှောက်လာသည်ကို တွေ့သဖြင့် ယဉ်မေကလှမ်းမေးလိုက်သည်။





“ဟဲ့. . . နင်တို့နှစ်ယောက်တည်းလား၊ နီမောင်မပါဘူးလား”

“ယဉ်မေတို့ပါလား၊ နီမောင်က. . အဘဦးမွန်ထော်နဲ့ နတ်စင်တွေရှိတဲ့နေရာမှာ ကျန်ခဲ့တယ်”

ဟုပြောပြီး ဆက်လျှောက်သွားကြသည်။

“မြဝင်းသူ ပွဲထွက်ဖို့လည်း လိုပါသေးတယ်၊ ငါတို့နတ်ကွန်းတွေဘက် သွားကြရအောင်”

ဟုပြောပြီး သုံးယောက်သား နတ်စင်များရှိသောဘက်သို့လျှောက်လာကြသည်။

ထိုနေရာရောက်တော့ နီမောင်နှင့်တွေ့ရလေသည်။ နီမောင်က သူတို့သုံးယောက်ကိုမြင်တော့ ပြုံးပြသည်။

“နင်တို့ ပူဇော်ကြမလို့လား၊ ငါဘာလုပ်ပေးရမလဲ”

“ငါတို့နှစ်ယောက်က နယ်တော်ရှင်နတ်ကွန်းမှာပဲ ကန်တော့ကြမှာပါ။ မြဝင်းသူကတော့ ကျွန်းပိုင်ကြီးစင်မှာ ကန်တော့ချင်တယ်လို့ လမ်းမှာပြောတယ် နင်ပဲလိုက်ပို့ပေးလိုက်တော့”

မြဝင်းသူမှာ မျက်လုံးပြူးသွားလေသည်။

သူမပြောထားပါပဲ ယဉ်မေ တမင်ပြောနေမှန်းသိသော်လည်း ငြင်းဖို့အချိန်မရတော့ပေ။

နီမောင်က အမွှေးတိုင်၊ ဖယောင်းတိုင် များယူကာ ခေါ်သွားသဖြင့် လိုက်သွားရလေသည်။ နတ်စင်များမဝေးလှသော်လည်း တစ်နေရာမှပြောနေသောစကားကို တစ်နေရာမှ မကြားနိုင်ပေ။



www.burmeseclassic.com

www.burmeseclassic.com



ထိုနေရာရောက်တော့. . .

"ကဲ. . နင်ဆုတောင်းချင်တာဆုတောင်း၊ ငါ အမွှေးတိုင် ဖယောင်းတိုင်ထွန်းပေးမယ်"

ဟုပြောဆိုကာ ယူဆောင်လာသော အမွှေးတိုင်၊ ဖယောင်းတိုင်များကို ထွန်းပေးလေသည်။

မြဝင်းသူကတော့ စင်ရှေ့တွင် ခင်းထားသော ဖျာပေါ်မှာထိုင်၍ ရှိခိုးကန်တော့နေသည်။

နီမောင်က အမွှေးတိုင်၊ ဖယောင်းတိုင်များ ထွန်းပေးပြီးမှ သူမနှင့် မနီးမဝေးမှာ ဝင်ထိုင်သည်။

အတန်ကြာတော့မှ ဆုတောင်းနေမှုများ အဆုံးသတ်ကာမျက်စိဖွင့်ကြည့်လေသည်။

"နင်ဘာတွေ ဆုတောင်းနေတာလဲ"

"ငါ စိတ်ထဲမှာရှိတာတွေ အကုန်ဆုတောင်းတာပေါ့၊ နင်ရောဆုတောင်းသေးသလား"

"ငါကအမြဲဆုတောင်းနေတာပဲ"

"ဘာတွေများဆုတောင်းနေတာလဲ"

"ငါအမှန်အတိုင်းပြောရမလား"

"ပြောပေါ့. ."

မြဝင်းသူက နတ်စင်ဘက်သို့ အကြည့်လွှဲထားလေသည်။

"ငါအမြဲဆုတောင်းနေတာ တစ်ခုပဲရှိပါတယ်. . .၊ မေတ္တာကို ရပါစေဆိုတဲ့ဆုပါပဲ"

"နတ်စင်ရှေ့မှာ ရည်းစားစကားပြောနေတာလား"





"နတ်စင်ရှေ့မှာပြောတော့ တိုင်တည်ပြီးသားဖြစ်တာပေါ့၊ ဒါပေမယ့် ဆုတောင်းတာပဲ လုပ်နိုင်ပါတယ်၊ ကျန်တာတော့ ဘာမှ မမျှော်လင့်ရဲပါဘူး"

"ဘာဖြစ်လို့လဲ"

"ငါတို့နှစ်ယောက်ရဲ့ ဘဝအခြေအနေခြင်းက အတော်ကွာပါတယ်၊ နင်ကငါ့မေတ္တာကို လက်ခံပေးရင်တောင်မှ ငါ့ဘဝထဲကိုခေါ်ဖို့ဆိုတာ မဖြစ်နိုင်ပါဘူး၊ ငါကြိုးစားရဦးမှာပါ. . ."

"ဒါဖြင့် ငါကဘာလုပ်ပေးရမှာလဲ၊ နင်ကငါ့ကိုမေတ္တာရှိကြောင်းဖွင့်ပြောတယ်. .၊တကယ်လို့ ငါကလည်း နင့်မေတ္တာကိုလက်ခံချင်တယ်ဆိုရင်တောင် နင့်ဘက်က မဖြစ်နိုင်ပါဘူးလို့ ပြောပြန်တော့ ဘယ်လိုဆုံးဖြတ်ရမှာလဲ၊ ဘာနဲ့တူသလဲဆိုတော့ လာပါလာပါလို့ခေါ်ပြီး အနားရောက်တော့မှ ပြန်ပါပြန်ပါလို့ ပြောတာနဲ့ မတူဘူးလား"

"ဒီလိုသဘောမျိုးတော့ မဟုတ်ပါဘူး၊ နင်ကလက်ခံပေးရင် ငါနင့်ကို ပိုင်ဆိုင်ခွင့်ရအောင်ကြိုးစားမှာပါ၊ ငါပြောတာကိုရော နင်လက်ခံပေးနိုင်မလား"

"နင်က မိကျောင်းဖမ်းတာတော့ တော်တော်လေးတော်တယ်လို့ သတင်းကြားတယ်၊ ဒါပေမယ့်. . . မိန်းကလေးတစ်ယောက်ကို ချစ်ရေးဆိုတာတော့ အတော်လေးညံ့တယ် မိန်းကလေးတွေရဲ့ အတွင်းသဘောလည်း ဘာမှသိပုံမရဘူး"

နီမောင်က မချိသွားဖြဲသဘောမျိုးဖြင့် ရယ်နေ၏။

"ဒီလိုနေရာမျိုးမှာ နင်နဲ့နှစ်ယောက်တည်းထိုင်ပြီး. .



www.burmeseclassic.com

www.burmeseclassic.com



စကားလာပြောနေတဲ့ ငါ့သဘောကိုရော အခုထိမသိသေးဘူး မဟုတ်လား"

"အခုလိုပြောမှပဲ သဘောပေါက်တော့တယ်၊ ငါဝမ်း သာလိုက်တာ မြဝင်းသူရယ်၊ ဒီတစ်သက်တော့ နင်နဲ့နီးရမယ်လို့ ဘယ်တုန်းကမှ မမျှော်လင့်ခဲ့တာ၊ အခုမှပဲ ငါ့အတွက်မျှော်လင့် ချက်တွေရှိလာတော့တယ်"

နီမောင့် အမူအရာကိုကြည့်ပြီး မြဝင်းသူက တစ်ချက် ပြုံးလိုက်သည်။

"နင်. . . ငါနဲ့ပတ်သက်ပြီး ဘယ်လိုရည်ရွယ်ချက်ရော ရှိသလဲ"

"နင့်ကိုအခုနေရတဲ့ဘဝမျိုးထက် မနိမ့်အောင်ထား တော့ ငါကြိုးစားမှာပါ၊ ငါ့ရဲ့ရည်ရွယ်ချက်က နင့်ကိုမဆင်းရဲ ချင်ပါဘူး"

"ဘဝတစ်ခု ထူထောင်ဖို့အထိ စဉ်းစားထားပြီဆို တော့ ကျန်တာတွေက အဓိကမကျပါဘူး၊ သစ္စာရှိဖို့နဲ့ ဘယ် ရာမဆို ရင်ဆိုင်ရဲတဲ့ သတ္တိမွေးဖို့ပဲ အရေးကြီးပါတယ်၊ နင်. . . ငါ့အပေါ်မှာ တကယ်မေတ္တာရှိတယ်ဆိုတာရော ဟုတ်ရဲ့လား"

"ဘဝနဲ့ရင်းပြီး ပြောရတဲ့စကားမျိုးကို ဘယ်တော့မှ ပြီးစလွယ် ပြောမှာမဟုတ်ပါဘူး၊ ငါ နင့်ကိုတကယ်ချစ်နေတာ"

"ငါ့ဘက်ကတော့ နင်နဲ့ပတ်သက်ပြီး စဉ်းစားထား သားပါ"

"ဒါဖြင့်. . . ငါ့မေတ္တာကို လက်ခံပေးတယ်ပေါ့နော်"





ပြုံး၍ခေါင်းညိတ်သည်။

"ပြောစရာလိုသေးလို့လား"

"ငါက တောသားဆိုတော့ အမူအရာကြည့်ရုံနဲ့ အကဲ ခတ်တတ်ဘူး၊ ဒီတော့ပွင့်ပွင့်လင်းလင်းသာပြော"

မြဝင်းသူက မျက်စောင်းထိုးပြန်သည်။

"ရည်းစားစကားပြောတာ ခါးပြတိုက်နေသလိုပဲ နင်လို ချင်တဲ့အဖြေကို ငါပေးပါတယ် နီမောင်ရယ်"

"ဟား. . . အခုမှပဲ စိတ်ချမ်းသာတော့တယ်၊ ငါတို့နှစ် ယောက်ကျွန်းပိုင်ကြီးနတ်စင်ရှေ့မှာ ချစ်သူတွေဖြစ်ခဲ့တာဆို တော့ အတူနီးရအောင်လည်း ကျွန်းပိုင်ကြီးကိုပဲ ကူညီစောင့် ရှောက်ခိုင်းရမှာပဲ"

"မဟုတ်တာ အတော်ပြောတယ်၊ တော်ကြာ. . ."

"ကျွန်းပိုင်ကြီးက ငါ့ကို တကယ်စောင့်ရှောက်ပေးတာ နင်မယုံဘူးလား"

နီမောင်က သူ့အသည်းအသန် ဖျားနေစဉ်က ကျွန်းပိုင် ကြီးရောက်လာပြီး ဆေးကုပေးသွားပုံကို ပြန်ပြောပြလိုက်သည်။

"နင်တကယ်ပြောတာလား"

"တကယ်ပေါ့. . . သူပေးထားခဲ့တဲ့ ဆေးတောင် ငါ့ဆီ ရှိသေးတယ်"

"အံ့သြစရာပဲ၊ ဒါဖြင့် ငါတို့နှစ်ယောက် အတူနီးစပ်ဖို့ တောင်းကြရအောင်"

ဟုပြောကာ နှစ်ယောက်အတူထိုင်ပြီး ဆုတောင်းကြ



www.burmeseclassic.com

www.burmeseclassic.com



လေသည်။

ထိုအချိန်မှာ ဇာတ်စင်ရှိရာဘက်မှ ဆိုင်းချိလိုက်သံ... လေနှင့်အတူ ပါလာလေသည်။

သူတို့နှစ်ယောက်အတွက် ကောင်းချီးပေးသော ... သံများပင် ဖြစ်ပေတော့သည်။





## အခန်း (၁၃)

# ရေအောက်မှအသက်လုကြသောပွဲ

အချိန်က ညဥ့်ဦးပိုင်းအချိန် ရောက်နေချေပြီ။ လဆန်းရက်ဖြစ်သောကြောင့် လရောင်ရှိနေသည်။ သို့သော် ပြည့်ပြည့်ဝဝတော့ မဟုတ်သေးပေ။ တိမ်များကြားမှ . . လင်းတစ်ခါမှောင်တစ်လှည့် ဖြစ်နေ... အခြေအနေမျိုး ဖြစ်သည်။

မိုးရက်နီးလာသောအခါ တောင်ပြန်လေက မြူလာ... သစ်တောများပေါ်မှ ကျော်လာသောလေက မြစ်ရေပြင်



www.burmeseclassic.com

www.burmeseclassic.com



သို့ရောက်သောအခါ ရှပ်တိုက်ပြေးလေသည်။

ထိုအခါ ရေစီးအရှိန်နှင့်တွေ့ပြီး လှိုင်းကြက်ခွပ်က လေးများ ထလာသည်။

လရောင်နှင့်တွေ့သောအခါ လှိုင်းကြက်ခွပ်ကလေးများ က ငါးကြီးတစ်ကောင်၏ အကြေးခွံများကို နေရောင်နှင့်ထိသ သို့ ငွေရောင်တလဲ့လဲ့ တောက်ပနေကြသည်။

ဒီရေကျချိန်ဖြစ်သောကြောင့် သောင်ပြန့်များက တစ် မျှော်တစ်ခေါ် ပေါ်နေကြလေသည်။

တစ္ဆေငူကွေ့နှင့်နီးသော ဗျိုက်တောတစ်နေရာမှာတော့ မိကျောင်းထိုးရန်အတွက် ထွက်လာသော လှေတစ်စင်းရှိ သည်။

ဦးမွန်ထော်၊ နီမောင်၊ စောထီး၊ ငမဲအောင်တို့ လေး ယောက်ပါသော မိကျောင်းဖမ်းအဖွဲ့ပင် ဖြစ်ပေသည်။

တစ္ဆေငူကွေ့မှာ သရဲခြောက်သည်။

နေရာကလည်း ရေများနက်သော ချောက်ကမ်းပါးများ ဝဲကန်တော့များရှိသည့်အပြင် မိုးရာသီရောက်လျှင် လှိုင်းကြမ်း သောနေရာများလည်းဖြစ်သည်။

ကမ်းခြေတစ်လျှောက်မှာ လမုတော၊ ဖြူးခြေထောက် တော၊ ဗျိုက်တောများပေါ်ပြီး၊ မိကျောင်းသားရဲတွင်းများလည်း ရှိသည်။

ထိုနေရာမှာ မင်းဒင်တို့ မိကျောင်းမွေးနေသော မိုးမေ စခန်းနှင့်လည်း မဝေးလှပေ။





ထိုနေရာတွင် ရေများလည်းနက် သောင်ပြန့်များ ဗျိုက် တောများလည်း ရှိသဖြင့် မိကျောင်းကြီးများပေါသော နေရာဖြစ် လေသည်။

အန္တရာယ်များသော နေရာဖြစ်သောကြောင့်လည်း . . တော်ရုံမိကျောင်းထိုးသူများ မလာဝံ့ကြပေ . . .။

တစ္ဆေငူကွေ့ဆိုသောအတိုင်း ထိုနေရာမှာ သေခဲ့ကြသူ များ မနည်းတော့ပေ။

ငါးဖမ်းသမားများ၊ မိကျောင်းဖမ်းသမားများ ဖြစ်ကြပြီး အစိမ်းသေရသူများ ဖြစ်သဖြင့် ပရလောကသားများဘဝဖြင့် ရောက်လာသမျှ လူတို့ကို ခြောက်လှန့်နှောင့်ယှက်နေကြလေ သည်။

ရေထဲမှာ ရေးရေးပေါ်ပြီး အနားကပ်လာသဖြင့် . . . မိကျောင်းထင်သဖြင့် စလွတ်ဖြင့်ထိုးရာ ထိုးမိတော့မှ မိကျောင်း မဟုတ်ပဲ လူသေကောင်ကြီးဖြစ်နေခြင်း၊ ကမ်းစပ်မှာ လှေကပ် ထားစဉ် ဗျိုက်တောထဲမှ ဆင်းလာပြီး လာရောက်ခြောက်လှန့် ခြင်း၊ အစာတောင်းခြင်း၊ ငါးမိသဖြင့် ဆွဲဖော်ရာ ငါးပါမလာဘဲ လူအရိုးခေါင်းသာ ပါလာခြင်း၊ ကမ်းစပ်တစ်လျှောက်မှာ ပိုက်ချ စဉ် ရေကျသွားသောအခါ . . . ကမ်းပေါ်မှာ တင်ကျန်နေသော ငါးပုစွန်များကို တစ်ကောင်မကျန် လာကောက်စားခြင်း စသော ထိုနေရာမှာရှိနေကြသော သရဲတစ္ဆေများက . . . နည်းမျိုးစုံဖြင့် ခြောက်လှန့်နှောင့်ယှက်ကြသည်။

သို့ကြောင့် မလာဝံ့ကြခြင်း ဖြစ်ပေသည်။

www.burmeseclassic.com



ယခုတော့ နီမောင်တို့လေးယောက် လိုက်ပါလာသော လှေက ထိုဗိုလ်ကျက်တောကွေ့သို့ ရောက်နေကြပေပြီ။ နီမောင်က ယခင်အခေါက်များနှင့်မတူဘဲ ဖျတ်လတ်တက်ကြွနေလေပြီ. . ။

အဘယ့်ကြောင့်ဆိုသော်. .

မြဝင်းသူနှင့် နားလည်မှုရခဲ့ကြပြီး ချစ်သူဘဝသို့ ရောက်ခဲ့ပြီးနောက်ပိုင်းတွင် သူ့အတွက်ရော ဘဝအတွက်ပါ မျှော်လင့်ချက်၊ ရည်မှန်းချက်များ ရှိလာခဲ့ပြီဖြစ်သောကြောင့်ပင်. . ။

ကျန်သုံးယောက်ကလ နီမောင်ကို ထိုကဲ့သို့သော အခြေအနေမျိုးဖြင့် တွေ့မြင်ကြရသဖြင့် ကျေနပ်ဝမ်းသာနေကြသည်။

"နီမောင် မင်းကိုကျွန်းပိုင်ကြီးပေးထားခဲ့တဲ့ ဆေးတောင့် ရှိသေးတယ်မဟုတ်လား"

"ရှိတယ်အဘ သေသေချာချာ သိမ်းထားပါတယ်"

"ဒါက လူတိုင်းမရနိုင်တဲ့ နတ်ဆေးလို့ခေါ်တယ်၊ ဉာဏ်ရှိသလိုသာ သုံးပေတော့"

"ဟုတ်ကဲ့"

"ငါတို့က ဘဝအကျိုးပေးမကောင်းခဲ့လို့ အခုလိုဘဝမျိုးနဲ့ သားငါးရှာဖွေစားသောက်နေကြရပေမယ့် ငါတို့လုပ်နိုင်တဲ့ ကောင်းမှုတွေတော့ ရှိပါတယ်"

"ဘာတွေလဲအဘ. . ."

"စိတ်ကိုကောင်းအောင်ထား၊ သူတစ်ပါးအပေါ်မှာ စေတနာမပျက်နဲ့၊ ကိုယ့်ကိုကူညီစောင့်ရှောက်ပေးတဲ့ လူတွေ နတ်တွေရဲ့ ကျေးဇူးကိုမမေ့နဲ့၊ နောက် ကိုယ်က ဘုရားမရှိခိုးနိုင်ပေ





ယ့် ရတနာသုံးပါး အနန္တောအနန္တဂုဏ်ကို အာရုံပြုထားရင် ကောင်းမှုတွေလုပ်တာနဲ့ အတူတူပဲ. . ."

"ကျွန်တော်တို့က သူတစ်ပါးအသက် သတ်နေကြရတော့ ဒါတွေလုပ်လို့ရော အကျိုးရပ့်မလား. . အဘ"

"မှုဆိုးလုပ်တဲ့သူက တိရစ္ဆာန်လဲသတ်၊ မကောင်းတဲ့စိတ်ဖြင့်လဲမွေးရင် အကုသိုလ်နှစ်မျိုးဖြစ်တယ်၊ ငါးဖမ်းတဲ့သူလဲ ဒီလိုပေါ့၊ ဝမ်းစာလုပ်ရတာကသက်သက်. . တစ်ဘက်ကစိတ်ကိုကောင်းကောင်းထားရင် ဒုက္ခရောက်ရင်တောင် ကယ်တင်မဲ့သူနဲ့တွေ့ရတယ်၊ အခြားမကြည့်နဲ့ မင်းတို့သူငယ်ချင်း နီမောင်ကိုပဲကြည့်ပေါ့"

ဟုပြောပြတော့မှ. . . စောထီးနှင့် ငမဲအောင်တို့လဲ သဘောပေါက်သွားကြသောဟန်ဖြင့် ခေါင်းညိတ်ပြကြလေသည်။

စကားတပြောပြောနှင့်နေကြရာ ရေတက်ဦးအချိန်ရောက်တော့ တင်မြှောက်ပသမှုများပြုလုပ်ပြီး လှေစထွက်သည်။ ထုံးစံအတိုင်း ဦးမွန်ထော်က လေတိုက်နေသော လေညာအရပ်ကို ကြည့်သည်။

ရေစီးနေသောဘက်ကို ကြည့်သည်။

မြစ်ရေပြင် အခြေအနေ၊ ဝဲအခြေအနေကို အကဲခတ်သည်။ အချိန်အတော်ကြာသည်အထိတော့ မထူးသေးပေ။ သားကောင်၏ အရိပ်အယောင်ကို. . မတွေ့ရသေးပေ။ နီမောင်ကသည်း လှေဦးမှထိုင်ကာ အခြေအနေကို ကြည့်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



တဖြည်းဖြည်းနှင့် ကမ်းခြေနှင့်ဝေးကွာလာသည်။ ဦးမွန်ထော်က ဝဲရှိရာဘက်သို့ လက်ညှိုးထိုးပြသဖြင့် နောက်ဘက်လှေလှော်ပေးနေသည့် စောထီးက ဝဲရှိရာဘက်သို့ လှေဦးတည်ပေးလိုက်သည်။

ထိုအခြေအနေမျိုးမှာ တစ်ယောက်နှင့်တစ်ယောက်အသံထွက်ပြီး စကားပြောရာမလိုတော့ပေ။

ပြောစရာရှိပါက လက်ဟန်ခြေဟန်ဖြင့် အချက်ပြရုံသာ ပြုလုပ်ကြလေသည်။

ဝဲအစပ်ရောက်လာတော့ မနီးမဝေးနေရာ၌ ရေပြင်ပေါ်မှာ လှိုင်းကြက်ခွပ်ကလေးများ စိပ်နေသည်ကို လှမ်းမြင်ရသည်။ ရေအောက်တစ်ထွာတစ်မိုက်နေရာတွင် မိကျောင်းသော်လည်းကောင်း သစ်သားတုံးသော်လည်းကောင်း ရှိနေပါက ထိုကဲ့သို့ လှိုင်းကြက်ခွပ်ကလေးများ စိပ်နေတတ်သည်။

နီမောင်က ထိုနေရာသို့ လက်ညှိုးထိုးပြတော့ . . ငမဲအောင်က မီးဆလိုက်ကို မီးဖွင့်ပြီး ထိုနေရာသို့ လှမ်းထိုးသည်။ မိကျောင်း၏ မျက်လုံးသော်လည်းကောင်း၊ ကိုယ်လုံး၏ တစ်စွန်းတစ်စသော်လည်းကောင်း မတွေ့ရပေ။

သို့ဆိုလျှင် သစ်တုံးလည်းဖြစ်နိုင်သည်။

ဒါမှမဟုတ် . . ပါးနပ်သော မိကျောင်းက တစ်ကိုယ်လုံးရေအောက်မှာ မြှုပ်ထားပြီး တန်ပြန်တိုက်စစ်ဆင်ရန် အဆင့်သင့်စောင့်နေခြင်းလည်း ဖြစ်နိုင်သည်။

မနီးမဝေးရောက်လာတော့ နီမောင်က စလွတ်ကို ကိုင်





ကာနေရာမှထသည်။

ဦးမွန်ထော်က စိတ်လောမကြီးရန် အချက်ပြသည်။

ထို့နောက် ဦးမွန်ထော်က ရေကိုလက်ခုပ်ဖြင့် ခပ်ယူပြီး နမ်းကြည့်သည်။

အညှီနံ့မရပေ . . .

မိကျောင်းနှင့် ထိုမျှလောက်နီးနေပါက စူးစူးဝါးဝါး အညှီနံ့ ရလေ့ရှိသည်။

ယခုတော့ အညှီနံ့မရဘဲ အပုပ်နံ့လိုလို ရနေသည်။

ထူးတော့ထူးနေပြီ . .

ထိုအခိုက်မှာပင် မမျှော်လင့်သော ဖြစ်ရပ်တစ်ခု ပေါ်လေတော့သည်။

ရေထဲမှ ဝုန်းခနဲမြည်သံနှင့်အတူ လှေနံဘေးနားမှာ လူတစ်ယောက် မတ်တတ်ရပ်လျက် အနေအထားမျိုးဖြင့် ပေါ်ထွက်လာသည်။

ထိုသို့ပေါ်လာတော့မှ အပုပ်နံ့များရလေသည်။

လူတော့မဟုတ်ပေ ရုပ်ပျက်ဆင်းပျက် ဖြစ်နေသော လူသေအလောင်းတစ်လောင်းပင် ဖြစ်သည်။

လူသေအလောင်းပေါ်လာသောနေရာက လှေနှင့်သိပ်မဝေးလှပေ။ ထိုနေရာမျိုးတွင် လူသေအလောင်း တွေ့ရသည်က မဆန်းပေ။ ထူးဆန်းတာက ရေထဲမှာမျောနေခြင်းမဟုတ်ဘဲ ရေပေါ်မှာမတ်တတ်ကြီးရပ်နေခြင်းဖြစ်သည်။

သူတို့ရှိရာဘက်သို့ မျက်နှာလှည့်ကာ မျက်နှာသေကြီး



www.burmeseclassic.com

www.burmeseclassic.com



နှင့် ကြည့်နေသလိုမျိုးဖြစ်သည်။

"သရဲခြောက်တာလား"

"လူသေကောင်ကိုဖုတ်ဝင်ပြီး ထလာတာလား"

ထိုသို့ပြောနေစဉ်က ထူးဆန်းမှုကို ထပ်မြင်ရသည်။

အခြားမဟုတ်ပေ. . .

ရေပေါ်မှာ မတ်တတ်ရပ်နေသော လူသေကောင်က တရွေ့ရွေ့နှင့် အပေါ်ကြွတက်လာလေသည်။

"သတိထားကြ. . အန္တရာယ်ရှိနိုင်တယ်"

ဦးမွန်ထော်က သတိပေးလိုက်သည်။

ထိုသို့ပြောနေစဉ်မှာပင် ရေပေါ်မှာရွေ့လာသော လူသေအလောင်းက လှေနှင့်မနီးမဝေးသို့ ရောက်လာပြီးနောက် တစ်စုံတစ်ယောက်က ရေအောက်မှ တွန်းတင်လိုက်သကဲ့သို့ အပေါ်သို့ မြောက်တက်လာပြီးနောက်. . . သူတို့လှေပေါ်သို့ ရောက်လာလေတော့သည်။

"ဝုန်း"

မမျှော်လင့်ဘဲ လှေပေါ်သို့ လူသေအလောင်းကြီး ခုန်တက်လာသောကြောင့် လှေပေါ်မှာရှိနေကြသော နီမောင်တို့လေးယောက်မှာ ဖရိုဖရဲဖြစ်သွားကြလေသည်။

ထိုသို့ရောက်လာတော့မှ ပုပ်စော်ကလည်း ပိုနံလာသည်။ နီမောင်နှင့် ငမဲအောင်တို့က မိမိတို့လှေပေါ်သို့ မဖိတ်ခေါ်ဘဲရောက်လာသော လူသေအလောင်းကို ရေထဲပြန်ပစ်ချရန် ကြိုးစားကြရသည်။





နီမောင်လည်း အဆင်သင့်ကိုင်ထားသော စလွတ်တခြား လူတခြားဖြစ်သွားလေသည်။ ထိုအခိုက်မှာပင် နောက်မှာထိုင်နေသော စောထီးကို ရေထဲဆွဲချသွားသည်ကို မြင်လိုက်ရသည်။

"ဝုန်း"

"အား. . ."

သူတို့က ရှေ့မှလူသေအလောင်းကို ရေထဲပြန်ပစ်ချရန်ကြိုးစားနေကြစဉ် လှေပဲ့ပိုင်းမှာရှိနေသော စောထီးကို ရေအောက်မှ လက်တစ်ဖက်ထိုးတက်လာပြီး ဆွဲချသွားခြင်းဖြစ်သည်။

အသံကြားသဖြင့် လှည့်ကြည့်လိုက်တော့ မရှိတော့ပေ။

သို့ကြောင့် နီမောင်နှင့် ငမဲအောင်တို့နှစ်ယောက်က အသွားထက်သော ဓါးတစ်လက်စီယူပြီး ရေထဲသို့ ပြိုင်တူခုန်ဆင်းလိုက်သည်။

ကံကောင်းထောက်မစွာ. . လရောင်က ရှိနေသောကြောင့် ရေအောက်မှာပင် ဝိုးတဝါး မြင်နေရသည်။ ကြည့်လိုက်တော့ တစ်နေရာမှာ စောထီးနှင့် မိကျောင်းတစ်ကောင်တို့ သတ်ပုတ်တိုက်ခိုက်နေသည်ကို လှမ်းမြင်ရလေသည်။

ထူးထူးဆန်းဆန်း မိကျောင်းက ပါးစပ်နှင့်ကိုက် အမြီးနှင့်ရိုက်ရုံမဟုတ်ဘဲ လက်နှစ်ဖက်နှင့်ပါ တိုက်ခိုက်နေခြင်းဖြစ်သည်။

သာမန်မိကျောင်းတစ်ကောင်နှင့် တိုက်ခိုက်သတ်ပုတ်



www.burmeseclassic.com

www.burmeseclassic.com



ရလျှင် စောထီးအတွက် ပူစရာမရှိပေ။

ယခု လက်သည်းရှည်များရှိသော လက်နှစ်ဖက်နှင့်ပါ တိုက်ခိုက်နေသောကြောင့် တစ်ကိုယ်လုံး ဒဏ်ရာရကာ သွေးများထွက်နေပြီ. . ။

ဒီလိုနေရာမျိုးမှာ သွေးထွက်တာမကောင်းလှပေ. . အန္တရာယ်ကို ဖိတ်ခေါ်နေသည်နှင့် အတူတူပင်ဖြစ်သည်။ သွေးနံ့ရသည်နှင့် အနံ့ခံကောင်းသော ငါးမန်းများ ရောက်လာပါက မလွတ်နိုင်တော့ပေ။

သို့ကြောင့်. . နီမောင်နှင့် ငမဲအောင်တို့က ထိုနေရာသို့ ရောက်အောင်သွားကာ ဓါးများဖြင့် ဝင်ရောက်တိုက်ခိုက်ကြလေတော့သည်။

ရှေ့၌ရေးခဲ့သည့်အတိုင်း မိကျောင်းက အမြီးနှင့်မရိုက်ဘဲ ပါးစပ်ဖြင့်သာ ကိုက်နိုင်ရာ၊ ယခုတော့ လက်နှစ်ဖက်ဖြင့်ပါမကဘဲ. . လက်သည်းပါသော လက်နှစ်ဖက်နှင့်ပါ တိုက်ခိုက်နိုင်သော မိကျောင်းတစ်မျိုးကို တွေ့ကြရလေပြီ။

မနုဿမိကျောင်း. . .

ရှိသည်ဆိုသော်လည်း တွေ့ရခဲသော မနုဿမိကျောင်းပင်ဖြစ်ပေသည်။

နီမောင်က တစ်ကြိမ်တွေ့ခဲ့ဖူးသည်။

နီမောင်နှင့် ငမဲအောင်တို့ ရောက်လာတော့ မနုဿမိကျောင်းက သူတို့ဘက် လှည့်လာသည်။

ထိုအခြေအနေမှာတော့ တိုက်ခိုက်ရသော အခြေအနေ





က အတော်ကြမ်းလေသည်။

သူတို့ဓါးချက်များက မနုဿမိကျောင်းကိုယ်ပေါ်သို့ ထိသလိုမနုဿမိကျောင်း၏ လက်သည်းချက်များကလည်း သူတို့ကို ထိမိလေသည်။

ရေပြင်တစ်ဝိုက်မှာ သွေးများနီရဲနေလေပြီ၊

သွေးညှီနံ့များက စူးစူးဝါးဝါး ထွက်နေလေပြီ၊

မနုဿမိကျောင်းက. . အန္တရာယ်များသည်ဆိုသော်လည်း တစ်ကောင်တည်းဖြစ်ပြီး သူတို့ကသုံးယောက်ဖြစ်နေတော့ အခြေအနေက မဆိုးလှသေး။

ခဏကြာတော့ အခြေအနေက ဆိုးဝါးလာလေတော့သည်။

ငါးမန်းအုပ်များ ရောက်လာကြသည်။

ပထမတော့ တစ်ကောင်စ၊ နှစ်ကောင်စ. . .

နောက်တော့ တဖြည်းဖြည်းနှင့် များလာသည်။

ငါးမန်းအုပ်ကိုတော့ မနုဿမိကျောင်းလည်း ကြောက်သည်။ ငါးမန်းအုပ်နှင့်တွေ့လျှင် ဆင်လိုသတ္တဝါမျိုးတောင် တစ်စစီဖြစ်သွားနိုင်သည်။

သို့ကြောင့်. . သူက အရင်ထွက်ပြေးသည်။

သူ့ကိုယ်မှလည်း သွေးတွေထွက်နေရာ. . အချို့ငါးမန်းများက သူ့နောက်လိုက်သွားကြသည်။

စောထီးမှာလည်း ဒဏ်ရာရပြီး သွေးထွက်နေလေရာ သွေးညှီနံ့ရသောနေရာသို့ ငါးမန်းအချို့ရောက်လာကြသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့ကြောင့် . . နီမောင်နှင့် ငမဲအောင်တို့နှစ်ယောက်ဓ
ခါးတစ်လက်စီကိုင်ကာ အကာအကွယ်ပေးကြရသည်။

နီမောင်တို့ခါးချက်ကြောင့် အချို့ငါးမန်းများမှာဒဏ်ရာ
ရသွားကြပြီးနောက် သွေးများထွက်လာကြရာ ထိုနေရာတစ်ဝိုင်း
မှာ သွေးကွက်ကြီးများ ပေါ်လာလေသည်။

ငါးမန်းများမှာ သွေးနံ့ရလျှင် မျိုးတူငါးချင်းပင်ဖြစ်သော်
လည်း ချမ်းသာခွင့်မပေးပဲ ဝိုင်းဝန်းကိုက်ဖြတ်ကာ စားသော
ကြလေရာ အခြေအနေက ပိုဆိုးလာလေတော့သည်။

သို့ကြောင့် နီမောင်တို့လည်း စောထီးကို ကာကွယ်ပေး
ရင်းနှင့် ရေပေါ်သို့ပြန်တက်ကြသည်။

ဦးမွန်ထော်က သူတို့ကိုမြင်တော့ . . လှေကိုထိုနေရာ
ရောက်အောင် လှော်လာလေသည်။

အနားရောက်လာတော့ စောထီးကို လှေပေါ် အရင်ဆွဲ
တင်သည်။ ပြီးမှငမဲအောင်က တက်သည်။

"နီမောင် သတိထား၊ မင်းနောက်မှာ ဝင်လာနေပြီ"

ဦးမွန်ထော်က သတိပေးလိုက်သည်။

ထိုအခြေအနေတွင် လှေပေါ်တက်၍ မရသေးပေ။

သူလှေပေါ်တက်သည်နှင့် နောက်မှငါးမန်းက ရောက်
လာပြီးဝင်ဆွဲသဖြင့် ခြေထောက်ပြတ်ပါသွားနိုင်သည်။

သို့ကြောင့် ကိုယ်ကိုဖော့ထားရင်းနှင့် စောင့်သည်။

ထိုအခိုက်မှာပင် မနီးမဝေးမှာ ရောက်လာသော ငါးမန်း
က သူ့ကိုပြေးကိုက်လေသည်။





နီမောင်က ဘေးသို့ရှောင်ပြီး ခါးဖြင့် ပတ်ဆွဲလေသည်။

အသွားထက်လှသောခါးက ငါးမန်းကိုယ်ကိုခွဲလိုက်သ
ကဲ့သို့ဖြစ်ကာ သွေးများထွက်လာလေသည်။

နီမောင်က ထိုအခွင့်အရေးရစဉ်မှာ လှေပေါ်သို့ ရောက်
အောင်တက်လေသည်။

လှေပေါ်ရောက်မှ အမောဖြေရလေသည်။

လှေပေါ်ပြန်ရောက်မှ အခြေအနေကြည့်သောအခါ
စောထီးလက်မောင်းနှင့် ကိုယ်ပေါ်မှာ လက်သည်းချွန်ဖြင့် ကုတ်
ဆွဲထားသော အစင်းရာကြီးများကို တွေ့ရသည်။

သွေးများက မြင်မကောင်းအောင် ထွက်နေသဖြင့် . .
အဝတ်စဖြင့် ပတ်စည်းပေးထားရသည်။

အခြေအနေက သိပ်မကောင်းလှပေ။

စောထီးမှာ အဆိပ်တက်စ ပြုနေချေပြီ။

"နီမောင် မင်းဆေးတောင့်ပါရင် သူ့ကိုအဲဒီဆေးတိုက်မှ
ဖြစ်မယ်"

ဟုပြောသဖြင့် နီမောင်က ပစ္စည်းများထည့်ယူလာသော
သံပုံးထဲတွင် ပုလင်းတစ်လုံးဖြင့် ထည့်ယူလာသော ဆေးတောင့်
ကိုထုတ်ပြီး ခါးသွေးကျောက်ဖြင့် ဆေးရအောင် သွေးသည်။

ပြီးမှ . . ဆေးရည်များကို ဒဏ်ရာရသော နေရာများကို
လိမ်းပေးလေသည်။

အချို့ကို ရေနှင့်ဖျော်ပြီး တိုက်ပေးလိုက်တော့မှ စောထီး
မှာ ငြိမ်ကျသွားလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"မင်းဆီမှာ. . . ကျွန်းပိုင်ကြီးပေးထားတဲ့ ဆေးပါလာလို့သာ စောထီးအခြေအနေကောင်းသွားတာ၊ သူကံကောင်းတယ်လို့ဆိုရမှာပဲ. . မဟုတ်ရင်တော့ သူ့အသက်ကိုဘယ်လိုမှ ကယ်ပေးနိုင်မှာမဟုတ်ဘူး"

ဟု ဦးမွန်ထော်ကပြောသည်။

"ဒီတစ်ခါကတော့ အတော်ကလေး ကြောက်ဖို့ကောင်းတယ် အသက်အန္တရာယ်နဲ့ အတော်နီးတယ်"

"မနုဿမိကျောင်းကိုတွေ့တာ ဒီတစ်ခါနဲ့ဆိုရင် နှစ်ကြိမ်ရှိပြီ၊ ရိုးရိုးသားသားတွေ့တာမှ ဟုတ်ရဲ့လားမသိဘူး"

နီမောင်စကားကြားတော့ ဦးမွန်ထော်က မျက်မှောင်ကြုတ်ပြီး စဉ်းစားနေလေသည်။

"သွေးရိုးသားရိုးပဲ တွေ့တာလား၊ ဒါမှမဟုတ် တစ်စုံတစ်ယောက်ရဲ့ ပယောဂဆိုတာတော့ မသိနိုင်ဘူး၊ တစ်ခုတော့ရှိတယ်၊ ဒီမနုဿမိကျောင်းက တခြားနေရာက ရောက်လာတာ ဖြစ်ပုံမရဘူး၊ ငါထင်တာပြောရရင်တော့ ဒီနေရာတစ်ဝိုက်မှာ ရှိနေတဲ့ သတ္တဝါဖြစ်ပုံရတယ်"

"ဘာပဲဖြစ်ဖြစ်ပေါ့အဘရယ်၊ ဒီလောက် အန္တရာယ်များတဲ့သတ္တဝါမျိုးကို တခြားလူတွေ မတွေ့ရဘဲ၊ ကျွန်တော်တို့နဲ့မှ နှစ်ခါတောင်တွေ့ရတာတော့ ထူးဆန်းတယ်လို့ အဘမထင်ဘူးလား"

"ထူးတာတော့ ထူးတာပေါ့ကွာ၊ ဒါပေမယ့် တိုက်တိုက်ဆိုင်ဆိုင်တွေ့တာမျိုးလည်း ဖြစ်နိုင်တာပါပဲ၊ ဘာပဲဖြစ်ဖြစ်. . ဒီ





လာက်အန္တရာယ်ကြီးတဲ့ သတ္တဝါမျိုး ဒီလိုနေရာမျိုးမှာ ရောက်နေပြီဆိုတာ သိထားကြရပြီဆိုတော့ ဘယ်နေရာသွားသွား. . ာပဲလုပ်လုပ် သတိထားကြဖို့တော့ အရေးကြီးတယ်"

"စိတ်ချပါအဘ၊ ကျွန်တော်တို့က သူ့ကိုတခင်လိုက်ပြီး ရှာနေတာမှမဟုတ်တာ၊ သူကကျွန်တော်တို့ကို တခင်လာပြီး ရှာနေရင်တော့ ကျွန်တော်တို့မှာ အပြစ်မရှိတော့ပါဘူး ဘယ်နေရာမှာပဲတွေ့တွေ့ သူ့အသက်ကိုယ့်အသက် လဲရုံပဲရှိပါတယ်"


ဟုနီမောင်ကပြောလိုက်ရာ ကျန်နှစ်ယောက်က အံကိုင်းတင်းကြိတ်ထားကြလေသည်။

ထိုညအဖို့တော့ စောထီးဒဏ်ရာရသွားသောကြောင့် ကျောင်းထိုးရန်အတွက် ဆက်မသွားနိုင်ကြတော့သဖြင့်. . . ာက်ကြောင်းပြန် လှည့်ကြရလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၁၄)

# သားရဲတွင်းမှမနုဿမိကျောင်း

သားရဲတွင်းဆိုသည်မှာ . . .

နာမည်မကောင်းသလို နေရာလည်းကောင်းသောနေရာမျိုး မဟုတ်ပါချေ။

တောထဲတွင် မြေခွေး၊ ဝံပုလွေစသော သတ္တဝါများက သားရဲတွင်းဖြင့် နေကြသည်။

ထို့ပြင် . ကျားများ၊ ခြင်္သေ့များ စုဝေးနေသောနေရာ



www.burmeseclassic.com

www.burmeseclassic.com



ကိုလည်း သားရဲတွင်းဟုပင် ခေါ်ဝေါ်ကြသည်။

ရေမှာနေသောမိကျောင်းကတော့ ရေတစ်ဝက်၊ ကုန်း[…] တစ်ဝက်ရှိသော နေရာများမှာ သားရဲတွင်းပြုလုပ်ကြသည်။

မိကျောင်းက သားရဲတွင်း မရှိ၍မဖြစ်ပေ။

ကျွဲနွားစသော အကောင်ကြီးများကို ဖမ်းဆီးမိပါ[…] ချက်ချင်းစား၍ မရသောကြောင့်. . သားရဲတွင်းရောက်အော[…] သယ်ယူသွားပြီး ပုပ်ပွလာတော့မှ စားကြလေသည်။

သို့ကြောင့်သတ္တဝါများကို အပုပ်ခံရန်အတွက် သား[…] တွင်းက သူ့အတွက် မရှိမဖြစ်လိုအပ်လှသည်။

ရေမှာပဲဖြစ်စေ. . ကုန်းပေါ်မှာပဲဖြစ်စေ. . သား[…] တွင်းဆိုလျှင်တော့ အန္တရာယ်များပြီး ကြောက်စရာကောင်းသေ[…] နေရာများချည်းသာ ဖြစ်သည်။

သားရဲတွင်းဆိုရာတွင် သဘာဝအတိုင်းဖြစ်နေသေ[…] နေရာကို တိရစ္ဆာန်များက ဝင်ရောက်နေထိုင်သော သားရဲတွ[…] နှင့်၊ လူတို့ပြုပြင်စီမံထားသော သားရဲတွင်းဆိုပြီး နှစ်မျိုးရှိ[…] သည်။

မိုးမခကျွန်းထိပ်မှာရှိသောသားရဲတွင်းကတော့ လူ[…] စီမံပြုလုပ်ထားသော သားရဲတွင်းပင်ဖြစ်လေသည်။

ထိုနေရာမှာ လူသူနေသောနေရာနှင့် ဝေးသည်။

သစ်တောများရှိသည်။

ကမ်းစပ်မှာ လမုတော၊ ဗျိုက်တောများ ထူထပ်စွ[…] သည်သို့မြင်. . ရေစူးနက်သော ဝဲကလိုင်များနှင့် ချောက်တ[…]





ပါးတို့လည်း ရှိကြလေသည်။

ထိုအခြေအနေမျိုးရှိသော နေရာများတွင် မိကျောင်း များပျော်သည်။

ကျွန်းထိပ်နှင့်မနီးမဝေးတွင် တဲကြီးများရှိသည်။

သစ်၊ ဝါး၊ ဓနိ စသည်တို့ဖြင့် ဆောက်ထားသော တဲကြီး များဖြစ်ပြီး သုံးလေးလုံးရှိသည်။

ထိုနေရာတွင် အတွင်းဘက်သို့ထိုးဝင်နေသော ချောင်း ငယ်တစ်ခုရှိပြီး ထိုနေရာဘက်မှာတော့ မိကျောင်းများ လှောင် ထားသော ခြံတစ်ခြံရှိသည်။

လေးဘက်လေးတန် ကနစိုသစ်သားတိုင်ကြီးများစိုက် ကာ သစ်သားတန်းများပစ်ကာ သံကြိုးများ၊ ဒမင်းနွယ်ကြိုးများ ဖြင့်ခိုင်ခံ့အောင် တုပ်နှောင်ထားသည်။

ရေတစ်ပိုင်း ကုန်းတစ်ပိုင်း ပြုလုပ်ထားသော ထိုခြံကြီး မှာ အတော်ကျယ်ဝန်းသည်။

ရေစပ်တွင် လတာပြင်နှင့် ဗျိုက်တောများရှိပြီး ကုန်း ဘက်တွင် လမုပင်နှင့် ဖြူတောများရှိသည်။

ထိုအထဲမှာရှိသော မိကျောင်းများက ရေကျချိန်တွင် ရေစပ်မှာရှိသော ဗျိုက်တောများမှာ နေကြပြီး၊ ရေပြည့်လာလျှင် လမုတောများရှိသော ကုန်းဘက်တွင် တက်နေကြသည်။

ထိုမိကျောင်းများက မင်းဒင်မွေးထားသော မိကျောင်း များပင်ဖြစ်သည်။

မွေးထားသည်ဆိုသော်လည်း သနားသ[…]



www.burmeseclassic.com

www.burmeseclassic.com



ထားခြင်းတော့ မဟုတ်ပေ။ ဝက်မွေးသကဲ့သို့ အချိန်တန်လျှင် သတ်ဖြတ်စားသောက်ကြသည်။

မိကျောင်းကိုတော့ သတ်ဖြတ်စားသောက်ခြင်း မပြုဘဲ နယ်ခြားမှလာသော ယိုးဒယားကုန်သည်များအား အကောင်လိုက်ရောင်းချရန်အတွက် ဖြစ်ပေသည်။

ထိုသို့ရောင်းထားစဉ်မှာတော့ အမဲသားငါးများကိုတော့ နေ့စဉ်ကျွေးထားရသည်။

ကုန်သည်များရောက်လာလျှင် မင်းဒင်၏အလုပ်သမားများက ခြံထဲသို့ဆင်းပြီး. . ကြိုးကွင်းများ၊ ထောင်ချောက်များ၊ လှောင်အိမ်များဖြင့် ဖမ်းဆီးပေးရသည်။ ကြိုးကွင်း၊ ထောင်ချောက်၊ လှောင်အိမ်ထဲရောက်အောင် လူများများဖြင့် မောင်းသွင်းပြီးမှ အရှင်ဖမ်းယူခြင်း ဖြစ်သည်။

အချို့သတ္တိကောင်းသူများက လက်ချည်းသက်သက်ဖြင့် အရှင်ဖမ်းယူနိုင်ကြသည်။

မိကျောင်းက ပါးစပ်ဖြင့်ကိုက်၊ အမြီးဖြင့်ရိုက်ခြင်း ပြုလုပ်နိုင်သည်။

သို့သော် မိကျောင်းမှာ အားနည်းချက်ရှိသည်။

အမြီးရိုက်အားသန်သော်လည်း ချက်ချင်းလျှပ်တစ်ပြက်ရိုက်၍မရပေ။

အရှိန်ယူ အားယူပြီးမှ ရိုက်၍ရသည်။

ပါးစပ်ကလည်း ထိုနည်းအတိုင်းပင်ဖြစ်သည်။

ကိုက်အားကောင်းသလောက် ပြန်ဖွင့်သောအခါမှာ. .





နေးသည်။

ထိုအားနည်းချက်နှစ်ခုကို မိကျောင်းဖမ်းယူသူများက သဘောပေါက်သည်။

မိကျောင်းကိုယ်ပေါ်ရောက်အောင်တက်ပြီး ပါးစပ်ကို လက်ဖြင့်ကိုင်ထားပါက ပြန်ဖွင့်မရသလို. . နောက်ဘက် ခြေထောက်နှစ်ချောင်းကို လက်ပြန်ကြိုးတုပ်လိုက်လျှင် အမြီးဖြင့် ရိုက်၍ မရတော့ပေ။

အဘယ်ကြောင့်ဆိုသော်. . .

အမြီးဖြင့်ရိုက်ခါနီးလျှင် နောက်လက်နှစ်ချောင်းကို အားပြုပြီးမှ ရိုက်၍ရသောကြောင့် ဖြစ်သည်။

နောက်ခြေနှင့် ရှေ့လက်များကို လက်ပြန်ကြိုးတုပ်ထားပြီး နှုတ်သီးများကို ကြိုးဖြင့်စည်းထားပြီးလျှင်တော့ မိကျောင်းက ဘာမှမလုပ်နိုင်တော့ပေ။

အန္တရာယ်ကင်းစွာဖြင့် ဖွတ်တစ်ကောင်ဖမ်းရသကဲ့သို့ ဖမ်း၍ရသွားသည်။

မိကျောင်းဖမ်းသမားများက ထိုနည်းကိုအသုံးပြုကြခြင်း ဖြစ်ပေသည်။

မိကျောင်းများမွေးထားသောနေရာနှင့် မနီးမဝေးနေရာမှာတော့ သားရဲတွင်းရှိသည်။

သဘာဝအတိုင်းဖြစ်ပေါ်နေသော သားရဲတွင်းတော့ မဟုတ်ပေ။

မင်းဒင်စီမံပြုလုပ်ထားသော သားရဲတွင်းပင်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



သားရဲတွင်းရှိသော နေရာတစ်ဝိုက် သစ်တော၊ သစ်ပင်များက ဖုံးအုပ်ကာကွယ်ထားသည်။

လှိုဏ်ခေါင်းကဲ့သို့ဖြစ်နေသော နေရာတစ်ခုလည်းရှိသည်။

ရေတက်လျှင် ရေပြည့်နေပြီး ရေကျသွားလျှင်တော့ ေ မရှိပေ။ နံဘေးတစ်ဖက်တစ်ချက်တွင် ဖျိုက်တောများရှိသည် လှိုဏ်မှာ အတော်နက်သဖြင့် အောက်ဘက်သို့ဆင်းသော လှေကာ များပြုလုပ်ထားသည်။

သစ်သားများဖြင့် အထစ်ပြုလုပ်ထားခြင်းဖြစ်သည်။

ထိုနေရာမှ အောက်သို့ဆင်းသွားလျှင်တော့ အော တွင်သံတိုင်များဖြင့် ကာရံထားသောနေရာ ရှိသည်။

သံတိုင်ဖြင့် ကာရံထားသောနေရာက နှစ်ထပ်ဖြစ်သည် တစ်ခုနှင့်တစ်ခု (၁၀)ပေခန့်ဝေးသည်။

ဟိုးအတွင်းဘက်မှာတော့ မှောင်နေသောကြောင့်. . အထဲ၌ ဘာရှိနေသည်ကို မမြင်ရပေ။

သားရဲတွင်းထဲရောက်သွားလျှင်တော့ အညှီနံ့၊ အပု နံ့၊ သွေးနံ့များ လှိုင်နေသည်။

ပထမသံတံခါးချပ်ကို သော့ခလောက်ကြီးတစ်လုံးဖြ ခတ်ထားလေသည်။

နံနက်ပိုင်းအချိန်ရောက်သောအခါ နေရောင်နှင့် လင်းရောင်အချို့က သစ်ပင်များကြားမှ ထိုးဖောက်ကာ. . အတွင်းသို့ ကျနေသည်။

ထိုအချိန်တွင် မင်းဒင်နှင့် လူနှစ်ယောက်တို့ သားရဲတွ





ရှိရာသို့ ရောက်လာကြသည်။

သူတို့နှင့်အတူ ဒရယ်တစ်ကောင်လည်း ပါလာသည်။

ဒရယ်မှာ သုတ်ကိုင်းမိထားသဖြင့် ခြေထောက်ကျိုးနေရာ ကြိုးဖြင့်ချည်ကာ တရွတ်တိုက်ဆွဲလာကြခြင်းဖြစ်သည်။

သားရဲတွင်းနေရာသို့ ရောက်သောအခါ အောက်သို့ ဆင်းလာကြသည်။

သားရဲတွင်းထဲမှာတော့ တိတ်ဆိတ်ငြိမ်သက်နေသည်။

အောက်ရောက်တော့ ပထမတံခါးချပ်မှာရှိသော သော့ခလောက်ကို မင်းဒင်ကဖွင့်လိုက်သည်။

ထိုဝင်ပေါက်မှာ လူတစ်ယောက်ဝင်သာရုံမျှသာ ရှိလေသည်။ အပြင်ဘက်မှာ ကာရံထားသော တံတိုင်များနှင့် အတွင်းဘက်မှာကာရံထားသော သံတိုင်ကြားမှာ (၁၀)ပေခန့်ခြားပြီး. . ထိုကြားထဲ၌ ဘာမှမရှိပေ. . . ။

လူသုံးယောက်တို့သည် ထိုနေရာသို့ရောက်သောအခါ အတွင်းသို့ အခြေအနေကြည့်လိုက်သည်။

အထဲမှာမှောင်နေသောကြောင့် ဘာမှမမြင်ရပေ. . ။

“သူရှိနေတယ်မဟုတ်လား”

“ပြန်ရောက်နေပါပြီ၊ ညကတည်းကပြန်ဝင်လာတယ်”

မင်းဒင်က မေးသောအခါ နောက်မှပါလာသူက တိုးတိုးဝင်ပြောပြသည်။

မင်းဒင်က အတွင်းဘက်မှာရှိသော သံတိုင်များ၌တပ်ထားသော တံခါးငယ်တစ်ချပ်ကို ထပ်ဖွင့်ပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုတံခါးပေါက်ကတော့ သိပ်မကျယ်လှပေ။

နှစ်ပေပတ်လည်ခန့်သာ ရှိသည်။

ထိုတံခါးကိုဖွင့်ပြီးသည်နှင့် သူတို့ဆွဲယူလာသော ဒရယ်ကို အတွင်းသို့ပစ်ချကာ တံခါးကိုအလျင်အမြန် ပြန်ပိတ်လိုက်ကြလေသည်။

"မင်းတို့နှစ်ယောက် အပြင်ဘက်ကနေ ထွက်စောင့်နေ"

ဟုပြောလိုက်သဖြင့် နောက်မှပါလာသူနှစ်ယောက်က အပြင်သို့ ပြန်ထွက်သွားကြသည်။

မင်းဒင်က သူတစ်ယောက်တည်း ကျန်ခဲ့သောအခါ သံတိုင်များကို ခါးမြှောင်ဖြင့် ခေါက်လိုက်လေသည်။

"ဒေါင်. . ဒေါင်. . ဒေါင်"

ထိုအသံက တိတ်ဆိတ်နေသော မြေအောက်ခန်းထဲမှာ ကျယ်ကျယ်လောင်လောင် ပေါ်ထွက်လာလေသည်။

"ဒေါင်. . ဒေါင်. . ဒေါင်"

နောက်တစ်ကြိမ်ခေါက်လိုက်သောအခါ အတွင်းဘက်မှ မည်းမည်းသဏ္ဍာန်ကြီးထွက်လာသည်။

၎င်းထွက်လာပုံမှာ ပုံမှန်အနေအထားမျိုး မဟုတ်ဘဲ ဒယိမ်းဒယိုင် ဖြစ်နေလေသည်။

ထွက်လာသောသတ္တဝါမှာ အခြားမဟုတ်ပါချေ။

မနုဿမိကျောင်းကြီးပင် ဖြစ်ပေတော့သည်။

၎င်းထွက်လာတာမြင်တော့. . အထဲရောက်နေသော ဒရယ်ကလေးက ကြောက်ရွံ့ထိတ်လန့်စွာဖြင့် အော်ဟစ်နေလေ





သည်။

မနုဿမိကျောင်းထွက်လာပုံမှာ သာမန်မိကျောင်း တစ်ကောင်ကဲ့သို့ လေးဘက်တွားပြီး ထွက်လာခြင်းမဟုတ်ပေ။ အမြီးကို နောက်ဘက်မှထောက်ထားပြီး. . နောက်ခြေထောက်နှစ်ချောင်းအပေါ်မှာ အားပြုလျက် ပတတ်ရပ်ကာ ထွက်လာခြင်း ဖြစ်သည်။

ပုံသဏ္ဍာန်ပြောရလျှင်တော့ ပင်လယ်ဖျံတစ်ကောင် ပတတ်ရပ်နေသည့်ပုံမျိုးဖြစ်သည်။

၎င်းက တဗဲဗဲအော်နေသော ဒရယ်ကိုမြင်သောအခါ ထိုနေရာသို့ လျှောက်သွားလေသည်။

ဒရယ်က သူလာတာမြင်တော့ နေရာမှ ထပြေးရန်ကြိုးစားလေသည်။

ခြေထောက်နာနေသောကြောင့် ကောင်းစွာမပြေးနိုင်ပေ။ အနီးရောက်သည်နှင့် မနုဿမိကျောင်းက ၎င်း၏သန်မာသောအမြီးဖြင့် ဒရယ်ကို ဖြတ်ရိုက်လိုက်လေသည်။

"ဖြောင်း. . ."

ဒရယ်မှာ အရှိန်ဖြင့်ဝင်လာသောကားတစ်စင်း အတိုက်ခံရသကဲ့သို့ မြောက်ဘက်သွားပြီး နံရံဖြင့်ရိုက်ကာ အောက်သို့ ပြုတ်ကျလေသည်။

စောစောကလို မအော်နိုင်ဘဲ အကြောဆွဲနေသည်။ မနုဿမိကျောင်းက ထိုနေရာသို့လျှောက်သွားပြီး ဒရယ်ကို ဆွဲယူလာသည်။

www.burmeseclassic.com



မင်းဒင်ရပ်နေသော နေရာရှေ့သို့ ရောက်သောအခါ ချွန်ထက်သော လက်သည်းများဖြင့် ကုတ်ခြစ်ဖျက်ဆီးပြီးနောက် ကိုက်ဖွဲ့စားသောက်နေလေသည်။

မင်းဒင်က အခြေအနေကိုကြည့်နေရင်း. . မေးလိုက်သည်။

"မင်းဒဏ်ရာတွေရထားသလား"

မင်းဒင်ကို နီရဲနေသောမျက်လုံးဖြင့် တစ်ချက်ကြည့်သည်။

"မင်း သူတို့နဲ့တွေ့တာ နှစ်ခါရှိပြီ၊ ပထမတစ်ခါက ရေထဲရောက်တဲ့အစာကိုတောင် မရခဲ့ဘူး၊ အခုတစ်ခါမှာလည်း ဒဏ်ရာရပြီး ပြန်ပြေးလာရတယ်"

ထိုသို့ပြောသောအခါ မနုဿမိကျောင်းက နားလည်သောအမူအရာဖြင့် စားနေသောဒရယ်ကို လွှင့်ပစ်လိုက်သည်။ ဒေါသတကြီးအမူအရာဖြင့် သူ့ကိုယ်ပေါ်မှ သွေးထွက်နေသော ဒဏ်ရာတို့ကိုပြသည်။

ပါးစပ်မှလည်း ဒေါသထွက်သဖြင့်မာန်ဖီနေသော အသံတို့ကို အတိုင်းသားကြားနေရသည်။

ကိုယ်ပေါ်၌ ဓါးဖြင့်ထိုးခွဲထားသော ဒဏ်ရာများအပြင် ငါးမန်းကိုက်သဖြင့် အကွင်းလိုက်ပြတ်ပါသွားသော ဒဏ်ရာတို့လည်းရှိနေသည်။

မနုဿမိကျောင်းမှာ မင်းဒင်ပြောသောစကားများကို ပြန်မပြောနိုင်သော်လည်း (မိကျောင်းပါးစပ်ထဲ၌ လျှာမရှိပေ)





ားလည်ဟန်ရှိသည်။

ယဉ်ပါးနေသော ခွေးတစ်ကောင်ကိုစကားပြောသောအခါ ပြန်မပြောနိုင်စေကာမူ သခင်ပြောသည့်စကားတို့ကို နားလည်နိုင်စွမ်းရှိသောသဘောမျိုး ဖြစ်သည်။

ယခုလည်း မနုဿမိကျောင်းက လူစကားမျိုးဖြင့် ပြန်ပြောနိုင်စေကာမူ သူ့ကိုယ်ပေါ်မှဒဏ်ရာဒဏ်ချက်များအပြင် ကျေနပ်သော အမူအရာများကို ပြသလေသည်။

"မင်း. . သူတို့အပေါ်မှာ မကျေနပ်ဘူးဆိုတာ ငါသိပါတယ်၊ ဒါပေမယ့် အခုချက်ချင်းတော့ ကလဲ့စားချေချင်လို့ မရဘူး၊ မင်းဒဏ်ရာတွေပျောက်ဖို့ လိုသေးတယ်"

မနုဿမိကျောင်းက သူ့ကိုယ်ပေါ်မှ တစိမ့်စိမ့်ထွက်နေသောသော ဒဏ်ရာများကိုငုံ့ကြည့်ကာ. . တဟီးဟီးနှင့် မာန်ထနေလေသည်။

"တစ်နေ့တော့ မင်းကိုဒုက္ခပေးတဲ့လူတွေကို လက်စားချေဖို့အခွင့်အရေး ရလာမှာပါ။ အဲဒီအခွင့်အရေး ရလာတဲ့အခါ င်းစိတ်ကြိုက်သာ တစ်စစီဖြစ်အောင်လုပ်ပေတော့"

ဟုပြောလိုက်တော့ ဒရယ်ကိုပြန်ကောက်ပြီး ကိုက်ဖြတ်းသောက်နေသည်။

သူမွေးထားသော မနုဿမိကျောင်းက ဒေါသကြီးနေလို မင်းဒင်စိတ်ထဲမှာလည်း တွေးစရာတွေ အများကြီးရှိနေသည်။

မနုဿမိကျောင်းနှင့်တွေ့လျှင် မည်သူမှမခံနိုင်ပေ. . .



www.burmeseclassic.com

www.burmeseclassic.com



ရင်းလက်သည်းချွန်များနှင့် ထိုးမိ၊ ခြစ်မိသဖြင့် အဆိ
တက်လျှင် မြွေဆိပ်တက်သကဲ့သို့ဖြစ်ကာ သေဆုံးလေသည်။

ယခု နီမောင်တို့နှင့်တွေ့တာ နှစ်ကြိမ်ရှိသွားပေပြီ။

ထိုနှစ်ကြိမ်စလုံးမှာ မနုဿမိကျောင်း၏ အဆိပ်လ
သည်းချက်နှင့် ထိသူတွေရှိသည်။

သတင်းသိရသလောက်တော့ ထိုအဆိပ်ထိသူများ တ
ယောက်မှမသေကြသဖြင့် စိတ်ထဲမှ အံ့ဩနေမိခြင်းဖြစ်သည်

"သူတို့မှာ ဆေးကောင်းရှိနေလို့လား၊ ဒါမှမဟုတ် တ
ခုခုထူးခြားနေလို့လား"

မင်းဒင်က ဇဝေဇဝါဖြင့် တွေးနေလေသည်။

ထိုအခိုက်မှာပင် မနုဿမိကျောင်းက ဒရယ်ကိုဆွဲ
အတွင်းသို့ ပြန်ဝင်သွားလေသည်။

ထိုအခါမှ မင်းဒင်လည်း အပြင်သို့ထွက်ကာ . . တံ
သော့ကို ပြန်ပိတ်လိုက်လေသည်။

"သူကိုယ်ပေါ်ကဒဏ်ရာတွေက ဘယ်လိုရလာတာ
ဆရာ"

"ညက တစ္ဆေဥူနားမှာ လူတွေနဲ့ရော ငါးမန်းတွေန
တွေ့ပြီး ရလာတာပဲ"

"အံ့ဩစရာပဲ ရေထဲမှာ မနုဿမိကျောင်းနဲ့တွေ့
တောင် မသေဘူးဆိုတော့ သေလာယျဘက်က လက်
စလွှတ်သမားလို့ နာမည်ထွက်နေတဲ့ နီမောင်တို့မှ ဟုတ်ရဲ့လ

"ဟုတ်တယ် သူတို့ပဲ"





"ဒါများ ဆရာရယ်၊ စိတ်ရှုပ်ခံမနေစမ်းပါနဲ့. . ကျုပ်တို့
တိုသာ တာဝန်ပေးလိုက်စမ်းပါ၊ ဘယ်သူမှမသိဘဲ လက်စဖျောက်
ခဲ့ပါမယ်"

ဟုတပည့်တစ်ယောက်ကပြောသည်။

"ရန်သူဆိုတာ ဘယ်တော့မှ လျှော့မတွက်ရဘူးကွ၊ အဲဒီ
လိုလျှော့တွက်တာနဲ့ ကိုယ့်ဘက်က တစ်ဝက်ရှုံးသွားတာပဲ"

"မှန်ပါတယ် စပ်စုတယ်လို့မထင်ပါနဲ့၊ ဆရာက နီမောင်
တို့ ဘာကြောင့်သေစေချင်နေတာလဲ၊ ဘယ်လိုရန်ငြိုးရန်စတွေ
ရှိခဲ့လို့လဲ"

"ရှိတာပေါ့ကွာ၊ ဒါပေမယ့် ဒီအကြောင်းတွေက မင်းတို့
သိလို့ မဖြစ်သေးပါဘူး၊ ဒါပေမယ့် ဒီအကြောင်းတွေကိုတော့
ဘယ်သူမှမသိဖို့ အရေးကြီးတယ်"

"စိတ်ချစမ်းပါ ဆရာရယ်၊ ကျုပ်တို့က ဆရာက မပြောနဲ့
ဆိုရင် ယမမင်းလာစစ်ရင်တောင်မှ ဘာမှမပြောကြပါဘူး"

"ဒါကြောင့် မင်းတို့နှစ်ယောက်ကို ယုံကြည်စိတ်ချပြီး
အစစအရာရာ အားကိုးနေရတာပေါ့ကွာ"

ဟုပြောလိုက်လေသည်။

ထို့နောက် သုံးယောက်သား အပေါ်သို့ပြန်တက်ခဲ့ကြ
လေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com





## အခန်း (၁၅)

# ဒဏ္ဍာရီထဲမှ သဘာဝလွန်သတ္တဝါကြီးများ

ရှေးအခါက. . အတိတ်သမိုင်းအချို့တွင် သဘာဝလွန်သတ္တဝါများ သို့မဟုတ် ဒဏ္ဍာရီဆန်သော သတ္တဝါကြီးများ ရှိခဲ့ကြသည်။ ယခုခေတ်လူတို့ မမြင်ဖူး၊ မတွေ့ဖူးကြသော်လည်း. . ကြားဖူးပြီး အမှန်တကယ်ရှိနိုင်သည်ဟု ယုံကြည်လက်ခံထားကြသော သတ္တဝါကြီးများဖြစ်သည်။

ဒဏ္ဍာရီဆန်သော သတ္တဝါကြီးများမှာ. . .



www.burmeseclassic.com

www.burmeseclassic.com



နဂါး၊ ဂဠုန်၊ ဘီလူး၊ စသော သတ္တဝါများဖြစ်ကြပြီး. . သဘာဝလွန်သတ္တဝါကြီးများကတော့ နှင်းလူ၊ ညံသတ္တဝါ၊ သမန်းကျား၊ သမန်းဝံပုလွေ၊ မိစ္ဆာမြေခွေး၊ မနုဿမိကျောင်း စသည်တို့ဖြစ်ကြသည်။

နဂါး၊ ဂဠုန်၊ ဘီလူး စသည်တို့က. . တန်ခိုးကြီးသော နတ်စာရင်း၌ပါဝင်ပြီး ဒဏ္ဍာရီစာရင်းဝင် သတ္တဝါများပင်ဖြစ်ကြလေသည်။

သမန်းကျား၊ မနုဿမိကျောင်း စသည်တို့ကတော့ လူနှင့်ဆက်စပ်မှုရှိပြီး. . သဘာဝလွန်သတ္တဝါများပင် ဖြစ်ကြလေသည်။ သမန်းကျားဆိုသည်မှာ လူမှကျားဘဝပြောင်းကာ. . လူတစ်ပိုင်း ကျားသတ္တဝါမျိုး ဖြစ်သည်။

ထို့အတူ မနုဿမိကျောင်းဆိုသည်မှာလည်း မိကျောင်းတစ်ပိုင်း လူတစ်ပိုင်းသတ္တဝါမျိုး ဖြစ်သည်။

ညံသတ္တဝါသည်လည်း လူတို့မြင်ဖူးရန် ခဲယဉ်းသော်လည်း ပင်လယ်ပြင်မှာရှိသော သတ္တဝါတစ်မျိုးဖြစ်သည်။

ကုန်း၌အကြီးဆုံးသတ္တဝါဖြစ်သော ဆင်ကိုသော်လည်းကောင်း၊ ရေ၌အကြီးဆုံးသတ္တဝါဖြစ်သော ဝေလငါးကိုသော်လည်းကောင်း၊ ညံသတ္တဝါက ရစ်ပတ်သတ်ဖြတ်နိုင်သည်။

နန်းတွင်းသစ္စာတော်ပြန်တမ်းတစ်ခု၌. . .

“မိကျောင်းလပိုင်၊ ညံတိကိုင်၍၊ သေဆုံးစေသော” ဟူသည့် ကျိန်ဆိုရေရွတ်မှု ပါလေသည်။

အချို့ကတော့ ညံသတ္တဝါကို ပင်လယ်မြွေကြီးများဟု





ထင်သော်လည်း မြွေစာရင်း၌မပါပေ။

ညံသည် သဘာဝလွန်သတ္တဝါတစ်မျိုးသာ ဖြစ်သည်။

ရုပ်ရှင်ဇာတ်ကားများတွင် “နှစ်တစ်ထောင်အသက်ရှည်သောမြွေ”၊ “နှစ်တစ်ထောင်အသက်ရှည်သောမြေခွေး” များအကြောင်းကို ဇာတ်လမ်းဖွဲ့ပြီး ပြသကြသည်။

ကိုယ်တွေ့မမြင်ဖူး၊ မကြုံဖူးသော်လည်း ကြည့်ရှုသူများက နှစ်သက်သဘောကျကြသည်။

အဘယ်ကြောင့်ဆိုသော်. . .

လူအများက သာမန်ထက်၊ သဘာဝလွန်အဖြစ်အပျက်များ၊ တိရစ္ဆာန်များအကြောင်းကို နှစ်သက်သဘောကျပြီး စိတ်ဝင်စားသောကြောင့်ပင် ဖြစ်ပေသည်။

ကမ္ဘာပေါ်တွင်. . အမှန်တကယ် တွေ့ကြုံရှုမြင်ခဲ့ကြရသည့် ကြောက်စရာသတ္တဝါကြီးများကို ဦးစွာဖော်ပြပါမည်။

(၁၉၆၆)ခုနှစ် ဗိုလ်ကြီး ဂျွန်ရစ်ဂျဝေးနှင့် အဖော်ဖြစ်သူ ကြည်းတပ် တပ်ကြပ်ကြီး ချေးဘလိုက်တို့သည် လှေတစ်စီးဖြင့် မြောက်အတ္တလန်တစ်ပင်လယ်ကို ဖြတ်၍ လှော်ခတ်နေသည့်ညတွင် ပင်လယ်မြွေကြီးတစ်ကောင်ကို ထူးဆန်းစွာတွေ့မြင်ခဲ့ကြသည်။

အဆိုပါ ပင်လယ်မြွေကြီးသည် အလျား(၃၅)ပေကျော်ခန့်ရှိမည်ဖြစ်ပြီး ညဘက်ပင်လယ်ပေါ်တွင် နီယွန်မီးရောင်ကြီးများဖြင့် ရုပ်လုံးဖော်ထားသလို လင်းနေသော မြွေကြီး၏ [illegible]ရေးကို တွေ့မြင်ခဲ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



ခဏတာမျှသာမြင်တွေ့လိုက်ရပြီး ပင်လယ်ရေအောက်သို့ ငုပ်လျှိုးပျောက်ကွယ်သွားလေသည်။

(၁၈၀၀)ပြည့်လွန်နှစ်များက စကင်ဒီနေဗီးယား တံငါသည်များသည် အလွန်ကြီးမားသော ရောမ ပီလာငါးကြီးကို တွေ့ခဲ့ကြသည်။

(၁၈၆၁)ခုနှစ်နှောင်းပိုင်းတွင် ပြင်သစ်တစ်ပင်တိုင်သင်္ဘောငယ်ကလေး အလက်တိန်မှ မာလိန်မှူးနှင့် သင်္ဘောသားအားလုံးသည် ကာဒစ်မှ တယ်နာရစ်သို့ ကူးကြစဉ်တွင် (၅)ပေ (၆)ပေခန့်ရှည်ပြီး လှုပ်ရှားစမ်းသပ်ရန် အမျှင်အင်္ဂါများပါသည့် ပီလာငါးကြီးကို တွေ့ရှိသဖြင့် ဖမ်းယူရန် ကြိုးစားခဲ့ကြသည်။

သို့ဖြစ်၍ ကြီးမား၍ကြောက်မက်ဖွယ်ကောင်းသည့်သတ္တဝါကြီးများသည် ပင်လယ်၊ သမုဒ္ဒရာများထဲတွင် ရှိနိုင်ပေသည်။

သို့သော် ရှေးခေတ်အခါမှစ၍ ပြောဆိုနေခဲ့ကြသည့် အကြေးခွံအထပ်ထပ်ရှိပြီး နှာခေါင်းမှ မီးလျှံများကို မှုတ်ထုတ်တတ်သော နဂါးကြီးများ၊ ခေါင်းများစွာရှိသော ပင်လယ်မြွေကြီးများ၊ အခြားကြောက်မက်ဖွယ်ကောင်းသည့် ရေအောက်သတ္တဝါများအပါအဝင် ကြောက်မက်ဖွယ်ကောင်းသည့် သတ္တဝါများသည် ပင်လယ်၊ သမုဒ္ဒရာများထဲတွင် "ရှိနေနိုင်သည်" "မရှိနိုင်တော့"ဆိုသည်မှာ ထာဝစဉ်ပေါ်ပေါက်နေသော မေးခွန်းပုစ္ဆာများဖြစ်သည်။

ခန္ဓာကိုယ်ကြီးမားလှပြီး အရုပ်ဆိုးအကျည်းတန်သည်





ပုံပန်းသဏ္ဌာန်ရှိပြီး အသက်ဘေးအန္တရာယ်ကိုလည်း ပြုတတ်သော "ပရလောကသား" ဟုယူဆရသည့် တိရစ္ဆာန်သတ္တဝါကြီးများမှာ ဒဏ္ဍာရီခေတ်ကာလမှစ၍ ဆန်းကျင်ဘက်ဂုဏ်သတ္တိများ ဒွန်တွဲနေခဲ့ကြသည်။

အဆိုပါ တိရစ္ဆာန်သတ္တဝါကြီးများသည် အကျည်းတန်အရုပ်ဆိုးလှသည့်ကြားက လူတို့၏ အာရုံကို ဆွဲဆောင်နိုင်ကြ၏။ ကြောက်လန့်စေသည့်ကြားကပင် လူတို့၏ ရဲစွမ်းသတ္တိကို ဖြစ်ပေါ်စေသည်။

ယင်းသတ္တဝါကြီးများသည် ရှင်းလင်းမပြတတ်သည့် သဘာဝစွမ်းအင်များ၏ သရုပ်သင်္ကေတများ ဖြစ်လာကြပြီး လူသား၏ သူရဲကောင်းစိတ်ဓါတ်အတွက် ရည်မှန်းရာပစ်မှတ်များ ဖြစ်လာရသည်။

ကလေးသူငယ်ဆိုင်ရာ စိတ္တဗေဒပညာရှင်ဖြစ်သော အရူနိုဘက်တဲ(လ)ဟိုင်း(မ)ဆိုသူက "ပန်းဝတ်မှုန်နတ်သမီးပုံပြင်များ" ၏လူမှုရေး၊ စိတ်ပိုင်းဆိုင်ရာ အရေးပါမှုများကို သုတေသနပြုပြီးနောက် လူသားသည် မိမိ၏ အကြောက်တရားများကို ပုံသဏ္ဌာန်ဖော်ရန်အတွက် ကြောက်စရာသတ္တဝါများကို ဖန်တီးခဲ့ကြကြောင်း အဆိုပြုထောက်ပြခဲ့သည်။

အမည်နာမ မတပ်နိုင်သည့် စိုးရိမ်ပူပန်မှုများသည် အမည်နာမနှင့်ပုံပန်းသဏ္ဌာန်ကို ဖော်ထုတ်နိုင်သည့် အရာများထက် ပို၍ခြိမ်းခြောက်ကြသည်။

ကျွန်ုပ်တို့ သိရှိထားသောအရာ၊ သို့တည်းမဟုတ် ...



www.burmeseclassic.com

www.burmeseclassic.com



ထားသည်ဟု ယုံကြည်ရသောအရာသည် ဘာမှမသိသေးသော အညတထက် လူ၏စိတ်ကို ပို၍သက်သာရာရစေပါသည်။

ဗြိတိသျှလူမျိုး နို့တိုက်သတ္တဝါဆိုင်ရာ သတ္တဗေဒပညာရှင်လည်းဖြစ် ကြောက်စရာသတ္တဝါ ဝါသနာရှင်လည်းဖြစ်သော ဒေါက်တာ ဂွျန်နေပီယာက စိတ်ကူးယဉ်ဖြစ်သော ကင်းကောင်ကဲ့သို့သော ကြောက်စရာမျောက်ဝံကြီးများသည် လူသား၏ အတွင်းမှ ညာဉ်၏ရိုင်းစိုင်းယုတ်ညံ့မှုတို့ကို လွယ်လင့်တကူ သိုမှီးထားရာနေရာများဖြစ်လာရသည်ဟု ဆိုလေသည်။

ညစဉ်ညတိုင်း နေလုံးကြီးဝင်ရောက် ပျောက်ကွယ်သွားရသော ရေအောက်၊ မြေအောက်ကမ္ဘာမှာ မည်သည့်အရာများ သတ္တဝါများရှိနေသည်ကိုမသိရပေ။

သို့ဖြစ်၍ ရှေးခေတ်လူသားများသည် မည်သည့်အရာများ၊ သတ္တဝါများရှိမှန်းမသိရသော အညတနယ်မြေကို မိစ္ဆာဆန်သည်ဟူ၍ ယူမှတ်ထားကြသည်။

ထိုအခါ ဝက်ပါဆန်လှသော မြေတွင်းကြီးထဲမှ . မီးတောက်မီးလျှံများကို မှုတ်မှုတ်ထုတ်တတ်ပါသောနဂါး (သို့) နယားဆိုသည့် ကြောက်စရာသတ္တဝါကြီး ပေါ်ထွက်လာလေသည်။

နဂါး (သို့) နယားဆိုသည့်သတ္တဝါမှာ လူသား၏ စိတ်ကူးနယ်တွင် မူလပထမနေရာယူသည့် ကြောက်စရာ သတ္တဝါကြီးဖြစ်သည်။

နဂါးဆိုသည်မှာ လူတို့အတွေ့ရများသော အိမ်မြှောင်





ကင်းလိပ်ချော စသည့်သတ္တဝါအသေးကလေးများကအစ ကြီးမားသော အဆိပ်ပြင်းလှသည့် မြွေများ၊ သားကောင်ကို ရစ်ပတ်ညှစ်သတ်တတ်သည့် မြွေကြီးများအဆုံး တွားသွားသတ္တဝါများ ပြည့်နှက်နေသည့် မြေအောက်ကမ္ဘာမှ ပေါ်ထွက်လာတတ်သည့် ကြောက်စရာသတ္တဝါကြီးဟု မှတ်ယူကြသည်။

(၁၆၀၈)ခုနှစ်တွင် အင်္ဂလိပ်လူမျိုးအက်ဒဝပ်၊ တော့(ပ)ဆဲ(လ) ဆိုသူ၏ ဖော်ပြချက်မှာ နဂါးတို့၏ အင်အားကြီးမားရက်စက်တတ်မှုကို ပီပြင်စေသည်။

နဂါးတို့သည် ဦးခေါင်းကိုငုံ့၍ ကိုယ်ကိုကြိုးကဲ့သို့ချထားသည်။ ယင်းသို့တိတ်ဆိတ်စွာစောင့်ဆိုင်းနေစဉ် ဆင်တစ်ကောင်ရောက်လာပြီး သစ်သီးသစ်ခက်တို့ကို စားသောက်ခိုက်တွင် နဂါးတို့သည် ရုတ်တရက်အလစ်ဝင်ခုန်အုပ်ကာ ဆင်၏မျက်လုံးတို့ကိုဖောက်ပစ်သည်။

ထို့နောက် ဆင်၏လည်မျိုကို ပတ်ကာ နဂါး၏ ကိုယ်ခန္ဓာဖြင့် ဆင်ကိုရိုက်ပုတ်ပြီးကိုယ်ခန္ဓာရှေ့ပိုင်းဖြင့် ဖိညှစ်သည်ဖြစ်ရာ ဆင်သည်အသက်ရှူကျပ်ပြီးသေဆုံးရတော့သည်။

ဥရောပတိုက်သား ခရီးသည်ကြီးများသည် ထူးခြားသော တိရစ္ဆာန်ကြီးများဖြစ်သော ဆင်၊ သစ်ကုလားအုပ်၊ ဘင်္ဂလားကျား၊ ရေမြင်း၊ မိကျောင်းစသည်တို့သည် ရှေးအထက်ကျော်ကာရီကပင် တကယ်ရှိသည်ဟု ဆိုကြခဲ့ကြသည်။

ဘီစီ(၃)ရာစု၊ (၄)ရာစုကပင် ခရီးသွားများ ပြန်လည်ပြောပြခဲ့သည့် အကြောင်းအရာများတွင် ထူးခြားဆန်းကြယ်မှု



www.burmeseclassic.com

www.burmeseclassic.com



များပါခဲ့သည်။

-ခွေး၏ဦးခေါင်းနှင့်လူများ

-ဦးခေါင်းလုံးဝမရှိသည့်လူများ

-ခြေထောက်အကြီးကြီးတစ်ချောင်းတည်းရှိသည့်လူ

- ဆိတ်ခြေထောက်နှင့်လူ

-နားရွက်ရှည်ကြီးများရှိသောလူမျိုးစုများ

-နှုတ်ခမ်းတွဲနှင့်လူမျိုးစုများ

-ငှက်နှုတ်သီးနှင့်လူမျိုးစုများ

-ဝက်နှာခေါင်းနှင့်လူမျိုးစုများ

-မျက်လုံးတစ်လုံးတည်းရှိသည့်လူမျိုးစုများ

-အမြီးစုတ်ဖွားကြီးနှင့်လူများ

စသည်တို့သည် ထူးခြားသောလူများဖြစ်သည်။

(၁၅၅၅)တွင် အွတ်ဆာလာ၏ဂိုဏ်းချုပ် အိုလော(စ) မဂ္ဂနပ်၏ ဖော်ပြမှုမှာ မြွေကြီး၏ထူးခြားမှုဖြစ်သည်။

စကင်ဒီနေဗီးယား ဒေသများတွင်တွေ့ရသော မြွေကြီးသည် ပေ(၂၀၀)ရှည်၍ လုံးပတ်မှာ ပေ(၂၀)ခန့်ရှိသည်။

နော်ဝေးကမ်းခြေမှ တွေ့ရသည့် ထိုမြွေကြီးသည် လည်ကုပ်မှတစ်ကျူးဘစ်ခန့်ရှည်လျားသည့် အမွေးအမှင်ကြီးတွဲလဲကျနေသည်။ ကိုယ်ထည်တွင် အကြေးခွံများရှိ၍ ကိုယ်အသွေးအရောင်မှာ မည်းနက်၏။ ၎င်း၏ မျက်လုံးများမှာ မီးထွက်လုမတတ် တောက်ပြောင်နေသည်။

လူသည် လူတစ်ပိုင်း သားရဲတိရစ္ဆာန်တစ်ပိုင်းကိုမှ ပို၍ ကြောက်တတ်သည်ဟု ယူဆရသည်။

ရှေးအကျဆုံးဖြစ်သော လူ့တိရစ္ဆာန်ကြီးများက သမန်းကျားကဲ့သို့ လူကဖြစ်သည်ဆိုသော တိရစ္ဆာန်များဖြစ်ကြ၏။

လူကတိရစ္ဆာန်ဖြစ်သွားလိုက် ထိုတိရစ္ဆာန်က လူပြန်ဖြစ်သွားလိုက်ဟူ၍ ပြုလုပ်နိုင်သော သတ္တဝါများဖြစ်သည်။

-လူကဖြစ်သော ဝံပုလွေ

-လူကဖြစ်သော ဂျာဂွါကျားသစ်

-လူကဖြစ်သော ပင်သာကျားသစ်

-လူကဖြစ်သော ဝက်ဝံ

စသည်သတ္တဝါတို့မှာ လူကဖြစ်သည်ဆို၍ လူအများပို၍စိတ်ဝင်စားကြပြီး ပို၍ကြောက်လန့်ကြသည်။

မြန်မာပြည်တွင် သမန်းကျားဖြစ်ရပ်များကို ကြားဖူးကြသကဲ့သို့ ဥရောပတိုက်တွင်ကား သမန်းဝံပုလွေဖြစ်ရပ်များသည် လူသိများလှသည်။ လူတို့သည် ဝံပုလွေ၏ ထင်ရှားသော ဂုဏ်ရည်များဖြစ်သော ကြမ်းကြုတ်မှု၊ သွေးဆာမှု၊ အကင်းပါး၍ အကောက်ဉာဏ်များမှု၊ ခွန်အားပလပြည့်စုံမှုများကို သိရှိထား၍ အကြောက်ပိုကြခြင်းဖြစ်သည်။

တစ်ခါတစ်ရံတွင် လူစင်စစ်ဖြစ်လျက်ကပင် လူ့အသိကို မစွန့်ပယ်ဘဲ . လိုချင်သည့်သားကောင်ကို ဖမ်းဝင်နိုင်ခြင်းများလည်းရှိ၏။

သွေးစုပ်သည့်လူကို မြန်မာဘာသာဖြင့် "သွေးစုပ်ဖုတ်ကောင်" *(Vampire)*ဟုခေါ် ဆိုကြသည်။




☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com



သွေးစုပ်ဖုတ်ကောင်(*Vampire*)သည် သေရာမှ ထလာသူဖြစ်ပြီး သွေးကိုစုပ်ယူမှီဝဲသည်။

"သွေးစုပ်လင်းနို့" အမည်တွင်သော လင်းနို့တစ်မျိုးမှာ အစွယ်များရှိ၍ ညဘက်တွင် ကျွဲ၊ နွား၊ မြင်းစသော တိရစ္ဆာန်တို့၏သွေးကို စုပ်ယူမှီဝဲတတ်ကြသည်။

(၁၈၉၇)ခုနှစ်သို့ရောက်သောအခါ အိုင်းရစ်လူမျိုး စာရေးဆရာဘရမ်စတိုကာ၏ ကြက်သီးမွေးညင်းထလောက်သော ဒရာကူလာ(*Dracula*)ဟူသောစာအုပ် ပေါ်လာရာ သွေးစုပ်ဖုတ်ကောင်များအနက် အကျော်ကြားဆုံးဖြစ်လာသည်။

အချို့သော ကြောက်စရာသတ္တဝါများကား သရဲတစ္ဆေလည်းမဆန်ပေ။ သိပ္ပံပညာနှင့်လည်း မပတ်သက်ပေ။

သို့သော် ယခုအခါတွင် ပျောက်သုဉ်းသွားပြီဟု ဆိုကြသော ကမ္ဘာဦးသတ္တဝါများထဲမှ အကြွင်းအကျန်များဟု ဆိုရမည်ဖြစ်သော သတ္တဝါများဖြစ်သည်။

ဤကဲ့သို့သော သတ္တဝါကြီးများတွင် ခြေထောက်ကြီး(*Big Foot*) ဟုကင်ပွန်းတပ်ထားသည့် လူဝံလိုလို အကောင်ကြီးများ၊ 'ယေတီ'ဟုခေါ်သော နှင်းလူများပါဝင်သည်။

ယေတီ(ခေါ်)နှင်းလူ ရှိသည်ဆိုခြင်းကို ဟိမဝန္တာဒေသသားများ၊ တိဗက်လူမျိုးများက. . နှစ်ပေါင်း(၂၀၀)ကျော်လောက်ကပင် ယုံကြည်ကြသော်လည်း အနောက်တိုင်းသားများကမူ (၁၈၃၂)ခုနှစ်တွင်မှ ကြားဖူးကြရသည်။

နှင်းလူသည် တစ်ကိုယ်လုံး မည်းမှောင်သော အမွှေး





အမှင်များ ဖုံးလွှမ်းကာ အမြီးမပါ၊ မတ်တတ်သွားသော သတ္တဝါကြီးဖြစ်ပြီး ခြေရာကြီးမှာ ကြီးမားလှသည်။ အနံ့ဆိုးလှသည်။

ဖော်ပြပါ သတ္တဝါများသည် အမှန်တကယ် ရှိနိုင်သည်ဟူ၍ယုံကြည်သော သတ္တဗေဒပညာရှင်များလည်း ရှိပေသည်။

သက်ရှိသတ္တဝါများနှင့်ပတ်သက်၍ ဖော်ထုတ်တွေ့ရှိချက်များ ကုန်ခန်းသွားပြီဟူ၍ မဆိုနိုင်ပေ။

ကမ္ဘာမြေကြီး၏ (၁၀)ရာခိုင်နှုန်းမှာ မရောက်မပေါက်ဖူးသေးသည် ဖြစ်လေရာ ဖော်ထုတ်တွေ့ရှိစရာ များစွာကျန်နိုင်ပါသည်။

လူတို့မရောက်မပေါက်ဖူးသေးသော သမုဒ္ဒရာကြမ်းပြင်များလည်း ရှိနေပါသေးသည်။

လွန်ခဲ့သော နှစ်ပေါင်း(၁၅၀)အတွင်း. . ရှေးဟောင်းဒေ၀တာပုရာဏ်များဟုယူဆရသော အရာတော်တော်များများသည် ယခုအခါတွင် သိပ္ပံလက်ခံသော အမှန်ဖြစ်ရပ်များ ဖြစ်လာနေလေသည်။

ဂေါ်ရီက ပန်ဒါအကြီးစားကြီး၊ ရှေ့မြင်းအပုစား၊ ဝေလငါးမန်း၊ အိုကာပီ၊ နဂါးသဏ္ဍာန်ပုတ်သင်ဟူသည်တို့သည် တစ်ခါက ဒဏ္ဍာရီထဲကသတ္တဝါများဟု ထင်ခဲ့ကြရသော်လည်း ယနေ့ခေတ်တွင် တကယ်ရှိကြောင်း ဖော်ထုတ်နိုင်ပေပြီ။

ထူးဆန်းသော မယုံကြည်နိုင်စရာ ဖြစ်ရပ်တို့ကား တစ်ခုပျောက်သွားလျှင် အသစ်တစ်ခုထပ်၍ ပေါ်ပေါက်နေဦးမည်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



လူဆိုသည်မှာ ဘဝကို အတွေးစိတ်ကူးကဏ္ဍအားဖြင့်လည်းနေထိုင်နေသောကြောင့် အထူးအဆန်းကို စိတ်ဝင်စားကြသည်

စာရေးဆရာ ရစ်ချတ်ကာရင်တန်၏ အဆိုအရ ကမ္ဘာဦးကိုးကွယ်ရာ ဘာသာများကဲ့သို့ပင် သားရဲတိရစ္ဆာန်ဆိုးများသည် စကြဝဠာ၏ ပဟေဠိဆန်မှုနှင့် ဆန်းကြယ်မှုကို ကိုင်တွယ်ရန်ကြိုးစားမှုကို ကိုယ်စားပြုသည့်အရာများ ဖြစ်သည်။

(၁၅)ရာစုနှစ်များအတွင်းတွင် ဥရောပတိုက်သားတို့သည် အတ္တလန်တစ်သမုဒ္ဒရာကိုထွက်၍အနိုင်ယူရေးတွင် လူသားစားတတ်သည့် ကြောက်မက်ဖွယ် အကြေးခွံများနှင့်‥တိရစ္ဆာန်ကြီးများသည် ထိုသမုဒ္ဒရာတွင် အပြည့်ရှိနေမည်ဆိုပြီး ကြောက်ရွံ့နေခဲ့ကြဖူးသည်။

လူတို့သည် နဂါးများကဲ့သို့သော အကြောက်တရားများကို သတ်ဖြတ်နှိမ်နင်းချက်များကို ဖန်တီးခြင်းအားဖြင့် လူသားသည် မိမိ၏မလောက်လေးမလောက်စားဖြစ်မှုကို ပယ်ဖျက်မြှင့်တင်ခြင်းဖြစ်နိုင်သည်။

လူသားများတီထွင်သမျှ ကြောက်မက်ဖွယ် သတ္တဝါကြီးများတွင် လူဘီလူးကြီးများသည် လူသိအများဆုံးဖြစ်နိုင်ပါသည်။

ကြောက်မက်ဖွယ်ဘီလူးများကို ကမ္ဘာအနှံ့အပြား‥ပါးစပ်သမိုင်းဒဏ္ဍာရီများတွင် တွေ့ရှိရ၏။

ဗြိတိသျှတို့၏ ဘိုးဘွားမိဘများလက်ထက်မှ ဘီလူးများဖြစ်ကြသည့် ဂေါ့(*Gog*)နှင့် မာဂေါ့(*Magog*)တို့အား‥စစ်နိုင်ဘုရင်ဖြစ်သည့် ဘရူးတပ်(စ)က အသစ်တည်သော လန်ဒန်မြို့





သူ၏နန်းတော်တံခါးဝတွင် အစောင့်အဖြစ်ထားရှိကြောင်း‥ဒဏ္ဍာရီကဆိုသည်။

ခေါမ(ခေါ်)ဂရိလူမျိုးများ၏ ဒေဝတာပုရာဏ်တွင် ပါရှိသော‥တိုက်တန်များ၊ ဆိုင်ကလုပ်များ၊ ဂျိုင်းဂန့်တီများသည် ဂရိနတ်ဘုရားများဖြစ်ကြသည့် ယူရေး(စ)နတ်(ကောင်းကင်)နှင့်ဂေးယား(မြေကြီး)တို့မှ ပေါက်ဖွားလာသည့် ဧရာမ လူသားကြီးများ ဖြစ်ကြသည်။

နော့(စ)လူမျိုးတို့၏ ဒေဝတာပုရာဏ်အရသော်ကား ဘီလူးများက ကမ္ဘာမြေကြီးနှင့် လူသားများကို ဖန်ဆင်းခဲ့သည်ဟုဆိုသည်။

ဂရိလူမျိုးတို့၏ အော်ဒစ်စီအမည်ရှိ ဇာတ်လမ်းဖွဲ့ ကဗျာရှည်ကြီးထဲတွင် ယုတ်ညံ့၍လူသားစားတတ်ပြီး မျက်လုံးတစ်လုံးတည်းရှိသည့် ဘီလူးကြီး ပေါ်လီဖီးမတ်(စ)ကို ရဲရင့်၍ ဉာဏ်ပညာပရိယာယ်ကြွယ်လှသော အော်ဒစ်စယု(စ)က လွယ်လွယ်ဖြင့်အောင်နိုင်သွားကြောင်း ဖော်ပြထားသည်။

ပန်းဝတ်မှုန်နတ်ကလေးများကို အင်္ဂလိပ်ဘာသာအားဖြင့် ဖယ်ရီ(*Fairy*) ဟုခေါ်ဝေါ်သည်။

အဆိုပါ ပန်းဝတ်မှုန်နတ်ကလေးများသည် ပရိယာယ်ကြွယ်သည်။ မာယာဝေဝု(စ) သုံးကြသည်။ ဖမ်းစားတတ်သည်ဟူ၍အယူအဆရှိခဲ့ကြကာ မကောင်းဆိုးဝါးများနှင့် လူသားတို့အကြားမှအဆင့်တွင် ရှိကြသည်။

လေ့လာသူပညာရှင်များက ပန်းဝတ်မှုန်နတ်ကလေး



www.burmeseclassic.com

www.burmeseclassic.com



များကို နှစ်မျိုးနှစ်စားခွဲခြားထားသည်။

ပထမအမျိုးအစားကား ပန်းဝတ်မှုန်နတ်ဘုရင်နှင့် နတ်မိဖုရားတို့အုပ်ချုပ်ပြီး လူသားတို့ မမြင်ရသော တိုင်းနိုင်ငံတွင် နေထိုင်ကြသည်။

ရှေးအခါက ဥရောပတိုက်သားများက ထိုပန်းဝတ်မှုန်နတ်ကလေးများကို သူကောင်းကလေးများဟူ၍လည်းကောင်း၊ ပိစိကွေးကလေးများဟူ၍လည်းကောင်း ခေါ်ဝေါ်ကြသည်။

ဥပမာအားဖြင့် ဒဏ္ဍာရီထဲမှ တိုက်တန်းနီးယား၊ အော့ဘရွန်၊ တင်ကာဘဲ(လ) တို့ဖြစ်၏။

သူတို့တွင် တောင်ပံကလေးများပါ၍ ပြုံးရွှင်သော မျက်နှာထားများရှိသည်။ သူတို့သည် ရွှေငွေများအကြားတွင်နေထိုင်၍ အလွန်အရသာရှိသော အစားအစာများကို စားကြသည်ဟု ဆိုသည်။

ပန်းဝတ်မှုန်နတ်ကလေးများသည် လသာသောညများ၌ သီချင်းဆို၍ ကခုန်နေကြသည်ကို အမှတ်မထင် တွေ့မြင်မိသောခရီးသည်မှာ ၎င်းတို့၏ ဖမ်းစားခြင်းကို ခံရတော့သည်။

ထိုသို့သောသူများမှ ၁သူတို့သည် ပန်းဝတ်မှုန်နတ်ကလေးများ၏ တိုင်းနိုင်ငံသို့ ရောက်နေသည်မှာ တစ်ရက်ခန့်မျှသာကြာသေးသည်ဟု ထင်မှတ်ကြသော်လည်း စင်စစ်တွင် နှစ်ပေါင်းများစွာ ကြာမြင့်ပြီဖြစ်ရာ သူတို့သေဆုံးကြပြီးဖြစ်သည်။

ဒုတိယအမျိုးအစားဖြစ်သော ပန်းဝတ်မှုန်နတ်ကလေးများမှာ လူ့လောကတွင် ပါဝင်စွက်ဖက်တတ်ကြ၏။ အချို့က





လူများကို ကောင်းကျိုးပေးတတ်ကြပြီး အချို့ကမူ ဒုက္ခပေးတတ်ကြသည်။

ဤအဆင့်အတန်းတွင် ပါဝင်ကြသော ပန်းဝတ်မှုန်ကလေးများမှာ မျိုးနွယ်အမျိုးမျိုးရှိကြပြီး မျိုးနွယ်အလိုက် ဆောင်ရွက်သောလုပ်ငန်းများလည်း ကွဲပြားကြ၏။

ဥပမာအားဖြင့် ဖော်ပြရသော်. . .

လက်ပရယ်ချွန်*(Leprechaun)*ဟုခေါ်သော ပန်းဝတ်မှုန်နတ်မျိုးမှာ ဖိနပ်ချုပ်ကြသည်။

ဒွာ့(ဖ)*(Dwarf)*ဟုသည့် အမျိုးသည် ရွှေတွင်းတူးကြသည်။

ဘန်ရှီး *(Banshee)* ဟုခေါ်သည့်မျိုးနွယ်ကား သေခါနီးလူကို အသက်နုတ်တတ်ကြသည်။

ဘရောင်နီ*(Brownie)* နှင့်ကော်ဘို*(Kobold)*မျိုးနွယ်ဝင်များကမူ အိမ်တွင်းနတ်ကလေးများဖြစ်ကြကာ အိမ်သားများ အိပ်နေစဉ် အိမ်မှုကိစ္စများကို လုပ်ဆောင်ပေးတတ်ကြသည်။

ခရီးသည်များ လမ်းပျောက်သော် ပစ်ဇီ*(Pixie)*များ ခေါ်သွားပြီဟု ပြောတတ်ကြသည်။

ထရိုး*(Troll)*မျိုးနွယ်များကမူ ဖြတ်သန်းလာသူများကို ခြောက်လှန့်တတ်ကြသည်။

ဂရင်မလင်*(Gremlin)*မျိုးနွယ်များကား လေယာဉ်တောင်ပံများပေါ်တွင် ကခုန်တတ်ကြပြီး လေယာဉ်မောင်းသူကို လမ်းချော်အောင် သွေးဆောင်တတ်ကြ၏။



www.burmeseclassic.com

www.burmeseclassic.com



အချို့သောပညာရှင်များက ဤပန်းဝတ်မှုန်နတ်ကလေးများသည် ကမ္ဘာဦးမှသည် ယနေ့ထက်တိုင် ကျန်နေသေးသော အစွဲအလမ်းတစ်ခုဟုဆိုကြသည်။

အချို့ကမူ သူတို့သည် အကျင့်ပျက်ကောင်းကင်ဘုံသားများဟု ယူဆကြသည်။

ကြောက်စရာသတ္တဝါများတွင် လူများက ဉာဏ်ထွင်ပြုလုပ်ထားသော အရာများလည်း ပေါ်များလှသည်။

ကမ္ဘာကျော်ခရီးသည်ကြီး မာကိုပိုလိုက ဆူမာတြာက လူပုမျိုးနွယ်များ၏ လိမ်လည်လှည့်ဖြားတတ်ပုံကို ဖွင့်ချခဲ့သည်။

အဆိုပါ လူပုများသည် မျောက်အသေကောင်များကို ဖန်တီးပြုပြင်ပြီး ရှုံ့ငယ်အောင် ပညာဖြင့်ပြုလုပ်ထားပြီး လူသေကောင်များလိုလို လှည့်ဖြားခြောက်လှန့်တတ်ကြသည်။

အရှေ့တိုင်းမှ ခုန်ပျံတတ်သော ပုတ်သင်တစ်မျိုး၏ အသေကောင်ကို ပြုပြင်၍ နဂါးအလောင်းဟူ၍ ဥရောပတိုက်သားများကို ရောင်းချခဲ့ကြသည်။

အချို့ကမူ နန္ဒင်းမကင်းပုံ ပင်လယ်ငါးတစ်မျိုးကို ပြုပြင်ဖန်တီး၍ နဂါးအသေကောင်ဆို၍ ရောင်းချခဲ့ကြသည်။

အမေရိကန်တံငါသည်များသည် လူလိုလို နဂါးလိုလို သတ္တဝါတစ်မျိုးဖြစ်သည့် ဂျင်နီဟာနီးဗား(စ)ဟုခေါ်သော . . သတ္တဝါရုပ်အလောင်းဆိုကာ ဖန်တီးပြုလုပ် ရောင်းချခဲ့သည်မှာ (၁၉၃၀)ပြည့်လွန်နှစ်များအထိ ဖြစ်သည်ဟုဆို၏။

အမှန်မှာ လူသည် လူကိုသာ စိတ်ဝင်စားပေသည်။





သို့ဖြစ်၍ ဒါဝင်က လူနှင့်မျောက်တို့တွင် မူလထွက်ပေါ်ရာ သတ္တဝါတစ်မျိုးရှိခဲ့သည်ဟု ဆိုသောအခါတွင်လည်း လူများကျယ်ကျယ်ပြန့်ပြန့် စိတ်ဝင်စားခဲ့သည်။

ဆူမတြာကျွန်းတွင် တွေ့မြင်ခဲ့သည်ဆိုသော မျောက်လူ *(The Ape Men)* သည် အုတ်အော်သောင်းတင်းဖြစ်ခဲ့သည်။

နောက်ပိုင်းတွင်. . တွေ့ခဲ့ကြသည်ဆိုသော လူလိုလိုမျောက်လိုလိုသတ္တဝါများ၏ အလောင်းများမှာ အမှန်အားဖြင့်မျောက်တစ်မျိုးကို ပြုပြင်ဖန်တီးထားချက်များသာ ဖြစ်သည်ကိုတွေ့ကြရသည်။

(၁၉၆၀)ပြည့်ကျော်သည့်နှစ်များတွင် မင်နီဆိုးတားမှရခဲ့လူသည် အုတ်အော်သောင်းတင်း ဖြစ်လာပြန်၏။ သို့သော်လေ့လာသူများက ဤအရာသည် ပလတ်စတစ်ကို ပြုလုပ်ထားခြင်းဖြစ်သည်ဟု ယုံကြည်ကြသည်။

မြောက်ပိုင်းစကော့တလန်ကုန်းမြင့်များတွင် တည်ရှိသော လော(စ)နက်(စ)*(Loch Ness)* ဟုခေါ်တွင်သည့် ရှည်မျှောကျဉ်းမြောင်းသော ရေကန်ကြီးမှာ (၂၄)မိုင်ရှည်၍ (၁)မိုင်ကျယ်သည်။

ရေကန်ကြီး၏ တစ်နေရာသည် (၉၇၅)ပေ နက်ရှိုင်းသည်။

အဆိုပါ လော့(စ)နက်(စ) ရေကန်ကြီးထဲက သတ္တဝါကြီးကို နက်စီ*(Nessie)*ဟု ချစ်စနိုးအမည်ပေးလိုက်ကြကာ ယခုအခါ ကမ္ဘာတစ်ဝန်း လူသိများသွားလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ဤသို့ဖြင့် လော့(စ)နက်(စ) ရေကန်ကြီးထဲတွင် နက်

ဟူသော သတ္တဝါကြီး တကယ်ရှိမရှိဟူသော ပြဿနာမှာ ငြင်

နေကြဆဲပင်ဖြစ်ပေသည်။

ထိုသတ္တဝါကြီးသည် ပင်လယ်မြွေကြီးများ(ဂို့မဟုတ်

ညံသတ္တဝါများသဏ္ဍာန်တူနေသည်။

ရှေးမြန်မာရိုးရာ အစဉ်အဆက်တွင်. . ညံ့သတ္တဝါ

အမိပ္ပါယ်အမျိုးမျိုး ဖွင့်ဆိုထားကြသည်။

-သမုဒ္ဒရာ၊ ပင်လယ်၊ မြစ်ကြီးတို့အတွင်းတွင် ငါ

သဏ္ဍာန်ရှိ ဖမ်းယူတတ်သော သတ္တဝါ. . .

-အလံတစ်ရာနှစ်ရာရှည်လျက် "ဆင်"များကိုပင် ဖမ်

ယူနိုင်သော အင်အားရှိသော သတ္တဝါ. . .

မည်သို့ပင်ဆိုစေ အဆိုပါသတ္တဝါသည် အင်္ဂလိပ်ဘာ

သာဖြင့် 'ပင်လယ်မြွေကြီး' ဟုခေါ်လျက် မြန်မာဘာသာအာ

ဖြင့် "ညံ" ဟုခေါ်ဆိုခြင်းက ပို၍ဟုတ္တိရှိပေသည်။

ထူးခြားဆန်းကြယ်လှသော သတ္တဝါများကို မျက်မြ

တွေ့ခဲ့ရသူများရှိသည်။

အချို့က အခြားသူတို့ပြောပြသည်ကို ကြားကြရသည်

မည်သို့ပင်ရှိစေ. . .

ထူးခြားဆန်းကြယ်လှသော သတ္တဝါကြီးများအဖြစ် အ

ဖျက်များက ကမ္ဘာနှင့်အဝှမ်း နေရာအနှံ့အပြားတွင် ရှိခဲ့ကြသည်

ဒဏ္ဍာရီဆန်သော သတ္တဝါကြီးများ၊ သဘာဝလွ

သတ္တဝါကြီးများအကြောင်းကို ပြောမည် ရေးမည်ဆိုပါက ဘီလူ





ပါး၊ သမန်းကျား၊ မနုဿမိကျောင်း၊ ယေတီဟုခေါ်သော

င်းလူ စသောသတ္တဝါကြီးများနှင့် ပတ်သက်သည့်အကြောင်း

ားကတော့ မလွဲမသွေပါရသည်သာ ဖြစ်ပေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com





## အခန်း (၁၆)

# နှလုံးသားဆန္ဒနှင့် ချစ်သူတို့ဘဝများ

တစ်နေ့သ၌ ဗိုလ်ကလေးမြို့မှလာသော လူကြုံနှင့်စာ တစ်စောင် ပါလာလေသည်။

ဦးဘရှိန်၏ အကိုကြီးဖြစ်သူ ဦးဘရှင် ရေးပို့ပေးလိုက်သောစာပင်ဖြစ်သည်။

စာထဲမှတော့ ငွေစာကိုရသည်နှင့် နီမောင်ကိုပါအေး ပြီး. . ဗိုလ်ကလေးမြို့သို့ လာခဲ့ရန် အကြောင်းများရေးထားလေ



www.burmeseclassic.com

www.burmeseclassic.com



သည်။ သို့ကြောင့် နောက်တစ်ရက်မှာ ဦးဘရှိန်နှင့် နီမောင်တို့ နှစ်ယောက် ဗိုလ်ကလေးမြို့သို့ သွားကြလေသည်။

မနက်ပိုင်း ရေတက်စအချိန်တွင် လှေဖြင့်သွားကြရာ နေ့လည်ပိုင်းအချိန်တွင် ဗိုလ်ကလေးမြို့သို့ရောက်သွားကြသည်။

ဦးဘရှိန်နေသောတိုက်မှာ စာတိုက်ဟောင်းလမ်းထိပ် နေရာလောက်တွင်ရှိသည်။

ရှေးလက်ရာဖြင့် ဆောက်ထားသော တိုက်ဖြစ်သည်။

ထိုအိမ်မှာတော့ လူများများမရှိပေ။

ဦးဘရှင်နှင့် ထမင်းချက်လင်မယားနှစ်ယောက်သာ နေကြသည်။ နီမောင်တို့ရောက်သွားတော့ ဦးဘရှင်မှာ အိပ်ယာထဲမှာ လှဲနေလေသည်။

"အစ်ကို. . . နေမကောင်းဘူးလား"

"အေး. . . ဟုတ်တယ်၊ အသက်ကြီးလာတော့လဲ ဒီလိုပဲပေါ့ကွာ၊ ဒါကြောင့် မင်းတို့ကိုမှာရတာပဲ"

"ဘာများပြောစရာ၊ မှာစရာရှိလို့လဲအစ်ကို"

"တခြားတော့မဟုတ်ပါဘူး ပြောစရာရှိလို့ပါ၊ မမြလေး မသေခင်က ငါတို့ပိုင်ဆိုင်တဲ့ ပစ္စည်းတွေအားလုံးကို အမွေခွဲခဲ့ကြတယ်"

ထိုအကြောင်းကို တစ်ခါက ဦးဘရှင်ပြောပြခဲ့ဖူးသည်။

"ငါ့ဘက်က ငါ့တူနီမောင်ကို ခွဲပေးဖို့နဲ့၊ သူ့ဘက်က သူ့တူတစ်ယောက်ကို ခွဲပေးရမယ်"

"ဟိုဘက်က အမွေခွဲမယ့်သူက ဘယ်မှာနေလဲ ဘကြီး၊





သူ့နာမည်က ဘယ်သူလဲ"

"သူ့နာမည်က မောင်မင်းဒင်လို့ခေါ်တယ်၊ အခုတော့ အောက်နယ်ဘက်မှာ မိကျောင်းအရေခွင်းအဝယ်သွားလုပ်နေတယ်လို့တော့ ပြောသံကြားတယ်"

ထိုစကားကြားသောအခါ နီမောင်မှာ များစွာအံ့သြသွားလေသည်။ တစ်ဆက်တည်း. . တစ်ခါက သူနှင့်တွေ့သောအခါ ဦးဘရှင်နာမည်ကို မေးခဲ့သည်ကိုပါ သတိရမိလေသည်။

သူက မင်းဒင်ကိုမသိသော်လည်း. . မင်းဒင်ကတော့ နီမောင်ကို သူနှင့် အမွေခွဲယူရမည့်သူမှန်း ကြိုသိထားခဲ့ဟန်ရှိသည်။

"ကျွန်တော်နဲ့တော့ တွေ့ဖူးပါတယ်"

"အေး. . မင်းတို့ကိုမှာရတာ တခြားမဟုတ်ဘူး၊ ငါမရှိတော့ရင် ဝတ်လုံတော်ရ ဦးအုန်းဆီမှာ အမွေခွဲဝေပေးဖို့ စာချုပ်စာတမ်းနှင့် အားလုံးလွှဲထားပေးထားပြီးပြီ၊ မင်းတို့နှစ်ယောက်ဆုံပြီး ခွဲဝေယူကြရမယ်"

"တစ်ယောက်ယောက်မရှိရင် ဘယ်လိုလုပ်မလဲ ဘကြီး"

"တစ်ယောက်ယောက်မရှိတော့ရင်. . . ကျန်တဲ့တစ်ယောက်က အားလုံးယူရမယ်လို့လဲ စာချုပ်ထဲမှာပါတယ်"

နီမောင်အတွက်ကတော့ တွေးတောရမည့် အချက်များစွာတို့ ဝင်လာလေသည်။

ဦးဘရှင်က ဆက်ပြောသည်။

"ဒီအကြောင်းတွေက ဘယ်သူမှမသိတာ အကောင်း



www.burmeseclassic.com

www.burmeseclassic.com



ဆုံးပဲ"

"မသိစေရပါဘူး ဘကြီး"

"အေး. . . အေး . မင်းတို့မနက်မှ ပြန်ကြ၊ ငါဝတ်လုံတော်ရမင်းကိုခေါ်ပြီး ပြောစရာမှာစရာတွေ ထပ်မှာရဦးမယ်၊ မင်းကိုလည်း သူမြင်ဖူးတယ်ရှိအောင် ပြထားရမယ်"

ဟုပြောလေသည်။

ဦးဘရှင်က အသက်အရွယ်ရနေပြီး လူကြီးရောဂါ တစ်ခုစွဲကပ်နေရာ အိပ်ယာပေါ်မှပင် သိပ်မထနိုင်တော့ပေ။

ညနေပိုင်းအချိန်ရောက်တော့ ဝတ်လုံတော်ရ ဦးအုန်းရောက်လာသဖြင့် ဦးဘရှင်က နီမောင်ကိုပြပြီး မှာစရာပြောစရာ ရှိသည်များကို ထပ်မံပြောလေသည်။

နောက်တစ်နေ့မှာတော့ ဗိုလ်ကလေးမြို့မှ လိုအပ်သောပစ္စည်းများဝယ်ယူပြီး ရေကျချိန်ရောက်သောအခါ သားဖနှစ်ယောက် ပြန်ကြလေသည်။

ရွာမှာကျန်ခဲ့သော ဦးမွန်ထော်တို့မှာလည်း နီမောင်ပြန်မရောက်လာသေးသဖြင့် အလုပ်မသွားကြရသေးပေ။ စောထီးကိုယ်ပေါ်မှ ရထားသောဒဏ်ရာများမှာလည်း နီမောင်က သူ့ဆီမှာရှိသောဆေးဖြင့် ကုပေးသောကြောင့် ပျောက်ကင်းနေပေပြီ။

သူတို့သုံးယောက်ကတော့ နီမောင်အခြေအနေကို သိတန်သလောက် သိထားကြသည်။

ထိုနေ့မနက်ပိုင်းမှာပင် ငမဲအောင်တစ်ယောက် မြဝင်း





သူတို့နေသောဘက်ပိုင်းသို့ ရောက်သွားရာ မြဝင်းသူနှင့် တွေ့ရလေသည်။

မြဝင်းသူနှင့် နီမောင်တို့နှစ်ယောက်အတွက် အဆက်အသွယ်လုပ်ပေးနေသော ငမဲအောင်ကို လှမ်းမြင်သောကြောင့် မြဝင်းသူက မယောင်မလည်နှင့်ထွက်လာပြီး မေးသည်။

"သူဘာမှာလိုက်သေးလဲ"

"သူမရှိဘူး၊ မြို့သွားတယ်"

"ဘာသွားလုပ်တာလဲ၊ ငါ့ကိုတောင် အသိပေးမသွားပါလား"

"နင့်ကိုပြောဖို့ အချိန်မရလို့ဖြစ်မှာပါ၊ သူတို့မိသားစုတွေအတွက်အရေးကြီးတဲ့ကိစ္စ ရှိနေပုံရတယ်"

"ဘာကိစ္စလဲဟင်၊ နင်သိရင် ငါ့ကိုပြောပြပါလား"

"နီမောင်ကတော့ ဘယ်သူ့မှမပြောရဘူးလို့ အတန်တန်မှာထားပါတယ်၊ ဒါပေမယ့် နင်ကတော့ အသိပေးရမယ့်သူဆိုတော့ပြောပြပါ့မယ်"

မြဝင်းသူက များစွာစိတ်ဝင်စားသွားလေသည်။

"ဗိုလ်ကလေးမြို့မှာ နီမောင့်ဘကြီးရှိတယ်၊ အတော်ချမ်းသာတယ်၊ အဲ့ဒါသူ့မသေခင် နီမောင်ကို အမွေလွှဲပေးမယ့်ကိစ္စတွေ သွားလုပ်နေကြတာပါ"

"ဟင်. . သူက အဲ့ဒီအမွေတွေရရင် ဘယ်လိုလုပ်မှာလဲ"

"ငါတော့မသိဘူး၊ အမွေတွေရပြီးရင်တော့. . သူတို့မြို့



www.burmeseclassic.com

www.burmeseclassic.com



ကိုပြန်ပြောင်းကြရမှာပေါ့"

ထိုစကားကြားတော့ မြဝင်းသူမှာ မျက်နှာတစ်ချက်ပျက်သွားလေသည်။

"သူပြန်လာရင် ငါကတွေ့ချင်တယ်လို့ ပြောပေးပါဟာ"

ဟုပြောပြီး မြဝင်းသူက ပြန်လှည့်သွားလေသည်။

နောက်တစ်ရက် နီမောင်ပြန်ရောက်လာတော့ မြဝင်းသူမှာသည့်အကြောင်းကို ပြန်ပြောပြလိုက်သည်။

"ငါမြို့သွားတဲ့အကြောင်းတွေကို မင်း သူ့ကိုပြောပြလိုက်ပြီလား"

"သူမေးတာနဲ့ ငါအမှန်အတိုင်းပြောပြလိုက်တယ်"

ငမဲအောင်က လိမ်မပြောတတ်မှန်းသိသဖြင့် နီမောင်က အပြစ်မပြောတော့ပေ။

ထိုနေ့ညဦးပိုင်းအချိန်မှာတော့ ငမဲအောင်ကပင် ချိန်းပေးသောကြောင့် မြဝင်းသူတို့ အိမ်အနောက်ဘက်မှာရှိသော ကောက်ရိုးပုံနံ့ဘေးတွင် တွေ့ရသည်။

"မြို့သွားတာ ငါ့ကိုဘာဖြစ်လို့ ပြောမသွားတာလဲ"

"ဟိုမှာအရေးကြီးနေလို့ ချက်ချင်းသွားရတာမို့ ပြောမသွားနိုင်တာပါ"

"သူဌေးဖြစ်တော့မှာမို့ အရေးမစိုက်ချင်တော့တာလား"

"မဟုတ်ပါဘူး မြဝင်းသူရယ် ငါ့မှာဒီသဘောမျိုးမရှိ ပါဘူး"

"ဒီအကြောင်းတွေကို ဘာကြောင့်မပြောခဲ့တာလဲ"





"အမှန်အတိုင်းပြောရရင် ငါအဲ့ဒါတွေကိုလည်း မမက်မောပါဘူး၊ ဒီအကြောင်းတွေကိုလည်း မပြောချင်ပါဘူး၊ တစ်ခုပဲ ငါပြောချင်ပါတယ်၊ ငါ ဘယ်ဘဝဘယ်အခြေအနေမျိုးရောက်နေနေ နင့်အပေါ်မှာ သစ္စာမပျက်ပါဘူး"

"အခုပဲ မသိအောင် မြို့ပြောင်းပြေးဖို့ စိတ်ကူးနေတာ မဟုတ်လား"

"နင်မသိဘဲနဲ့ နင်မပါဘဲနဲ့ ငါထွက်သွားမယ်လို့များ ထင်နေလို့လား"

"မသိဘူးလေ၊ စိတ်ထဲရှိနေတာကို သိနိုင်တာမှမဟုတ်တာ"

"ငါကဆင်းရဲပေမယ့် သစ္စာကိုတန်ဖိုးထားတယ်၊ ရှင်းအဲကမေတ္တာကို တန်ဖိုးထားတဲ့သူပါ၊ ငါ နင့်အပေါ်မှာ ဘယ်တော့မှ သစ္စာမဖောက်ပါဘူး၊ နင်ကငါ့ကို စွန့်ခွာသွားခဲ့ရင်တောင်မှ ငါ နင့်ကို ချစ်နေမှာပါ"

"တမင်ပြောတာပါ နီမောင်ရယ်၊ ငါ နင့်မေတ္တာတို့ ယုံကြည်ပါတယ်၊ ဒါကြောင့်လည်း လက်ခံခဲ့တာပေါ့၊ မေးရဦးမယ် တကယ်လို့ မြို့ပြောင်းရတော့မယ်ဆိုရင်. . ငါတို့နှစ်ယောက် အခြေအနေက ဘယ်လိုစီစဉ်မှာလဲ"

"လူကြီးမိဘတွေ အသိပေးပြီး. . တင့်တင့်တယ်တယ် တောင်းရမ်းလက်ထပ်ပြီး တစ်ခါတည်းခေါ်သွားမှာပေါ့ နင်ရောလိုက်ခဲ့မှာလား"

"နင့်အပေါ်မှာယုံကြည်လို့ နင့်မေတ္တာတို့ကြောင့် [illegible]



www.burmeseclassic.com

www.burmeseclassic.com



ပေးပြီးမှတော့ နင်နဲ့ခွဲနေနိုင်မယ်လို့များ ထင်နေလို့လား၊ နင်က ရော ငါနဲ့ခွဲနေနိုင်လို့လား"

"ဟင့်အင်း. . မနေနိုင်ပါဘူး၊ အခုလိုခွဲနေရတာတောင် လွမ်းလှပြီ၊ ဖြစ်နိုင်ရင် အခုတောင် အတူတူနေချင်လှပြီ"

ဟုပြောလိုက်ရာ မြဝင်းသူမျက်နှာပေါ်မှာ ယခုမှပင် ကျေနပ်သော အပြုံးရိပ်ကလေးများ ပေါ်လာလေတော့သည်။

နီမောင်က အရဲစွန့်ပြီး သူမလက်ကလေးနှစ်ဖက်ကို ဆုပ်ကိုင်လိုက်တော့ မရုန်းဘဲ ပြန်ဆုပ်ထားသည်။

နီမောင်က ဆွဲယူလိုက်တော့ အလိုက်သင့်ပါလာပြီး. . ရင်ခွင်ထဲသို့ မှီကျလာသည်။

နီမောင်က ချစ်သူပါးပြင်ကို မြတ်နိုးစွာနမ်းသည်။

ချစ်သူ၏အနမ်းများဖြင့် ပထမဆုံးထိတွေ့ရသော. . မြဝင်းသူပါးပြင်မှာ ပန်းနုရောင် သမ်းသွားလေတော့သည်။

သူတို့နှစ်ယောက်အဖို့ကတော့ ထိုကဲ့သို့ တိတ်တခိုးဆုံတွေ့ခဲ့ရသောညကို ဘယ်သောအခါမှ မေ့တော့မည်မဟုတ်ပါချေ။

နောက်တစ်နေ့နံနက်ပိုင်းအချိန်တွင် ဦးမွန်ထော်၊ စောထီး၊ ငမဲအောင်တို့ တွေ့ကြသည်။

ထိုသို့တွေ့သောအခါ နီမောင်က မင်းဒင်နှင့်ပတ်သက်သောအကြောင်းကို ပြောပြလိုက်တော့ သုံးယောက်စလုံး အံ့သြသွားကြလေသည်။

"တိုက်တိုက်ဆိုင်ဆိုင်ပါပဲလား၊ ဒီလူက မင်းနဲ့ အမွေခွဲ





ယူရမယ့် အမွေဆိုင်ဖြစ်နေပါလား"

"သူက ဒီအကြောင်းတွေနဲ့ မင်းကိုကြိုသိနေပုံရတယ်၊ ဒါကြောင့် ငါတို့ကိုသေကြောင်းကြံနေသလားမသိဘူး"

စောထီးက သူ့ထင်မြင်ချက်ကိုပြောသည်။

"သူက ဘယ်လိုသေကြောင်းကြံတာလဲ"

"ငါတို့နဲ့မှ တိုက်တိုက်ဆိုင်ဆိုင်တွေ့တဲ့ မနုဿမိကျောင်းက သူနဲ့ပတ်သက်နေတာ မဖြစ်နိုင်ဘူးလား"

ထိုစကားကြောင့် ကျန်သုံးယောက်က တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်ကြလေသည်။

"စောထီးပြောတာ ဖြစ်နိုင်စရာရှိတယ်၊ သူနဲ့တစ်ခါတွေ့တုန်းက သူ့ဆီမှာ ထူးထူးဆန်းဆန်း မွေးထားတဲ့သတ္တဝါတစ်ကောင်ရှိတယ်လို့ ပြောဖူးတယ်၊ ဒါပေမယ့် မနုဿမိကျောင်းတစ်ကောင်က လူပြောတာနားလည်ပြီး လူခိုင်းတာကို လုပ်ပါမလား"

ထိုသို့ပြောသောအခါ ဦးမွန်ထော်က ပြောပြလေသည်။

"ဖြစ်နိုင်ပါတယ်၊ လူနဲ့နီးစပ်တဲ့ တိရစ္ဆာန်တွေဟာ လူစကားနဲ့ ပြန်မပြောနိုင်ပေမယ့် လူပြောတဲ့ ခိုင်းတဲ့စကားကိုတော့ နားလည်နိုင်ကြပါတယ်၊ ခွေးတွေကြောင်တွေလိုပေါ့"

"ဟုတ်ကဲ့"

"ကျွဲတွေနွားတွေလည်း ဒီလိုပဲ၊ ဆင်တွေဆိုရင် လူပြောတဲ့စကားတွေအားလုံးကို နားလည်တယ် ပြန်မပြောတတ်တာက လွဲပြီး ခိုင်းစေတာကိုလုပ်တယ်၊ သူပြောချင်တာကို အမူအရာနဲ့



www.burmeseclassic.com

www.burmeseclassic.com



ပြန်လုပ်ပြနိုင်ကြတယ်"

"မှန်ပါတယ်အဘ"

"အမှန်တော့ တိရစ္ဆာန်တွေဟာ လူတွေနဲ့အတူတူနေလာတာကြာရင်. . လူတွေပြောတာတွေ အမိန့်ပေးတာတွေကို အားလုံးနားလည်ကြတယ်၊ သူတို့ပြန်ပြောချင်တာကို အမူအရာနဲ့လုပ်ပြတယ်၊ စေခိုင်းရင် အကုန်လုပ်ပေးနိုင်ကြတယ်"

"ဒါကြောင့်. . ခွေးတွေ,ကြောင်တွေ,နွားတွေဟာ လူတွေခိုင်းရင် လုပ်နိုင်ကြတာကိုး"

"ဒီတော့ လူတစ်ပိုင်းဖြစ်နေတဲ့ မနုဿမိကျောင်းက လူပြောတာကို နားလည်တယ်ဆိုတာ ဖြစ်နိုင်စရာရှိပါတယ်၊ ရှေးကဒဏ္ဍာရီထဲမှာ ငမိုးရိပ်မိကျောင်းဆိုရင် လူယောင်ဆောင်ပြီး လူနဲ့တောင် အတူနေနိုင်သေးတာပဲ"

ဦးမွန်ထော်က ထိုသို့ပြောသောအခါ လူရွယ်သုံးယောက် တို့က သဘောပေါက်လက်ခံကြလေသည်။

ဦးမွန်ထော်က ပါးစပ်ထဲမှ ကွမ်းကိုတမြုံ့မြုံ့ဝါးရင်းမှ ဆက်ပြောလေသည်။

"အရင်က ငါတို့ မနုဿမိကျောင်းနဲ့တွေ့တော့ သာမန်တိုက်ဆိုင်မှုပဲလို့ ငါထင်နေတာ၊ အခု. . မင်းဒင်နဲ့ နီမောင်တို့ဇာတ်လမ်းကိုသိရတော့မှ သွေးရိုးသားရိုးမှ ဟုတ်ပါတော့မလားလို့တွေးမိတော့တယ်၊ ဒါပေမယ့် မင်းဒင်ဆီမှာ မနုဿမိကျောင်းတကယ်ရှိတယ် မရှိဘူးဆိုတာတော့ မသေချာသေးဘူး မဟုတ်လား"





"သူ ကျွန်တော်နဲ့တွေ့တုန်းက. . သူ့ဆီမှာ ထူးဆန်းတဲ့သတ္တဝါတစ်ကောင်ရှိတယ်လို့ပဲ ပြောသွားတယ်၊ ဘယ်လိုသတ္တဝါမျိုးတော့ မပြောဘူး"

"ဘာဘဲဖြစ်ဖြစ်. . အဲ့ဒါကို သေသေချာချာသိထားရင်တော့ပိုကောင်းတာပေါ့၊ ဒီလိုဆိုရင် မင်းအတွက်လည်း ကြိုတင်ကာကွယ်မှုတွေ ပိုပြီးလုပ်နိုင်တာပေါ့"

"ကျွန်တော်တို့ သူ့ဆီသွားရင် ပိုကောင်းမယ်၊ သူက ကျွန်တော့်ကို ခေါ်ထားဖူးတယ် အဖြေသိရတော့ ပိုကောင်းမယ်ထင်တာပဲ"

"သွားတာလဲ သွားပေါ့၊ ဒါပေမယ့် ထောင်ချောက်ထဲကို ဝင်တာမျိုးလည်း ဖြစ်မှာစိုးရတယ်"

ဦးမွန်ထော်ကတော့ လူကြီးပီပီ တွေးတွေးဆဆ ပြောလေသည်။

"သတိနှင့်သွားပါ့မယ်အဘ"

"မင်းသွားရင် တစ်ယောက်တည်းမသွားနဲ့၊ စောထီးနဲ့ငမဲအောင်ကိုပါခေါ်သွား၊ ဝါးကောက်သစ်ကောက်နေတာကိုပဲ မြင်ရတယ်၊ လူ့စိတ်ရဲ့ အတွင်းကောက်ကို မမြင်ရနိုင်တော့. . အရေးအကြောင်းရှိရင် အကူအညီရနိုင်တာပေါ့"

"ဟုတ်ကဲ့"

"နောက်တစ်ခါ မင်းဟိုဘက်ကမ်းကိုမသွားခင် ကျွန်းပိုင်ကြီးနတ်စင်ကို တစ်ခေါက်သွားလိုက်ဦး"

"ဘာလုပ်ရမလဲ အဘ"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်းပိုင်ကြီး ကြိုက်နှစ်သက်တဲ့ အစားအသောက်တွေနဲ့ တင်မြှောက်ပြီး တိုင်တည်အသိပေးရမှာပေါ့ကွာ၊ ဒီလောက်အန္တရာယ်များတဲ့ ကိစ္စမျိုးတွေ ရှိတယ်ဆိုတော့ သူသိထားမှဖြစ်မယ်၊ သူသိပြီး အကူအညီပေးတော့ ပိုကောင်းတာပေါ့"

ဟုပြောပြသည်။

"ကျွန်တော် သဘောပေါက်ပါပြီအဘ"

"ကျွန်းပိုင်ကြီးက မင်းကိုစောင့်ရှောက်ပေးနေပုံ ရတယ်၊ ဒါကြောင့်. . မင်းအဆိပ်တက်နေတုန်းက ဆေးတောင့်လာပေးသွားတာပေါ့ လူလိုမှနတ်လို နတ်လိုမှ ကယ်မဆိုတဲ့စကားလည်းရှိသားပဲ၊ ကိုယ်က အသိအမှတ်ပြုတဲ့အနေနဲ့ ရိုသေသမှုပြုတော့ သူတို့ကလည်း အရေးအကြောင်းရှိတဲ့အခါ အကူအညီပေးကြတာပေါ့ကွာ"

ဦးမွန်ထော်က ထိုသို့ပြောသဖြင့်. . နီမောင်၊ စောထီး၊ ငမဲအောင်တို့သုံးယောက်မှာ အလုပ်အားသောအချိန်တွင် ကျွန်းပိုင်ကြီးနတ်စင်သို့သွားပြီး ပူဇော်ပသရန် သွားကြလေသည်။





# အခန်း (၁၇)

## သားရဲတွင်းထောင်ချောက်

မိုးမခတ္တွန်းတစ်နေရာမှာရှိသော မင်းဒင်တို့နေသော ခန်းသို့ နီမောင်တို့သုံးယောက် ရောက်သွားကြလေသည်။

၎င်းတို့ရောက်သွားသောအချိန်မှာ နေ့လယ်ပိုင်းအချိန်ဖြစ်သည်။

သူတို့သည် စီးသွားသောလှေကို စိတ်ချရသောနေရာ၌ ဝှက်ထားခဲ့ပြီး လမ်းလျှောက်သွားကြခြင်းဖြစ်သည်။

လှေထဲမှာတော့ ကြိုးတပ်ထားသော စလွတ်သုံးလက်



www.burmeseclassic.com

www.burmeseclassic.com



ခါးရှည်နှင့် လှံအချို့ ပါလာကြသည်။

ထိုလက်နက်များကို အရေးအကြောင်းရှိပါက အသုံးပြုရန်လှေဝမ်းထဲ၌ဝှက်ကာ လှေကပ်ဖြင့် ဖိထားခဲ့သည်။ လှေထားခဲ့သောနေရာမှ မဝေးလှပေ။

သူတို့သုံးယောက်စလုံးမှာ မိကျောင်းထိုးသော ခါးမြှောင်တစ်လက်စီတော့ပါသည်။

သို့သော်. . . ပေါ်ပေါ်ထင်ထင် ယူလာခြင်းမဟုတ်ပဲ ဘောင်းဘီအတွင်းခါးပတ်ပေါ်မှာ အိတ်ဖြင့် ထည့်ယူလာခြင်းဖြစ်သည်။

သူတို့ရောက်သွားတော့ အလုပ်သမားများက အံ့ဩသောအမူအရာဖြင့် ကြည့်နေကြသည်။

ပြီးမှ တစ်ယောက်က အပြင်ဘက်ထွက်လာပြီး မေးသည်။ ထွက်လာသူမှာ မင်းဒင်၏ အားကိုးရသော တပည့်များထဲမှ မိုးညိုဆိုသူဖြစ်သည်။

"မင်းတို့ ဘယ်သူတွေလဲ၊ ဘယ်ကလာကြတာလဲ"

"မြေသလ္လာယျကလာကြတာပါ၊ ကိုမင်းဒင်နဲ့တွေ့ချင်လို့ပါ"

"မင်းက ဘယ်သူလဲ"

"လက်ဖြောင့်စလွတ်သမား နီမောင်"

နီမောင့်စကားကြားတော့ မိုးညိုက ပါးစပ်ကိုမဲ့ပြီး ပုခုံးနှစ်ဖက်ကိုတွန့်ပြလိုက်ပြီး တဲတစ်လုံးအတွင်းသို့ ပြန်ဝင်သွားလေသည်။ ခဏကြာတော့ တဲအတွင်းမှ မင်းဒင်ထွက်လာလေ





သည်။ နီမောင်တို့သုံးယောက်ကိုမြင်တော့ အံ့ဩသွားသော အမူအရာဖြင့် လျှောက်လာလေသည်။

"နီမောင်ပါလား၊ ဘယ်ကနေဘယ်လို ရောက်လာတာလဲ"

"ဒီဘက်ကမ်းကူးမယ့် လှေကြုံနဲ့လိုက်လာကြတာပါ၊ ဒီနေရာလည်း ရောက်ဖူးတယ်ရှိအောင် လာကြည့်တာပါ"

"ကောင်းတာပေါ့ကွာ၊ ငါကလည်း မင်းနဲ့တွေ့ချင်နေတာနဲ့အတော်ပါပဲ၊ တဲထဲကိုလာကြပေ့"

ဟုခေါ်သဖြင့် တဲအတွင်းသို့ ဝင်ကြလေသည်။

တဲအတွင်းရောက်တော့. . .

"ဟေ့ကောင်တွေ. . ဒါ တခြားမဟုတ်ဘူး၊ ငါနဲ့ညီအစ်ကိုဝမ်းကွဲ တော်တယ်ကွ၊ သူတို့ကို ကျွေးမွေးဧည့်ခံဖို့ အစားအသောက်တွေ စီစဉ်ကြပေ့"

ဟုပြောလိုက်တော့မှ ၎င်းတပည့်များမှာ မျက်နှာအမူအရာ အချိုးပြောင်းသွားပြီး ထိုနေရာမှ ခပ်သုတ်သုတ်ထွက်သွားကြလေတော့သည်။

တဲအတွင်းရောက်သောအခါ မင်းဒင်ကမေးသည်။

"ခုတလော မင်းတို့လိုက်လေးရောက်သေးလား နီမောင်"

"ရောက်သေးတယ်၊ ဘကြီးနေမကောင်းဖြစ်လို့ မှာတာနဲ့သွားကြတာ"

မင်းဒင်က ပြုံးလိုက်သည်။

"ငါလည်းရောက်ခဲ့ပါသေးတယ်၊ ဘကြီးကအသက်ကြီး



www.burmeseclassic.com

www.burmeseclassic.com



ပြီဆိုတော့ ဒီလိုပေါ့ကွာ၊ ဒါထက် မင်းကို ငါ့အကြောင်းတွေ
လိုက်သေးတယ်မဟုတ်လား"

နီမောင်က ခေါင်းညိတ်ပြလိုက်သည်။

"ဒါထက် . . ငါတို့ညီအစ်ကိုချင်းတွေ့တုန်း မေး
မယ်၊ ဘကြီးဆီက အမွေတွေရရင် . . မင်း မြို့မှာပြန်နေမှာလ

"အဲဒီအထိတော့ ဘာမှမစဉ်းစားထားသေးပါဘူး။
ရရင်တော့ ဘကြီးစီစဉ်ထားလို့တာ လက်ခံရမှာပါ။ ကျွန်
က အဲဒါတွေကို ဘာမှမမက်မောပါဘူး။ အခုလောလော
တော့ ဘကြီးကျန်းမာရေးကောင်းဖို့ပဲ ဆုတောင်းပေးနေရတ

ထိုစကားကြောင့် . . . မင်းဒင်မှာ မျက်နှာပျက်သွာ
သည်။

သူသည်ညက အရက်အတော်များများ သောက်ထ
ဟန်ဖြင့် မျက်နှာမှာနီပြီး အဆီပြန်နေသည်။

တစ်ကိုယ်လုံး အရက်နံ့များ ထွက်နေသည်။

ယခုတွေ့ရသော အခြေအနေမှာပင် အမူးပြေဟန်မ
ပေ။

"ငါလည်း ဒီလိုပါပဲကွာ၊ ကိုယ့်အလုပ်နဲ့ကိုယ် ရှုပ်နေ
နဲ့ ဘကြီးဆီတောင် သိပ်မရောက်ပါဘူး၊ မင်းနဲ့ငါနဲ့က
အကျိုးပေးတူကြတယ်လို့ ပြောရမှာပဲ၊ အမွေရတော့လည်း
တူ၊ အမွေမရသေးခင် တောမှာဆင်းပြီး မိကျောင်းဖမ်းနေ
တော့လည်း အတူတူပဲ"

မင်းဒင်က သူ့ဘာသာပြောပြီး သဘောကျစွာရယ်





နေလေသည်။

"ဒါထက် မင်းဒီကိုလာတာ အကြောင်းရှိသလား"

"ခင်ဗျားတစ်ခါပြောသွားတဲ့၊ ထူးထူးဆန်းဆန်းသတ္တဝါ
တစ်ကောင် မွေးထားတာကို လာကြည့်တာပါ"

ထိုစကားကြောင့် မင်းဒင်က သဘောကျသွားဟန်ဖြင့်
သဘောကျစွာတစ်ချက်ရယ်လိုက်သည်။

"ငါက ဒီအကြောင်းတွေကို ဘယ်သူမှပြောတာမဟုတ်
ဘူးကွ၊ ဒါပေမယ့် မင်းကတော့ငါ့ရဲ့ညီအစ်ကိုတော်နေတဲ့သူ
ဆိုတော့ ပြရမှာပေါ့၊ ဒါပေမယ့် တစ်ခုတော့ရှိတယ်၊ ဒီအကြောင်း
တွေကို ဘယ်သူ့မှပြန်မပြောပါဘူးလို့ ကတိပေးရမယ်"

နီမောင်က ခေါင်းညိတ်ပြလိုက်သည်။

"ဒါဖြင့်သွားကြရအောင် ပြန်လာတော့မှပဲ ထမင်းစား
ကြတာပေါ့"

ဟုပြောကာ အပြင်သို့ ထွက်လာကြသည်။

အပြင်သို့ရောက်သောအခါ . . မင်းဒင်က ထမင်းဟင်း
ချက်ပြုတ်နေသော မီးဖိုဘက်သို့ လျှောက်သွားလေသည်။

ပြန်ထွက်လာတော့ သူနှင့်အတူ မိုးညိုနှင့်စိန်မိုးတို့နှစ်
ယောက် ပါလာလေသည်။

သူတို့လက်ထဲမှာ ကြက်တစ်ကောင်နှင့် အသားတွဲတစ်
တွဲ ပါလာကြသည်။ ထိုနောက်ခြောက်ယောက်သား သားရေကွင်း
ရှိရာဘက်သို့ သွားကြလေသည်။ နီမောင်ကတော့ လမ်းတွေ့
သမျှအခြေအနေများကို မှတ်သားထားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



သားရဲတွင်းရှိသောနေရာသို့ ရောက်သောအခါ လှေကားထစ်များမှ အောက်သို့ဆင်းကြသည်။ သဘာဝအတိုင်းဖြစ်နေသော သားရဲတွင်းဟု ထင်ထားသော်လည်း . . အောက်ခြေရောက်တော့မှ သံတိုင်များနှင့်တံခါးများ တပ်ဆင်သောနေရာကိုမြင်သောအခါ သုံးယောက်သား အံ့ဩသွားကြလေသည်။

"ငါမွေးထားတဲ့ ထူးဆန်းတဲ့သတ္တဝါက အထဲမှာရှိတယ်၊ ဒီနေရာက ဘယ်သူမှ မမြင်အောင်၊ မသိအောင် လျှို့ဝှက်ထားတာလေ၊ မင်းမို့လို့ခေါ်ပြတာ"

ဟုပြောပြီး အပြင်တံခါးကိုဖွင့်လိုက်သည်။

အတွင်းသို့ သူတို့သုံးယောက်နှင့် မင်းဒင်ပါဝင်ပြီး ကျန်နှစ်ယောက်က အပြင်ဘက်မှာ ရပ်စောင့်နေကြသည်။ မင်းဒင်က ယူလာသောအသားတွဲနှင့် ကြက်ကိုယူပြီး သံတိုင်များကြားမှ အတွင်းသို့ ပစ်ထည့်လိုက်သည်။

"ဒေါင် . . ဒေါင် . . ဒေါင်"

ခါးနှောင့်ဖြင့် သံတိုင်ကို ခေါက်လိုက်သောအသံနှင့် . . ကြက်သံများက . . တိတ်ဆိတ်နေသော သားရဲတွင်းထဲမှာ ဆူညံသွားလေတော့သည်။ ထိုအသံများကြောင့် မှောင်နေသော အတွင်းပိုင်းမှ မာန်ဖီသံလိုလို အသံတစ်ချက်ထွက်လာသည်။

မရှေးမနှောင်းမှာပင် အမြီးနှင့်ထောက်လျက် ပတတ်ရပ်ကာ အပြင်ထွက်လာသော မနုဿမိကျောင်းကို တွေ့ကြရလေသည်။ နီမောင်တို့ သုံးယောက်မှာ ပထမတော့ အတော်အံ့ဩသွားကြလေသည်။





မနုဿမိကျောင်းကို ယခင်နှစ်ကြိမ်ခန့် တွေ့ဖူးသော်လည်း ရေအောက်၌ဖြစ်လေသည်။

ယခုတစ်ကြိမ်မှာတော့ ကုန်းပေါ်မှာဖြစ်သောကြောင့် ရှင်းရှင်းလင်းလင်း မြင်တွေ့ကြရသည်။

နီမောင်တို့သုံးယောက်က သံတိုင်နားမှပင် ကပ်ရပ်ကာ စိတ်ဝင်စားစွာကြည့်နေကြသည်။

မင်းဒင်ကတော့ သံတိုင်အတွင်းသို့ အသားတွဲနှင့်ကြက်တစ်ကောင်ကို ပစ်ထည့်လိုက်ပြီး နောက်ဘက်မှာ ဆုတ်ရပ်နေလေသည်။

အပြင်သို့ထွက်လာသော မနုဿမိကျောင်းကြီး ပြစ်ချထားသောအသားတွဲကို အရင်ကောက်ယူပြီး . . ကိုက်ဖြတ်စားသောက်နေသည်။ ကြက်က ခြေနှစ်ချောင်းကို ကြိုးဖြင့်တုပ်ထားသောကြောင့် ဝေးဝေးမပြေးနိုင်ပဲ ခုန်ဆွခုန်ဆွဖြစ်နေသည်။

မနုဿမိကျောင်းက နီရဲနေသောမျက်လုံးဖြင့် သူတို့ရှိနေသောနေရာကို ကြည့်နေရင်းမှ အသားတွဲကို ကိုက်ဖြတ်စားသောက်နေလေသည်။

ပါးစပ်မှလည်း တဂူးဂူး တဂဲဂဲနှင့် မာန်ဖီနေသော အသံမျိုးလည်း ကြားနေရသည်။

မနုဿမိကျောင်းက အမြီးနှင့်ထောက်ပြီး မြေပေါ်မှာ ထိုင်လျက်သားဖြင့် စားနေခြင်းဖြစ်သည်။

ထိုကဲ့သို့ထိုင်နေနိုင်ရန် . . နောက်ဘက်မှ အမြီးဖြင့် ထောက်ထားပြီး ခြေထောက်နှစ်ချောင်းပေါ်မှာလည်း အားပြု



www.burmeseclassic.com

www.burmeseclassic.com



ထားလေသည်။ ကျောတစ်လျှောက်မှာလည်း မိကျောင်းတစ်
ကောင်ကဲ့သို့ အလောင်းစင်ဟုခေါ်သော ကျောရိုးကြီးပါသည်။

ကိုယ်ခန္ဓာပေါ်မှ သားရေချပ်ကလည်း မိကျောင်းသို့
သားရေပြားဖြစ်သည်။

ထူးခြားတာက တစ်ကိုယ်လုံး မိကျောင်းတစ်ကောင်နှင့်
တူသော်လည်း ခြေထောက်နှစ်ချောင်းနှင့် လက်နှစ်ချောင်းက
တော့ မိကျောင်းနှင့်သိပ်မတူပေ။

လူတစ်ယောက်၏ ခြေလက်များနှင့်တူပြီး ချွန်ထက်
သောလက်သည်းရှည်ကြီးများရှိသည်။

ဦးခေါင်းက မိကျောင်းနှင့်တူသော်လည်း နှုတ်သီးနှင့်
ပါးစပ်ကတိုသည်။

မိကျောင်းခေါင်းတိုထက်ပင် တိုသေးသည်။

မျက်လုံး၊ နှာခေါင်းပေါက်နှင့် ပါးစပ်အနေအထားတို့ကို
ခြုံပြီးကြည့်ပါက လူတစ်ယောက်မျက်နှာ ဒါမှမဟုတ် ရက်စက်
ကြမ်းကြုတ်သော ဘီလူးတစ်ကောင်၏ မျက်နှာမျိုးနှင့် များစွာ
တူလေသည်။

လက်ဖြင့် ပါးစပ်ထဲသို့ အစာထည့်နေပုံကတော့...
မျောက်တစ်ကောင်နှင့်ပိုတူသည်။

တစ်ကိုယ်လုံး ခြုံကြည့်လျှင်တော့ သာမန်ကြောက်
ရာကောင်းသော သတ္တဝါများထက် ပိုပြီးကြောက်စရာကောင်း
သော မိစ္ဆာတစ်ကောင်ပင် ဖြစ်ပေတော့သည်။

ရင်းရှိနေသော အတွင်းပိုင်းမှာ အနည်းငယ်မှောင်နေ





သော်လည်း နီရဲနေသော မျက်လုံးနှစ်လုံးကတော့ ဟသ်ာပြဒါး
ကဲ့သို့ နီရဲပြီး အရောင်လက်နေလေသည်။

ထိုသတ္တဝါက သံတိုင်သာခြားသောနေရာမှာ ရပ်နေ
သောနီမောင်တို့သုံးယောက်ကို မကြာခဏ ကြည့်နေရာမှ ခဏ
ကြာတော့ ဝုန်းခနဲပြန်ထလာသည်။

ပါးစပ်မှအသံမှာ ပိုကျယ်လာသည်။

ဂီးဂီးဂဲဂဲ အသံများက ကြားရသူများ ရင်တုန်စရာပင်
ဖြစ်သည်။ နီမောင်တို့သုံးယောက်ကလည်း အနီးတပ်မြင်နေ
ရသော မနုဿမိကျောင်းကို စိတ်ဝင်စားစွာ ကြည့်နေစဉ် သံတိုင်
နားရောက်လာသဖြင့် သုံးယောက်သား အနောက်သို့ ဆုတ်
ပေးလိုက်ကြသည်။

သံတိုင်နားရောက်လာသော မနုဿမိကျောင်းက သံ
တိုင်နားရောက်သောအခါ လက်တစ်ဖက်ကို အပြင်ထုတ်ပြီး
လက်သည်းဖြင့် လှမ်းကုတ်လေသည်။

နောက်ဆုတ်နေ၍သာ တော်ရော့သည်။ အကယ်၍
သာ သံတိုင်နားမှာပင် ရပ်နေပါက ၎င်း၏လက်သည်းချက် ထိ
နိုင်လေသည်။

၎င်းအမူအရာမှာ နီမောင်တို့သုံးယောက်ကို မှတ်မိ
သောဟန်ဖြင့် လက်ထုတ်ပြီး လှမ်းကုတ်လိုက်၊ မမီသောအခါ
သံတိုင်ကို ကိုင်လှုပ်လိုက်နှင့် ပြုလုပ်နေရုံမကဘဲ ပါးစပ်ကလည်း
တဂီးဂီး၊ တဂဲဂဲနှင့် မာန်ဖီနေသည်။

"ငါတို့ကို မှတ်မိလို့ ဒီကောင်ဒေါသထွက်နေတာဖြစ်



www.burmeseclassic.com

www.burmeseclassic.com



မယ်၊ တကယ်လို့ အပြင်သာထွက်လာလို့ရရင် ဘယ်လိုလုပ်မလဲမသိဘူး”

“ဟုတ်တယ် ဒီမိစ္ဆာကောင်က ငါတို့သုံးယောက်ကို မှတ်မိသွားလို့ ဒီလောက်ဒေါသထွက်နေတာဖြစ်မယ်”

ထိုသို့ပြောနေစဉ် မာန်ဖီသံနှင့် သံတိုင်များကို ကိုယ်လုံးနှင့်တိုက်လိုက် လက်ဖြင့်ကိုင်လှုပ်သော အသံတို့က လည်း သားရဲတွင်းထဲမှ ဆူညံနေလေတော့သည်။

ဆူညံနေသော အသံများကြောင့်သော်လည်းကောင်း၊ ရှေ့မှာရှိနေသည့် သတ္တဝါထံ. . အာရုံရောက်နေသည်က တစ်ကြောင်းကြောင့်. . နောက်ဘက်မှာရှိနေသော မင်းဒင်တစ်ယောက် အပြင်ဘက်သို့ ပြန်ထွက်သွားသည်ကို သတိမပြုမိလိုက်ကြပေ။

လှည့်ကြည့်လိုက်တော့ တံခါးအပြင်ဘက် ရောက်နေပြီး တံခါးကိုပင် သော့ခတ်ပြီးလေပြီ။

“ခင်ဗျား ဘာလုပ်တာလဲ”

“ငါလုပ်တာ မမြင်ဘူးလား၊ မင်းက လက်ဖြောင့်စလွတ်သမားလို့ နာမည်ကြီးနေတဲ့ မိကျောင်းဖမ်းသမားတစ်ယောက်ဆိုတော့ မိကျောင်းတစ်ကောင်ကို လက်နတ်မပါပဲနဲ့ ဘယ်လိုဖမ်းရလဲဆိုတာ ကြည့်ချင်လို့ပါ. . ဟဲ. . ဟဲ. . ဟဲ”

“ဒါ. . ခင်ဗျား သက်သက်ယုတ်မာတာမဟုတ်လား”

“ယုတ်မာတာတော့ မဟုတ်ဘူးပေါ့ကွာ၊ မင်းနဲ့ငါနဲ့က အမွေခွဲသူရမယ့်သူ နှစ်ယောက်ဆိုတော့ ငါတို့နှစ်ယောက်အ





နက် တစ်ယောက်မရှိတော့ရင် ပိုကောင်းမလားလို့ပါ”

“ခင်ဗျား ယုတ်မာတာပဲ၊ ဒီလိုလုပ်တိုင်း ရမယ်ထင်သလား”

“ရမရဆိုတာကတော့ မကြာခင်အဖြေသိရတော့မှာပေါ့၊ မင်းတို့သိအောင် ကြိုပြောထားရဦးမယ်၊ ငါမွေးထားတဲ့ဒီကောင်ကြီးကလူတစ်ယောက်လိုပဲ အသိဉာဏ်ရှိတယ်၊ ဒေါသလဲ သိပ်ကြီးတယ် သူ့ကိုဒဏ်ရာအနာတရ ရအောင်လုပ်ထားတဲ့ သူတွေကိုလည်း မှတ်မိတယ်၊ မြန်မြန်တွေ့တာနဲ့ ရက်ရက်စက်စက် ကလဲ့စားပြန်ချေတတ်တယ်ကွ”

“တောက်. . .”

“သိပ်လည်း ဒေါသထွက်မနေပါနဲ့ကွာ၊ မင်းတို့စိတ်ဝင်စားနေတဲ့ မနုဿမိကျောင်းက မကြာခင် မင်းတို့ရှိတဲ့နားကိုရောက်လာတော့မှာပါ၊ အဲ့ဒီတော့ နီးနီးကပ်ကပ် ကြည့်ကြပေါ့၊ သူဘယ်လောက် ဒေါသကြီးပြီး ကြမ်းတယ်ဆိုတာလည်း မြင်ရမှာပေါ့၊ တစ်ခါတည်းပြောခဲ့ရဦးမယ် ဒီသားရဲတွင်းရှိတဲ့နေရာက ဘယ်သူမှလည်းမသိဘူး၊ သိရင်လည်း လာခွင့်မပေးဘူး. . ဒါကြောင့် မင်းတို့သုံးယောက် အေးအေးဆေးဆေးသာ နေကြပေတော့”

ဟုပြောဆိုကာ. . အပေါ်သို့ ပြန်တက်သွားလေတော့သည်။

အတွင်းမှာရှိနေသော မနုဿမိကျောင်းကြီးကတော့. . ဒေါသတကြီးဖြင့် သံတိုင်များကို တွန်းထိုးနေလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ငါတို့တော့ ထောင်ချောက်မိပြီ"

"သူ့ကို လျှော့တွက်မိတာ မှားသွားတာပေါ့"

"ဒါပေမယ့် လာမယ့်ဘေး ပြေးတွေ့ရမှာပေါ့ ဒီသတ္တဝါနဲ့ ရင်ဆိုင်ရမယ်ဆိုရင်လည်း ကြောက်စရာမရှိပါဘူး၊ ရေသတ္တဝါကို ကုန်းပေါ်မှာတိုက်ခိုက်ရတာ မခက်လှပါဘူး"

ဟုပြောကာ နီမောင်က ပေါင်မှာဝှက်ယူလာသော မိကျောင်းထိုးသောဓါးကို ထုတ်ယူလိုက်သည်။ ကျန်နှစ်ယောက်ကလည်း ရင်းတို့မှာပါလာသော ဓါးများကို အသီးသီးထုတ်ယူလိုက်ကြသည်။

"သူ့မှာ အားနည်းချက်ရှိတယ်၊ ပါးစပ်မရှည်တော့. . မိကျောင်းတစ်ကောင်လို ပါးစပ်ကိုက်အား မကောင်းနိုင်ဘူး၊ အမြီးရိုက်အားကတော့ မိကျောင်းလိုပဲ၊ သူ့မှာကြောက်စရာကောင်းတာက လက်သည်းချွန်တွေဘဲ၊ လက်သည်းနဲ့မထိအောင်. . ဂရုစိုက်ပြီးရှောင်ကြ. . ."

ဟုနီမောင်က ပြောနေရင်းနှင့် ဆံပင်ရှည်များကို အဝတ်ဖြင့် နဖူးမှာပတ်စည်းလိုက်သည်။

ကျန်နှစ်ယောက်ကလဲ. . အိတ်ထဲမှာ အမြဲထည့်ထားသော အဝတ်စများကိုယူပြီး ပတ်စည်းလိုက်ကြလေသည်။

သူတို့ကိုင်သော ဓါးများမှာ သီးသန့်ပြုလုပ်ထားသော ဓါးများဖြစ်ရာ ထိုး၍၊ ခုတ်၍ရသော ဓါးမျိုးဖြစ်သည်။

ထိုအချိန်မှာ တကျွိကျွိနှင့် အသံကြားရသဖြင့် ကြည့်လိုက်တော့ အတွင်းသံတံခါးမှာ တလှုပ်လှုပ်ဖြစ်လာပြီး အပေါ်





သို့ ကြွတက်နေလေပြီ. . .

ထိုအခြေအနေမျိုးကိုမြင်တော့ သုံးယောက်သား တြိဂံပုံသဏ္ဌာန် နေရာခွဲရပ်လိုက်ကြသည်။

မကြာမီ သံတံခါးက အပေါ်သို့(၃)ပေခန့် ကြွတက်သွားသောအခါ မနုဿမိကျောင်းက ထွက်လာပြီး အပြင်ရောက်သည်နှင့် နီမောင်ကို စတင်တိုက်ခိုက်သည်။

ဦးစွာ အလျားထိုးဝင်လာပြီး လက်သည်းချွန်များနှင့် ဘယ်ပြန်ညာပြန် ကုတ်သည်။

နီမောင်က လွတ်အောင်ရှောင်ပေးသည်။

ဘေးမှာရှိနေကြသော စောထီးနှင့် ငမဲအောင်တို့ကလည်း ချက်ချင်းမဝင်သေးဘဲ အခြေအနေကြည့်နေကြသည်။

နီမောင်က လွတ်အောင်ရှောင်ပေးပြီး. . . ဘေးဘက်ရောက်အောင် နေရာရွှေ့သည်။

ထိုအခါ အမြီးဖြင့်ရိုက်သည်။

ခဏကြာတော့ မနုဿမိကျောင်း၏ အားနည်းချက်ကို သဘောပေါက်သွားကြသည်။

မနုဿမိကျောင်းမှာ အတိုက်အခိုက် လျင်မြန်သော်လည်း အမြီးရှိနေသောကြောင့် ချက်ချင်းပြန်မလှည့်နိုင်ပေ။

ထိုအခွင့်ကောင်းကိုယူပြီး စောထီးက ဓါးဖြင့်ဝင်ထိုးသည်။ ဓါးချက်ကထိသည် ။

စောထီးကို အမြီးဖြင့်ရိုက်သောအခါ ရှောင်ထွက်သွားသည်။ ထိုအခါ. . တစ်ဘက်မှာရှိနေသော ငမဲအောင်က ဓါးဖြင့်



www.burmeseclassic.com

www.burmeseclassic.com



ဝင်ထိုးပြန်သည်။

- ချက်ကောင်းကိုထိသည်။

အထိနာသွားသောကြောင့် လက်နှစ်ဖက်က လှုပ်ရှားမှု နှေးသွားသည်။

ထိုအခွင့်ကောင်းကိုယူပြီး နီမောင်က လက်နှစ်ဖက်စလုံးကို ဓါးဖြင့်ခုတ်သည်။

ဒဏ်ရာရသွားသောအခါ သိပ်မလှုပ်နိုင်တော့ပေ။

ပါးစပ်မှ ဂူးဂူးဂဲဂဲအော်ရင်းနှင့် လူသုံးယောက်ကို သဲကြီးမဲကြီးလိုက်တိုက်သည်။

မတ်တတ်ရပ်ပြီး တိုက်ခိုက်တာ မဟုတ်တော့ မိကျောင်းတစ်ကောင်ကဲ့သို့ လေးဘက်သွားပြီး လိုက်ကိုက်သည်။

ထိုအခြေအနေက အခွင့်ကောင်းပင်။

နှစ်ယောက်က နံဘေးမှ ညှပ်တိုက်နေစဉ် နီမောင်က ကျောပေါ် ရောက်အောင်တက်ပြီး ဦးခေါင်းကို ဓါးဖြင့်ထိုးသည်။

လက်နှစ်ဖက်စလုံး လှုပ်မရအောင် ဓါးဖြင့်ခုတ်သည်။ အတန်ကြာတော့ အသက်မသေသေးသော်လည်း ငြိမ်ကျသွားလေသည်။

"ဘယ်လိုထွက်မလဲ"

"အထဲမှာ သူထွက်တဲ့အပေါက် ရှိနိုင်တယ်၊ ဝင်ကြည့်ကြရအောင်"

ဟုပြောပြီး ကွဲထွက်နေသော သံတံခါးမှ အတွင်းသို့ ဝင်သွားကြလေသည်။





အထဲမှာအရိုးစုများတွေ့ရပြီး ထိုနေရာမှလွန်သောအခါ မနုဿမိကျောင်း အပြင်ထွက်သော သားရဲတွင်းထွက်ပေါက်ကို တွေ့ရသည်။


ရေအောက်မှငုပ်ပြီး ထွက်ရသောအပေါက်မျိုး ဖြစ်သည်။ သူတို့အတွက်တော့ အခက်အခဲမရှိတော့ပါချေ။



www.burmeseclassic.com

www.burmeseclassic.com





## အခန်း (၁၈)

# ချစ်သူတို့အတွက် ဘဝခရီးလမ်း

အချိန်က ညဥ့်ဦးပိုင်းအချိန်သို့ ရောက်လာချေပြီ။

ပတ်ဝန်းကျင်တစ်ဝိုက်မှာ အမှောင်ရိပ်များ ဖုံးနေပြီး တိတ်ဆိတ်ငြိမ်သက်နေသည်။

သားရဲတွင်းထဲမှာလည်း မှောင်နေသည်။

အသံကလည်း တိတ်ဆိတ်ငြိမ်သက်နေသည်။

ထိုအချိန်တွင်. . သားရဲတွင်းရှိရာသို့ လူသုံးယောက် ရောက်လာကြသည်။

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com



မင်းဒင်နှင့် တပည့်နှစ်ဦးဖြစ်သော မိုးညိုနှင့် စိန်မိုးတို့ သုံးယောက်ပင်ဖြစ်သည်။

လှေကားထိပ်ရောက်တော့ ရပ်ပြီးအခြေအနေကြည့်သည်။

"အသံတွေ တိတ်နေပါလား"

"သုံးယောက်စလုံး သေပြီနဲ့ တူပါတယ်"

"ဟုတ်ပါ့မလား"

"သူတို့မှာ လက်နက်မှမပါဘဲ၊ အခုလောက်ဆို မနုဿမိကျောင်းလက်ချက်နဲ့ သေကြရောပေါ့၊ ဆင်းကြည့်ကြမယ်"

"မသေရင် ဘယ်လိုလုပ်မလဲ"

"မသေတော့လည်း သတ်ပစ်ရုံပေါ့၊ သားရဲတွင်းထဲမှာ သေတာပဲ၊ ဘယ်သူမှ သိမှာမှမဟုတ်တာ"

သူတို့သုံးယောက်မှာ ဓားလှံလက်နက်များအပြင် လက်နှိပ်မီးတစ်လက်လည်း ပါလာကြသည်။

လက်နှိပ်မီးရောင်ကို အသုံးပြုပြီး အောက်သို့ဆင်းကြသည်။

အောက်သို့ရောက်ပြီး မီးရောင်ဖြင့် ထိုးကြည့်တော့ အပြင်တံခါးက ပိတ်လျက်သားပင်ရှိသည်။

အတွင်းတံခါးကတော့ သုံးပေခန့် အပေါ်သို့မြင့်တက်နေသည်။

အတွင်းမှာတော့ နီမောင်တို့ သုံးယောက်လည်း မတွေ့ရ၊ မနုဿမိကျောင်းလည်း မတွေ့ရပေ။





"မိကျောင်းရော လူသုံးယောက်ရော ဘယ်ရောက်သွားပြီလဲ"

မင်းဒင်က တအံ့တသြ မေးလိုက်သည်။

"ကိုက်သတ်ပြီး အထဲဆွဲယူသွားပြီနဲ့တူတယ်"

ဟုပြောပြီး မီးရောင်ဖြင့် ထိုးကြည့်လိုက်တော့ မ,တင်ထားသော သံတံခါးနှင့် မနီးမဝေးမှလဲကျနေသော . . မနုဿမိကျောင်းကြီးကို တွေ့ရသည်။

တစ်ကိုယ်လုံး သွေးသံရဲရဲဖြင့် ငြိမ်သက်နေသည်။

"ဟာ. . ငါ့မိကျောင်းတော့ သေပြီထင်တယ်"

"သူတို့မှာ ဘာလက်နက်မှမပါဘဲနဲ့ ဘာနဲ့သတ်မလဲ"

ဟုပြောကာ သုံးယောက်သား မတင်ထားသော သံတံခါးမှအတွင်းသို့ ဝင်ကြည့်သည်။

"ဝုန်း. ."

သူတို့သုံးယောက် အထဲရောက်သည်နှင့် မ,တင်ထားသော သံတံခါးက အလိုလိုပြုတ်ကျကာ ပိတ်သွားလေသည်။

"ဟင်. . ."

ထိုအချိန်မှာပင် လဲနေသော မနုဿမိကျောင်းက တဖြည်းဖြည်းပြန်ထလာသည်။

ထိုအခါမှ သုံးယောက်သား မျက်လုံးပြူးသွားကြသည်။

သို့သော် ပြန်ထွက်မရတော့ပေ။

မနုဿမိကျောင်းက နီရဲနေသော မျက်လုံးပြူးကြီး ဖြင့် သူတို့ဆီ လျှောက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟော့. . ဟော့. . ငါ. . ငါပါဟ၊ မင်းကို ကျွေးမွေးထားတဲ့ မင်းသခင်ပါကွ"

ထိုအခါ အမှောင်ထဲမှ အသံတစ်သံ ကြားလိုက်ရသည်။

"ငါက. . မင်းမွေးထားတဲ့ မိကျောင်းမဟုတ်ဘူး၊ ကျွန်းပိုင်ကြီးက တာဝန်ပေးလိုက်လို့ မင်းတို့ကိုသတ်ဖို့ ရောက်လာတဲ့ သရဲပဲ"

"ဟင်. . ."

ဒီတော့မှ မနုဿမိကျောင်းမှာ ဖုတ်ဝင်သကဲ့သို့ ဖြစ်ကာ သရဲစီးနေခြင်းဖြစ်ကြောင်း သိရလေတော့သည်။

သို့သော် နောက်ကျသွားကြလေပြီ။

ထိုအချိန်မှာ သရဲဝင်စီးနေသော မနုဿမိကျောင်းက ဝင်ရောက်တိုက်ခိုက်လေတော့သည်။

မင်းဒင်တို့ သုံးယောက်ကလည်း ပါလာသော ဓားလှံများဖြင့် ပြန်လည်တိုက်ခိုက်ကြရပေသည်။

မီးရောင်မရှိတော့သဖြင့် သူတို့အတွက် အခွင့်အရေးက အတော်နည်းသွားလေသည်။

ထို့ပြင် သရဲစီးနေသော သတ္တဝါကြီးကို ဓားလှံများဖြင့် ထိုးခုတ်သော်လည်း ဘာမှမထူးခြားတော့ပေ။

နောက်ဆုံးမှာတော့. . . မင်းဒင်၊ မိုးညို၊ စိန်မိုးတို့သုံးယောက်မှာ ကြောက်စရာကောင်းသော သတ္တဝါကြီး၏ လက်သည်းချွန်၊ အမြီးရိုက်ချက်များထိပြီး. . တစ်ယောက်ပြီးတစ်ယောက် လဲကျသွားကြလေသည်။





နောက်တစ်နေ့ နံနက်ပိုင်းအချိန်တွင် စခန်းမှာရှိနေသော အလုပ်သမားများက သားရဲတွင်းသို့ ဆင်းကြည့်ကြသောအခါ သံတံခါးနှစ်ထပ်ပိတ်ထားသော သားရဲတွင်းထဲသို့ ဘယ်သို့ဘယ်ပုံ ရောက်နေကြမှန်းမသိရသော မင်းဒင်တို့သုံးယောက်မှာ တစ်ကိုယ်လုံး ရုပ်ပျက်ဆင်းပျက်ဖြစ်ကာ သေဆုံးနေကြသည်။

ထို့ပြင်. . မင်းဒင်မွေးထားသော မနုဿမိကျောင်းကြီးလည်း. . ကြမ်းပြင်ပေါ်မှာ သေဆုံးနေသည်ကို တွေ့ကြရလေသည်။

မိစ္ဆာကောင်ကို ကျွေးမွေးထားသူမှာ မိစ္ဆာလက်ချက်နှင့်ပင် သေဆုံးရပေသည်။

သားရဲတွင်းထောင်ချောက်ကို ဖန်တီးထားသော မင်းဒင်မှာလည်း သားရဲတွင်း ထောင်ချောက်အတွင်းမှာပင် သေခဲ့ရပေပြီတည်း။

မင်းဒင်မရှိတော့သည့်နောက်ပိုင်း သူလုပ်ခဲ့သော မိကျောင်းရောင်းဝယ်သောစခန်းလည်း ပျက်သွားလေသည်။

ထိုအဖြစ်အပျက်များ ဖြစ်ပျက်ခဲ့ပြီး လအနည်းငယ် ကြာသောအခါ ဗိုလ်ကလေးမြို့မှာနေသော ဦးဘရှင်လည်း လူကြီးရောဂါဖြင့် ကွယ်လွန်သွားသောကြောင့် အမွေပစ္စည်းများကို နီမောင်တစ်ဦးတည်း ရလေသည်။

သို့ကြောင့်. . . နီမောင်တို့မိသားစုလည်း မြို့သို့ပြောင်းကြရလေသည်။

တစ်နေ့သ၌မှာတော့ မြဝင်းသူတို့ တံတားဆိပ်သို့ မြို့မှ



www.burmeseclassic.com

www.burmeseclassic.com



လာသော သင်္ဘောတစ်စင်း လာရောက်ဆိုက်ကပ်လေသည်။ ဦးထွန်းရှိန်နှင့် ဒေါ်မြမေတို့က ဆင်းကြည့်သောအခါ နီမောင်တို့ မိသားစုအပြင် အခြားဧည့်သည်အချို့ပါ ပါလာသည်ကို တွေ့ရသဖြင့် အိမ်သို့ဖိတ်ခေါ်ပြီး လာရင်းကိစ္စကို မေးရလေသည်။

ဦးဘရှိန်က နီမောင်နှင့် မြဝင်းသူတို့ကို တင့်တင့်တယ်တယ် လက်ဆက်ပေးချင်ကြောင်း. . အသိပေးခွင့်တောင်းသောအခါ ဦးဘရှိန်တို့ မိသားစုအခြေအနေကို သိကြပြီး ဖြစ်သောကြောင့် ထွေထွေထူးထူး ငြင်းပယ်မနေတော့ပဲ ကြည်ကြည်ဖြူဖြူနှင့်ပင် လက်ခံပေးကြလေသည်။

ထို့ကြောင့် ရက်အတန်ကြာသောအခါ သေလာယျရွာတွင် ကြီးကျယ်သောမင်္ဂလာပွဲကြီး ကျင်းပလေသည်။

သတို့သားမှာ နီမောင်ဖြစ်ပြီး. . သတို့သမီးကတော့ မြဝင်းသူပင် ဖြစ်တော့သည်။

မင်္ဂလာပွဲပြီးတော့ နီမောင်က သူ့ကို ကူညီစောင့်ရှောက်ပေးခဲ့သော နယ်တော်ရှင်နတ်ကွန်းနှင့် သေလာယျကျွန်းပိုင်ကြီးနတ်ကွန်းတို့ကို အသစ်ပြန်ဆောက်ပြီး ပူဇော်ပွဲများ ထပ်မံကျင်းပပေးသည်။

မြို့သို့ပြန်သောအခါ မြဝင်းသူကိုသာမက သူနှင့် လက်တွဲဖော်များ ဖြစ်ကြသော ဦးမွန်ထော်၊ စောထီး၊ ငမဲအောင်တို့ကိုပါ ခေါ်ဆောင်သွားလေတော့သည်။

နီမောင်နှင့် မြဝင်းသူတို့ နှစ်ယောက်အဖို့ကတော့ သာယာချမ်းမြေ့သော ဘဝခရီးလမ်းကို လျှောက်ကြရန်သာ ရှိပေ






တော့သည်။

ဤနေရာတွင် ကျွန်ုပ်ရေးသားသော (သေလာယျကျွန်းပိုင်နှင့် မနုဿမိကျောင်း)အမည်ရှိ ဂမ္ဘီရဆန်းကြယ် ဝတ္ထုရှည်မှာလည်း နိဂုံးကမ္ပတ် အဆုံးသတ်ပြီ ဖြစ်ပေတော့သတည်း။

အနိစ္စယာဟော၍ သုခိအတ္တာနံ ပရိဟာရန္တု



စာပြီးချိန်။ ။(၂၀၁၄)ခုနှစ်၊ ဖေဖော်ဝါရီလ(၁၂)ရက်၊ ဗုဒ္ဓဟူးနေ့၊ နံနက်(၁၀)နာရီ။



www.burmeseclassic.com